

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







# ပုဏ္ဏမိ

## ဆန်းကြယ်လှပတဲ့ အပြောင်းအလဲ


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

အိမ်ရှေ့ခန်းဆီမှ ကျယ်လောင်လောင်၊ ပွစိစိ၊ တဗျစ်တောက်တောက် ပစိပစောက် အသံများ ကြားလိုက်ရလျှင် **"အကြည်"**တစ်ယောက်တော့ ဈေးကပြန်ရောက်လာပြီပေါ့ ... ဟု **"ချမ်း"**က သိနိုင်လိုက်ပါသည်။

"ဒီလိုတော့ လာစမ်းလို့ ဘယ်ရပါ့မလဲ ... အကြည်တို့က ဈေးဝယ်စားလာတာဖြင့် အံတိုနေပြီရယ်ဟာ ... ဒီပြင်လူကိုသာ ဒီလိုနှပ်လို့ရချင်ရမယ်ဟေ့ ... အကြည်ဆိုရင်တော့ ဆောဒီးပဲ ..."

ချမ်းက မျက်မှောင်ခပ်ကုတ်ကုတ်ကလေးနှင့်ပင် ... ကိုယ်လုပ်ကိုင်စရာရှိသည့် အလုပ်တွေကို မြန်မြန်ထက်ထက်နှင့် တတောက်တောက် လျှောက်လုပ်နေလိုက်သည်။ ပြောပုံဆိုပုံလေသံအရဆိုလျှင် အကြည်သည် ဈေးထဲမှာ တစ်ယောက်ယောက်နှင့်တော့ စကားများ၊ အခြေအတင်ဖြစ်၊ ဒီထက်ဆိုးသေးရင်တော့

www.burmeseclassic.com



ရန်ပါဖြစ်လာခဲ့ပြန်ချေပြီ။ စကားအသွားအလာအရ ဈေးဝယ်အချင်းချင်း တစ်ယောက်ယောက်ထဲမှမဟုတ်၊ ဈေးသည်တစ်ဦးဦးနှင့်သာ။

"အကြည်တို့က လက်ထဲဆ,ကြည့်လိုက်ရင် နှစ်ဆယ်သားဆို ဘယ်လောက်၊ အစိတ်သားဆို ဘယ်လောက်၊ လက်အချိန်အဆနဲ့တင် အလေးပြည့်မပြည့်က တန်းသိနှင့်ပြီးသား။ ငါးဆို ပါးဟက်လှန်ကြည့်နေစရာ ဗိုက်ထိုးကြည့်နေစရာ မလိုဘူး၊ လတ်မလတ်က မျက်လုံးနဲ့တင် တစ်ချက်ဖမ်းကြည့်လိုက်၊ တန်းခနဲ သိတယ်။ ဘာများမှတ်နေကြလို့လဲ မသိဘူး ... ဟင်း ... ! "

ကိုယ်ရေးရာဇဝင် (CV)တွေ၊ သင်တန်းဆင်းလက်မှတ်မှုရင်းတွေကို တစ်ခုချင်းစစ်ပြီး ဖိုင်လ်နဲ့ တွဲညှပ်နေရာက ချမ်းမှာ အကြည်ရဲ့စကားတွေ၊ စကားလုံးတွေကို နားအကလောကြီးကလောလာရပါသည်။ လေသံရဲ့ဟန်ကတော့ "မဟာပညာကျော်"ကြီးတစ်ယောက်ကဲ့သို့အလား။ လောကကြီးထဲမှာ သူ့လောက် "သိ"နိုင်နေတဲ့လူ နောက်ထပ်တစ်ယောက်လောက်မှတောင် ထပ်မရှိနိုင်တော့မယ့် အသွင်မျိုးကို ဆောင်နေသည်။

"အမလေး ... သားငါးတွေကို ချိန်ခွင်ခွက် တစ်ဖက်တည်းပြန်းခနဲ ပစ်ပေါက်တင်လိုက်ပြီး ချိန်ခွင်ညှာကြီး တစ်ဖက်စောင်း ဖောက်ထိုးကြီး ဖြစ်ပြသွားတာလောက်ကတော့ အကြည်တို့က ရီးဟိုး ... ဟိုး ... နေပါပြီ"





"အကြည်"

သည်းခံပြီး ပိတ်ပိတ်ကလေး ဆက်ငြိမ်မနေနိုင်တော့သည့် ချမ်းက ခပ်ဆတ်ဆတ်၊ ခပ်အုပ်အုပ် လေသံလေးနှင့်တစ်ခွန်းဖြတ်အော်လိုက်ပါသည်။ ချမ်းရဲ့ "အကြည်"ခေါ်သံသည် သူ့ကို အမှန်တကယ် ခေါ်ချင်တာ် မဟုတ်မှန်း၊ သူ့ ပြောဆိုဂုဏ်လုပ်နေသမျှတို့အတွက် ဟန့်တားပိတ်ပင်လိုသော သဘောသာဖြစ်မှန်း အကြည်တစ်ယောက် (ရှေ့ရှေ့ကအတွေ့အကြုံတွေအရ) သိကိုသိပြီး ဖြစ်နိုင်သော်လည်း ...

"ချမ်းရေ ... ဘာလိုလို့လဲ၊ ဘာရှာမတွေ့ဘူး ဖြစ်နေသလဲ၊ အကြည် ဘာလုပ်ပေးရမလဲ တူမလေး"

ကျွတ် ...။ ငါ့ကိုက မှားတာပါနော်။ စကားတွေ စမြည်တွေ အချီအချ၊ ကြာရှည်ကြာများ၊ အခြေအတင်တွေ လုပ်မနေချင်ပါဘူးဆိုမှ။ သို့သော် မရပါလေတော့။ အကြည်က ချမ်းရဲ့အခန်းတံခါး အကန့်လေးထဲ ခေါင်းကလေးတိုးဝင်ကာ ပြူလာပြီး ...

"ချမ်းရေ ... ဘာလိုအပ်နေသလဲ"

"ဘာမှမလိုဘူး၊ ရတယ် ... ရတယ်"

"ခေါ်လိုက်လို့လေ၊ ဘာလို့ ခေါ်တာလဲ ... လို့"

ချမ်းက သက်ပြင်းလုံးကြီးတစ်ခုကို ပါးစပ်ကနေ တမင်ပဲ မှုတ်ထုတ်ပစ်လိုက်တော့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အကြည် ... အဲသလို ဘယ်သူတစ်ယောက်၊ တစ်ယောက်ကိုမှ ဦးတည်ပြောနေတာမဟုတ်တဲ့ ဗျစ်တောက်တောက်၊ ပွစိစိ ကျယ်ကျယ်လောင်လောင် စုံစီနဖာစီတွေကို ချမ်းနားထောင်နေရတာ မကြိုက်ဘူး။ သိပ်စိတ်အနှောင့်အယှက်ဖြစ်တယ် ...

ပတ်ဝန်းကျင်မှာ အိမ်တွေကလည်း တစ်ခန်းနဲ့တစ်ခန်း၊ တစ်အိမ်နဲ့တစ်အိမ် ကပ်ကပ်ကလေးတွေ နီးနေကြတာ။ အကြည့်ရဲ့ အဲဒီအခိပ္ပာယ်မဲ့၊ အကျိုးမရှိတွေကို သူများတွေ နိစ္စဓူဝ ကြား,ကြားနေကြမှာကိုလည်း ချမ်းမကြိုက်ဘူး၊ ရှက်တယ်လို့ ဘယ်နခါ ပြောထားရမလဲ ... ဟင် !"

ချမ်းသည် လက်ညှိုးကြီး ပါးစပ်ထဲ ထည့်ကိုက်ထားကာ အပြစ်မရှိသော ကလေးကြီးလို လုပ်ပြထားသည့် အကြည့်ရဲ့ မျက်နှာဝဖောင်းဖောင်းကြီးထံမှ မျက်ဝန်းတွေကို ခပ်မြန်မြန်ပြန်လွှဲထားလိုက်ရင်း ...

"ကဲ ... ကဲ ... ဖယ်တော့၊ ထွက်တော့၊ ချမ်းက သွားရတော့မှာ"

"အဲ ... ထမင်းက ပြန်စားမှာလား၊ ထမင်းဘူး မယူသွားဘူးဆိုတော့"

"ယူသွားချင်ရင်ကော၊ ခုမှ ဈေးကပြန်ရောက်လာပြီး မီးဖိုထဲ တန်းမဝင်သေးဘဲ အိမ်ရှေ့ဖိနပ်ချွတ်အဝမှာတင် ဘေး





ခန်းတွေ မကြား,ကြားအောင် လေသံထိုင်ပစ်နေတဲ့သူဆီက ထမင်းဘူးက ဘယ်အချိန်လောက်မှာ ထွက်လာမှာမို့လဲ"

"ညည်းကအေ ... ဒီနေ့က ထမင်းဘူးမလိုလောက်သေးတဲ့နေ့မှန်း ကျုပ်က တွက်ပြီးထားပြီမို့ပါ။ နို့မို့ ညည်းတစ်သက်လုံး မွေးကတည်းက ခုထိ ထမင်းဘူးမမီတဲ့နေ့ဆိုတာများ ရှိခဲ့ဖူးလို့လား။ ခုယူသွားချင်လည်း ခုမရနိုင်ဘူးလို့များ ထင်နေလို့လား၊ ခဏလေးပဲစောင့်၊ ဆယ်မိနစ်။ အလွန်ဆုံးမှ ဆယ့်ငါးမိနစ်"

အကြည်နှင့် အဲသလို စကားလက်ဆုံတွေ အချီအချ ပြောနေရရင်ကို အလိုလိုနေရင်း ဘာကိုမှန်းမသိ စိတ်ဆတ်၊ စိတ်ဆိုးလာတတ်သော ချမ်းက ဘာဆိုဘာမှ ထပ်ပြောမနေတော့ဘဲ အခန်းပေါက်ဝကို ပိတ်ဆို့ထားမတတ် ဖြစ်နေသည့် အကြည့်ကိုယ်လုံးကြီးကိုပဲ အတင်းတိုးတိုက်ပစ်ကာ အခန်းထဲမှ တိုးထွက်လာပါသည်။

စကားဆက်နေရရင်လည်း ဖြေရှင်းတာတွေ၊ သူ့အမှန်ဖြစ်ကြောင်း အယူခံဝင်တာတွေ၊ ဘယ်တော့မှ သူ့အမှားမရှိ၊ အပြီးသတ်ကျတော့ သူများရဲ့မှာကြားချက်တွေ၊ စည်းကမ်းတွေကိုလည်း ဘယ်တော့မှ၊ ဘယ်တုန်းကမှ မလိုက်နာ၊ နားမထောင်တာတွေ။ ဒါတွေ ... ဒါတွေနှင့် ချမ်းပဲ ပို,ပို စိတ်ဆတ် စိတ်တိုလာရမည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အသစ်တစ်ခုအတွက် အင်တာဗျူးဝင်စရာရှိသည့်နေ့မျိုးမှာ ချမ်းက မျက်မှောင်ကြီးကုတ်၊ မျက်နှာမရွှင်၊ ဒေါသရိပ် ဖျောက်မရသည့် မျက်ဝန်းမျိုးတွေနှင့်တော့ ဖြစ်မနေချင်ပါပေ။ ဒီအလုပ်က ရမှဖြစ်မည်။ အလုပ်အသစ်တစ်ခုခုက အလျှင်အမြန်လိုအပ်နေသည်။ ဒီရက်ပိုင်း တစ်ပတ်လောက်အတွင်းမှာမှ အလုပ်အသစ်တစ်ခုခု မြန်မြန်ထက်ထက် မရနိုင်ဘူးဆိုရင် အိမ်ရဲ့ဘတ်ဂျက်ရေးရာ အခြေအနေက မလှုပနိုင်တော့ဘူးလေ။

ဒါတွေကို သူ ဘာမှလဲ သိမှာမဟုတ်ပါဘူး။ သူ့အလုပ်က အချိန်တန်ရင် ချမ်းရှေ့ သူ့လက်ဝါးကြီး လာဖြန့်လိုက်ပြီး ဝယ်ခြမ်း၊ ချက်ပြုတ်၊ အိမ်အလုပ်တွေနဲ့ပဲ သူ့ကမ္ဘာကြီးက အရေးကြီး၊ ကြီးကျယ်နေကာ၊ သူ့ကိုယ်သူ မဟာဇရာမ အလုပ်များသူကြီး၊ စွမ်းပကားရှင်ကြီး၊ ပညာရှင်ကြီးအလား ထင်မှတ်မှားနေတော့တာ။

အရင်တုန်းကတော့ ထိုလက်ဖဝါးကြီးသည် ချမ်းရှေ့မှာ လာဖြန့်ခဲ့ခြင်းမဟုတ်။ သူ့အစ်မဖြစ်တဲ့ မေမေ့ရှေ့မှာပဲ သွား,သွားဖြန့်ခဲ့ရတာမျိုးပါ။ "အဲဒီတုန်းက ပိုစိတ်ချမ်းသာရတယ်" ဟု အကြည်က မဲ့ကာရွဲ့ကာ မကြားတကြား ပြောတတ်လျှင် ချမ်းကတော့ တမင်ပဲ သူ့မျက်နှာကြီးရှေ့ တည့်တည့်ကို သွားကြည့်ပစ်လိုက်ပြီး ... "အကြည်တင်လား ချမ်းလည်း အဲဒီတုန်းက ခုထက် ရှစ်ဆလောက် ပိုစိတ်ချမ်းသာရတယ်" ဟု ပြောထည့်မိသည်ပင်။





အကြည်နှင့် ချမ်းကား မတည့်အတူနေ (ဘယ်တော့မှလဲ တည့်တော့မည် မဟုတ်တဲ့၊ အမြဲလည်း အတူပဲနေသွားကြရမယ့်)တူဝရီးအရင်းခေါက်ခေါက်တွေပင်တည်း။

မေမေရှိတုန်းကတော့ ချမ်းသည် သိပ်ကြီးတောင့်တောင့်တင်းတင်း၊ ပြည့်ပြည့်စုံစုံ မဟုတ်တဲ့ "ဖတဆိုး"သမီးလေးတစ်ယောက် ဖြစ်ရပေမဲ့ မုဆိုးမမိခင်ရဲ့ အရိပ်အောက်မှာ ဘာမှပူပင်စရာမလိုတဲ့ အေးချမ်းတည်ငြိမ်မှု အပြည့်နှင့်။ ဒါပေမဲ့ ... အဲဒီ အကြည်နဲ့ကတော့ အဲဒီကတည်းကကို မတည့်ကြတာပါ။

အို... အဲဒီကတည်းက မဟုတ်ပါဘူး။ ချမ်း လူမှန်းသိတတ်လာချိန်ကတည်းက စ,ခဲ့တာပါ။ မိသားစုဝင်သုံးယောက်ရဲ့အဓိကဝင် ငွေနဲ့ စားဝတ်နေရေးအတွက် ချမ်းရဲ့မိခင်ဖြစ်သူမှာပင် တာဝန်တွေပုံရှိနေပြီး အရွယ်ကြီးရောက်၊ လူကြီးက လေးလုံးခြောက်ဖက် ကျားကိုးစီး စားမကုန်ကြီးနှင့် ဝင်ငွေရမည့် ဘာအလုပ်တစ်ခုကိုမှ မလုပ်ချင်သည့်၊ မလုပ်ခဲ့သည့် အကြည့်ကို ချမ်းက ငယ်ငယ်လေးတည်းကကို ကြည့်မရခဲ့တာပါ။

"သူက တစ်ဖက်တစ်လမ်းက အိမ်လုံတယ်၊ သမီးကိုလည်း ကြည့်ပေးထားနိုင်တယ် ဆိုတော့ မေမေ့မှာ စီးပွားကို နောက်ဆံတင်းမနေရဘဲ ရှာဖွေနိုင်တယ်။ ဘာမှပြန်ကြည့်မနေရဘူးဆိုတော့ အလုပ်လုပ်ရတာ တွင်ကျယ်တာပေါ့ သမီးရယ် ...



www.burmeseclassic.com

www.burmeseclassic.com



အိမ်သားတစ်ယောက်အနေနဲ့ အဲဒီလောက်တာဝန်ကို ဝင်ယူနေတာ နည်းတဲ့အားကိုးရမှုလား၊ ဒါတွေကို သူလုပ်မပေးနေရင်လည်း မေမေပဲလုပ်ရမယ့်ဟာတွေပဲ။ မေမေပဲ ဒီ့ထက်ပင်ပန်းရမှာ။ ကျေးဇူးဆိုတာ ကြံဖန်တင်တတ်ရပါတယ် ချမ်းရယ်။ ဘာမှ အသုံးမကျဘူးလို့တော့ မပြောပါမမြင်ပါနဲ့"

"လွဲနေတာကို ပြောတာလေ။ တကယ်ဆို မေမေလည်း အရင်က ဖေဖေ ရှာကျွေးတာကို ထိုင်စားလာပြီး အိမ့်တာဝန်တွေကို မေမေပဲ ယူခဲ့တာ မဟုတ်လား။ သူကတော့ အဲဒီတုန်းကတည်းကလည်း ဒီအတိုင်း။ ခု ဖေဖေ မရှိတော့ ချိန့်ကျတော့ မေမေတောင် အလုပ်လုပ်၊ ဝင်ငွေရှာသူအဖြစ် ပြောင်းလဲလာနိုင်သေးရင် သူလည်း ပြောင်းလဲပါတော့လား ..."

မေမေက ခါတိုင်းလိုပဲ အိမ်လုံအောင် စီမံအုပ်ချုပ်၊ သူက အပြင်ထွက် ဝင်ငွေရှာ။ ဒါမှမဟုတ် နှစ်ယောက်လုံး ဒိုးတူဘောင်ဘက်တွဲပြီး လုပ်ကြ ကိုင်ကြ၊ ရှာဖွေကြဆိုရင်လည်း မေမေ့မှာ ဒီလောက် အပန်းဘယ်ကြီးပါတော့မလဲ ...

ခုဟာကတော့ ဘယ်အခြေအနေကိုရောက်ရောက်၊ သူကတော့ ထိုင်စားက ထိုင်စား။ ဘာအလုပ်မှ လုပ်ချင်စိတ်ကို မရှိဘူး။ မနက်တစ်ခါ၊ ညနေတစ်ခါ ဈေးသွားချက်





ပြုတ်ပြီး အိမ်ကျဉ်းကျဉ်းလေးထဲ ခေါက်တုံ့ခေါက်ပြန်နှစ်ခေါက်လောက် လျှောက်လိုက်ရရင်ပဲ အင်မတန်အလုပ်များ၊ တာဝန်ကျေတဲ့ သူကြီးလို့ သူ့ကိုယ်သူ ထင်နေတာကို ပြောနေတာ။ ဘာလို့ သူက ဝင်ငွေရှာတဲ့အလုပ်ကို မလုပ်ချင်၊ မလုပ်နိုင်ရမှာလဲ"

မေမေက ချမ်းကို "ဘြော် ... ချမ်းရယ်၊ ခက်ရချည့်" ဆိုတဲ့ အကြည့်မျိုးနှင့် ကြည့်ခဲ့ပါသည်။ ချမ်းကတော့ မေမေ့ရဲ့ အကြည့်တွေကို မသိကျိုးကျွံပြုကာ ..."အေးအေးလေး ထိုင်စားနေတယ်ဆိုလည်း ဟုတ်သေး"ဟု ထပ်ကွန့်ညွှန့်လိုက်ပြန်သေးသည်။

တကယ်လည်း"အေးအေးလေး ထိုင်စား"နေတာမှ မဟုတ်တာ။ အင်မတန်မှ ပြဿနာရှာ၊ ပြဿနာဖြစ်စေတတ်သော အကြည့်ဟာ ဈေးသွားရင်း၊ လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ထွက်ထိုင်တတ်ရင်း၊ ဘေးအိမ် ရှေ့အိမ် နောက်အိမ်များနှင့် ပေါင်းသင်းဆက်ဆံ ပြောဆိုနေတတ်ရင်းတွေကပင် ရန်ဖြစ်မည်။ ပြဿနာတက်မည်။ သူ့မျက်နှာ ကိုယ်မမြင်နိုင်၊ ကိုယ့်မျက်နှာ သူ မကြည့်နိုင်တွေ ဖြစ်ကြမည်။

ကြာကြာနေတော့ ချမ်းတို့တစ်မိသားစု၊ တစ်အိမ်တည်းကလေးဟာ ရပ်ကွက်တစ်ခုလုံးနှင့် မသင့်ဖြစ်လာမည်။ ရပ်ကွက်လူကြီးများရဲ့ သတိပေးခြင်းကိုခံရ၊ ကာလသားလူငယ်လူရွယ်များရဲ့ ပြောင်လှောင်ရန်စခြင်းကိုခံရ။ ချမ်းနဲ့ မေမေနဲ့ကိုဝိုင်းလုပ်နေကြတာမျိုး မဟုတ်ဘူးဆိုရင်တောင် အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကောင်းလာဖို့မရှိ။ ဒီထက်ဒီပဲ ဆိုးလာနိုင်ဖို့ရှိသည့် ရပ်ကွက်တစ်ခုမှာ နေရင်းထိုင်ရင်း မျက်နှာပြောင်နှင့် ဆက်နေ,နေလို့မရနိုင်တော့ဘူးလိုလို ဖြစ်လာကာ ချမ်းတို့ဟာ အိမ်ပြောင်း၊ ရပ်ကွက်ပြောင်း၊ နေရာသစ်ရှာ လုပ်ကြရပြန်ပါရော။

အဲဒီလိုဖြစ်ရပြန်ပြီဆိုရင် မေမေဟာ အကြည့်ကိုပြောလည်း ခဏတဖြုတ်လောက်သာ။ ပြီးရင် အကြည်ကလည်း မူလအတိုင်းပဲ ပြန်ဖြစ်၊ မေမေကလည်း မြင်တွေ့နေရက်နဲ့ ခွင့်လွှတ်သည်းခံ။ ပျံကျကြီးတွေလို တစ်နှစ် တစ်ခါလောက် အိမ်ပြောင်း နေရာပြောင်း နေရသည့် အလုပ်ကို ချမ်းကတော့ ငြီးငွေ့စက်ဆုပ်လွန်းလှပါပြီ။ မေမေကတော့ သည်းညည်းကိုခံ,ခံနိုင်လွန်းလှကာ ...

"ဘဝဝင်္ဍကြွေးဆိုတာ ရှိတယ်၊ သူ့ဘဝအဆက်အဆက်က အထုံပါလာရင် ဒီလိုပဲ ကျေအောင်ဆပ်ကြရမှာပဲ၊ သူ့စိတ်၊ သူ့ပင်ကိုအဖြစ်မှန်ကိုတောင် ရေရေရာရာ မသိနိုင်တဲ့၊ မဆင်ခြင်နိုင်တဲ့ သူတစ်ယောက်ကို တခြားဘယ်နေရာမျိုးမှာမဆိုလည်း အမှန်အတိုင်း မြင်ပါတော့လား၊ အမှန်တွေအကောင်းတွေပဲ လုပ်ပါတော့လားလို့ ကန့်သတ်ပေးချင်လို့မရနိုင်ဘူး"

မေမေ ဆိုလိုတာက အမိဝမ်းက ကျွတ်စဉ်ကတော့ ပုရိသစင်စစ် ဖြစ်ခဲ့ဖူးတဲ့ "ကြည်သာ"မှသည် "အကြည်"ရယ်လို့ "နပုံသက"၊ နပုလ္လိင်ဘဝရောက်ကာ "မူရင်းမူလ"ပျက်နေသည့်





သူ့မောင်ငယ်ရဲ့ဘဝကို သနားကြင်နာခြင်းကြီးစွာနဲ့ စာနာနားလည်ပေးနေခြင်းမျိုးပင်တည်း။

"နဂိုတည်းကမှ ကိုယ့်ပင်ကိုယ်ဘဝကို အမှန်မမြင်နိုင်တဲ့ သူမျိုးဟာ အတွေးအခေါ်တွေ လုပ်ပုံကိုင်ပုံ ပြုမူပြောဆိုပုံတွေမှာလည်း သာမန်လူတွေနဲ့ နည်းနည်းလောက်တော့ လွဲနေ၊ တစ်မျိုးဖြစ်နေနိုင်တယ်ဆိုတာ စာနာသဘောပေါက်ပေးထားရလိမ့်မယ် သမီး ...

အဲဒါဟာ ရောဂါအခြေအနေတစ်ခု ဆိုရင်တောင် သူ့ဘဝကံ အကျိုးပေးကြောင့် ဖြစ်လာရတာ၊ သာမန်လူထက် အကျိုးပေး ဆိုးနေတာ၊ ကံမကောင်းတာ၊ နားလည်ပေးဖို့ပဲ ရှိတယ်။ ဒီလိုဖြစ်ရကောင်းလားလို့ စိတ်တိုပြီး လိုက်ရန်လုပ်နေလို့ မရနိုင်တော့ဘူး။ အဲဒီလိုလုပ်တာဟာ မှန်ကန်တဲ့ ဖြေရှင်းနည်း မဟုတ်နိုင်ဘူး"

မိန်းမစိတ် ပေါက်နေတဲ့ ယောကျ်ားကြီးတစ်ယောက်ကို ယောကျ်ားပီပီသသ ကျားကျားလျားလျားနဲ့ ဘဝမှန်ပြန်ရောက်လာစေဖို့ တိုက်တွန်းလမ်းညွှန် နှိုးဆော်ခြင်းမရှိဘဲ ကံနဲ့ ဝဋ်ကြွေးကို ပုံချပြီး "ရှိစေတော့"လို့ အလိုလိုက်ထားတာကကော မှန်ကန်တဲ့ ဖြေရှင်းနည်း ဖြစ်နိုင်ပါ့မလား။ ချမ်းက ဒါကိုတော့ မေမေ့ကို စောဒကပြန်မတက်၊ ငြိုင်ပြောမနေခဲ့တော့ပါ။ ဘာလို့ဆို ချမ်းသည်လည်း အဲဒီလို "ပြုပြင်ယူဖို့"ဆိုရင်တော့ ကိုယ်လည်းပဲ မလုပ်တတ်၊ မသိလှသော အတိုင်းအတာတစ်ခု ဖြစ်နေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ မေမေ ရှိစဉ်ကတည်းက တကျက်ကျက်၊ ခတည့်အတူနေ အကြည်နဲ့ ချမ်းတို့ဟာ (ဒါပေမဲ့လည်း များသော အားဖြင့်ကတော့ ချမ်းကသာ မတည့်တာ၊ ကြည့်မရတာ၊ အမြင်ကတ်၊ စိတ်တို၊ ဒေါသထွက်နေတတ်တာပဲ ဖြစ်ပါသည်။) မေမေ ပါ မရှိတော့ချိန်ကျတော့ ဖြုန်းစားကြီးပင် "လက်တွေ့ဘဝ"ဆို တာကို ဘွားခနဲ ရင်ဆိုင်လိုက်ကြရပြီ။

ဒီနှစ်ယောက်ရဲ့ ရှေ့ခရီးအတွက် ဆိုတာကို ခေါင်း ထဲရောက်ပြီး သွားလေသူအတွက် ပူဆွေးနေဖို့ထက် မြန်မြန်ကြီး နလန်ထ၊ ပုံမှန်ရောက်၊ လွမ်းဆွေးမနေအားတော့တဲ့ သမီးရင်း "ချမ်း"ဟာ "အမလေးနော် ... အကြည် ဘယ့်နှယ်နေခဲ့ရပါ့ မမ ရဲ့"ဆိုတဲ့ ဦးလေးဖြစ်သူ "အကြည်"ကိုပဲ(အမြင်ကတ်ကတ်ကြား က) ဆွဲထူဖေးမရင်း ... "ကဲပါ ... ကဲပါ၊ မှီချင်းမှီ ချမ်းကိုပဲ မှီပါတော့"ရယ်လို့ တရားဝင် ခွင့်ပြုပေးလိုက်ရတော့တာ။

အဲဒီကတည်းကစလို့ ချမ်းနဲ့ အကြည်တို့ရဲ့ မသင့် မတင့်မှုတွေဟာ ချမ်းဘက်ကချည်း တစ်ဖက်သတ်လိုလို (နီးပါး) ဖြစ်သွားခဲ့ရတာမို့ ချမ်းကလည်း ကိုယ့်စိတ်ကိုရော၊ အပြောကိုပါ လျှော့နိုင်သလောက်တော့ လျှော့ထားကာ စကားစမြည် အချီအချ ရယ်လို့ ရှိမနေအောင်ဘဲ ကြိုရှောင်ထားနေလိုက်တော့တာပါ။ နို့မို့ဖြင့် တူမနဲ့ ဦးလေး ဖြစ်ရက် ကိုယ်ကပဲ အငယ်ဖြစ်ရက် ထမင်းရှင်ကြီးမို့ မောက်မာတယ် ဖြစ်ရဦးမည်။





သူကတော့ (အသက်ကလည်း ဘယ်လောက်မှကြီး သေးတာလည်း မဟုတ်ဘဲနှင့် လေးဆယ့်ငါးနှစ်အရွယ် ယောကျာ်း ကြီးတစ်ယောက် အဖြစ်နှင့်ပင်) လက်ဖြန့်ခံရသူ ပြောင်းသွား တာကိုပဲ မကျေနပ်၊ စိတ်မကောင်း ဖြစ်နေကာ သူကိုယ်တိုင်က တော့ ရှေ့ထွက်၊ ဦးဆောင်လာမည့်သူတစ်ယောက် မဟုတ်ပြီ တည်း။

ချမ်းက အိမ်ရှေ့ဖိနပ်ချွတ်ကလေးကနေ အိမ်တံခါးမ ကြီးဘက် လှမ်းထွက်လိုက်ပြီးမှ တံခါးပြန်ပိတ်ရအောင် နောက်က နေ ကပ်လိုက်ပါလာသည့် အကြည့်ကို ပြန်ငဲ့ကြည့်လိုက်ကာ ...

"အကြည် ဒီနေ့လည်း ရန်ပဲဖြစ်လာပြန်ပြီလား၊ ဘာဖြစ် လာသလဲ ချမ်း မသိချင်ဘူး။ ဒါပေမဲ့ ချမ်း ပြောပြီးပြီ နော်၊ မေမေ ရှိတုန်းကလို ခဏခဏ အိမ်ပြောင်းဖို့ဆို တာ ချမ်း တတ်လည်း မတတ်နိုင်ဘူး၊ လုပ်ဖို့လည်းမရည် ရွယ်ဘူး။ တစ်ခါ တစ်ခါ အိမ်ရှာရ၊ ငှားရ၊ ပြောင်းရဆို တာ ပိုက်ဆံကုန် အလုပ်ရှုပ်နဲ့။ ဒီဒုက္ခတွေ ချမ်း မခံနိုင် ဘူး"

"မပြောင်းပါဘူးအေ ... ငါနေတတ်အောင် နေမှာပါ၊ တကတည်း"

"မဟုတ်ဘူး၊ ချမ်းကတော့ နေတတ်အောင် ကြည့်နေနေ ပြီး ကျိတ်မှိတ်စိတ်ဆင်းရဲနေရမှာမျိုးလည်း မလုပ်နိုင်ဘူး။ အကြည့် ဘာသာ ကြည့်နေလို့ရလို့ ဆက်နေနေရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းက မနေနိုင်တော့ရင် အဆောင်တစ်ခုရှာပြီး သွားနေလိုက်တော့မှာပဲ၊ အဲဒါပဲ”

အကြည့်မျက်နှာက ကွက်ခနဲ ပျက်သွားပြီးမှ ဘာမှမဖြစ်သလို ဟန်ပြန်လုပ်လိုက်ကာ သံဆန်ခါတံခါးကို ဆွဲပိတ်လိုက်ပါသည်။ ချမ်းက သက်ပြင်းတစ်ခုနှင့် လှမ်းထွက်လာခဲ့ရင်း မေမေ့ကို တမ်းတမ်းတတ ပြင်းပြင်းပြပြကို သတိတရ ရှိလာမိတော့သည်။ ဖေဖေ မရှိတော့ချိန်မှစ,ကာ ဒီ အကြည့်တစ်ယောက်၊ ဒီသမီးတစ်ယောက်နဲ့ မိသားစုသုံးယောက်ဝန်ကို မေမေ ဘယ်လို အင်အားနဲ့ထမ်းပြီး ရုန်းနိုင်ခဲ့သလဲ။ ချမ်းကတော့ နစ်ယောက်စာမျှကိုပင် ပင်ပန်းစိတ်ဆင်းရဲလှပြီ။

❂ ➤ ❂

အင်တာဗျူးဝင်မည့် အလုပ်တိုက်သို့ ရောက်မှပင် အချိန်များ ရောက်လာခဲ့ပြီဆိုတာ ချမ်းက မှတ်မိလိုက်ရတော့သည်။ ဒီအလုပ်တစ်ခုကို ဘယ်လောက်များ လိုချင်နေသလဲဆိုရင် ချိန်းထားတဲ့အချိန်က နေ့လယ်တစ်နာရီမှ၊ အဲဒါကို ချမ်းက ခုမနက် ကိုးနာရီခွဲလောက်ကတည်းက အပြေးအလွှားနဲ့ အရောက်လာနေမိပါပြီ။

အလုပ်ဆိုတာ သင့်သင့်တော်တော် ကောင်းကောင်းမွန်မွန်နဲ့ ခန့်ခန့်ထည်ထည် အခြေအနေကောင်းကောင်းလေးဖြစ်ဖို့ဆိုရင် တကယ်ရှာကြည့်မှ တကယ်ရှားကြောင်း သိရှိဖူးကြမည်





ပင်။ လခကလည်း ခပ်နည်းနည်းနှင့် လမ်းစရိတ်မျှ မကာမိချင်၊ ညနေ့ရရ တည်ခန့်သော အခြေအနေမျိုးလည်း သိပ်မဟုတ်၊ ကိုယ်တတ်မြောက်ထားတဲ့ ပညာကလေးတွေနဲ့လည်း ဘာမှမသက်ဆိုင်သော အလုပ်မျိုးဆိုရင် ကြေး(ကြိုး)များချင်သေးသည့် ချမ်းလိုမိန်းကလေးမျိုးအတွက် ဆိုရင်တော့ ပိုဆိုးတာပေါ့။

ကံကလည်း အကောင်းစားကြီးထဲက မဟုတ်လှတဲ့ ချမ်းဟာ သင့်တော်တဲ့ အဆင်ပြေလောက်သည့် အလုပ်ကလေးတစ်ခု ဘလေ ရှားရှားပါးပါးများ ရပြီလားဆိုရင် Provation period (စောင့်ကြည့်အစမ်းခန့်)ကာလအပြီးမှာတင် ပြန်ပြုတ်ချင်ပြုတ်၊ ဒါမှမဟုတ်ရင်လည်း ချမ်းက မပြုတ်ရင် အလုပ်ဌာနကြီးကပြုတ်၊ လုပ်ငန်းဌာနပိတ်၊ အလုပ်ပါသိမ်းသွားသည့် အဖြစ်မျိုးတွေကို ခြောက်လလောက်နှင့်တင် ကြုံရပြန်။

လုပ်ငန်းကလည်း ကောင်း၊ လစာကလည်း ကောင်း၊ ချမ်းလည်း အဆင်ပြေ ပျော်ရွှင် အထာကျလှသော အလုပ်တစ်ခုကို ရခဲ့တုန်းကတော့ အကြည်လေ ... အကြည်။ ပြောရရင်စိတ်နာရပါတယ်။ “အေးအေးလေး ထိုင်စားနေတာ မဟုတ်ဘူး” ဆိုတာ အဲဒါကိုပြောတာပေါ့။

ချမ်းရဲ့ အဲဒီအလုပ်က ညအိပ်ညနေ ပြည်တွင်းခရီးသည်များကို ခဏခဏထွက်,ထွက်နေရတဲ့အခါ အဲဒီ ကျားကိုးစီးအမကုန်တဲ့ လေးလုံးခြောက်ဖက်ကြီးကလေ“ချမ်းက ဘယ်ရောက်ရောက်သွားမှန်း မသိဘဲ ပြန်လာမယ် မလာမယ်လည်း သေချာ



www.burmeseclassic.com

www.burmeseclassic.com



လား မသေချာလား မသိတဲ့အိမ်မှာ သူ့တစ်ယောက်တည်း လေးငါးရက်လောက် တစ်ယောက်တည်း ကျန်ကျန်နေရတာ အားငယ်လွန်းလို့”တဲ့။

ပြောပြောင်။ ကန့်ကွက်ပိတ်ပင် တားမြစ်။ အနှောင့်အယှက်တွေပြုနှင့်။ ချမ်းလည်း ဂရုကိုပြန်မစိုက်ဘဲ ပေလျှာလကန်ပစ်ကိုထားတာ၊ အဘက်ကိုပြန်မလုပ် လှည့်မကြည့်တာပါပဲ။ ဒါပေမဲ့ အဲဒီလောက် တငိုငိုတရယ်ရယ် နေ့စဉ်ရက်ဆက် နေ့ညမခွဲခြားဘဲ “အီ”နေတာမျိုးကြီးကို ဘယ်လိုအသည်းနှလုံးကျောက်သားရှင်မျိုးကများ တစ်ပတ်ကျော်ကျော်ထက် ပိုသည်းခံတင်းမာနေနိုင်မှာတဲ့လဲ။

“ဒီအိမ်ကနေ ထွက်သွားပစ်မည်”ဟုလည်း ခြိမ်းခြောက်ဖူးသော ချမ်းဟာ နောက်ဆုံးတော့ ကိုယ်ကပဲ လျှော့လိုက်ရကာ အဲဒီအလုပ်ကလည်းထွက်၊ နောက်ထပ်အလုပ်တွေ ထပ်ရှာရာမှာလည်း “ခရီးထွက်နိုင်ရမည်”ဆိုတာမျိုး ပါလာရင် လှည့်ကြည့်လို့ကို မရနိုင်တော့တာပါ။

ခုအလုပ်ကတော့ “ကွန်ပျူတာနဲ့ လက်ကိုင်ဖုန်းများ အရောင်းပြခန်းနဲ့ Service centre”မှာ လုပ်ရမည့်အလုပ်မျိုးဖြစ်ပါသည်။ မြို့လယ်ကောင် ခရီးလမ်းပန်း အချက်အချာကျပြီး လူစည်ကားရာအရပ်မှာ မှန်တွေနဲ့ချည်း ဆောက်ထားသည့် ကျယ်ဝန်းကြီးမားသော နှစ်ထပ်ဆိုင်ခန်းကြီးကို တွေ့ရကတည်းကကို ချမ်းမှာ အားကျငေးမောဖူးရပြီးပြီ။





ဝန်ထမ်းတွေရဲ့ ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ပြထားတဲ့ ယောက်ျားမိန်းမစုံတွဲအရုပ်ကြီး နှစ်ရုပ်ကလည်းပဲ ချမ်းကို ဖျပ်ဖျပ်လူးစေအောင် ဆွဲဆောင်ပြန်ကာ ဖယ်ရီလည်းရှိ၊ လစာလည်းကောင်း၊ အေးစိမ့်သားနားနေတဲ့ နေရာမျိုးမှာ ကိုယ်တတ်ကျွမ်းတဲ့လိုင်းမျိုးဖြစ်တဲ့ ကွန်ပျူတာ Sale & Servicing အပြင် စိတ်ဝင်စားစရာ လက်ကိုင်ဖုန်းကလေးတွေကလည်း ပါလိုက်သေးဆိုတော့။

ချမ်းမှာ အချိန်မှားပြီး အစောကြီး ကြိုရောက်လာမိသော်လည်း အိမ်ပြန်ဖို့နဲ့ တစ်နေရာရာမှာ စားသောက်သွားထိုင်နေဖို့ ဆိုတာတွေကို ခေါင်းထဲမထည့်တော့ဘဲ လူသူမမြင်ရသည့် မှန်ပြခန်းကြီးကိုပဲ တံခါးကိုအသာတွန်းဖွင့်ကာ ဝင်ချလာခဲ့ပါတော့သည်။ တာဝန်ရှိသူတစ်ယောက်ယောက်နဲ့ တွေ့ရင် “ဒီမှာပဲ ဝင်ထိုင်စောင့်နေပါရစေ”လို့ ခွင့်တောင်းမယ်လေ။

“ဟား ဟား ဟား ဟား ... ဟား ဟား ...”

ကျယ်ပြောလှသော ဆိုင်ခန်းကြီးရဲ့ ရှေ့ဘက်ခန်းမကြီးထဲမှာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မမြင်ရသေးသည်မို့ ကြောင်တောင်တောင်လေး ဖြစ်နေရသည့် ချမ်းတစ်ယောက် ရယ်သံကျယ်ကြီးများကြောင့် ခြေလှမ်းတွေပင် တန့်သွားရပါသည်။

“မင်း မှတ်ထား၊ လောကကြီးထဲမှာ ဘာမှမတတ်သေး၊ မသိသေးတဲ့ အစိမ်းသက်သက်လား။ သိအောင်တတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးလို့ရတယ်၊ လူတိုင်းမှာ ဦးနှောက်တစ်လုံးစီတော့ ပါတာချည်းပဲ၊ ဉာဏ်ရည်အနည်းအများပေါ် မူတည်ပြီး အချိန်အတိုအရှည်သာကွာမယ်၊ တစ်နေ့တော့ တတ်လာ သိလာကြမှာချည်းပဲ"

"ရလဒ်က မကွာဘူးလား"

"မင်းရဲ့ကုန်ပစ္စည်းတစ်ခုကို ထွက်အောင်ရောင်းပေးနိုင်ရင် ပြီးရောမဟုတ်ဘူးလား၊ တခြား ဘယ်လိုရလဒ်မျိုးကို ထပ်မျှော်လင့်နေသေးလို့လဲ။ အေး ... မသိရင် သင်ယူလို့ရတဲ့အပြင်၊ စိတ်ထားတို့ အကျင့်တို့ဆိုတာကလည်း ဗီဇက ဘယ်လိုပါပါ ပတ်ဝန်းကျင်နဲ့ အခြေအနေအရပ်ရပ်တို့ကို ပြုပြင်ပြောင်းလဲပေးနိုင်ရင် အဲဒါတွေကလည်း ပြင်ယူလို့ရတယ်ကွာ"

"ဟာ ... ဒါကတော့ ..."

"ဟော့ကောင် ... ငြင်းမယ်မကြံနဲ့၊ မင်းအဖေကြီးက အလုပ်ခန့်ဖို့ လူရွေးဖို့ကိစ္စအားလုံးကို မင်းဆန္ဒပဲ၊ မင်းခေါင်းပဲ ပုံထားတာ။ သူ့ရဲ့တစ်သက်တာ ဆုံးမသြဝါဒတွေကို ဒီအချိန်မျိုးမှာတော့ ခဏဘေးချိတ်ထားကွ၊ ငါပြောတာကိုသာ နားထောင်စမ်းပါ ...

မသိရင် သင်လို့ရတယ်။ စိတ် ... ပြင်လို့ရတယ်။ အကျင့် ပြင်လို့ရတယ်။ တက်တက်ကြွကြွ မရှိတတ်တဲ့ ပျော့ပြောင်းလာ ရတယ်။ ပျင်းမနေ ဖျင်းမနေသာအောင်





ကိုယ်က ဖန်တီးပေးထားနိုင်ရင် ပျင်းချင် ဖျင်းချင်လို့တောင် မရနိုင်တော့ဘူးပေါ့။ အဲဒီ မင်းအဖေကြီး အဓိကလို့ ထင်နေတဲ့ဟာ အားလုံးက ပြင်ယူလို့ ရတာချည်းပဲ"

"ဟင်း ဟင်း ဟင်း ... မင်းလုပ်မှပဲ ငါ့အဖေရဲ့ ဆုံးမသြဝါဒတွေ၊ မူတွေ ခံယူချက်တွေလည်း အလကားကို ဖြစ်ကုန်ရတော့မလိုပဲ"

"အလကား မဖြစ်စေချင်ရင် တခြားနေရာမှာသုံးလိုက်။ ဒီဆိုင်ရဲ့ လူရွေးအလုပ်ခန့်မဲ့နေရာမှာတော့ ငါ့အကြံပြုချက်ကိုသာ အလေးအနက် ထားစမ်းပါ။ အဓိကျက ဘယ်လိုမှ ပြင်မရ ပြုမရနဲ့ အချိန်ကြာပြီး လုပ်သက်ရလာမဲ့အခါမှာလည်း တိုးတက်လို့ကို မလာနိုင်မှာက 'ရုပ်'ကွ"

နောက်ဘက်ခန်းထဲမှ ရယ်သံကျယ်များ ထွက်ပေါ်လာပြန်ပါသည်။

"ရုပ်မလှတာကတော့ ဘယ်လိုမှကို ပြင်ယူလို့ မရနိုင်တဲ့ လိုအပ်ချက်ကြီးပဲ ကိုယ့်လူ။ မင်းတစ်ဆိုင်လုံးက Sale girl တွေအကုန် စင်ကာပူ၊ ကိုရီးယားပို့ပေးပြီး Plastic Surgery မျက်နှာတစ်ခုလုံး၊ တစ်ကိုယ်လုံး ခွဲစိတ်ကုသ ပြုပြင်ပေးနိုင်ရင်တော့လည်း တစ်မျိုးပေါ့။ အဲဒီလိုမှမဟုတ်ရင်တော့ ခု အလုပ်ခန့်မယ် မဟုတ်လား။ ရုပ်သာကြည့်ခန့်။ ရုပ်က အဓိကပဲ။ ပြင်မရတော့မယ့်ဟာ တစ်ခုကိုသာ ခုကတည်းက သေချာအောင် လုပ်ထားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း … ငါ့အဖေသာ ကြားရင်တော့ မင်းကိုကြိမ်နဲ့တောင် လိုက်ဆော်ချင်မယ်ထင်တယ်"

"မင်းအဖေ ကြားစရာလည်း မလိုပါဘူး၊ ဒါ သူကျွမ်းကျင်တဲ့လိုင်းလည်း မဟုတ်ဘူး၊ သူ့လို 'ဆီ'လိုင်းကတော့ကွာ ရုပ်က ဘာအဓိကကျမှာလဲ၊ သူ့ဘာသာ ဘာရုပ်ကြီးနဲ့ပဲ ဆီကုန်သည်ကြီးလုပ်လုပ်၊ အလုပ်သမားတွေလည်း ဘာရုပ်ထွက်နေနေ၊ အချိန်တန်ရင် လူတွေဟာ အပြုတ်၊ အကင်တွေချည်း မစားချင်တော့တဲ့အခါ သူတို့ဖြန့်တဲ့ဆီတွေကိုပဲ အောင့်သက်သက်နဲ့ အားပေးရတော့မှာပဲ"

"အောင့်သက်သက်နဲ့ ! … ဟား ဟား ဟား"

"အေးလေ … အောင့်သက်သက်နဲ့ပေါ့။ ဒီမှာ ငါလိုလူမျိုးကတော့ ဆီကိုသာ အောင့်သက်သက်နဲ့ ဝယ်စားရင်စားမယ်။ ဟဲန်းဖုန်းကိုတော့ ရုပ်ဆိုးမကြီးတွေ ရောင်းနေတဲ့ဆိုင်ထဲ အောင့်သက်သက်နဲ့ ဝင်ဝယ်နေစရာ အကြောင်းမရှိဘူးကွ။ ဝန်ဆောင်မှုဆားဗစ်စ်ပေးမှာလား သူရဲခြောက်လွှတ်မှာလား မသေချာတဲ့ဆိုင်မျိုးထဲ ဘယ်သူကကော ဈေးဝင်ဝယ်ရဲမှာလဲကွာ၊ မဟုတ်တာ"

အထဲက ပြောဆိုနေသမျှတို့ကို အပြင်ကနေ အတိုင်းသား ကြားနေရသော ချမ်းသည် စီးစီးကျောကျောနှင့် လှူ့မလိုင်၊ လှု့ပ,လွှားအသံမျိုး အလိုလိုနေရင်း ထွက်နေသည့် လေသံတစ်ခု





ရဲ့ အဆုံးမှာ ယောင်ယမ်းပြီး ကိုယ့်မျက်နှာလေးကိုပင် ကိုယ့်လက်နှစ်ဖက်နှင့် အသာပြန်စမ်းလိုက်မိပါသည်။

ဒုက္ခပါပဲ … ဒီလိုသာ ဆိုရင်တော့။ ချမ်း ဒီနေ့အဖို့ ဝတ်စားပြင်ဆင်လာတာတွေဟာ တကယ်ပဲ ရုပ်အဓိကထားရွေးတော့မယ်ဆိုရင် အံဝင်ခွင်ကျ အဆင်ပြေပြေမှ ရှိပါ့မလား။ ဘယ်တုန်းကမှ ကိုယ့်မျက်နှာပေါ်ကို သနပ်ခါး၊ မိတ်ကပ် တစ်ချက်မတင်ခဲ့ဖူးတဲ့ ချမ်းဟာ အဝတ်အစားနဲ့ ဆံပင်ပုံစံတို့ကိုတော့ သပ်သပ်ရပ်ရပ်နဲ့ ကြည့်ပျော် ရှုပျော်လောက်ရှိအောင် ကြိုးတော့ ကြိုးစားခဲ့သေးတာပဲ မဟုတ်လား။

"ဟား ! ဒီတစ်ယောက်ဆို သူပြပေးမဲ့ Laptop လိုဟာမျိုးကို ယုံယုံကြည်ကြည် ဝယ်ချင်ဖို့နေနေ သူ အပေါက်ဝမှာရပ်နေရင် အဲဒီဆိုင်ရှေ့ကို ငါ ယောင်လို့တောင်မှ လမ်းဖြတ်မလျှောက်ဘူး …

အောင်းမလေးလေး … ဒီလောက်ဝနေမှတော့ ဘာလို့ဒီလောက်စမတ်ကျနေတဲ့ ယူနီဖောင်းမျိုးထဲကို အတင်းသွပ်ဝင်ချင်စိတ် ရှိနေရသေးတာလဲ၊ အားမနာဘူးလား မသိဘူး"

ပြောသည့်သူက တစ်ခွန်းပြောလိုက်၊ ရယ်သည့်သူတွေက ဝိုင်းရယ်လိုက်။ ချမ်းသည် လူရှင်းနေသော အရှေ့ခန်း၊ ခန်းမကျယ်ကြီးရဲ့ မှန်ကောင်တာတွေ အလယ်မှာ ကြောင်ရပ်နေမိရာက အသံတွေထွက်ပေါ်နေရာ ဆိုင်နောက်ဘက်ထဲသို့ တစ်စ



www.burmeseclassic.com

www.burmeseclassic.com



ချင်း တစ်လှမ်းချင်း တိုးဝင်လှမ်းနေမိပါပြီ။ လာတင်ထားသည့် လျှောက်လွှာတွေကို အပုံလိုက် အလည်ချပြီး ဝိုင်းဟားနေကြဟန်၊ အဖြစ်အပျက်တစ်ခုကိုလည်း ရင်နာနာ စိတ်ဆာဆာနှင့် တစစ်စစ် ဖြစ်လို့လာရသည်။

တွေ့ပါပြီ။ ဒုတိယခန်းရဲ့ မှန်တစ်ဝက်၊ အုတ်အပိတ်တစ်ဝက် ရုံးခန်းငယ်တစ်ခု အတွင်းမှာ ဒီဆိုင်ရှင်ရဲ့သားဟု (လျှောက်လွှာလာတင်ကတည်းက) ကြိုသိမျက်မှန်းတန်းထားမိပြီးသား လူတစ်ယောက်နှင့် နောက်ထပ် သုံး,လေးယောက်။ ဆိုင်ရှင့်သား အပါအဝင် အားလုံးတို့ဟာ တစ်ချက်အကြည့်နှင့်တင် ပြည့်ပြည့်စုံစုံ၊ ကုံလုံကြွယ်ဝ၊ မိဘချမ်းသာဆိုတဲ့ အခြေအနေအသိုင်းအဝိုင်းတွေထဲကပဲ ဆင်းသက်လာကြရသူတွေမှန်း သိသာထင်ရှားလှသော ဟန်ပန်၊ ရုပ်ရည်၊ အနေအထားတို့နှင့်။

ထင်သည့်အတိုင်းပင် သူတို့ရဲ့ရှေ့မှာက သူများတကာတွေရဲ့ လျှောက်လွှာတွေ တစ်ပုံတစ်ထပ်နှင့်။ အလုပ်ရလိုသူတို့ရဲ့ ကိုယ်ရေးရာဇဝင် အချက်အလက် ဆိုတာတွေဟာ ကိုယ်နှင့် ထိုက်တန်တယ်ထင်တဲ့၊ ကိုယ်ရလိုက်တဲ့ ဒီအလုပ်တစ်ခုအတွက် ကြည့်ရှုအကဲဖြတ် စိစစ်ဆေးနိုင်အောင် တင်ပြထားတာသာဖြစ်ပြီး ခုလို အုပ်စုဖွဲ့ ဟားတိုက်၊ တလွဲအသုံးချနေကြဖို့ မဟုတ်တာကို နားလည်နိုင်လောက်တဲ့ လူမှုရေးအသိစိတ်နဲ့ စည်းကမ်းလည်း တစ်စက်မှ မရှိကြပါကလား။





မရှိဆို သူတို့ရဲ့ပုံဟန်တွေဟာ အလုပ်တစ်ခုရဖို့ ပင်ပန်းစိတ်မောရခြင်းကြီးစွာနဲ့ ရှိဖူးဖို့နေနေ၊ "အလုပ်လျှောက်တယ်"ဆိုတဲ့ အဖြစ်မျိုးနဲ့တောင် ကြုံဖူး၊ ထိတွေ့ဖူးတဲ့ သူတွေနဲ့မှ မတူတာ။ ချမ်းမှာ ထိုမြင်ကွင်းကို ကြည့်နေရင်းပင် ရင်က နာသထက်နာကာ ဒေါသပါ ထွက်ချင်လာရပါပြီ။

"ဟာ ... ဘာရုပ်လဲကွာ၊ ဒါကကော ! ရုပ်ဆိုးလိုက်တာ"

"ဘာပြောတယ်"

ဦးဆောင်ဟားတိုက်နေသူ ဒီတစ်ချီ ကောက်ကိုင်လိုက်တဲ့ ကိုယ်ရေးရာဇဝင်ဖောင်ဟာ ချမ်းရဲ့လျှောက်လွှာပဲဟု သိလိုက်ရချိန်၊ သူ့နှုတ်ကစကားသံ ထွက်လာချိန်နှင့် စိတ်မထိန်းနိုင်တော့တဲ့ ချမ်းရဲ့ရှူးရှူးဝါးဝါး အော်ပစ်လိုက်သံလေး ထွက်လာချိန်တို့က တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပွားသွားကြပါသည်။

မှန်ခန်းလေးထဲမှာ လွတ်လပ်ပေါ့ပါးစွာ ထင်တိုင်းကြံနေခဲ့ကြတဲ့ လူငယ်တစ်အုပ်စုလုံး ထိုင်ရာက ထရပ်သူရပ်၊ စားပွဲတစ်ခုပေါ် လှဲအိပ်နေရာက ထထိုင်သူထိုင် လှုပ်လှုပ်ရှားရှား၊ တအံ့တသြ၊ အားတုံ့အားနာ တစ်မျိုးကြီးတွေ ဖြစ်ကုန်ကြပါသည်။ အလုပ်ရှင်ရဲ့သားအဖြစ် မှတ်မိနေသူ တစ်ယောက်ကတော့ ချမ်းရောက်ရှိနေတဲ့ အခန်းဝသို့ပင် လှမ်းပြီးရောက်ရှိလာသည်။

ဦးဆောင်ဟားတိုက်နေသူ တစ်ယောက်ကတော့ ဆုံလည်ကုလားထိုင်ပေါ်မှာ ထိုင်နေရာက ခုံကိုပဲ တစ်ပတ်လည့်လှည့်ပစ်လိုက်ကာ ချမ်းဘက်သို့ လှည့်ကြည့်လာပါသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြင့် တခြား သူ့အဖော် သူငယ်ချင်းတွေလို အလွယ်တကူနှင့် လှုပ်လှုပ်ရှားရှား၊ တအံ့တသြကြီးတွေ ဖြစ်တတ်မည့်ပုံမရ။ အားတုံ့အားနာ ဖြစ်သွားရဟန်မျိုးလည်း တစ်စက်မှမရှိ။

ချမ်းဘက်သို့ အကြည့်ရောက်လာပြီးမှ သူ့လက်ထဲကိုင်ထားလျက်သား ဆက်ရှိနေဆဲဖြစ်သော ချမ်းရဲ့လျှောက်လွှာဆီ အကြည့်တစ်ချက် ပြန်ပို့လိုက်ပြီးလျှင် ဓာတ်ပုံနဲ့လူကိုတိုက်ကာတိုက်ကာ ကြည့်နေရင်း ...

"ဩော်"

ရုတ်တရက်မို့ စိတ်မထိန်းလိုက်နိုင်ဘဲ စိတ်လိုက်မာန်ပါ၊ စိတ်လွတ်လက်လွတ် အော်ဟစ်လိုက်မိသော ချမ်းမှာ ရွယ်တူ သူစိမ်းယောက်ျားလေး လေး,ငါးယောက်နှင့် ကိုယ်တစ်ယောက်တည်း ဆိုသည့် အသိကို ပြန်ဝင်လာချိန်မှာတော့ ခပ်အမ်းအမ်းကြီးပင် ဖြစ်သွားရပါသည်။ ပြီးကျတော့ အဲဒီသူစိမ်းယောက်ျားလေးများထဲမှ တစ်ယောက်က ကိုယ်အရမ်းလိုချင်နေတဲ့ အလုပ်တစ်ခုမှာ အလေးထား၊ အရာထားရမယ့် အလုပ်ရှင်ရဲ့သား ဖြစ်နေပြန်သည်လေ။

"ဘာကိစ္စရှိလို့လဲ မသိဘူး ခင်ဗျ"

အလုပ်ရှင်ရဲ့သားကပင် စတင်၍ ချောင်ယဉ်ကျေးစွာ မေးလာပါသည်။

"အချိန်မှားလာတာပါ"

"ခင်ဗျာ"





"အင်တာဗျူးဖြေဖို့ပါ။ တစ်နာရီကျမှ ခေါ်ထားပေမယ့် အချိန်မှားပြီး ရောက်လာတာနဲ့"

"ဩော်... အဲဒါဆိုလည်း အချိန်ကမကျသေးတော့ စ,တာကတော့ စ,ဖြစ်ဦးမှာ မဟုတ်ဘူး၊ တစ်ခါတည်း ထိုင်စောင့်မယ်ဆိုရင်တော့ ရှေ့ခန်းမှာလည်း နေလို့ရတယ်။ အင်တာဗျူးလုပ်မဲ့ အပေါ်ထပ်မှာလည်း တာဝန်ခံရှိနေတယ်လေ။ ရှေ့လှေကားကပဲ တက်သွားလိုက်ပါ"

အလုပ်ရှင်ရဲ့ သားဖြစ်သူမှာ နဂိုကလည်း ငြိမ်းချမ်းချိုသာတတ်သောသူတစ်ယောက် ဖြစ်ပုံရပါသည်။ ခုလောလောဆယ်မှာတော့ သူတို့တွေဘက်က စည်းကမ်းမရှိ၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် လုပ်ပိုင်ခွင့်တို့ကိုပါ ချိုးဖောက်ထားမိသလို၊ အလွန်လိုဖြစ်နေတာကို သိသွားတဲ့သူအဖြစ် ချမ်းကို ပိုပြီးတော့တောင်မှ ပြေပြေပြစ်ပြစ်နှင့် ဆက်ဆံလိုပုံ ရနေသေးသည်။

ချမ်းဘက်ကလည်း အဲဒါကို ထူးအခွင့်အရေးယူပြနေဖို့မရှိပါ။ သူ ချောင်၊ ကိုယ်ချောင်ပေါ့။ အဲဒီမှာမှ ကိုယ်ကအလုပ်လိုချင်နေသူအဖြစ်နှင့်ဆိုလျှင် ပိုလို့တောင် နားလည်သိတတ်မှုရှိရဦးမည် မဟုတ်လား။

ထိုအချိန်မှာပင် ချမ်းရဲ့လျှောက်လွှာကို ခုထိဆက်ကိုင်ထားဆဲဖြစ်သူက အလုပ်ရှင်ရဲ့သားရှိရာ အပေါက်ဝသို့ သူပါထွက်လျှောက်လာပြီး နောက်ဘက်နားမှာ အသာကပ်ရပ်လိုက်ကာ (သူကတော့ ချမ်း မမြင်နိုင်၊ မသိနိုင်၊ မကြားနိုင်အောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆင်ခြေပေးရင် ပေးမှာပေါ့လေ။ ဒါပေမဲ့ မြင်သာ၊ သိသာ၊ ကြားသာကြီး ဖြစ်နေသော လှုပ်ရှားမှုတွေ အသံမျိုးတွေနှင့်ပဲ)

"နေပေ့စေ ပြန်လွှတ်လိုက်တော့၊ ဘာလို့ စောင့်ခိုင်းထားမှာလဲ၊ ပြန်လို့ရပြီလို့ ပြောလိုက်တော့"

လက်ကလည်း နောက်ဘက်ကနေ ကုတ်,ကုတ်နေလိုက်သေးသည်။ အသံကတော့ လေသံသဲ့သဲ့။ ဒါပေမဲ့ ဒီလောက်ကြီး ကပ်ရပ်နေကြတာ မကြားဘဲ ရှိပါ့မလား။ အလုပ်ရှင်ရဲ့သားခများ သူနဲ့ ဘယ်လောက်မှ မဝေးတော့တဲ့ ချမ်းလည်း ကြားမှာ၊ မြင်မှာပါပဲ ဆိုတာကို ရိပ်မိနိုင်သူမို့ မျက်နှာကြီးက ပိုပြီးအားနာနာ အီလည်လည်ပုံ ပေါက်လာပါသည်။ ကုတ်,ကုတ်နေသောလက်တို့ကိုပဲ နောက်ပြန် ပြန်ရိုက်ထုတ်ပစ်နေကာ ထိုသူနှင့် နည်းနည်းကွာသွားအောင် ပြင်ရပ်လိုက်သည်။ အဲဒါကိုပဲ သူက မလျှော့နိုင်သလို ထပ်ကြပ်ကပ်လိုက်လာကာ ...

"ဒါမျိုးရုပ်လောက်ကို ဘာလို့ရွေးရမှာလဲ၊ ငါ ခုနတစ်ချိန်လုံး ပြောနေတာ ဒါကိုပဲ ပြောနေတာ"

"ကျွတ် ... ဟိတ်ကောင်၊ ခဏနေစမ်းပါ"

အလိုလိုနေရင်းကိုက စိတ်တို၊ စိတ်ဆတ်နေဖို့ ဝန်မလေးတတ်သူ ဖြစ်ရတဲ့အထဲ၊ စိတ်ထိန်းတတ်ဖို့လည်း ဝါသနာမပါလှသည့် ချမ်းတစ်ယောက် ရင်ထဲမှာ တကျိုကျိုနှင့် ပြန်ဖြစ်လာရပြန်ချေပြီ။ သူများတကာ အရမ်းလိုချင်နေတဲ့အလုပ်ကို လာဖျက်ဆီး၊ ဝင်နှောင့်ယှက်နေတာ ဖြစ်နေတဲ့အပြင်၊ မိန်းကလေးတစ်





ယောက်ကို ရှေ့တင်ကြီးထားပြီး နှိမ့်ချပြောဆိုနေတာမျိုးလေ။ ဘယ်လောက်ပဲ မသိအောင် လုပ်နေသလိုလို ဟန်ပြထားသော်လည်း ဒါဟာ ပေါ်တင်စော်ကားမှုပဲ။

"မလှဘူး။ အားနာမနေနဲ့၊ ဓာတ်ပုံထက် အပြင်မှာက ပိုလို့တောင်မှ မလှသေး"

ဟိုလူဟာ ပြောနေရင်း ကြည့်နေရင်း၊ သူ့သူငယ်ချင်းကိုယ်၌က ဟန့်တားနေရင်းကပင် ပေါ်တင်ပဲ နောက်တစ်ခွန်း ဆပ်ဆင့်ထွက်လာပြန်ပါသည်။

ဒီတစ်ခါမှာတော့ ချမ်းဟာ "အလုပ်, အလုပ်" ဆိုတဲ့ တစ်မျက်နှာတည်းနဲ့ပဲ ဒီစော်ကားမော်ကားမှုကြီးကို မျက်စိမှိတ် ငြိမ်ခံနေဦးမည် ထင်ပါသလား။

"ဒီမှာ ... သူများတကာတွေကို မလှဘူးတွေ၊ ရုပ်ဆိုးတယ်တွေ၊ ဝတယ်တွေ၊ သရဲတွေ လျှောက်ပြောထွက်နေရအောင် ရှင့်ရုပ်ကကျတော့ ဘယ်လောက်များ ချောမောလှပနေလို့လဲ ... ဟင် ! ရုပ်ဆိုးတယ်ဆိုတာ ရှင့်လိုရုပ်မျိုးကိုမှခေါ်တာ။ အရမ်းရုပ်ဆိုးတာပဲ ရုပ်ဆိုးကြီး။ ကြည့်ရ မြင်ရတာ ကြောက်တောင် ကြောက်မိတယ် ..."

ရုပ်ကဆိုးရတဲ့အထဲ စိတ်ဓာတ်ကကျတော့ မကောင်းထားလိုက်သေး။ သူများတကာတွေကို ဝေဖန်ပြောဆိုလိုက်၊ အလုပ်မရအောင် ဖျက်ဆီးနှောင့်ယှက်လိုက်နဲ့။ ကိုယ်တိုင်က လူပေါ်ကြော့ဆိုတော့ သူများတွေရဲ့အလုပ်ထဲ ဝင်နှောင့်



www.burmeseclassic.com

www.burmeseclassic.com



ယှက်၊ ဖျက်ဆီးရတာလောက်ကတော့ အကင်းလောက်ပဲ နေမှာပေါ့၊ ဘယ်ဝန်လေးနေပါ့မလဲ ...

ရုပ်ဆိုးသလောက် စိတ်ပုပ်ပြီး ပေါကြော့ဖြစ်နေတဲ့ လူမျိုး ဒီတစ်ခါသာ တွေ့ဖူးသေးတယ်"

"ဟာ ... ဟာ ... မင်း ...

ချမ်းဟာ ဝိုင်းအုံကြည့်နေကြတဲ့ သူစိမ်းယောက်ျား လေးများကိုရော၊ မျက်နှာထားက တစ်မျိုးဖြစ်သွားပြီးမှ ရယ်ချင် ရိပ် သမ်းလာပုံရတဲ့ အလုပ်ရှင်ရဲ့သားကိုသာမက၊ သူ့ကျတော့ ပစ်ပစ်နှစ်နှစ် ချိုးချိုးဖွဲ့ဖွဲ့တွေ လိုက်ပြောထွက်နေပြီး သူ ပြန်အပြော ခံရတဲ့အလှည့်ကျတော့ မျက်နှာကြီးနီရဲ၊ မျက်လုံးကြီးပါ ပြူးထွက် ကာ မခံမရပ်နိုင်တွေ ဖြစ်နေတဲ့ ဟိုလူ့ကိုပါ ဆတ်ခနဲ ကျောခိုင်း ချန်ထားရစ်ခဲ့ကာ အေးစိမ့်ခမ်းနားနေတဲ့ မှန်အဆောက်အအုံကြီး ထဲက ပြန်လှည့်ထွက်လာခဲ့ပါချေပြီ။

"တဟားဟား" အော်မြည်ကာ ရှုံ့မဲ့ဖြစ်ပျက်နေတဲ့ မျက်နှာကြီးကိုလည်း ဆတ်ခနဲ ကျောမခိုင်းဖြစ်ခင် လက်ညှိုးနဲ့ အတိအကျ ထိုးညွှန်ကာ ...

"ခုလိုဆိုတော့ ပိုလို့တောင် ဆိုးသေး။ ဒါကြီးမြင်ယောင် နေတာနဲ့တင် ခုညတော့ ကောင်းကောင်းမှ အိပ်လို့ပျော်နိုင် ပါ့မလား"

ကဲ ... ပြီးရော။ တကယ်တမ်းကျတော့ ခုလိုလုပ်ချ ပစ်နိုင်ခဲ့မှဘာ ဒီညအဖို့က ကောင်းကောင်းကို ပိုအိပ်ပျော်မှာပါ။





နို့မို့ဖြင့် တစစ်စစ် တနုံ့နုံ့နဲ့ စဉ်းစားမိလိုက်တိုင်း ပို့ပိုဒေါသက ထွက်နေရမည်။ အလုပ်လား ...။ မရ နေပေါ့။ ဒါမှဒါ မရမက အသည်းအသန် လိုချင်နေမိသည် မှန်သော်လည်း "ဒါမှမရခဲ့ရင်" ဆိုပြီး အရန်ထားတဲ့ အလုပ်မျိုးတွေလည်း ရှိပါသေးတယ်လေ။

ကိုယ့်ကိုယ်ကိုယ် "ငါဟုတ်လှပြီ လှလှပြီ ကြည့် ကောင်းလှပြီ"ရယ်လို့ စိတ်ကြီးဝင် တမင်တင်းထားတတ်ကြပြီး တကယ့်တကယ်တမ်းမှာကျတော့ လုံးဝဥဿုံကို ကြည့်မကောင်း မလှပကြတဲ့ သူများဟာ "မလှဘူး ... ရုပ်ဆိုးတယ်"လို့များ အပြောခံရရင် ထွန့်ထွန့်လူး မခံမရပ်နိုင်ဖြစ်ပြီး ဒေါမာန်တွေကြီး လာတတ်ကြရောတဲ့။ ဟိုလူတစ်ယောက်တော့ ခုချိန်လောက်ဆို ဒေါသထွက်ရလွန်းလို့ ဘီလူးနဲ့တောင် တူနေလောက်ပြီ။

ဒါဆိုရင် ချမ်းကိုယ်တိုင်ကရော။ အဲဒီတုန်းက ဘာ့ကြောင့် ဒီလောက် ဆတ်ဆတ်တုန် ဒေါသထွက် ဖြစ်သွားကာ ကိုယ်သိပ်လိုချင်နေလှတဲ့ အလုပ်မျိုးကိုတောင် စွန့်နိုင်တဲ့အထိ ဖြစ်သွားရတာလဲ။ အဟက် ဟက်။

ချမ်းသည် အလုပ်ရမလာတာကို ဝမ်းနည်းစိတ်တို မနေတော့ဘဲ ရယ်ချင်စိတ်တောင် ပေါက်လာနိုင်သေးသည့်ကိုယ့် ကိုယ်ကိုယ် ထူးဆန်းစွာ အံ့ဩနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းတို့ရဲ့ကုမ္ပဏီမှ ကွန်တိန်နာကား အသေးလေးက လူသူစည်ကားရာ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တန်းကြီးရဲ့ရှေ့ မလှမ်းမကမ်း ကားရပ်လို့ရသည့်နေရာလောက်မှာ ဝင်ထိုးရပ်လိုက်လျှင် ချမ်းသည် ကားရှေ့ခန်းမှ သွက်လက်စွာပင် ခုန်ဆင်းလိုက်ပါသည်။

အမှန်စင်စစ်မတော့ ခုရထားသည့်အလုပ်ကို ချမ်းက မကြိုက်ပါ။ မနှစ်သက်လှသည့်အပြင် ခပ်မုန်းမုန်းပင် ရှိမိရပါသေးသည်။ သို့သော် ... ချမ်းကား သူ့လခကိုစားထားရင် ကိုယ်နှစ်သက်သက် မသက်သက် ပေးထားတဲ့လခနဲ့တန်အောင် ကိုယ့်ဘက်ကလည်း စိတ်ပါလက်ပါ ပြန်လည်တာဝန်ကျေပေးရမည်ဆိုတဲ့မူကို လက်ခံကျင့်သုံးတတ်သူပင်တည်း။

ဘယ်လိုမှ သည်းခံနိုင်တော့လောက်အောင် မုန်းတီးစက်ဆုပ်လာလျှင် ထိုအလုပ်ကို ဆက်မလုပ်နဲ့။ လခဆက်မယူနဲ့ ထွက်။ ဒါပဲဖြစ်သည်လေ။ မထွက်နိုင်သေးသရွေ့ သူ့လခကိုစားနေသရွေ့ကတော့ စိတ်မပါ လက်မပါကြီးနဲ့ တာဝန်မကျေ၊ ခိုကပ်နေရတာကမှ ရှက်စရာကောင်းပြီး လူဖြစ်ပိုရှုံးရဦးမည်ထင်သည်။

ချမ်းတို့ကုမ္ပဏီရဲ့အလုပ်က ဈေးကွက်ထဲမှာ လူသိမများ မထင်ရှား၊ မတွင်ကျယ်သေးသည့် လူသုံးကုန်စားသောက်





ကုန်ပစ္စည်းများကို လူသိလာအောင် သုံးစွဲချင်လာအောင် နည်းအမျိုးမျိုးနဲ့ ကြော်ငြာရ၊ အစွဲထုတ်ပေးရသော ကုမ္ပဏီဖြစ်ပါသည်။

ပစ္စည်းအသစ်ကို သွင်းကုန်အနေနဲ့ သွင်းချင်သည့် ကုမ္ပဏီကသွင်းလာ၊ ထုတ်လုပ်ချင်သည့် လုပ်ငန်းရှင်ကထုတ်လုပ်၊ လူထုထဲမှာပေါက်အောင်၊ လူသိများအောင် လုပ်ဆောင်ပေးရမှာကတော့ သူတို့ကအလုပ်လာအပ်ကြတဲ့အခါ အကောင်းဆုံးကြံဆောင်၊ ဝန်ဆောင်ပေးရမည့် ချမ်းတို့ကုမ္ပဏီ၏ အလုပ်ပင်တည်း။

ချမ်းမှာ ဟိုကွန်ပျူတာနဲ့ ဟဲန်းဖုန်းဆိုင်မှာ အလုပ်မရနိုင်တော့တဲ့အခါ ကျန်တဲ့ လျှာထားတဲ့ အလုပ်တွေထဲက ဒီအလုပ်ကိုမှ ဦးစားပေး လျှောက်လိုက်မိခြင်းက ကြော်ငြာကုမ္ပဏီဆိုတော့ တီဗီမှာလာတဲ့ ကြော်ငြာလေးတွေကို စီမံဖန်တီးရတဲ့အပိုင်းမှာများ တာဝန်ကျမလား။ အဲဒီလို စိတ်ဝင်စားစရာလေးတွေနဲ့များ ကြုံရမလားလို့ပင်။

တကယ်ကျတော့ ဈေးကားနဲ့လိုက်ရတဲ့ဘက်မှာဖြစ်နေသည်။ တစ်နေ့ တစ်နေ့ ပစ္စည်းတွေ နှစ်မျိုး၊ သုံးမျိုး ကားနဲ့တင်လာ၊ လူစည်ကားရာ အရပ်တွေ၊ ဈေးတွေမှာရပ်။ ပစ္စည်းတွေအကြောင်း ရှင်းပြသည့်သူက ရှင်းပြ။ နမူနာပစ္စည်းတွေ ကြော်ငြာနဲ့ အသုံးပြုပုံ စာရွက်တွေ ဝေသူကဝေ။ တစ်ခါတည်း စမ်းသပ်သုံးစွဲလိုသူတို့ကို စမ်းသပ်ပြရ၊ စမ်းကြည့်ခိုင်းရ။ စိတ်ကြိုက်တွေ့လို့ တစ်ခါတည်း ဝယ်ခြမ်းသွားလိုပါသည် ဆိုရင်တော့ ရောင်းချပေးရ။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းဟာ လူစည်စည်ထူထူရဲ့အလယ်မှာ လူထုရဲ့ မြင်ကွင်းအာရုံတွေ အားလုံး ကိုယ့်ဆီရောက်နေအောင် ဆွဲဆောင်ထားရ၊ မြင်သာထင်သာကြီး ဖြစ်နေရတာကိုလည်း မကြိုက်။ နဂိုတည်းက သိပ်စိတ်က မရှည်တတ်သူမို့ မ,တစ်ရာသားသမီးတို့ရဲ့ မေးမြန်း၊ စပ်စု၊ ဝေဖန်၊ အနှောင့်အယှက်ပေး၊ နမူနာကိုပဲ တိုးဝှေ့ယူ၊ ဝယ်မှာဖြင့် မဟုတ်ဘဲ တစ်ခါပြီးတစ်ခါ မပြီးနိုင်အောင် စမ်းသပ်စားသုံး စတာတွေကို သည်းညည်းခံ အပြုံးမပျက်ရတာကိုလည်း မကြိုက်။

အဆိုးဆုံးကတော့ ကိုယ်တောင် ဘာဘယ်လိုကောင်းမှန်း၊ ဘာမှန်း ညာမှန်း ဂဃနဏ သေချာမသိသေးသည့် ပစ္စည်းများကို ကုမ္ပဏီက သင်လွှတ်လိုက်တဲ့ စာသားတွေအတိုင်း အလွတ်ကျက်မှတ်လာပြီး ပေါက်ပေါက်ဖောက်သလို၊ ကရားရေလွှတ်သလို တတွတ်တွတ်၊ တဖောက်ဖောက် ပြန်ရွတ်ပြနေရတတ်ခြင်းပင်။ ကိုယ်တကယ် မယုံကြည်၊ မသိနိုင်သေးတဲ့ အရာတွေကို ဝမ်းပန်းတသာ ယုံကြည်လက်ခံထားပြီးသားလိုလို သရုပ်ပြဟန်ဆောင်ပြနေရတာ။

ပစ္စည်းဒီတစ်မျိုးတည်းဟာ ကိုယ့်ကုမ္ပဏီရဲ့ သွင်းကုန် ထုတ်ကုန် ဆိုရင်တော့ ချမ်းဟာ ကိုယ့်ပစ္စည်းရဲ့ ကျိုးကြောင်း အရည်အချင်းကို ဒီ့ထက်တွေ ဂဃနဏ သေချာလေ့လာကာ ပစ္စည်းကိုရော၊ ကိုယ့်ကိုယ်ကိုယ်ပါ ယုံယုံကြည်ကြည် စိတ်ပါလက်ပါနှင့် တာဝန်ထမ်းဆောင်နိုင်မှာပေါ့လေ။





ခုဟာကကျတော့ အဲဒီလို လုပ်နေ၊ လေ့လာနေလို့ကို မရနိုင်သည့် လုပ်ငန်းသဘောမျိုး ဖြစ်နေသည်။ ဒီတစ်ပတ်အတွက်က ငရုတ်သီးဆော့စ်ဆိုလျှင် နောက်တစ်ပတ်သည်ခေါင်းလိမ်းဆီ ဖြစ်ချင်ဖြစ်နေကာ နောက်အပတ်မှာတော့ အချိုရည်နှင့် တိုးရင်တိုးရမည်လေ။

ကဲ ... ဒီတစ်ပတ်အဖို့ကတော့ "သွားတိုက်ဆေး" ပါတဲ့။

ချမ်းက ကားပေါ်မှ ခုန်ဆင်းလိုက်ပြီးသည်နှင့် လက်ထဲ တစ်ခါတည်း ပါလာပြီးသား ပလတ်စတစ်ခွက် အကြီးကြီးထဲမှ လက်သန်း လက်နှစ်ဆစ်ခန့်ရှိမည့် သွားတိုက်ဆေးနမူနာ Sample ပစ္စည်းလေးတွေကို နံဘေးနားက တွေ့သမျှလူတွေလက်ထဲ တစ်တောင့်စီ၊ တစ်ခုစီ လိုက်ဝေနေလိုက်သည်။

"အဲဒီကောင်မလေးဟာလေ ...။ နင့် Sample တွေ အကုန်,ကုန်လည်း နင်တို့ မြန်မြန်ပြန်ရပြီလို့များ မှတ်နေလို့လား။ ဘာမှဖြင့် ကျိုးကြောင်းပြောဆို မကြော်ငြာ၊ မရှင်းပြရသေးဘဲနဲ့ ကုန်ရင်ပြီးရောဆိုပြီး ဖွတ်လိုက်ဝေပစ်နေတဲ့ အချိုးမျိုးတော့ မချိုးနဲ့ပေါ့။ Sample တွေ ကုန်ရင်လည်း ကိုယ့်ကိုယ်တာကျ ဘူးကြီး၊ ဘူးလတ် ဘယ်နှဘူးစီထွက်အောင် ရောင်းနိုင်ခဲ့ရဦးမယ်ဆိုတဲ့ စည်းကမ်းက ရှိပြီးသား။ ကိုယ်တာမပြည့်မချင်း ကားက ပြန်ထွက်မှာ မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းက "သိပါတယ်"ဟူသည့် စကားကို စိတ်ထဲက ပဲ ပြောလိုက်တော့သည်။ ကားတွေပေါ်မှာ လိုက်ပါအုပ်ချုပ်တတ်သော Incharge တွေသည်လည်း ကြုံရပေါင်းများလို့ အင်ချာ့ချ်တစ်ယောက်၊ စိတ်တစ်မျိုးစီနှင့် ဆိုတာကို သိရှိနားလည် (လျစ်လျူရှု၊ စိတ်ထဲက ဖျောက်ထုတ်၊ ပေယျာလကန်ထား)နိုင်ရပေမည်။

ဒီအင်ချာ့ချ်အစ်မကြီးကတော့ ချမ်းရဲ့အားကိုးမာန်တက် တက်တက်ကြွကြွ တာဝန်ကျေတတ်ပုံကို သဘောကျလှသော်လည်း Sample ပစ္စည်းတွေ မြန်မြန်ကုန်,ကွဲန်မှာမျိုးကိုကျတော့ အင်မတန်တွန့်တိုတတ်သူမျိုး ဖြစ်လေသည်။

တွန့်တိုဆို ဘာပစ္စည်းပဲကြော်ငြာငြာ၊ ဘာပဲနမူနာဝေဝေ ပိုသမျှ Sample အိမ်သယ်တတ်ချင်သူမျိုးကိုး။ ချမ်းတို့ကျတစ်ခုတလေမှ ယောင်လို့တောင် မပါရအောင် သတိထားစိစစ်တတ်ပြီး ချမ်းတို့မရှိတော့ချိန်ကျမှ စာရင်းနဲ့တကွ အတိအကျပြန်အပ်စရာ မလိုတော့သည်များကို တစ်ခုမကျန်အိမ်သယ်ယူသူ။

အဲဒီတော့ ကားရပ်ပြီးတာဖြင့် ငါးမိနစ်လောက်ရှိတော့မည်။ ထဘီပြင်ဝတ်နေရတာနဲ့၊ ခေါင်းဘီးတာနဲ့၊ ကရင်ဖတ်ဖ်ပြန်ရိုက်၊ မှန်ကြည့်၊ နှုတ်ခမ်းနီထပ်ဆိုးတွေ ဖြစ်နေရတာနဲ့ အဲဒီလိုမိနစ်ကလေးတွေထက်စာရင်၊ ကားရပ်ရပ်ချင်း ခုန်ဆင်းပြီး နမူနာတွေ လှိုင်လှိုင်ဝေပစ်မိသည့် ချမ်းက ပိုအပြစ်ကြီးလေသည်ပေါ့။





ချမ်းက အပြောလွှတ်အောင် ဒီတစ်ခါဖေ့လေးတွေ ပစ္စည်းလေးတွေအစား ကြော်ငြာစာရွက် Pamphleတို့ရဲ့ ဖွင့်ဟလိုက်ဝေနေလိုက်ပါသည်။ ဝေနေရင်းနဲ့ပဲ "ကုမ္ပဏီက ဖြန့်လိုက်ကြည့်တောင် လျှော့ချထားပြီး မိတ်ဆက်ဈေးချပေးနေတဲ့ ကုန်ပစ္စည်းမဆိုင်၊ တွေကိုလည်း တစ်ခါတည်း အားဖြုတ်ဝယ်ယူသွားလို့ ရနိုင်ကြောင်း ကို ရှင်းပြဆွယ်ယူ။

"နမူနာလေးတစ်ခုလောက် အနံ့နဲ့အရောင်ကို ကြည့်ချင်တယ်"

နံဘေးမှ အသံထွက်လာသဖြင့် ချမ်းက လူကိုလှည့်မကြည့်နိုင်သေးဘဲ နမူနာလေးတစ်တောင့်ကို အပြေးလေးလှမ်းယူပေးလိုက်ပါသည်။ နှုတ်ကလည်း အကျင့်ပါပြီးသား ဖြစ်နေပြီမို့ တစ်ဆက်တည်း ဆိုသလို ...

"ကာလာက Natural Colour အဖြစ်နဲ့ အဖြူအကြည်နဲ့ ပြာလဲ့လဲ့ အကြည်နှစ်ရောင် ထုတ်ထားပါတယ်။ အဖြူအကြည်က Menthol အနည်းငယ်ပိုတဲ့အတွက် ပူရှိန်းပြီး လန်းဆန်းမှုကို ပေးနိုင်ပါတယ်။ ပြာလဲ့လဲ့အကြည်ကတော့ အမြုပ်အင်အားကို ပိုကောင်းစေပါတယ်။ နှစ်မျိုးစလုံးမှာ ဖလူအိုရိုက်ကို ပါဝင်ရမယ့် စံချိန်စံညွှန်းနဲ့အညီ မပိုလွန်း၊ မလျော့လွန်းအောင် ထည့်သွင်းထားတဲ့အတွက် သန့်ရှင်းလတ်ဆတ်မှုတင်မက သွားတွေရဲ့ ခိုင်ခန့်ကျန်းမာမှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



အားကိုးယုံကြည်နိုင်ပါတယ်ရှင်၊ စိတ်ဝင်စားတယ်ဆို

ဘာ့ တစ်ခါတည်း ဝယ်ယူအားပေးသွားနိုင်ပါတယ်။

ပဲ ပြောလို့ဆိုဖ်နှစ်မျိုးနဲ့ ရောင်းချပေးနေပါတယ်ရှင်"

သော "ကြက်တူရွေးမကြီး ကျနေတာပဲ၊ စာကျက်ထားတာ သိ

တ သာလိုက်တာ။ ကိုယ့်ပစ္စည်းကောင်းကြောင်းကို Customer ယုံကြည်လောက်အောင် ရှင်းပြနေတာမျိုးထက် ဆရာမဆီမှာ စာလာဆိုနေတဲ့ (၃)တန်းကျောင်းသူ နှစ်ကျကြီးနဲ့ပဲ တူနေတယ်"

ချမ်းမှာ ဆတ်ခနဲ ဖြစ်သွားရကာ ခုမှပဲ ချက်ချင်း ပြန်မှတ်မိသွားရတဲ့ အသံရှင်ဘက် ခပ်မြန်မြန် လှည့်ကြည့်လိုက်သော် ထင်တဲ့အတိုင်းပင် ဟိုလူ "ရုပ်ဆိုး၊ စိတ်ပုပ်၊ ပေါကြော့" ပင်။ သူကတော့ သူ့ကိုပြုံးပြီးစိုက်ကြည့်နေတဲ့ ချမ်းကို တစ်ချက်မှတောင် ပြန်လှည့်မကြည့်ဘဲ ...

"ကောင်းတယ် ဆိုတာကို ဘယ်လိုယုံကြည်ရမှာလဲ၊ တစ်ခါတည်း ဝယ်သွားမိပြီး အိမ်ကျ တိုက်ကြည့်မှ မကောင်းရင် ဘယ့်နှယ်လုပ်ရမလဲ။ လမ်းမလယ်ကောင်ကြီးမှာ ကိုယ်တိုင် တိုက်ကြည့်လို့လည်း မရနိုင်ဘူးဆိုတော့ ဒါနဲ့ပဲ တိုက်ထားပုံရလို့ ဒီပစ္စည်းကောင်းကြောင်းကို ကြွေးသိနေဟန်တူတဲ့ ဝန်ထမ်းတွေရဲ့ သွားတွေကိုပဲ အကဲခတ်ရမှာပဲ။ ပြကြစမ်း ခင်ဗျားတို့သွားတွေ"





ချမ်းနဲ့ ဘဝတူ ကြော်ငြာဝန်ထမ်း မိန်းကလေးတွေ "တခစ်ခစ်"ဖြစ်ကုန်ကြလျှင် သူသည် ထိုမိန်းကလေးတို့ရဲ့ ပွင့်ဟလာသော ပါးစပ်လေးတွေကို အတင်းကြီး တမင်တကာ လိုက်ကြည့်ပြလိုက်ပြီးမှ ချမ်းဘက်လှည့်လာကာ (မျက်လုံးချင်းတော့ ရင်မဆိုင်၊ နှုတ်ခမ်းတစ်ခုထံသာ ပြုံးတူးပြဲတဲ့ကြီး စူးစိုက်ကြည့်ပြထားပြီး) ...

"သွားတွေက ဝါထိန်နေရင်တော့ ဘယ်ပြရဲမလဲ။ ကျိုးပဲ့ပြီး ပိုးစား အပေါက်ဖြစ် မည်းတူးနေရင်လည်း တင်းတင်းကြီးပဲ စေ့ပိတ်ထားရတော့မှာပေါ့။ သွားမှမပြရဲရင် ကိုယ့်ပစ္စည်းက မကောင်းလို့ ကိုယ်တိုင်တောင်မယုံကြည်ရဲတာ သိသာတာပဲ"

ချမ်းတို့မှာ အလုပ်ဝင်စကတည်းက ခုလို တမင်တကာ ကြဲဖန်လာရစ်ချင်သည့်သူတွေ။ စ,နောက်ပြောင်လှောင်လိုသူတွေကို ပြိုင်ရန်မဖြစ်ရ။ ဘာမှ ပြန်မပြောရ။ ဟန်မပျက်ကိုယ်လုပ်စရာ ရှိတာတွေကိုပဲ ဆက်လုပ်နေကြဖို့နဲ့ အဲဒီလိုလူတွေကို အင်ချာချ်နဲ့၊ ဒရိုင်ဘာတို့ကပဲ သင့်သလို ကြည့်စီမံ ဖြေရှင်းသွားကြလိမ့်မည် ဆိုတာကို အတိအလင်း ထည့်သွင်းညွှန်ကြားခံထားကြရပြီးသား ဖြစ်ပါသည်။

"ဟာ ! ခင်ဗျားကိုး။ ကြည့်စမ်းပါဦး အသားတွေ မည်းတူးသွားလိုက်တာ၊ ခုမှပဲ မှတ်မိတော့တယ်၊ ခုနကတော့ ဖြူန်းစားကြီးဆိုတော့ ...။ အား ... ဒီမှာ အလုပ်ဝင်လိုက်သလား။ ပိုလို့တောင် ရုပ်ဆိုးလာသေးသလိုကိုး ... နော်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းထံမှ ဘာတုံ့ပြန်ချက်မှ မရလျှင် ထိုသူက သူ့ရဲ့တိုက်ကွက်ကို ချက်ချင်း ပြောင်းလဲပစ်လိုက်ကာ ချမ်းကိုမှတ်မိပြလိုက်ပါသည်။

"ဟော … နေမင်းကလေး"

ချမ်းတို့နှစ်ယောက်ထံသို့ Incharge အစ်မကြီး ရောက်လာပါပြီ။ လူတင်မက နာမည်ကပါ မုန်းစရာကြီးပင်ဖြစ်သော ထိုသူက အစ်မကြီးရဲ့ ခေါ်သံကြောင့် လှည့်ကြည့်လိုက်ရင်း…

"ကျွန်တော့်ကို သိသလားဗျ"

"ကျွန်မတို့ကုမ္ပဏီက နေမင်း Departmental Store တွေကို ဆက်သွယ်၊ ဝင်ထွက်၊ ပစ္စည်းအတင်အချတော့ လုပ်နေကျပဲလေ၊ ဝန်ထမ်းတွေနဲ့ လူသိတွေက အဖေကို နေမင်းကြီး၊ သားကို နေမင်းကလေးလို့ ခေါ်နေကြတာတ်မှန်းလောက်ကတော့ သိထားတာပေါ့"

"ဩော် … ဒါဖြင့် ဒီသွားတိုက်ဆေးကကော လာတင်မှာလား"

"အို … ခုလိုဖိတ်ခေါ်မယ် ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့၊ ဆောင်ရွက်စရာရှိတာတွေကတော့ လုပ်ငန်းရှင်၊ ကျွန်မတို့ရဲ့ ကြော်ငြာရှင်ကပဲ ဆက်လက်ဆောင်ရွက်ပါလိမ့်မယ်။ နေမင်းကလေးက ကုန်ပစ္စည်းအပေါ် စိတ်ဝင်တစားနဲ့ ဖိတ်ခေါ်မှုရှိတယ် ဆိုတာကို ကျွန်မတို့က ကျွန်မတို့ရဲ့ကြော်ငြာရှင်၊ အလုပ်အပ်နှံသူကို သေချာပေါက်ပြန်ပြောပြမှာပါ"





"ဖိတ်ခေါ်တယ်ရယ်တော့ မဟုတ်ပါဘူး၊ ပစ္စည်းက တကယ်ကောင်း,မကောင်းကို ခုမှစုံစမ်းရတုန်းပဲ ရှိပါသေးတယ်။ သွားတိုက်ဆေးဆိုတာ ပါးစပ်ထဲ ဝင်လာမဲ့အရာ၊ ဗိုက်ထဲထိပါ မျိုကျကောင်း ကျသွားနိုင်တာမျိုးကြီး လက်လွတ်စပယ်နဲ့ ချက်ချင်းတန်းဆိုပစ်လိုက်လို့ မရပါဘူး၊ သေချာစုံစမ်းရဦးမယ်။ ခုဟာကတော့ ဒါအရမ်းကောင်းပါတယ်ဆိုတဲ့ ကြော်ငြာဝန်ထမ်းတွေရဲ့သွားကို ကြည့်ချင်ရုံအဆင့်ပဲ ရှိပါသေးတယ်"

လုပ်သက်ကြာ၊ လူရည်လည်ပြီး လူပေါင်းစုံနဲ့ ကြုံရဖူးပေါင်း များနေသည့် အစ်မကြီးရဲ့မျက်နှာကတော့ တော်ရုံနဲ့ ပျက်တတ်မဲ့ပုံ မရပါ။ သို့သော် ချမ်းကတော့ ဒီနေမင်းကလေး ဆိုတဲ့လူဟာ လူသိများ ထင်ရှားတဲ့ လုပ်ငန်းရှင်တစ်ယောက်ရဲ့ သား၊ ထင်ရှားသော လူချမ်းသာ၊ လူ့အပေါ်လွှာက လူတစ်ယောက် မဟုတ်ဘဲ သာမန်လမ်းဘေးက လူတစ်ယောက် မူးလို့ဝင်ရစ်၊ ဝင်စ,ကြည့်တာမျိုးသာဆိုရင် အစ်မကြီးရဲ့နှုတ်ခမ်းတွေ၊ မျက်ဝန်းတွေ ဒီလောက် ရွှင်ပျကြည်သာ နေနိုင်ပါဦးမလားဟုပဲ တွေးနေဖြစ်ပါသည်။

နေမင်း Departmental Store တွေရဲ့ ကြီးကျယ်ခမ်းနားမှုနဲ့ အဆင့်မြင့် ထင်ရှားလှပုံတွေကို ကိုယ်တိုင်လည်း သိထားသည့် ချမ်းရဲ့စိတ်ထဲမှာတော့ လူနေမှုနဲ့ ပိုင်ဆိုင်ကြွယ်ဝမှုတို့က ဘယ်လောက်ပဲမြင့်မြင့်၊ ဘယ်လိုမြင့်မြင့်မားမားကြီးရဲ့ ထားပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ ဒီလူရဲ့ စိတ်နေစိတ်ထားနဲ့ အပြုအမူတို့ကတော့ မြင့်ကို မမြင့်ဘူးဟုပဲ စိတ်ထဲက ရှုတ်ချတွေးနေမိသည်။

အလုပ်လိုချင်တဲ့ လျှောက်လွှာရှင်တွေကို ကွယ်ရာမှာ ဟားတိုက်တာ လူကြီးလူကောင်းတွေရဲ့ အလုပ်လား။ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ သမ္မာအာဇီဝ အလုပ်အကိုင်တစ်ခုကို လမ်းလယ်ကောင် လူကြားသူကြားထဲမှာ (အငြိုးတစ်ခုကြောင့်ပဲ ဖြစ်ဖြစ်ပေါ့) လာပြောင်လှောင်၊ အနိုင်လိုချင်တတ်တာကကော အထက်တန်း ကျနသူတွေရဲ့ လုပ်ရပ်လား။

"Trusty Tooth Paste ရဲ့လုပ်ငန်းရှင်နဲ့က လူချင်းခင်ပြီးသားပါ၊ ခင်ဗျားတို့ ကြော်ငြာပုံ ကြော်ငြာနည်းတော့ သိပ်မစွံလှသေးဘူး ဆိုတာလေး ပြောပြ သတိပေးရမှာပဲ"

တော်ရုံနဲ့ မျက်နှာမပျက်တတ်တဲ့ အစ်မကြီးပင် မျက်လုံးပြူးသွားရကာ ...

"နေမင်းကလေးက ဘာကို ဆိုလိုတာလဲ"

"ကြော်ငြာပုံ မစွံလှဘူး"ဆိုတာဟာ ကြော်ငြာကုမ္ပဏီ တစ်ခုအတွက်တော့ အလုပ်အပ်နှံထားသူ လုပ်ငန်းရှင်အပေါ်မှာ မျက်နှာနာရမည့် ထိခိုက်စေလှသောစကားမျိုး ဖြစ်နေသည်လေ။ အမှန်ကတော့ အဲဒါ ခုထက်ထိ နှုတ်ခမ်းကို တင်းတင်းစေ့ထားဆဲ ချမ်းကို အနိုင်လိုချင်တဲ့ စကားမျိုးပါ။ သိတာပေါ့။ ချမ်း က ထိုလူကို တမင်ပင် သွားတွေအထင်းသား ပေါ်လာအောင်





ပြုံးကျဲကျဲကြီးနှင့် (မျက်လုံးတို့ကတော့ ဓားရဲပြင်းထန်စွာ)စိုက်ကြည့်ပစ်လိုက်ရင်း ...

"စိတ်နဲ့ရုပ် ဘယ်ဟာက ပိုဆိုးသလဲ ဆိုတာတောင် ဝေခွဲလို့မရနိုင်ဘူး"

"ဘယ်သူ့ကို ပြောတာလဲ"

"ဒါနဲ့ ကျွန်မသွားအရောင်က ဘယ့်နှယ်လဲ။ အဲဒါ Trusty နဲ့ နေ့တိုင်း တစ်နေ့ခြောက်ခါ တိုက်ထားတာလေ။ ရှင် ကျေနပ်စရာကောင်းလောက်တဲ့ အရည်အသွေးမျိုး ရှိရဲ့လား"

ချမ်းဟာ(ရုပ်ကသာ သူပြောသလို မလှရင်၊ ဆိုးရင် ရှိချင်ရှိမယ်) "ပြုံးအလှပိုင်ရှင်ဘွဲ့"ဝင်ပြိုင်ရင် နံပါတ်တစ် ဆုတံဆိပ်ချိတ်မည့်သူဆိုတာ ကိုယ့်ကိုယ်ကိုယ် တကယ်သေချာသိထားသူ ဖြစ်ပါသည်။ သွားတွေကလည်း အစွယ်ညီလှပကာ ဖြူဖွေးကြည်လင်နေရတဲ့အထဲ တဖိတ်ဖိတ် တဖျပ်ဖျပ်ပင် အရောင်ထွက်နေတော့မတတ်။ မိန်းမသားတို့ရဲ့ ကောင်းခြင်း(၅)ဖြာထဲမှာ "အရိုး၏ကောင်းခြင်း"နှင့်တော့ တစ်လုံးတစ်ဝတည်း ပြည့်စုံသူတစ်ယောက် ဖြစ်ပါသည်။

ကဲ ... ဘယ့်နှယ်ရှိစ။ ချမ်းရဲ့လုပ်ရပ်က အောင်မြင်ပါသည်။ သင်းဟာ ပြုံးကျဲကျဲကြီး တမင်လုပ်ပြထားတဲ့ ချမ်းရဲ့လေးထောင့်ပုံ နှုတ်ခမ်းထဲ အကြည့်တွေ စိုက်ရောက်နေပြီးမှ ပေလိုတမာ လေသံမျိုးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကျပြန်တော့လည်း ကြော်ငြာပုံက လွန်ကဲပိုပြောလွန်းရာ ကျသွားပြန်ရော၊ ဒီလို သွားမျိုးကကျတော့ ခုမှပေါ်လာတဲ့ Trusty နဲ့ နေ့တိုင်းတိုက်ထားတာ မဟုတ်နိုင်ဘဲ ရှေးကုသိုလ်ဆိုတာ လူတိုင်းသိသာနိုင်နေတဲ့ဟာကြီး"

သင်းက ပြောပြောဆိုဆိုပင် အင်ချာချ် အစ်မကြီးဆီက သွားတိုက်ဆေး ဘူးကြီးနှစ်ဘူးကို တောင်းဝယ်လိုက်ကာ ...

"သူနဲ့က မကျေလည်ကြတာလေးတွေ ရှိလို့ပါ၊ ကျန်တာတွေကတော့ အေးဆေးပါ အစ်မ"

အစ်မကြီးလည်း ခုမှပင် မျက်လုံးပြူးပြူးတွေ နဂိုနေပြန်ရောက်ရတော့ကာ နေမင်းကလေး ဆိုသူကိုတော့ ပြုံးဖြဲဖြဲဖော်ဖော်ရွှေရွှေ၊ ချမ်းကိုတော့ ကျိတ်မျက်စောင်းတစ်ခုနှင့် လူတစ်ကိုယ်တည်းနှင့် နှစ်ကိုယ့်တစ်စိတ် အက,ကနေရသလို ဖြစ်နေပါတော့သည်။

"ရှေးကုသိုလ်လေးတစ်ခုရှိတာ စိတ်ကြီးဝင်မနေနဲ့၊ ကုသိုလ်ကတစ်ပဲ အကုသိုလ်ကတစ်ပုံကြီးနဲ့ ရုပ်ကဖြစ်ချင်တိုင်းဖြစ်နေတာလည်း ကျပ်ကျပ်ကလေး သတိပြုထားဦး"

ကဲ ... ကြည့် ...။ သွားခါနီး ကပ်ပြောဖြစ်အောင်ပြောသွားပြန်သေးသည်။ ဒီလူဟာ စိတ်မှကောင်းရဲ့လား။ ဒါမှမဟုတ် သိပ်ကလေးဆန်လွန်းသူ၊ ဒီအရွယ်ကြီးရောက်သည့်အထိ စိတ်ဓာတ်က ရင့်ကျက်မလာနိုင်သေးသူပဲလား။ ဒါမှမဟုတ် သူ့





ကို "ရုပ်ဆိုးတယ်"လို့ ပြောမိခြင်းဟာ သူ့အသည်းကို ဆတ်ဆတ်ခါနာကျင်စေမတတ် ထိခိုက်သွားနိုင်တဲ့ အချက်မို့လို့လား။

သူဟာ သူ့စကားအတိုင်း "မကျေလည်ကြတာလေးတွေ ရှိလို့ပါ"ဆိုတဲ့ အတိုင်းပင် ချမ်းကို မှတ်မှတ်ရရ အငြိုးတကြီးနှင့် ရှိကို ရှိသွားတာကတော့ သေချာလို့နေပြီ။ ဒါဖြင့် ချမ်းကရော။

"ဒါဖြင့် ရှင့်မှာရော အဲဒီလို ကိုယ်ပိုင်ရှေးကုသိုလ်မျိုး ဘာတစ်ခုလောက်များ လောက်လောက်လားလား ပြလောက်စရာရှိသလဲလို့"

ထွက်သွားနှင့်ပြီဖြစ်တဲ့လူကို နောက်ကနေ(အစ်မကြီးရဲ့အကြည့်မျက်စောင်းတွေကို မသိကျိုးကျွန် တမင်ပြုကာ) အတင်းကျုံးအော်ပြောပစ်လိုက်ပြီး ချမ်းက တစ်ကိုယ်တည်း ကျေနပ်စိတ်တိုင်းကျစွာ ကျန်ရစ်ပါသည်။ အစ်မကြီးမှာတော့ ချမ်းကို"ဆိုးလိုက်တာ၊ ဘယ်လိုမိန်းကလေးမျိုးလဲ မသိပါဘူး"ဟု တဖျစ်တောက်တောက်။

ဘယ်လိုမိန်းကလေးမျိုးလဲ ဆိုရင် အလှ၊ အခြေအနေ၊ အသိုင်းအဝိုင်း မတူတဲ့ ဘဝနှစ်ခုကြားက လူသိများထင်ရှားတဲ့ ရုပ်ဆိုးကောင်လေးတစ်ကောင်ရဲ့ "အမှတ်ရ"မှုကို အတိအလင်း ရယူထားနိုင်တဲ့ ရှေးကုသိုလ်ရှင်ကလေးပေါ့ ... အဟက်ဟက်။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ! အဟုတ်မှတ်မနေကြနဲ့ ဘာစိတ်မှ မရှိဘူး။ တမင်ကြီး ဂုဏ်ယူအနိုင်ပိုင်းတွေ၊ ပြောကြည့်တာ။ ဒီလောက် စိတ်သဘောထား မကောင်းသူ့ရဲ့ မှတ်မှတ်ရရ ရှိမှု(တစ်နည်းအား ဖြင့် ဆိုရသော် အငြိုး)ကိုရတော့ကော ဘာများ သုံးစားလို့ရမှာ မို့လဲ။

ထိပေါက်မလား။ အိမ်က အကြည်ကြီး ဘာကြီး မှန်းမသိဘဝကနေ အထီးကြီးစစ်စစ် ပြန်ဖြစ်သွားမလား။ သူ့အငြိုး ကိုရလို့ ဘဝမှာ အလိုချင်ဆုံး ဒီနှစ်ဆုနဲ့ပါ ထပ်ပြည့်မယ်ဆိုရင် တော့လည်း ဝမ်းသာအားရ တကယ်ပဲ ရှိကောင်းရှိရပါရဲ့။





အခန်း(၂)

အိမ်ပေါ်သို့ လှမ်းတက်တက်လိုက်ချင်းပင် ချမ်းရဲ့ အခန်းလေးထဲက လှမ်းထွက်လာသည့် ဘာကြီးမှန်းမသိသည့် သူကြီးတစ်ဦးကို မြင်လိုက်ရပါသည်။ ချမ်းမှာ မျက်စိတွေဘာ တွေလည်း ပြာဝေကာ နားထင် နားရင်းတွေပူပြီး သွေးတွေးလာ သလိုလိုတောင် ရှိရတော့သည်။

ကြည့်စမ်း ... အဲဒီ ဘာမဟုတ် ညာမဟုတ်ကြီးက ငါ့အခန်းထဲ ဘာလို့ရောက်နေရတာလဲ။ တောက် ... ရိုင်းလိုက်တာ။ ရှုံစရာလည်း ကောင်းလိုက်တာ။ ချမ်းရဲ့အခန်းဟာ မိန်းကလေး တစ်ယောက်ရဲ့အခန်း၊ အပျိုခန်း။ ဒီလိုမိန်းမဝတ်စုံဝတ်ထားတဲ့ သူစိမ်းယောကျ်ားကြီးတစ်ယောက် ဝင်စရာ ဘာအကြောင်းရှိသလဲ။

ရှင်းရှင်းပြောရရင် ချမ်းဟာ ချမ်းရဲ့အခန်းထဲကို ကိုယ့်ဦးလေးအရင်း (ဦးလေးလား၊ အဒေါ်လား ဘာပြောရမှန်း အောင် မသိတော့သည့်ဟာကြီး)ကိုပင် ဝင်ခွင့်ပေးတာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မေမေရှိစဉ်ကတည်းက တင်းတင်းကျပ်ကျပ် ချမှတ်ထားသော စည်းကမ်းပင်။ ဘယ်အိမ်ကို ဘယ်လိုပြောင်းပြောင်း အခန်းကန့်ထားတာ တစ်ခန်းတည်းပဲပါရင် အဲဒါဟာ ချမ်းအတွက် အခန်းပင်။ မပါရင်လည်း ကိုယ်ငှားရမ်းနေထိုင်ပြီးမှ ကိုယ့်ပိုက်ဆံနှင့်ကိုယ် ထပ်ကန့်သည်။

မေမေရှိစဉ်က အဲဒီအခန်းထဲမှာ မေမေနှင့် ချမ်းနှစ်ယောက်နေသည်။ အကြည်ဟာ အခန်းပို နောက်တစ်ခန်းရှိသေးရင်တော့ ထိုအခန်းမှာနေ၊ မရှိတော့ရင်တော့ အိမ်ရှေ့ခန်းမှာအိပ်။ ဒါပဲဖြစ်သည်။

အဲဒီလို ကိုယ့်အရင်းအချာကိုတောင်မှ စည်းကမ်းကန့်သတ်ထားတဲ့ အခန်းထဲက အခု သူစိမ်းယောကျ်ားကြီးတစ်ယောက် ထွက်လာရတယ်လို့။ နေ့လယ်နေ့ခင်း ချမ်း မရှိတုန်း၊ အလုပ်သွားနေတုန်း ချမ်းအခန်းထဲ အဲဒါကြီးက ဘာဝင်လုပ်နေသလဲ။ နေပါဦး၊ အဲဒါကြီးက အဲလိုဝင်နေလို့ရအောင် အကြည်ကရော ဘယ်ရောက်ပြီး ဘာလုပ်နေသလဲ။

"အကြည်"

ချမ်းရဲ့အသံလေးက ဘေးခန်း၊ ဘေးအိမ်တွေကိုလည်း စိတ်ထိန်း အားနာ ရှက်ရွံ့မနေနိုင်တော့ဘဲ စူးဝါးကျယ်လောင်စွာပင် ထွက်ပေါ်လာပါသည်။ ချမ်းရဲ့အော်သံကြောင့် အခန်းတံခါးက လှုပ်သွားပြန်ကာ ကျွီခနဲ အသံမြည်လျက် ထိုအခန်းဝမှာ အကြည်ပါ အစွင့်သားကြီး ထပ်ပေါ်လာသည်။





ဟင် ! သူကြီးကလည်း ဒီအခန်းထဲမှာပဲ။ အလို ! အခန်းတစ်ခန်းအတွင်းထဲ ဘာမဟုတ် ညာမဟုတ်ကြီးနှစ်ယောက် အတူဝင်ပြီး ဘာတွေများလုပ်နေကြပါလိမ့်။ အား ... ချမ်းမှာဒေါသတွေထွက်ရလွန်းလို့ အသက်ရှူတောင် ရပ်တော့မည်ထင်သည်။

"ဟော ... ချမ်း ပြန်လာပြီသွား၊ အတော်ပဲ ပြစရာရှိတယ်"

ရိုးရိုးပြောတာ မဟုတ်။ ဝဝတုတ်တုတ် သူ့ကိုယ်ခန္ဓာကြီးကို နွဲ့ကာယိမ်းကာနှင့် ကလေးတွေလို သံနေသံထားမျိုးကို ချွဲပစ်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ အကြည်မဟုတ်သည့် နောက်တစ်ယောက်ကတော့ ချမ်းနှင့် စ,တွေ့လိုက်စတုန်းက ဖော်ရွေမိတ်ဆက်လိုသည့် အပြုံးမျက်နှာနှင့်ပေမယ့် ချမ်းရဲ့မျက်နှာသားနဲ့ တုံ့ပြန်ပုံကို အကဲခတ်နိုင်လိုက်တဲ့အခါ သူ့မျက်နှာကလည်း အော်တိုမက်တစ်ပင် ခပ်ငြိမ်ငြိမ် ဣန္ဒြေရရနှင့် ဖြစ်သွားပါသည်။

"ဘာလုပ်နေကြတာလဲ၊ ချမ်းရဲ့အခန်းထဲကို ဘာဝင်လုပ်နေကြတာလဲ"

ဒေါသသံနှင့် တင်းထန်ဆတ်နေသော ချမ်းရဲ့စကားတွေကြောင့် ကျေနပ်ပီတိတွေနှင့် အလိုလိုနေရင်း ပြုံးနေပုံရသော အကြည်လည်း ခုမှပဲ မျက်နှာက ခပ်ပျက်ပျက်၊ ခပ်တည်တည် အသွင်မျိုး ဖြစ်သွားပါသည်။ သူနဲ့ဘဝတူ ဗုံမဟုတ် ပတ်မဟုတ်ကြီးဘက်ပါ ခပ်မြန်မြန် လှည့်ကြည့်လိုက်ရင်း အားနာရှက်ရွံ့သွားပုံလည်း ရသည်။

www.burmeseclassic.com



"ချမ်း ဒါက အကြည့်သူငယ်ချင်း 'စိန်စိန်'တဲ့၊ ဟိုဘက်နှစ်လမ်းကျော်က မိနီမားကက်ပိုင်ရှင်တွေရဲ့ တစ်ဦးတည်းသော ... ..."

"အခန်းထဲ ဘာဝင်လုပ်နေကြတာလဲလို့ မေးနေတာ"

"ဘာဖြစ်လို့ စွတ်အော်နေရတာလဲ။ ညည်းအခန်းထဲ ကျုပ်တို့ဝင်တာ အကောင်းဝင်ကြတာ။ ညည်းအတွက်ပဲ လုပ်ပေးနေကြတာ။ ဧည့်သည်လည်း ရှိနေတဲ့ဟာ ကျုပ်ကိုလူမထင်ရင်တောင် သူ့စိမ်းဧည့်သည်ကိုတော့ တစ်ချက်လောက် အားနာပါလား။ ကျုပ်သူငယ်ချင်းကလည်း သာမန်ညောင်ညာ အလေနတောထဲက မဟုတ်ပါဘူးအေ့"

"ဒါတွေ မသိချင်ပါဘူး၊ ဒီအခန်းထဲကို အကြည် ဝင်တာတောင် ချမ်း ကြိုက်သလား။ ဝင်ချင်ဝင်၊ ထွက်ချင်ထွက်လို့ ခွင့်ပြုထားသလား။ ခုဟာကတော့ သူစိမ်းနဲ့ပါနှစ်ယောက်။ မလွန်လွန်းဘူးလား"

သာမန်အချိန်မှာ ချမ်းကို အမြဲလိုလို အလျှော့ပေးငြိမ်ခံနေတတ်တဲ့ အကြည် တစ်ယောက် ခုတစ်ခါမှာတော့ သူ့ရဲ့ဧည့်သည်စောင်သည်လည်း ရှိနေလို့ထင့်။ ကက်ကက်လန် ပြန်ပြောတော့ဖို့ အရှိန်ယူလိုက်ဟန်နှင့် အကြည့် နှုတ်ခမ်းတို့က တလှုပ်လှုပ် တစ္စစ္စနှင့် ထော်တက်လာသည်။ လက်နှစ်ဖက်တို့က သူ့ရဲ့ ခါးတုတ်တုတ်၊ တင်ပါးဝဝကြီးတွေပေါ်မှာ စုံ့ထောက်လိုက်ကြသည်။





"အို ... အကြည်၊ စိန် ပြန်တော့မယ်။ စိတ်လျှော့ပါအကြည်ရယ်၊ ကိုယ်က အကောင်းလုပ်တာပဲ။ သူမြင်လိုက်မှ အပြတ်လန်းသွားမှာ၊ အဲဒီတော့မှ လက်မထောင် ဂုဏ်ယူလိုက်။ အကြီးနဲ့အငယ် အဒေါ်နဲ့တူမပဲ။ ပြိုင်မဖြစ်ကြနဲ့။ မဟုတ်တာ။ ကဲ ... ကဲ ... ဒေါ်ချမ်းမြမြကလေးရေ စိန်စိန်ပြန်လိုက်ပါဦးမယ်နော်"

မောင်းကွဲကြီး ထုချလိုက်သလို အသံကွဲအက်အက်ပြာတာတာကြီးနှင့် စိန်စိန် ဆိုသော ဟာကြီးက ရွှေပြည်အေးတရားကို ကြားထဲက ဝင်ဆိုကာ ခန္ဓာကိုယ်လေး လိမ်ကျစ်ကျစ်နှင့်ထွက်ခွာသွားချေတော့ပြီ။ သူ့သူငယ်ချင်းကို အိမ်တံခါးဝအထိ လိုက်ပို့ပေးလိုက်ရ၍ အကြည်လည်း ချမ်းကို ပြန်ရန်ထောင်ဖို့ အချိန်မရ ဖြစ်သွားသည်။

"စိန်စိန်"မည်သော "ခင်လိမ်ကျစ်"က အိမ်တံခါးဝမှာလည်း ဘာတွေခပ်ကြာကြာ ချော့မော့ ပျောင်းဖျလိုက်သည်မသိ။ တံခါးပိတ်ပြီး ပြန်ဝင်လာချိန်မှာ အကြည်ဟာ ချမ်းကိုပြန်ရင်ဆိုင်ဖို့ထက် နောက်ဖေးဘက်သို့ပဲ တန်းဝင်သွားဖို့ ဟန်ပြင်လိုက်ပါသည်။ သူက ရန်ရှောင်ချင်သည့်သဘောဆိုတာ ချမ်းသိပေမယ့် ဒီကိစ္စမျိုးဟာ ဒီလို ဒီတင် ရပ်ထားလိုက်လို့မရပါ။ ချမ်းကတော့ အပြီးသတ်အထိ ပြောဖြစ်အောင် ဆက်ပြောရပါလိမ့်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြည့်… ဒီကိုလာပါဦး၊ ဒီကိစ္စကိုတော့ ချမ်းနဲ့ အကြည် နဲ့ တိတိကျကျ ပြတ်ပြတ်သားသားကို ပြောကြမှ ဖြစ်မယ်"

"ကျုပ်သူငယ်ချင်းတွေ အိမ်ပါလာတာ ညည်းမကြိုက်ရင် နောင် မပါလာစေရပါဘူးအေ၊ စိန်စိန်က နားလည်တတ်ပါတယ်၊ နောက်တစ်ခါ သူပါလာမှာ မဟုတ်တော့ပါဘူး"

"မဟုတ်ဘူး၊ ချမ်း ပြောချင်တာက ချမ်းရဲ့အခန်းဟာ မိန်းကလေးတစ်ယောက်ရဲ့အခန်း။ အကြည့်ရဲ့တူမ အပျို လေး အရွယ်လေး မိန်းကလေး။ မသင့်တော်ဘူး"

"စိန်စိန်က ညည်းကို ဘာလုပ်လို့လဲ၊ လာကူညီရုံသက် သက်ပဲ"

"ဒါပေမဲ့ ဘာပဲပြောပြော အဲဒီလူကြီးက ယောကျ်ားကြီးပဲ ကိုယ့်တူမပျိုလေးရှိတဲ့အိမ်ထဲ၊ အခန်းထဲ အဲဒီလိုပဲ ခေါ်ထည့် ထားလို့ တင့်တယ်မလား။ ပတ်ဝန်းကျင်ကရော ဘယ်လို မြင်မလဲ၊ အကြည်တို့နှစ်ယောက် ဒီထဲဝင်နေကြတာ၊ ဘေး ကသိရင် မြင်ရင်ကော ဘာပြောမလဲ"

"ဘာပြောပြော ကိုယ့်ထမင်း ကိုယ်ချက်စားနေတာအေ့၊ ဘယ်သူမှ(–)ဂရုစိုက်မနေနိုင်ဘူး"

ချမ်း မျက်နှာက ရဲခနဲဖြစ်သွားကာ သက်ပြင်းတစ်ခု ကိုပါ မှုတ်ထုတ်လိုက်လျှင် အကြည်က ခနဲ့တဲ့တဲ့ မျက်နှာပေး လေးသံတို့နှင့် …





"ကျုပ်ကို နှိမ်မြင်တတ်သလို ကျုပ်အပေါင်းအသင်း၊ သူငယ်ချင်း မိတ်ဆွေတွေကိုလည်း မကြည်လင် မနှစ်မြို့၊ အထင်သေးတယ် မဟုတ်လား။ နောက်တစ်ခါ ပါလာမှာ မဟုတ်တော့ပါဘူးလို့ ပြောပြီးပြီပဲ။ စိန်စိန်ပဲဖြစ်ဖြစ် ဘယ် သူပဲဖြစ်ဖြစ် ကျုပ်နဲ့ ပတ်သက်ခင်မင်တာဆိုရင် လူမပြော နဲ့ ခွေးတွေ ကြောင်တွေတောင် ညည်းအိမ်ပေါ် ခြေဦး မသမ်းစေရဘူးအေ၊ ပြီးရော မှတ်လား"

အင်း …။ ကျိုးကြောင်းဆင်ခြင် တွေးတောပြီး ဖြစ် သင့်ဖြစ်ထိုက်တာ၊ လူမှုဝန်းကျင်နဲ့ ညီညွတ်သင့်တော် တင့်တယ် တာက ဘယ်လို ဘယ်ညာ ဆိုတာကို ရှင်းပြပြီး သဘောပေါက် အသိနဲ့ လက်ခံသွားတာမျိုး ဖြစ်စေချင်သော်လည်း လုပ်လို့ရမည့်ပုံ မရှိ။ သူ့နှိမ်ချင်လို့ သူနဲ့ပတ်သက်တာ မှန်သမျှကိုပါ မပတ်သက် ချင်တာဟုသာ ယူဆနေသည်။

ကဲ … ဒါဆိုလည်း ပြီးတာပဲ။ အဓိက,ကတော့ သူ့ မိန်းယောကျ်ားကြီးတွေ (အစစ်တွေပဲဖြစ်ဖြစ်၊ ဗုံမဟုတ် ပတ်မဟုတ် တွေပဲဖြစ်ဖြစ်) အိမ်တွင်းအိမ်ပြင်ထဲ ကြိုက်သလို ဥဒဟိုဝင်ထွက် မနေစေရေးနဲ့၊ အခန်းထဲအထိ ဆိုရင်တော့ မိန်းမသော၊ ယောကျ်ား သောမဟုတ် ဘယ်သူစိမ်းတစ်ယောက်ကိုမှ ထည့်ခေါ်မလာစေ ရေး။ ဒါပဲမဟုတ်လား။ စိတ်ကောက်သိမ်ငယ်ပြီး လက်ခံခံ၊ အသိစိတ်နဲ့ပဲ လက်ခံခံ။ လက်ခံတယ် အဲဒီလိုပဲ ရှေ့ဆက်လုပ် ပါတော့မယ်ဆိုရင် ပြီးရော၊ တော်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေမေရှိစဉ်တုန်းကလည်း တစ်ခါ။ အကြည့်ကို ခင်သလို မင်သလိုနှင့် ညာဝါးကပ်တီး စားသောက်နေကြပြီး အိမ်ပေါ်အထိပါ, ပါလာချင်ကြတဲ့ ကာလသား လူပေတစ်သိုက်ကြောင့် မေမေက အကြည့်ကို ရက်ရက်စက်စက်၊ နှစ်နှစ်နာနာကို သတိပေး၊ ဆူဆဲ၊ တားမြစ်ပိတ်ပင်ကာ တစ်ချက်လွှတ်အမိန့်ပါ ချခဲ့ဖူးတာပါ။

မေမေကတော့ အစ်မလေ။ အကြီးလေ။ လုပ်လို့ရခဲ့သည်။ ချမ်းမှာတော့ တူမ၊ အငယ်။ မကျေမနပ်နှင့် နှစ်ဦးနှစ်ဖက် အပြိုင်အော်ကြတာမျိုးထက် ပိုလုပ်ပစ်ချင်လို့လည်း မရနိုင်ပါ။ လုပ်ချင်တာကတော့ မေမေ့လို တစ်ခါတည်း မှတ်သွားအောင် ပက်ပက်စက်စက် နားဝင်ဝင်ကလေး တုတ်ထိုးအိုးပေါက် ပြောလိုက်ချင်တာပင်။

ခက်တာက အကြည်ဟာ မေမေ့ရဲ့ "တစ်ချက်လွှတ်အမိန့်"ကို မေမေ မရှိတော့လို့ ချိုးဖောက်တာမျိုးဟု သူ့ကိုယ်သူလည်း ထင်မှာမဟုတ်။ သူ နားလည်ခဲ့တာက ကာလသားတွေ၊ ယောကျ်ားလေး သူစိမ်းတွေ အိမ်ပေါ်ရောက်လာရင် ချမ်းအတွက် အဘက်ဘက်ကမကောင်း။ ဒါပဲဖြစ်သည်။ ခုလို စိန်စိန့်လိုဟာကြီးကိုကျ သူက အန္တရာယ်မဖြစ်၊ မသင့်တော် မတင့်တယ်သူအဖြစ်ကို မသတ်မှတ်နိုင်တာ ဖြစ်နေသည်လေ။

ချမ်းမှာ သက်ပြင်းတွေပဲ အလီလီ အခါခါချရရင်း အကြည်နှင့် စကားဆက်မနေတော့ဘဲ အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်၌ ...





"ဟင် ... ဘာတွေလဲ ... ! ... အကြည် ..."

စကား ဆက်မနေချင်တော့ပါဘူး ဆိုမှ ချမ်းရဲ့ "အကြည်"ဆိုသော အာမေဍိတ်သံကျယ်ကြီးဟာ အခန်းပြင်သို့ လွင့်ပျံ့သွားရပါပြီ။ ဒါကိုပဲ စောင့်နားစွင့်နေဟန်ရှိသည့် အကြည်ကလည်း အခန်းထဲသို့တော့ ဖိုက်ဝင်မလာတော့ဘဲ အပြင်ကသာ အောင်နိုင်သံကြီးနှင့် ...

"ကျုပ်သူငယ်ချင်းခများ အဲဒီအတွက်ကိုပဲ ဒီမှာတစ်နေကုန် လာကူညီပေးနေခဲ့တာအေ့၊ သူ့အိမ်လည်း ငါက ဒီလိုပဲ တစ်ပြန်တစ်လှည့် သွားကူညီပေးတတ်တာမျိုး ရှိတာကိုး။ ခုတော့ ညည်းသိပြီ မဟုတ်လား၊ ညည်းအင်မတန်တွန့်တိုတဲ့ ညည်းအခန်းထဲ ကျုပ်တို့နှစ်ယောက် တစ်နေကုန်နီးပါး ဘာတွေဝင်လုပ်ပေးနေခဲ့ရသလဲ ဆိုတာ"

သိပါပြီ။ သိပါပြီ။ အမလေး စိတ်ညစ်လိုက်တာ ဆိုတာနော်။

"ကိုရီးယားကားတွေထဲမှာ တစ်အိမ်လုံး ပန်းစက္ကူအလှလေးတွေနဲ့ သစ်ပင်တုကလေးတွေနဲ့ ဆိုတာမျိုး ညည်းက သိပ်ကြိုက်တယ်လေ ချမ်းရဲ့။ ကျုပ်ကလေ ကိုယ့်တူမရင်ထဲ ဘာရှိနေသလဲ၊ ဘာလိုအပ်၊ လိုချင်နေသလဲဆိုတာ ဖွင့်ပြောစရာ မလိုဘဲ မျက်နှာရိပ် မျက်နှာကဲ ကြည့်ရုံနဲ့ အလိုလိုသိတဲ့ ကောင်မကြီးပါအေ၊ ဝင့်ကိုက ကြီးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းရဲ့ရင်ထဲမှာ မွန်းကျပ်ပြီး အသက်ရှုမဝချင်သလို တောင် ဖြစ်လာရပါပြီ။ ဟုတ်ပါတယ် ... ဝင္ဍကိုက ကြီးတာပါ။ အကြည်တော့ဖြင့် မဟုတ်။ ချမ်း ... ချမ်း ...။ ချမ်းမှာ ဝင္ဍမကုန် သေးသရွေ့တော့ ဒီစိတ်ထင်ရာ လွတ်ကြဲတတ်သည့် ဦးလေးတော် ကြီးတစ်ယောက်နှင့် သည်းခံ၊ စိတ်လျှော့၊ မျိုချ၊ ကြာရင် နှလုံး ရောဂါတွေတောင် ရလာနိုင်တော့မည်။

လုပ်ထားကိုင်ထားကြပုံတွေကိုလည်း ကြည့်ပါဦး။ အုတ်နံရံတွေကို ညီညာချောမွေ့အောင် အထပ်ထပ် ပြုပြင်ပြီးမှ နံရံကပ်ကော်ဆေးကိုသုံးကာ ဒလိမ့်နှင့် လိမ့်ကပ်ထားရသော Wall Paper များနှင့် လက်ဆောင်ပစ္စည်း ထုပ်ပိုးသည့် ထုပ်ပိုး စက္ကူ Wrapping (Packing) Paper များဟာ အတူတူပါပဲဟု သူ တို့ကို ဘယ်ပညာရှိက မိန့်ကြားသတုန်း။

သစ်သားကြမ်းပြင်နှင့် နံရံများသာဖြစ်သော ချမ်းရဲ့ တစ်ခန်းလုံးက နံရံတို့မှာ ထုပ်ပိုးစက္ကူကို ကော်သုတ်ကာ နေရာ လွတ်မကျန်အောင် အစေ့အန့် လိုက်ကပ်ထားလိုက်ကြတာ။ နံရံ က မညီညာတာရယ်၊ ကော်က မညီမတာရယ်၊ လက်ရာကမညီ တာရယ် ပေါင်းပြီး တွန့်၊ ရှုံ့၊ လေခို၊ တစ်မျိုးကြီးတွေဖြစ်။

စက္ကူအဆင်အရောင်ကလည်း ရွေးချယ်ထားလိုက် ကြတာ။ (သူတို့လို ဘာမဟုတ်၊ ညာမဟုတ်တွေရဲ့ အကြိုက်ဖြစ် မှာပေါ့) တပြောင်ပြောင် တလက်လက် ရွှေရောင်အောက်ခံမှာမှ အနီရောင်အပွင့်အကြီးကြီးများ။





အဲဒါကိုမှ နံရံရဲ့ထောင့်တွေ၊ အလယ်တွေ၊ သူတို့ စိတ်ကြိုက် အနုပညာမြောက်လှပြီ Design ကောင်းလှပြီ ထင် သည့်နေရာတွေမှာ ဈေးထဲမှာ ခပ်ပေါပေါ ခပ်လောလောရောင်း ချသည့် ပလတ်စတစ်ပန်း၊ အဝတ်ပန်း အတုံတွေ အခိုင်တွေကို သံနှင့် အကျအန အခိုင်ရိုက်ထည့်ပြီ သွင်းညှပ်ထားလိုက်ကြသေး သည်။ ပန်းခိုင်တို့မှာ အစိမ်းဖားဖား အရွက်ကြီးတွေအပြင် နီဝါ ခရမ်းပန်းတို့နှင့် ဝေဆာကာ ချမ်းရဲ့အခန်းဟာ ကာလာစုံတရဲရဲ နှင့် စုံတောမြိုင်ကြီးကို ဖြစ်လို့။

ချမ်းမှာ ခေါင်းတွေနောက်ကာ တကယ်ပဲ အသက် ရှုမဝတွေဖြစ်၊ မွန်းကျပ်လာပါချေတော့သည်။ ကျွတ် ... ဒီည ဘယ်လိုအိပ်ပျော်ရမလဲ။ စက္ကူတွေအားလုံးကို နံရံခေါင်ထိပ်တွေ အထိ ခုံခု ခိုတက်ကာ လိုက်ဖြုတ်ဆုတ်ဖြဲပစ်နိုင်သည် ထားဦး။ သံတွေကွေးပြီး အသေရိုက်ထည့်ထားကြသည့် ပန်းခိုင်တွေကိုကျ ချမ်းရဲ့အားကလေးနဲ့ ဘယ်လိုလုပ် ပြန်ဖြုတ်နိုင်ရမလဲ။ သေသာ သေလိုက်ချင်သည်။

သူတို့ကောင်းမယ်ထင်လို့ လုပ်ထားကြတာကို ပြန် ဖျက်ရင်လည်း ဖြစ်လိုက်ရမယ့် ပြဿနာ၊ ပြောလိုက်ရမယ့်စကား က နည်းမှာမဟုတ်။ အား ...။ ရူးချင်တယ်ဗျို့။

အခန်းပြင်ကနေ ပျော်ရွှင်ကြည်နူးသွားသံ၊ စိတ်တိုင်း ကျ ကျေနပ်နေတဲ့ ကျေးဇူးတင်စကား (သူ့သူငယ်ချင်း ပြောသလို ဆိုရင်တော့ အပြတ်လန်းသွားတာမျိုး)တွေကို မျှော်လင့်နေမွှင့်



www.burmeseclassic.com

www.burmeseclassic.com



နေဟာန်တူသည့် အကြည်သည် အချိန်အတန်ကြာသည်အထိ ဘာသံမှ ထွက်မလာသည့် တိတ်တိတ်ဆိတ်ဆိတ် အဖြစ်ကြီးမှာ မခံမရပ်နိုင် ဖြစ်လာပုံရကာ ...

"စေတနာနဲ့ လုပ်ပေးထားတာအေ့၊ ပျော်သွားရမယ့်အစား ငါ့ပိုက်ဆံတွေ ဘယ်လောက်တောင်ကုန်ကုန်ပြီလဲလို့ တွေးမိနေပြန်ပြီ မဟုတ်လား။ ညည်းက တစ်ဆိတ်ရှိ ဒီပိုက်ဆံ၊ ပိုက်ဆံ။ ဒါ ညည်းပိုက်ဆံနဲ့လုပ်တာ မဟုတ်ဘူး၊ ကျုပ် ဈေးဖိုးတွေထဲက ကျုပ်ဘာသာ ဖယ်စုထားတဲ့ ပိုက်ဆံနဲ့ စေတနာနဲ့ လုပ်ပေးလိုက်တာ"

သူ့ သတိပေးမှပဲ အဲဒီအတွေးကလည်း ခုမှတကယ်ပဲ ခေါင်းထဲရောက်လာရတော့ကာ နံရံလေးဖက်စလုံးဆီ အကြည့်ဝေ့ဝဲမိရင်း "ဘယ်လောက်တောင်များ ကုန်သွားသလဲ မသိဘူး"ဟု နမြောစိတ်တို့နှင့် ရင်ထဲ ကျင်ခနဲတောင် ဖြစ်သွားရပါတော့သည်။

"ညည်းပိုက်ဆံ မဟုတ်ဘူး၊ ကျုပ် ဈေးဖိုးထဲက ပိုက်ဆံ"တဲ့။ အင်း ...။ ဘာပြောရမှန်းတောင် မသိတော့ပေ။ "ပိုက်ဆံဆိုတာ ဈေးဖိုးထဲက ဖယ်ချန်ထားသလောက် လွယ်လွယ်ကလေး ရလာနိုင်တဲ့အရာမျိုး မဟုတ်ဘူး။ ရှာရဘယ်လောက်ခက်သလဲ ရှာဖူးမှ သိမယ်"လို့သာ ပြောလိုက်မိရင်တော့ တစ်ရပ်ကွက်လုံးတောင် ဝက်ဝက်ကွဲဖြစ်အောင် ဒီတစ်အိမ်တည်းကပဲ အသံတွေညံတက်သွားတော့မလား မပြောနိုင်တော့ပေ။





ချမ်းသည် မှန်တွေနှင့်ချည်း ဆောက်ထားသော နှစ်ထပ်အဆောက်အအုံကြီးရှေ့က ဖုံမီးဖြတ်လျှောက်လိုက်ရင်း အဆောက်အအုံကြီးရဲ့ အထဲဘက်ကို မလိုတမာ၊ အငြိုးတကြီးနှင့် မျက်စောင်းတွေ လှမ်းရွယ်နေလိုက်မိပါသည်။

မှန်ချပ်ကြီးတွေရဲ့ နောက်ဘက်ထဲမတော့ သပ်ရပ်လှပ စမတ်ကျလှသည့် ယူနီဖောင်းကလေးတွေကို ဝတ်ဆင်ကာ ကြော့ကြော့လေး ရပ်နေသူကတစ်မျိုး၊ ဒေါက်မြင့်ကလေးတွေ တတောက်တောက် တတက်တက်နှင့် အေးအေးကလေး လျှောက်လှမ်းသွားနေကြသူတွေက တစ်သွယ်။ သူတို့ကျတော့ Air-con အပြည့် အခန်းထဲမှာ အလုပ်လုပ်နေကြတာ။ အပြင်မှာ ဒီအချိန် ဘယ်လောက် ပူနေသလဲဆိုတာ သိနိုင်ကြမယ်တောင် မထင်ပါဘူး။

နေပါဦး ... သူတို့ကကော ဘယ်လောက်များ ချော အောလှပနေကြတာမို့လို့လဲ။ ယူနီဖောင်းဝတ်စုံက သားနားစမတ်ကျလွန်းတာရယ်၊ မျက်နှာတွေပေါ်မှာကလည်း (အလုပ်ရဲ့စည်းကမ်းထဲမှာများ ပါသလားမသိ) အချိုးတကျ လိမ်းကျံစီမံထားကြတာတွေရယ်နှင့်ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။ ချမ်းတို့လည်း အဲသည်လိုသာ ဆိုရင်တော့ အဲသလောက်တွေ ဖြစ်ချင်ဖြစ်လာမှာပေါ့။ ပြောနိုင်လား။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်လိုက်ကြရတဲ့အတွက် ကိုယ့်ကျတော့ အဲဒီလို အေးအေးလူလူ လှလှပပ အလုပ်မျိုး မရနိုင်တော့ဘဲ နေပူစပ်ခါးထဲ သွားလာလှုပ်ရှားနေခဲ့ရတာ။ ဖြစ်ဖြစ်ချင်း နေ့ကတော့ပြောထည့်ပစ်ခဲ့ရတဲ့အတွက် အလုပ်မရနိုင်တော့တာကို ဝမ်းနည်းဖို့ထက် ကျေနပ်အားရမှုတွေပဲ ပိုနေခဲ့ဖူးတဲ့ ချမ်းဟာ တဖြည်းဖြည်း တစိမ့်စိမ့် ပြန်တွေးရလျှင်တော့ အဲဒီ "နေမင်းကလေး"ဆိုတဲ့လူကို စိတ်နာလိုက်ရတာဆိုတာ ဆိုဖွယ်ရာ မရှိပြီ။ ခုလို သူများတကာတွေ အခြေကျ၊ ပျော်ရွှင်၊ အေးလူနေကြတာကိုပါ မျက်ဝါးထင်ထင်ကြီး လာတွေ့နေရတဲ့ အချိန်မှာတော့ ပိုဆိုးပေါ့။

"ဟိတ် ... ! ချွတ် ... ချွတ်"

ဆိုင်ရှေ့မှာ ပေါ်တင်ကြီးသွားရပ်ကာ အထဲဘက်ထဲငေးနေရလျှင်လည်း သိပ်မကောင်းတတ်တာမို့ နည်းနည်းလေး ကျော်ဖြတ်သွားပြီးမှ တစောင်းကလေး ပြန်ငုံ့ငေးပြီး အတွင်းဘက်ထဲ စိုက်ကြည့်နေမိသည့် ချမ်းကို အသံတစ်သံက လှုပ်နှိုးလိုက်သလို ဖြစ်သွားစေပါသည်။

"ဟိတ် ! ဟိတ် ! ဒီမှာ ... ဒီက ခေါ်နေတာ၊ ဒီဘက်"

ဒီတစ်ခါတော့ ခေါ်နေသံက ကိုယ်နဲ့များ ဆိုင်နေလားလို့ ဟိုဘက်ဒီဘက် ခေါင်းငဲ့ကြည့်လိုက်တော့ ချမ်းနဲ့မလှမ်းမကမ်း သူတို့ဆိုင်ကြီးရဲ့ ရှေ့တည့်တည့်က ပလက်ဖောင်းဘေးမှာ ဘယ်အချိန်က လာထိုးကပ်ရပ်ထားလိုက်မှန်း မသိသည့် အနက်





ရောင်ကားလေးတစ်စီး။ ရှေ့ခန်း မောင်းသူပြတင်းမှ လူရာစ်ယောက်က ခေါင်းထွက်လာကာ ချမ်းကို လက်ပြပြီး လှမ်းခေါ်နေပါသည်။

"မှတ်မိလား"

"ဟုတ်ကဲ့"

"သြော် ... တော်သေးတာပေါ့။ ဒီနားကို လာတာလား၊ ဒီဆိုင်ကိုတော့ မဟုတ်ပါဘူးနော်"

"ဘာဖြစ်လို့ ဟုတ်ရမှာလဲ"

"အဲ ... အဲ ... ကျွန်တော်က ရိုးရိုးပြောတာပါ၊ ဒါနဲ့ အလုပ်ဝင်လိုက်ပြီဆိုရင် မုလောလောဆယ် အလုပ်မှာ အဆင်ပြေပြေပဲလား"

ဘာကိစ္စ ပြန်ဖြေရမှာလဲ။ သူ့ဆိုင်မှာ "ရုပ်ဆိုးလို့" ဆိုတဲ့ အကြောင်းပြချက်နဲ့ ရန်ဖြစ်ပြီး အလုပ်မရခဲ့သော မိန်းကလေးတစ်ယောက် ဘယ်မှာ ဘာဝင်လုပ်နေနေ သူ့အပူဘာပါလို့လဲ။ ချမ်းသည်လည်း သူ့အလုပ်သမား ဖြစ်နေချိန်မဟုတ်။ မေးလာတိုင်း ဖြေနေစရာ မလိုပါ။ ဖြေချင်မှ ဖြေမှာပေါ့။

ချမ်းက စူပုပ်ပုပ်ရုပ်နှင့် ပြန်မဖြေသောအခါ အရင်တစ်ခေါက် တွေ့ကြစဉ်ကတည်းက ဟိုယတ္တဝါ နေမင်းကလေးနှင့်မတူ။ သူလည်းပဲ ဤဆိုင်မျိုးကြီးရဲ့ ဆိုင်ရှင်၊ သူဌေးသားတစ်ယောက်ပင် ဖြစ်ပေမဲ့ ငြိမ်းချမ်းချိုသာတတ်၊ ချေင်ယဉ်ကျေးတတ်မဲ့ပုံ ထွက်နေသောသူက အားနာသောရုပ်နှင့် ပြုံးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ ... အဲဒီမှာလည်း ဆိုင်အသစ်တစ်ခု ဖွင့်မလို့။ ဖုန်းတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ကွန်ပျူတာကတော့ အနည်းအကျဉ်းပါမယ်၊ ရုံးသုံးပစ္စည်း၊ ပရိဘောဂတွေ Office Accessories တွေပေါ့၊ အဲဒီမှာလည်း အလုပ်ခေါ်နေတယ်၊ လျှောက်လွှာပြန်တင်လိုက်ပါလား၊ ဒီကတ်ထဲမှာ အဲဒီဆိုင်လိပ်စာပါ,ပါတယ်"

ဒီတစ်ခါမှာတော့ "ဘာဖြစ်လို့ လျှောက်ရမှာလဲ"ဆိုတဲ့ ဘုကျကန့်လန့်တိုက်သော စကားမျိုးကို ပြန်မပြောဖြစ်တော့ဘဲ ချမ်းက ထိုလူလှမ်းပေးနေသော လိပ်စာကတ်လေးကို လှမ်းယူထားလိုက်သည်။

"ဟိုလူကော လျှောက်လွှာတွေကို ကြည့်ဦးမှာလား"

"ဟင်း ဟင်း ဟင်း ... အဖေနဲ့ ကျွန်တော်ပဲ ရွေးမှာပါ"

"အစောတည်းက အဲလိုပဲ လုပ်ခဲ့ရင် ကောင်းသားနဲ့"

ချမ်းက အခြေအနေအရ မျက်နှာကျောကိုလည်း လျှော့ချထားလိုက်တော့သည်။ ရွေးမယ့်အထဲ သူပါ,ပါတယ်တဲ့။ ချမ်းကို"လာလျှောက်လိုက်ပါ"လို့ တမင်တကာ ခေါ်ပြောခဲ့ကတည်းက သူသည် ဟိုအရင်တစ်ခါကိစ္စအတွက် သူ့ဘက်ကတာဝန်ရှိသလို၊ အပြင်မကင်းသလို ခံစားနေရလို့လည်း ဖြစ်နိုင်သည်။ ဒီလိုဆိုရင်တော့ ရွေးမယ့်လူနှစ်ယောက်ထဲမှာ တစ်ယောက်ကိုတော့ ချမ်းဘက်က သေချာထားသလို ဖြစ်နေပြီဟု ပြောနိုင်သည် မဟုတ်လား။ မျက်နှာကျောကို လျှော့ထားမှ ဖြစ်တော့မည်။





ချမ်းက လက်ထဲကလိပ်စာကတ်ကလေးကို အသာကြည့်လိုက်ပါသည်။

**"ထွန်းနေမင်း"**

"ဟင် ! ... ဒါ ဘယ်သူ့လိပ်စာကတ်လဲဟင်"

"ထွန်းနေမင်း"ဆိုသော နာမည်ဟာ ဒီရှေ့ကလူရဲ့ အဖေ အဘိုးကြီးတစ်ယောက်ရဲ့ နာမည်မျိုးတော့ ဘယ်ဖြစ်နိုင်ပါမလဲနော်။

ပြီးကျတော့ "နေမင်း"ဆိုတော့။

"ကျွန်တော်လေ"

"အာ ... နေမင်း ဆိုတာက ဟိုတစ်ယောက်ရဲ့နာမည် မဟုတ်ဘူးလား"

"ဘယ်တစ်ယောက် ! ... ဪ ... ဟင်း ဟင်း ... **'မောင်တော့'**ကို ပြောတာနဲ့ တူပါရဲ့။ ဟုတ်တယ် ... သူ့ကိုလည်း တချို့က 'နေမင်းကလေး'လို့ ခေါ်တတ်ကြတယ်။ ဒါပေမဲ့ ကျွန်တော်ကသာ 'နေမင်း'ပါ၊ သူ့နာမည်အမှန်က **'တေဇနေ'**တဲ့၊ ထွန်းလင်းတောက်ပခြင်းဆိုတဲ့ အဓိပ္ပာယ်ပေါ့ ...

အဲဒီအခါကျတော့လည်း ကျွန်တော့်နာမည်က 'ထွန်း' တစ်လုံးကို သူက လာခိုးထားပြန်ရော။ ဒါပေမဲ့ ကျွန်တော်က အရင်မွေးတာလေ။ သူ့အဖေက သူ့ဆိုင်တွေ စဖွင့်ဖို့လုပ်တုန်းက 'နေမင်း'ဆိုတဲ့ နာမည်ကို ကျွန်တော့်အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဆီက တောင်းယူသွားတာဗျ၊ ခု ကျွန်တော်က ကိုယ်ပိုင်ဆိုင်တွေ ပြန်ဖွင့်ချင်တော့ ကိုယ့်နာမည်နဲ့ကိုယ် ပြန်ပေးပြီး ဖွင့်လို့မရတော့ဘူး၊ ကျွန်တော့်ဆိုင်တွေကို 'တေဇနေ'လို့တောင် ပြန်ပေးရမလို ဖြစ်နေတယ်"

ရှုပ်နေတာပဲ။ သို့သော် … သူတို့ဘာသာ နာမည်တစ်လုံးနဲ့ လှည့်ပတ်ရှုပ်နေကြခြင်းဟာ ချမ်းနဲ့မဆိုင်ပါ။ ချမ်းနဲ့ဆိုင်တာက …

"ကျွန်မ အလုပ်လာလျှောက်ပါ့မယ်၊ ဒီနေ့ညနေပဲလျှောက်လွှာဝင်တင်သွားလိုက်ပါ့မယ်နော်"

"ကောင်းပါတယ်၊ ခင်ဗျားကို Trusty ကားနဲ့ တွေ့ခဲ့တယ်လို့ မောင်တေကတော့ ပြောပါတယ်"

"ခုကတော့ Trusty မှာလည်းပဲ မဟုတ်တော့ပြန်ဘူး။ ဟို… အလုပ်တစ်ခုတစ်ခုမှာ ကြာကြာမမြဲတတ်ဘူးလို့တော့ မထင်ပါနဲ့နော်၊ ဒီလိုပါပဲ အခြေအနေက အဲဒီလိုပဲ ဖြစ်ဖြစ်လာလို့သာပါ"

ချမ်းမှာ ချမ်းကို Trusty ကားနဲ့ တွေ့ခဲ့တယ်ဆိုပြီး အဲဒီ မောင်တေ(ခေါ်)တေဇနေ(ခေါ်)နေမင်းကလေးက ဘာတွေကော ထပ်ပြောသေးသလဲ ဆိုတာကို သိချင်နေပေမဲ့ မေးလို့ရ,မရ၊ ကောင်း,မကောင်း ဆိုတာတွေကို ချိန်ဆနေဆဲမှာပင် ထွန်းနေမင်းက ခေါင်းတစ်ချက်ညိတ်ပြကာ နှုတ်ဆက်လျက် သူ့ဆိုင်ထဲ သူဝင်သွားခဲ့လေပြီ။





လက်ထဲမှာ လိပ်စာကတ်ကလေးတစ်ခုကိုင်ပြီး ကျန်ရစ်သော ချမ်းသည် ကတ်ကလေးထဲက လိပ်စာတွေကို တစ်ခေါက်လောက် ထပ်ဖတ်ကြည့်လိုက်မိပြီးမှ Office Accessories ဆိုင်ဆိုတာကို ခုပဲ အခြေအနေ သွားကြည့်လိုက်ဦးမယ်ဟု ဆုံးဖြတ်လိုက်မိပါသည်။ သိပ်မှမဝေးလှတာ။ ဒီကနေဆို နှစ်လမ်းကျော်လေးတင်ဟာ လမ်းလျှောက်သွားလိုက်ရင်တောင် ခဏကလေးနှင့်ရောက်မည်။

လိပ်စာကတ်ထဲမှာပါတဲ့ လိပ်စာအတိုင်း အဆောက်အအုံကြီးတစ်ခုရဲ့ရှေ့သို့ အရောက်မှာတော့ ဟိုဘက်က ဆိုင်ကြီးအတိုင်း ထပ်တူချွတ်စွပ်နီးပါး မှန်အဆောက်အအုံ အလွှတ်ကြီးကို ဆွေ့လိုက်ရတာမို့ ချမ်းရဲ့မျက်နှာလေးက ပြုံးမြလို့သွားရပါတော့သည်။ ဟိုဘက်မှာ နတ်ဆိုးဝင်ဖျက်လို့ ပျက်ခဲ့ရပေမယ့် ဒီလိုဆိုင်ကြီးမျိုးနဲ့တော့ ကံပါပုံရတယ်လေ။ ဒီဘက်မှာ ရကိုရမယ်။ ပြီးတာပဲ။

"အောင်မယ် … အောင်မယ် … မှန်ကြည့်လိုက် ပြုံးလိုက်။ ကိုယ့်သွားတွေကိုယ် သိပ်ဂုဏ်ယူနေတယ် ထင်တယ်၊ ဟုတ်စ။ သတိတော့ထားဦး ဒါ ပြဒါးပါတဲ့မှန် မဟုတ်ဘူး၊ မှန်အကြည်တွေ။ ပုံရိပ်လည်း သေချာထင်တာလည်း မဟုတ်ဘဲနဲ့။ မြင်ရတဲ့လူတွေက သွားဂုဏ်မောက်နေတယ်လို့တော့ ထင်ကြမှာ မဟုတ်ဘူး၊ အရူးလို့ပဲ ထင်ကြမှာ။ ရုပ်ဆိုးလွန်းလို့သာ အနားကပ်မလာရဲကြသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေပြန်တာကို စိတ်လည်းတိုမလာနိုင်၊ ပြန်လည်းမချေပနိုင်သေးဘဲ စိုးရိမ်ကြောင့်ကြစိတ်တို့ကသာ တစ်ကိုယ်လုံး လွှမ်းတက်သွားရတော့သည်။

ချမ်းက ဖုန်းလေး အသာနှိပ်ပြီး အဲသလို လှမ်းမေးလိုက်နိုင်တာပဲ ဆိုတာကို ခေါင်းထဲထည့်မစဉ်းစားမိခဲ့သည်မို့သာ ရဲရဲဝံ့ဝံ့ ပိပိရိရိလေး လိမ်လိုက်မိခြင်း ဖြစ်ပါသည်။ နို့မို့ ရှေ့တင်ကြီး အရှက်ကွဲရမယ့်အလုပ် ဘယ်သူက လုပ်ဝံ့မတုန်း။ ခက်ပေါ့။

ကိုယ်မှာကတော့ ဟဲန်းဖုန်း ဆိုတာမျိုးကလည်း မရှိတော့ ဒီကိစ္စက အလွယ်တကူနဲ့ ခေါင်းထဲ မရောက်မိဘူးပေါ့။

"ဟာ ... ဘယ်ကောင်မလေး ရှိရမလဲ၊ ဟိုကောင်မလေးလေ၊ ငါပြောခဲ့တဲ့ Trusty Tooth Paste မှာ ဝင်လုပ်နေပါတယ်ဆိုတဲ့ ဟာလေး"

ဘုရား ... ဘုရား ... ဘုရား ...။

"အေး ... ဒီမှာ ဆိုင်ရှေ့လာပြီး ပြုံးလား ရယ်လား ခုန်လား ပေါက်လား လာလုပ်နေလို့ အရူးမှတ်ပြီး မေးကြည့်လိုက်တာ။ သြော် ... အေး ... အေး ... အေး ... ဟုတ်သလား။ ဘယ်လိုဖြစ်တာလဲ အဲဒါ။ ဘာ ... ဒီတစ်ခါက မင်းနဲ့ အဘိုးကြီးနဲ့ နှစ်ယောက်တိုင်ပင်ပြီးမှ ရွေးရမှာ !။ ထွတ် ...။ ညံ့ကောင် ... အဲဒါ မင်းညံ့လို့ ဒီလိုဖြစ်ရတာ၊ ကိုယ့်အဖေပဲ ရအောင်ပြောပါလားကွ ... ဟာကွာ"





အင်း ... အင်း ...။ ဖုန်းကလေးတော့ ကျိုးတော့မှာပါပဲ။ ခေါက်ဖုန်းလေးကို "ဖြန်း"ခနဲ ဒေါမာန်တကြီး ပိတ်ချလိုက်ပြီးသော် ...

"ဆိုင်နှစ်ခုရဲ့ အဆင့်အတန်းချင်းကတော့ နံ့သာဆီနဲ့အီးလို ကွာချင်တိုင်း ကွာဖွန်တော့မှာပဲ"

"မှန်တယ် ... ဒီဆိုင်က အရည်အချင်းကိုသာ အဓိကထားမယ့်ဆိုင်၊ ရှင့်လိုလူအဖို့ ဆိုင်ရှေ့ကမပြောနဲ့ ဒီလမ်းထဲက တောင် ဖြတ်မလျှောက်သင့်တဲ့ဆိုင်"

တစ်ဖက်က ကိုထွန်းနေမင်း တစ်ယောက် ဘာပြန်ဖြေလိုက်ပြီလဲဆိုတာ ရိပ်စားလိုက်မိပြီးဖြစ်တဲ့ ချမ်းဟာ အောင်နိုင်သူတို့ရဲ့ အပြုံးကလေးနှင့် ဖြစ်နေရပါပြီ။ "အေး ... ခန့်ထားတယ်" လို့ မပြောပေးနိုင်ရင်တောင် "ထင်တာပဲကွ ... ဟုတ်မှာပေါ့ ... ငါ သေချာမသိဘူး"ဆိုတာလောက် ပြောဖြစ်လိုက်လိမ့်မည်။ ပြီးကျတော့ "ဒီတစ်ခါ မင်းဝင်ရှုပ်လို့၊ ထင်တိုင်းကြဲချင်လို့ မရတော့ဘူးကွာ၊ ငါ့အဖေကြီးက ကိုယ်တိုင်ရွေးမှာတဲ့"ဆိုတာမျိုးကိုပါ ပြောလိုက်လိမ့်မည်။

ကျေးဇူးတင်လိုက်တာ ကိုထွန်းနေမင်းရယ်။

"ဟေး ... မလျှောက်လို့များ ရမယ်ဆိုရင် ဒီလမ်းထဲလာ လျှောက်ဖို့ မပြောနဲ့ ဒီမြို့နယ်ထဲတောင် မလာချင်ဘူး၊ တောက် ... ကျွတ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဟမ် ...။ သူ့စကားက ဘာလဲ။ "မလျှောက်လို့များ ရမယ်ဆိုရင်"ဆိုတော့ "မလျှောက်လို့ မရတဲ့"သဘော။ အဲဒီတော့ လျှောက်ကို လာလျှောက်နေရမဲ့သဘော။ ဘာလဲ အဲဒါ။ ဒီလမ်းထဲကို သူက အလကားနေရင်း ဘာလို့လမ်းလာလျှောက်နေရမှာလဲ။ ဒီလမ်းထဲမှာ နေတာများလား။ ဒါမှမဟုတ် သူတို့ရဲ့ Departmantal Store ကြီး တစ်ခုခုများ ဒီထဲမှာရှိလို့လား။ မကြားမိ၊ မမြင်မိပါလား။

"ကျွတ် ... အဘိုးကြီးပါ ဝင်ပါတော့မယ် ဆိုရင်တော့ တစ်ဆိုင်လုံး ဒီရုပ်ဒီရည်မျိုးတွေချည်း ဖြစ်နေမှာပဲ၊ ငါနဲ့ ဘယ်လိုလုပ်ရပါ့မလဲ။ ဟား ... ခြောက်ခန်းလိုက်တာ။ သေပါပြီ။ မှန်သားအပိတ်အနက်နဲ့ မျက်မှန်တစ်လက်ပဲ ဝယ်တပ်ထားရမယ့်ပုံပဲ"

ဟင် ! ...။ သူ့ရဲ့စကားတွေဟာ ချမ်းကို ဦးတည်ထိုးနှက်တိုက်ခိုက် ပြောဆိုနေခြင်း မဟုတ်ပါ။ သူ့ဘာသာဆိုင်ရှေ့ပလက်ဖောင်းလမ်းမပေါ်မှာ ဘယ်လျှောက်လိုက်၊ ညာလျှောက်လိုက်၊ လက်သီးလက်မောင်းတန်းလိုက်၊ ခေါင်းကုတ်လိုက်နှင့် ညည်းတွားပြောဆိုနေခြင်းမျိုးသာ။ ဒါပေမဲ့ အဓိပ္ပာယ်တို့ဟာ တစ်မျိုးပါလား၊ ဘာကို ရည်ရွယ်ဦးတည် ပြောဆိုနေတာမျိုးလဲ။

သူက ဒေါမာန်တကြီး "ဖြန်း"ခနဲ ပိတ်ချထားသော လက်ကိုင်ဖုန်း ခေါက်ဖုန်းကလေးကို လက်မနှင့်တောက်ပြီး ပြန်ဖွင့်လိုက်ပြန်သည်။





"ဟေး ... ထွန်းထွန်း၊ မင်းရဲ့အဘိုးကြီးက လူရွေးခန့်ပေးပြီးသွားရင်ကော ဆိုင်ရဲ့အုပ်ချုပ်ရေးတွေထဲ အစဉ်သဖြင့် ဆက်တိုက်ကြီး ဆက်ပါနေဦးမှာပဲလား။ အေး ... အေး ... အဲဒီလိုဆိုရင်တော့ တော်သေးတာပေါ့။ နို့မို့လို့ကတော့ အဘိုးကြီးနှစ်ယောက်ပူးရဲ့ အမိန့်မကလို့ ဆယ်ယောက်ပူးပဲဖြစ်ဖြစ်ကွာ။ ခြောက်ခန်းနေမယ့်အပြင် ထောင်ပါကျနေရသလို ဖြစ်နေရင်တော့ ဘယ်သူ့အမိန့်ကြီးပဲဖြစ်ဖြစ် အဲဒီဆိုင်မှာ မလုပ်ရေးချ မလုပ်ဘူးကွာ"

ချမ်းမှာ ခုမှပင် သူ့ရဲ့ဒေါသတွေအကြောင်း သေချာကြီး သိလိုက်ရပြီမို့ မျက်လုံးလေး ပြူးလာမိစဉ် ဖုန်းပိတ်လိုက်ပြီဖြစ်တဲ့ တေဇနက ...

"ဘာဖြစ်လို့ ကိုယ့်လမ်းကိုယ်မသွားသေးဘဲ ငါ့ကိုပဲလိုက်စိုက်ကြည့်နေရတာလဲ"

"ရှင်ကလည်းပဲ ဒီဆိုင်မှာ ! ..."

တေဇနေရဲ့ မျက်နှာက တစ်မျိုးဖြစ်သွားပြီးမှ ချက်ခြင်းပင် ဟန်ထည်ထည်ကြီး ပြန်လုပ်ပစ်ကာ ...

"အေး ... မင်းတို့ကို အုပ်ချုပ်ရမယ့် အုပ်ချုပ်သူ မန်နေဂျာပဲ၊ မင်း ခိုမယ်ကပ်မယ် ခိုးမယ်လစ်မယ်တော့ မကြံစည်လေနဲ့၊ ငါက အလုပ်လုပ်ပြီဆိုရင် လူရင်းလူကျက်မရွေးတတ်ဘူး၊ ကျပ်ကျပ်သတိထား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကကော ရင်းနေ ကျက်နေလို့လဲ"

"ဘယ်လိုရုပ်ကြီးနဲ့ လာပြောနေတာလဲ၊ ရုပ်ကဆိုးရတဲ့ ကြားထဲ။ အောက်လက်ငယ်သားက မန်နေဂျာအုပ်ချုပ်သူကို ဒီလိုမျိုး နှုတ်လှန်လာမထိုးနဲ့၊ မလုပ်ရသေးတဲ့ အလုပ်ကနေ ပြန်ပြုတ်သွားလိမ့်မယ်၊ ဘာမှတ်နေလို့လဲ။ နဂိုတည်းကိုက အဘိုးကြီးက ဘာရုပ်တွေ ရွေးထားမှန်းမသိလို့ စိတ်ကုန်နေရတဲ့အထဲ"

"သဘောပေါက်တော့ပေါ့၊ ရှင်လည်း ဒီဆိုင်မှာ အလုပ်ရတာပဲဟာ"

"ဘာပြောတယ်"

"ရှင်ပဲ ကိုထွန်းနေမင်းရဲ့အဖေက အလုပ်ခန့်မှဖြင့် ရုပ်ဆိုးတွေချည်း ရွေးခန့်တော့တာပဲဆို"

ချမ်းက ပြောပြီးပြီးချင်းပင် ကိုယ့်နားရွက်နှစ်ဖက်ထဲ လက်ညှိုးနှစ်ချောင်းကို ထိုးထည့် ပိတ်ထားလိုက်တော့ကာ သူ့ကိုကျောခိုင်းပြီး မြန်မြန်ထွက်ပြေးလာခဲ့ပါတော့သည်။ နောက်ကနေ တစ်ခုခု လှမ်းအော်ပြောနေမှာ သိသားပဲ။ ဒါပေမဲ့ မကြားတော့ဘူးလေ။ ဒီမှာက ကိုယ့်နားရွက်ပဲနာနာ ဘာဖြစ်ဖြစ်။ လက်အချောင်းလိုက်ကို ထိုးထည့်ထားတာ၊ ပြီးရော။ ဘာတွေရှိမလဲ သူများကို "ရုပ်ဆိုးလှချည့်"ဆိုတာနဲ့ ပတ်သက်တဲ့ မကြားဝံ့မနာသာတွေပဲ နေမှာပေါ့။





ကိုယ့်ကိုယ်ကိုယ် အလှစားကြီးထဲက မဟုတ်နိုင်မှန်း ကိုယ်တိုင်သိပေမဲ့ သူပြော,ပြောနေသလောက်တော့လည်း မယ်ကုဝဏ်ဘဝနီးနီးကြီး မဟုတ်တာ ကိုယ့်ဘာသာပဲ သိတာပေါ့။ ပြီးတော့ကျ ချမ်းတို့က မွေးကတည်းက ချမ်းချမ်းသာသာ၊ ပြင်ပြင်ဆင်ဆင်၊ ဝတ်ဝတ်စားစားနဲ့ နေ,သပြီး ကြီးပြင်းလာရတာမှ မဟုတ်တာ။ လူဆိုတာ ဒီရုပ် ဒီရုပ် အတူတူချင်းလောက်မှာဆိုရင် ချမ်းသာရင် ပိုလှတယ် မှတ်ထား။ ပိုက်ဆံသုံးနိုင်တဲ့သူက မသုံးနိုင်တဲ့သူထက် ပိုကိုလှတယ်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိနေနိုင်ခြင်းဆိုတဲ့ ဟန်က ထည်နေဝင့်နေစေမဲ့အပြင်၊ အလကားနေရင်း သုံးစွဲနေနိုင်တဲ့ skin care, body care ပစ္စည်းတွေ၊ ဝတ်စားတန်ဆာ ဒွါရယာတွေနဲ့ Beauty Saloon တွေ၊ Health club တွေကိုပါ မှန်မှန်ကြီး ရောက်ဖြစ်နေရင် ရုပ်ကမလှရင်တောင် ကြည့်ကောင်းအဆင်ပြေနေဖို့က သေချာသလောက် ရှိနေပြီလေ။

ဝေးဝေးမကြည့်ပါနဲ့။ ဥပမာအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ပဲကြည့်။ သူ့များ စုတ်တီးစုတ်ဖတ်ဆင်ပြီး ကြမ်းထော်ထော် ညစ်စုတ်စုတ်နဲ့ တဲပုတ်တစ်လုံးထဲ သွားပစ်ထည့်ထားလိုက်ရင် "လှ"ဆိုတာတောင် မနည်းကျမ်းကျိန်ပြောရင် ပြောရတော့မှာ။ ဒီလောက် သူဌေးသားရုပ် ထွက်နေတာတောင်မှ ဒီလောက်ပဲဆိုတော့လေ။

www.burmeseclassic.com



ချမ်းတို့လား။ ခဏလောက်ပဲဖြစ်ဖြစ် ချမ်းသာကြည့်စမ်းပါ။ ဒါမှမဟုတ် ထိပေါက်ကြည့်။ ဟွန်း ! ။

နေပါဦး၊ သူက သူ့ဗွေးသားလည်းဆိုသေး။ နေမင်း Departmental Store ကြီးတွေကိုပိုင်တဲ့ "နေမင်းကလေး"လည်း ဆိုသေး။ ဘယ့်နှယ်ကြောင့် သူတို့ Departmental Store ကြီးတွေလောက်မှမကြီးတဲ့ ဆိုင်တစ်ဆိုင်မှာ မန်နေဂျာ လာဝင်လုပ်နေရတာတဲ့လဲ။

ရေစက်ဟာလေ ကြဲဖန်ကိုပါတယ်။ ကိုယ်အလုပ်ရဖို့ သေချာနေတဲ့ နေရာတစ်ခုမှာမှ သူက မန်နေဂျာတဲ့ ... ဗျူး။ အဲဒီတော့ မလုပ်ချင်တော့ဘူးလား ဒေါ်ချမ်းမြမြ။ ခုလိုတော့ နားပိတ်ပြီး ရှောင်ခွာထွက်ပြေးလာလို့ ရနိုင်မှာ မဟုတ်တော့။ "ရုပ်ဆိုးတရား"ကို နေ့တိုင်း စက္ကန့်နဲ့အမျှ နာကြားနေရတော့မယ်လေ။

အို ... ဘာဆိုင်လဲ။ သူပြော ကိုယ်ပြောပေါ့။ မန်နေဂျာကို "ရုပ်ဆိုးတယ်" ပြောမိလို့များ အလုပ်ပြုတ်ရမယ်ဆိုရင် ဒီ့ထက်ကြီးတဲ့ဆိ သူ့ဗွေးဆိုတာနဲ့ကို တက်တိုင်ရမှာပေါ့။ လိုအပ်ရင် "နေမင်းကြီး"အထိကို လိုက်တိုင်ပစ်ဦးမယ် ... မှတ်။

❂ ➤ ❂





"သူတို့အဖေချင်းကလည်း နှုတ်တည်းကိုက သူငယ်ချင်းတွေပဲဆို၊ ခု အစီအစဉ်က အဖြေချင်း တိုင်ပင်ညှိနှိုင်းပြီး ကိုယ့်သားတွေ အလုပ်ထဲ၊ စီးပွားရေးလောကထဲ စ,ဝင်လာကာစမှာ သားချင်းလဲလှယ်ပြီး လေ့ကျင့်ပျိုးထောင်ကြည့်ပေးရမဲ့ အစီအစဉ်ဆို။ သူ့သားကို ကိုယ့်ဆီမှာခိုင်း၊ ကိုယ့်သားကျတော့ သူ့ဆိုင်ပို့ပြီးခိုင်း, ခိုင်းတာမျိုးဆို ...

အဲဒါကြောင့်သာ သူက သူ့အဖေမှာ Departmental Store လိုဟာမျိုးကြီးတွေ အကြီးအကျယ် လေး,ငါးဆိုင်တောင်ရှိရက် ဒီဆိုင်လေးမှာပဲ လာအုပ်ချုပ်၊ မန်နေဂျာလုပ်နေရတာဆိုပဲ၊ မဟုတ်ဘူးလား"

"ဘယ်ကလာ အဖေချင်း သူငယ်ချင်းဆိုတဲ့ တစ်ခုကလွဲရင် ကျန်တာ ဘာတစ်ခုမှ သေချာမဟုတ်ဘူး"

ချမ်းမှာ ခပ်မဲ့မဲ့ ခပ်တိုးတိုးကလေး ပြန်အဖြေပေးသော "ယမင်း"ကို မျက်လုံးပြူးကလေးနှင့် ကြည့်ကာ "ဒါဖြင့် အမှန်က ဘာလဲ"ဟု ထပ်မံစပ်စုလိုက်ပါသည်။

"သူ့အဖေကသာ ဘာတစ်ခုမှ ခိုင်းစားလို့မရ၊ သုံးမရတဲ့ သူ့ကို ဒဏ်ပေးတဲ့အနေနဲ့ သူများဆိုင် ပို့ထားတာ။ သူတို့အလုပ်ထဲမှာဆိုရင် အဖေ့နာမည်အရှိန်နဲ့ ပိုင်ရှင်ရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာနဲ့ပဲ သူက ဗိုလ်ကျပြီး အလုပ်ကောင်းကောင်းမလုပ်ဘဲ ဖြီးနေလို့တဲ့၊ အဲဒါကြောင့် သူ့များဆီ တမင်လာပို့ထားတာ ...

ဒီ သူဌေးရဲ့သားက နဂိုတည်းက အပိုးကျိုးတယ်၊ သူ့အလုပ် သူလုပ်တယ်။ သူများဆီပို့ပြီး ဒဏ်ပေး၊ ကျင့်ယူနေရစရာ ဘာမှမလိုဘူး။ သူများဆီမှာလည်း သွားလုပ်မနေရပါဘူး။ ဟိုဘက်က ကွန်ပျူတာနဲ့ ဟဲန်းဖုန်းဆိုင်မှာ သူပဲ အုပ်ချုပ်သူ မန်နေဂျာပဲဟာ၊ ဒီမှာလည်း အုပ်ချုပ်သူက သူပဲ"

"ဟင် ... အဲဒီ တေဇနကသာ ဒီဆိုင်ရဲ့အုပ်ချုပ်သူ မန်နေဂျာ မဟုတ်ဘူးလား"

"လုံးဝမဟုတ်ဘူး။ ဘာအလုပ်မှ မလုပ်ချင်တဲ့သူမျိုးကို မှတ်လောက်သားလောက်ရှိအောင် အောက်ခြေကစပြီး နားလည်ကြိုးစားချင်စိတ် ရှိလာအောင် ဒဏ်ပေးခိုင်းတဲ့သဘောပါဆိုမှ၊ အုပ်ချုပ်သူရာထူးနဲ့ လာသွင်းထားပါ့မလား"

"ဟင် ! ဒါဖြင့် သူကလည်း ချမ်းတို့လိုပဲလား !"

"ယမင်းတို့ထက်တောင် နိမ့်ရင်နိမ့်ဦးမယ်၊ Sale person တောင် ဟုတ်ရဲ့လား မသိပါဘူး၊ ပစ္စည်းတွေ ဘာတွေ သယ်ပိုး၊ မ,တင်၊ အစိတ်အပိုင်းတွေ ဘာတွေ တပ်ဆင်ပေးရတဲ့ သဘောလောက် ထင်ပါရဲ့၊ သန့်ရှင်းရေးဝန်ထမ်း မဟုတ်ရုံတမယ်ပဲ၊ အောက်ခြေဝန်ထမ်းပါပဲ"





"ဟင် ... ဟုတ်လို့လား"

"သြော် ... ဟုတ်ပါတယ်ဆိုဟယ်၊ မဟုတ်ဘဲ ပြောပါ့မလား"

"ဒါဖြင့် သူက ဟို ... ကိုဇော်ဦးတို့ ကျော်နိုင်တို့လိုလည်း ယူနီဖောင်းဝတ်စုံနဲ့ မဟုတ်ပါလား။ ပြီးကျတော့ ယမင်း ပြောတာမျိုးတွေ တစ်ခါမှလုပ်တာမမြင်မိပါဘူး။ ဟိုလျှောက်လျှောက် ဒီလျှောက်လျှောက် လုပ်လိုက်၊ အပေါ်ယံအမိန့်လေးတွေပဲ လိုက်ပေးနေလိုက်၊ ကွန်ပျူတာပဲကိုင်လိုက်၊ အလုပ်ချိန်အတွင်း အပြင်ထွက်သွားလိုက် ဒါမျိုးတွေပဲ လုပ်နေတာပဲ တွေ့တာပဲ"

"အုပ်ချုပ်သူ ဆိုင်ပိုင်ရှင်က သူငယ်ချင်းကိုး၊ သူတို့အဖေကြီးတွေက လာမှမစစ်တာ။ အဘိုးကြီးတွေသာ လာစစ်နေကြမယ်ဆိုရင် သူ့အဖေ သူ့မပြောနဲ့ ဒီကသူဌေးကိုတောင် သူက ရိုန်ရတယ်။ ဟိုလူကြီးတွေက သူတို့အလုပ်နဲ့သူတို့ သူ့ကို ပြန်လှည့်မကြည့်နိုင်၊ မစစ်ဆေးနိုင်ကြသေးလို့သာ...

နို့မို့ဖြင့် အများတန်းတူ ယူနီဖောင်းနဲ့ မဟုတ်ဘဲ၊ ကြောင်ကြောင်ကျားကျား မဟားဒယား အင်္ကျီဘောင်းဘီတွေနဲ့ပဲ ဖြစ်နေတာကအစ နားရင်းအအုပ်ပဲ၊ မယုံရင်ကြည့်။ တစ်နေ့တော့ ပွဲကြီးပွဲကောင်းနဲ့ တွေ့မှာပဲ"

"သြော် ... ဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒီလိုပဲ။ ယမင်းက သူ့သိပ်မုန်းတာမို့ အတိအကျကို လေ့လာစုံစမ်းထားတာ"

"ဘာလို့ မုန်းတာလဲဟင်"

"မေးစရာကို မလိုပါဘူးဟယ်၊ ရုပ်မြင်လိုက်တာနဲ့ကို မုန်းစရာကြီးက ကောင်းနေပြီဟာ။ ချမ်းနဲ့ကော မျက်နှာကြောတည့်ကြလို့လား ပြော့ပါဦး။ မြင်ရုံနဲ့ မုန်းစရာတန်းကောင်းနေတဲ့ သူမျိုးကို ကပ်ဖားယပ်ဖားနဲ့ ခင်လိုက်မင်လိုက်တာလို့ ဝိုင်းဝိုင်းလည်နေကြတဲ့ သူတွေသာ စိတ်မမှန်လို့။ အကောင်ကြီးကြီးရဲ့သားမို့ အရေးသယ်ပြီး ကပ်ချင်ကြတာပဲ ဖြစ်မှာပေါ့ ...

ယမင်းကတော့ အထူးမုန်းရတာက ယမင်းက ဟိုဆိုင်ကတည်းက လုပ်ချင်လွန်းလို့ ဝင်လျှောက်ခဲ့သေးတာ။ အဲဒါကိုပဲ ပိုင်ရှင်နဲ့ တာဝန်ခံက သဘောကျပါတယ်ဆိုပြီး အမှတ်ပေးပေမယ့် သူက 'ရုပ်ဆိုးလို့'ဆိုပြီး တစ်ချက်လွှတ်ပယ်ကိုချတာလေ။ အေးအေးသက်သာ ပြောတာမဟုတ်ဘူးနော်၊ အဲဒီ ကဖျက်ယဖျက်စကားကို ကိုယ့်ရှေ့တင်ကြီးပယ်ပယ်နယ်နယ် ပစ်ပစ်နှစ်နှစ်ကို ပြောချပစ်တာ"

"အဟက်ဟက် ... ချမ်းနဲ့ဘဝတူတွေပေါ့"

"ဟမ် ... ချမ်းကရော"

"အဲဒီအတိုင်းပဲ၊ ဖြစ်ရပ်တူပဲ"





"အောင်မာ ... ယမင်းကတော့ ထားပါတော့။ စိတ်ဆိုးဒေါသထွက်လိုက်တာ သေတောင်သေတော့မယ်၊ ဒါပေမဲ့ ကိုယ့်ရုပ်အကြောင်းလည်း ကိုယ်သိတော့ သိပါတယ် မလှဘူးပေါ့။ ဘာဖြစ်လဲ အဲဒါ။ ဒါပေမဲ့ ချမ်းကတော့ ဘာကိစ္စလဲ။ အဲဒီလို ပြောစရာလား၊ ပြောမယ်ဆိုရင် သူ့ရုပ်သူလည်း မှန်ထဲပြန်ကြည့်လိုက်ဦး"

"ဟုတ်တယ်၊ ချမ်းနဲ့က အဲဒီ သူ့ရုပ်ကိုပါ ပြန်ဝေဖန်ထားမိလို့ အငြိုးကိုရှိတာ"

ယမင်းက ဒီတစ်ခါမှာတော့ ပခုံးသာ အသာတွန့်ပြသည်။

"ဘာပဲဖြစ်ဖြစ် ပိုင်ရှင်အုပ်ချုပ်သူရဲ့ အချစ်ဆုံးသူငယ်ချင်းကလည်း ဖြစ်နေတယ်။ သူတို့အဖေကြီးတွေကလည်း အပိုးကျိုးပြီး အချိုးသာ ပြင်စေ့ချင်တာလေ။ တကယ့် တကယ်တမ်းကျရင်တော့ သူ့ဘက်ကပဲ ပါကြမှာပဲ။ အဲဒါကြောင့် ယမင်းကတော့ ကပ်ဖားမနေနိုင်ပေမဲ့ ထိပ်တိုက်မတွေ့အောင် ရှောင်ပဲနေလိုက်တယ်။ အင်မတန် မုန်းပေမယ့် ဘာတစ်ခုမှ ပြန်မပြောတော့ဘူး။ ကိုယ့်တာဝန် ကိုယ်ကျေအောင်၊ မမှားအောင်ဘဲ နေ့နေတယ်။ ချမ်းလည်း အဲဒီလိုလေး မယုတ်မလွန်လေး ကြည့်နေပေါ့ ...

မန်နေဂျာ၊ အုပ်ချုပ်သူကြီးထင်ပြီး သူဗိုလ်ကျတိုင်းခံမနေရရင် ပြီးတာပဲ။ အလကားနေရင်း ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



နှုတ်လှန်သွားထိုးမနေပါနဲ့။ အငြိုးရှိတယ်ဆိုတာတော့ မကောင်းဘူး။ သူက ယမင်းတို့နဲ့ 'ပြိုင်ဘက်'တော့ မဖြစ်နိုင်ဘူးနဲ့ တူပါတယ်"

ချမ်းက စေတနာနှင့် သတိပေးသော ယမင်းကို ခေါင်းလေးသာ ညိတ်ပြလိုက်ပါသည်။ တော်တော်မုန်းပါတယ်ဆိုသော သူမျိုးတွေကတောင် "ထိပ်တိုက်မတွေ့အောင်ဘဲ ကြည့်ရှောင်နေလိုက်တယ်"ဆိုသောအခါ မျက်နှာရိပ်ကြည့်ပြီး နေတဲ့သူတွေ၊ ကပ်ဖားလိုသောသူတွေ၊ ချစ်ခင်စိတ်နှင့် အလိုလိုက်ကြသူတွေ၊ မကောင်းတတ်လို့ ပြုံးပြနေကြသူတွေ ပတ်ပတ်လည်ဝိုင်းနေတဲ့ကြားမှာ ချမ်းဟာ သူ့ကို တစ်ခွန်းမခံ ကက်ကက်လန်တာက တစ်ပြစ်။

သူ့အားနည်းချက်လိုလိုဖြစ်နေတာ တစ်ခုကိုပဲ ခဏခဏ သွား,သွားထောက်ပြနေမိတာက တစ်ပြစ်။

ငြိုးထားမယ်ဆိုလည်း ငြိုးစရာပဲ။ အသစ်အဆန်းကြီး၊ တစ်ခါမှ မကြုံစဖူးကြီးလို ဖြစ်နေမှာကိုး။ ယမင်း ပြောတဲ့ "စိတ်မမှန်လို့သာ ဝိုင်းဝိုင်းလည်နေကြတာ"ဆိုတဲ့သူမျိုးတွေကလည်း တကယ့်ကို ရှိနေတာနော်။

ဆိုင်ကို ဖုန်းတဝွမ်ဝွမ်လာလိုက်၊ လူကိုယ်တိုင်တွေရောက်လာလိုက်၊ ကားကြုံပါလာကြလိုက်ဆိုတဲ့ မိန်းကလေးကြီးငယ်တွေဆိုတာ နည်းမှတ်လို့။ သူ့သတ်မှတ်ချက်အတိုင်းလည်း မချောတာ မလှတာဆိုလို့ တစ်ယောက်မှမပါ။ အားလုံး ဖူးစင်





နေကြတဲ့ "ပဂေး"လေးတွေချည်း။ ပြီးကျ သူ့တစ်ခွန်းပဲ။ အတော်ကုသိုလ်ကံကောင်းသည့်သူဟုတောင် ဆိုနိုင်သည်။

ဒါပေမဲ့ အဲဒါတွေက မျှော်မှန်းချက်ကြီးတွေ ကိုယ်စီနဲ့ဆိုတာ အသိသာကြီးကိုး။ အဲသည်လိုမျိုးတော့ ဘယ်တော့မှ မျှော်မှန်းမှာ မဟုတ်တဲ့ ချမ်းတို့ကတော့ သူ့တစ်ခွန်းနဲ့တင် အလိုလိုက် အကြိုက်ဆောင် ဖူးဖူးမှုတ် "မှန်ပါ့ဘုရား" လုပ်နေစရာ ဘာအကြောင်းရှိရမှာလဲ။

ဘဝတူတွေဖြစ်တဲ့ ယမင်းနဲ့ယုဉ်ရင်တောင်မှ ယမင်းဟာ ချမ်းလောက် စိတ်တိုစိတ်ဆတ်တတ်မယ့်ပုံလည်းမရ။ တစ်ခွန်းမခံ ကက်ကက်လန် ပြန်ကိုပြောရမှဆိုတဲ့ တိုက်(ပ်)ထဲကလည်း ဟုတ်ပုံမရ။ စိတ်ခံတတ်ကလည်း ခပ်ငြိမ်ငြိမ်နှင့် အတော်ကြီးထိန်းတတ်သိမ်းတတ်မယ့်ပုံ ရနေတာ။ "ကြည့်ရှောင်နေလိုက်တာပဲ"ဆိုတာမျိုးဟာ ယမင်းအတွက်တော့ အလွယ်တကူ ကျင့်သုံးနိုင်မှာပေါ့။

ယမင်းက သတိပေးထားသော်ငြား အဲဒီနေ့ နေ့မကူးခင်မှာပင် သူနဲ့ချမ်းတို့ ထိပ်တိုက်ပဲ တွေ့ကြပါတော့သည်။ ယမင်းက "ဘာအလုပ်တွေ၊ စာရင်းတွေမှ အကြီးအကျယ် ထိုင်လုပ်နေတာ မဟုတ်ဘူး။ ဂိမ်းကစားနေတာ။ ချက်တင်(Chatting)နဲ့ ကြုံနေတာ၊ အင်တာနက်ထဲက မိန်းမပုံတွေပဲလိုက်ရှာ Down Load လုပ်နေတာ"ဟု ဆိုသော သူ့ကွန်ပျူတာဟာ မိုးလင်းတည်းက ရှင်းသန့်ပြောင်ပြီး ဖြစ်နေပါရက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ယောက် ဒီမှာကြည့်စမ်းပါဦး၊ စားပွဲပေါ်မှာရော ကွန်ပျူတာရဲ့ အကြိုအကြားမှာရော ဖုန်တွေချည်းပဲ၊ လာသုတ်ပေး"

သူ့ရဲ့အော်သံကျယ်ကြောင့် သန့်ရှင်းရေးဝန်ထမ်းအစ်မကြီးမှာ မျက်နှာအပျက်ပျက်နှင့် ပြေးလာပါသော်လည်း...

"ခင်ဗျားကို ပြောနေတာ မဟုတ်ပါဘူး၊ ဟိုတစ်ယောက်ကိုပါ"

ရုံးခန်းအတွင်းရှိ ဝန်ထမ်းအပေါင်းတို့မှာ (အင်မတန်မှ နေတတ်လှသော ယမင်း တစ်ယောက်လောက်မှလွဲ၍)ကိုယ့်အလုပ် ကိုယ်မလုပ်နိုင်ဘဲ "ဘယ်တစ်ယောက်ကိုများ ပြောနေပါလိမ့်"ဟု သူ့ဘက်ပဲ လှည့်ကြည့်မိကြပါရော။

ချမ်းမှာ ယမင်းတစ်ယောက် လှည့်ကိုမကြည့်တာကို မြင်လိုက်ရသည်၌ ရှည်လျားပြီး မနေနိုင်မထိုင်နိုင် ခေါင်းလည်မိသွားတဲ့ ကိုယ့်ကိုယ်ကိုယ်မှ အပြစ်တင်မိလို့ မဆုံးသေးခင် သူ့ရဲ့လက်ညှိုးကြီးက ကိုယ့်ဆီကိုမှ တန်းတန်းမတ်မတ် ညွှန်ထိုးထားသည်နှင့် ကြုံလိုက်ရပါတော့သည်။

အင်မတန်မှ ကလိမ်စေ့ငြမ်းဆင်ပြီး ဗိုလ်ကျချင်တဲ့သူ။ သန့်ရှင်းရေးဝန်ထမ်း အစ်မကြီးဟာ မိုးလင်းတည်းက သူ့တာဝန်သူ ကျေပွန်ထားပြီးသား ဖြစ်ပါရက်။ တကယ်လို့ လိုအပ်ချက်ရှိခဲ့ရင်လည်း သက်ဆိုင်သူကိုသာ နှိုင်းရမည်။





အရင်တွေကလည်း (ဒီတစ်ဆိုင်လုံးမှာမှ ထူးထူးခြားခြား လှတပတနဲ့ မျက်စိပဒါသဖြစ်စရာ လာဖြစ်နေတဲ့ ကောင်လေးနှစ်ယောက်ကလွဲရင်) ကြုံရာလူကို "ကော်ဖီတစ်ခွက် ဖျော်ဆးပါ"၊"ရေနွေးကြမ်း"၊"အိုက်တယ် Air-con က Temperature လေ့တ်ကို စစ်ပေးဦး"၊ စသဖြင့် အလုပ်နဲ့မပတ်သက်တာမျိုးတွေ ခိုင်းတတ် စေတတ်လေ့ ရှိခဲ့တာ။ ချမ်းကိုဆိုရင်တော့ ပိုဆိုးပေါ့။

"(...)လမ်းက ချပါတီနဲ့ဆိတ်သား သွားဝယ်ပေး။ ဟိုဘက်ဆိုင်မှာ ငါ့ဟဲန်းဖုန်း မေ့ခဲ့တယ် သွားယူပေးစမ်း။ ပန်းဆိုးတန်းမှာ ကားစတစ်ကာ ဝင်မှာထားခဲ့တာ ရပြီတဲ့၊ သွားယူ"

စသဖြင့် တဝေးတလံ ပင်ပင်ပန်းပန်း သူ့ ကိုယ်ရေးကိုယ်တာများကို စေ့ချယ်ခိုင်းလေ့ ရှိတတ်သည်။ ချမ်းမှာဆ အောင့်သက်သက် မကျေမနပ် ရှိရပေမဲ့ ဆိုင်မှာကလည်း သူခိုင်းလိုက်ရင် လူတိုင်းလိုလိုက ထ,လုပ်ပေးလိုက်ကြတာပဲဖြစ်နေတာရယ်၊ "အုပ်ချုပ်သူ မန်နေဂျာကြီးဆိုတော့ ဒါမျိုးတွေသည်း ခိုင်းခွင့်ရှိတယ်နေမှာပေါ့"ဟု စိတ်လျှော့ထားရတာရယ်နဲ့ ကြည်လင်လှပေမဲ့ လုပ်လိုက်ရသည်သာ။

ချမ်းတို့ဆီမှာ "တာဝန်ခံ"က သပ်သပ်ရှိပြီး ထိုဦးလေးကြီးကလည်း သူ့ရုံးခန်းငယ်ကလေးနှင့်သူ သီးသန့်နေကာ သူ့တော့ ထမင်းဂျိုး ဟင်းဂျိုးလို အလိုလိုက် ဆေးမဲ့ပေးထားတယ် ရှိမှာပေါ့။ ဘာလုပ်လုပ် ဘယ်လိုနေနေ ဘာမှမပြော။ ဆိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ချိန်မှာ ဝန်ထမ်းတွေကို သူ့ကိုယ်ရေးကိုယ်တာတွေ ခိုင်းနေလည်းပဲ ဘာမှမပြော။ အဲဒါနဲ့ပဲ သူ့ရဲ့ဗိုလ်ကျမှုကြီးက လုပ်ပိုင်ခွင့်လို စွဲမြဲပြီးသား ဖြစ်နေတာပေါ့။

ခုမှ သေချာစဉ်းစားကြည့်မိတယ် ကြည့်စမ်း။ ဟိုလှတပတနှစ်ယောက်အပြင် ယမင်းကိုလည်း သူ စေခိုင်းနေတာမျိုး မရှိခဲ့ဖူးပါလား။ ဂျလည်ကြီး။ သူ့အကြောင်း အစစ်အမှန်ကို ယမင်းတစ်ယောက်ပဲ ဂဃနဏသိထားသူ ရှိတယ်ဆိုတာကို သူ သိနေလို့ ဖြစ်နိုင်သလို၊ ခုလိုပဲ ခြုံပြီးခေါ်လိုက်ရင် (ယောင်ပြီးတော့ တောင်မှ မကြည့်)ဘယ်တော့မှ လှည့်မကြည့်တတ်တာမျိုးတွေကြောင့်လည်း သူကတောင်မှပြန်ပြီး ရှိန်ရတော့မလိုလို ဖြစ်နေလို့နေမှာပေါ့။

ယောကျ်ားလေးဝန်ထမ်းတွေကိုပင် (ခိုင်းလေ့ခိုင်းထ သိပ်မရှိ၊ အခိုင်းနည်းလေ့ရှိသော်လည်း) ပစ္စည်းပို့၊ ပစ္စည်းယူ၊ ကားအပြင်ထွက်ရင် တစ်ခုခု အကြုံမှာပြီး ဝယ်လာခိုင်းတာတို့၊ သူ့ကားကို သွားဆေးခိုင်းတာမျိုးတို့။ သူ့ကောင်မလေးတွေကို ရှောင်ချင်ရင် ဖုန်းကိုင်ပြောခိုင်းထားတာတို့ အဲဒါမျိုးလောက်တော့ ရှိသေးသည်။ လက်စသတ်တော့ ဂျလည်ကြီးက ရတဲ့သူကိုပဲ ဗိုလ်ကျတာ။ ရမယ်မထင်ရင်မလုပ်ဘူး။ သူကိုယ်တိုင်က အရှောင်စာရင်းထဲ ထည့်ထားလိုက်တာကိုး။ ဒီလိုလား။

ချမ်းက ကိုယ့်ဘက်တည့်တည့်ကြီး ညွှန်နေသည့် လက်ညှိုးကြီးကို မသိကျိုးကျွံပြု၊ မသိယောင်ဆောင်ကာ ခေါင်းကို





ပြန်လှည့်လိုက်ပြီး ကိုယ်လုပ်စရာရှိတာကိုသာ ဆက်လုပ်နေလိုက်ပါတော့သည်။

"ဟေး ... ဟိုတစ်ယောက်၊ အနွေးထည်ဝတ်ထားတဲ့ ရုပ်ခပ်ဆိုးဆိုးနဲ့ တစ်ယောက်၊ မင်းကို ပြောနေတာကွ။ ဒီမှာ စားပွဲကို ဖုန်လာသုတ်ပါဆို ... ဟေး ... ဟေး ..."

တစ်ဆိုင်လုံးမှာ အနွေးထည်နှင့်က ချမ်း တစ်ယောက်တည်းသာ ဖြစ်ပေမယ့် ချမ်းက လှည့်လို့ကို မကြည့်။ အဲဒီတော့မှ မကြားတာ၊ မသိတာ မဖြစ်နိုင်တော့။ တမင်လုပ်ပြီ ဆိုတာကို သဘောပေါက်သွားပုံနှင့် သူက ချမ်းအနားသို့ ဒေါကြီးမောကြီးဖြင့် ရောက်လာကာ ...

"မင်းကို စားပွဲနဲ့ ကွန်ပျူတာ ဖုန်လာသုတ်ခိုင်းနေတာ မကြားဘူးလား"

"ဒီမနက်က ရောင်းလိုက်ရတဲ့ File Cabinet တွေ ပစ္စည်းအဝင်အထွက် စာရင်းလုပ်နေရတာ မပြီးသေးလို့ပါ။ စားပွဲသန့်ရှင်းဖို့ကတော့ မလှလှကို မခိုင်းချင်ရင် ကိုယ့်ဘာသာပဲလုပ်လိုက်ပေါ့"

"ဘာ ! ... အာ ... မင်းတော့ ...။ ကိုယ့်နေရာလေးကိုယ်မြဲမြဲ မလုပ်ချင်ဘူးထင်တယ်။ ပြုတ်ချင်ပြီနဲ့တူတယ်။ သွားလည်းမလှဘဲနဲ့များ သွားတိုက်ဆေးပဲ ပြန်ရောင်းချင်တယ် ထင်တယ်၊ အဲဒီစာရင်းတွေကို ခဏထားခဲ့ပြီး လာလုပ်"



www.burmeseclassic.com

www.burmeseclassic.com

သူက ရှေ့ကနေ တစ်လှမ်း နှစ်လှမ်း အရင်ထွက်သွားနှင့်ပြီးမှ ချမ်းတစ်ယောက် သူ့နောက်က ကပ်ပါမလာလျှင် ချက်ချင်းပြန်လှည့်ကာ ...

"မင်း ဒီနေ့ နားပါပင်းသွားပြီလား၊ ဦးနှောက်က ထုံကပ်ကပ် ဖြစ်နေတာလား။ ဒီလိုလူမျိုးတော့ အလုပ်ထဲမှာ ကြာရှည်ကြာများ ထားသုံးလို့ ရနိုင်မယ် မထင်ပါဘူး"

ချမ်းတို့နှစ်ယောက်ကို တစ်ဆိုင်လုံး ဝိုင်းအကဲခတ်နေကြပြီထင်သည်။ ချမ်းမှာ ယမင်းရဲ့ မျက်မှောင်ကုတ်ကုတ်နှင့် သတိပေးလိုဟန် မျက်နှာထားကိုပါ လှမ်းတွေ့နေရသော်လည်း မလျှော့ချင်တော့ပေ။ ဆိုင်စဖွင့်ကတည်းက အားလုံးထဲမှာ ချမ်းကိုသာ အနိမ့်ဆုံး၊ အကျောဆုံးနဲ့ အခိုင်းဆုံး ဖြစ်ခဲ့တာတွေကို ပြန်မြင်ယောင်လာသည်။ လုပ်လို့မရရင် မလုပ်တော့မဲ့သူအတွက် ချမ်းသည်လည်း မရတဲ့သူဖြစ်ကြောင်း ပြထားချင်လာသည်။

"ဖြုတ်လို့ရရင် ဖြုတ်လိုက်ပါ"

"ဘာ ! အာ ... အာ ... မင်း ...! "

ချမ်းနဲ့ သူနဲ့ ပြိုင်မပြောဖြစ်ကြတာ ကြာပြီ။ အုပ်ချုပ်သူ မန်နေဂျာနဲ့ ဝမ်ထမ်းဆိုတဲ့ ကွာဟမှုမှာ ချမ်းက ငြိမ်နေခဲ့တာ ကြာပြီပဲ။ ခုလည်း ချမ်းကတော့ လူမှုရေးအရ သိတတ်ရဦးမည်မို့ သူ့လို အာပြကြီးတော့ မဟုတ်။ လေသံကို ခပ်အုပ်အုပ် ခပ်တိုးတိုးနှင့်ပင် မျက်လွှာကိုလည်း အသာချထားကာ ...





"ကိုယ့်မှာ လုပ်ပိုင်ခွင့်လည်း တကယ်ရှိတာ မဟုတ်ဘဲနဲ့ လူတကာကို အထက်စီးကနေ လိုက်ဗိုလ်ကျနေမဲ့အစား ကိုယ်လုပ်ရမယ့်အလုပ်ကိုပဲ ကောင်းကောင်းလုပ်ကြည့်ပါလား။ အားလုံးက မသိလို့ မဟုတ်ဘူး။ သိရက်နဲ့သည်းခံနေကြတာ၊ များလာရင်၊ လွန်လာရင်တော့ မကောင်းဘူးပေါ့။ နေမင်း Departmental Store တွေက သူဌေး ဘယ်မှာနေလဲ။ ဘယ်ကိုလိုက်ပြောလို့ရလဲ ဆိုတာလည်း လူတိုင်း အလွယ်တကူ သိနိုင်နေတဲ့ ကိစ္စပဲ"

သူ့ခမျာ "ဘာ"တွေ "အာ"တွေတောင် ထွက်မလာ
င်းတော့ဘဲ နီပြီးဖောင်းတင်းလာသော မျက်နှာကြီးနှင့်သာ ဖြစ်နေ
သည်။

"အဖေက အောက်သက်ကြေတတ်အောင် စီစဉ်ပေးထားရင် အောက်သက်ကြေအောင် အရင်ကြိုးစားကြည့်ပါ။ အထက်သက်တွေကို လိုက်မှန်းမနေပါနဲ့။ လူကြီးတွေက ခုမသိသေးလည်း နောက်တော့ သိလာမှာပါပဲ"

တေဇနေက ချမ်းရဲ့ရှေ့ကစားပွဲကို လက်ဝါးနှင့်
ဒိုင်း"ခနဲ ရိုက်လိုက်ပြီးမှ "တောက်"တစ်ချက်ကိုခေါက်ရင်း
နဲ့ လှည့်ထွက်သွားပါတော့သည်။ ဒီလောက်ကတော့ သူ့သိက္ခာ
သည်း ထောက်ပေးရဦးမည်ဖြစ်ရာ ချမ်းက မျက်လွှာချခေါင်းငုံ့
တော့သာ ခံယူလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မဝင်ရခင်တုန်းက "အမလေး … သူပြောကိုယ်ပြောပေါ့၊ မရရင် သူ့ဒွေး(၂)ယောက်နဲ့ တိုင်မယ်"ဟု ကိုယ့်စိတ်ကိုယ် မြှင့်တွေးခဲ့ဖူးသေးပေမယ့် တကယ်ကြုံလာရတဲ့အခါကျတော့ ကိုယ့်ဘက်က ငြိမ်ပဲခံနေခဲ့ရသော ချမ်းဟာ တကယ့်တကယ်ကျတော့ အဲဒီလို တကယ်ပဲလုပ်လို့ ရနိုင်မှန်း၊ သူဟာ သူ့အဖေဒါမှမဟုတ် အဘိုးကြီးနှစ်ယောက်လုံးကို အဟုတ်ကို ကြောက်ရတဲ့သူ ဖြစ်နေမှန်း ခုမှပင် သေချာရေရာစွာ သိရပါတော့သည်။

ညဘက် အလုပ်ဆင်းချိန်ကျတော့ ယမင်းက ချမ်းကို "ချမ်းလုပ်ပုံ မှားတယ်"တဲ့ …။

"ယမင်းက ထင်ရာတွေ လျှောက်ပြောထားတာမျိုး ဖြစ်နေရင် ချမ်း ဘယ့်နှယ်လုပ်မလဲ။ မနက်ကပဲ ပြောတယ်၊ နေ့လယ်ကျတော့ ချမ်းက ဘာမှသေချာထပ်မစုံစမ်း မစစ်ဆေးရသေးဘဲနဲ့ကို ဒီသတင်းအပေါ်မှာ အခြေခံတဲ့ အခွင့်အရေးကို အသုံးချပစ်လိုက်ပြီ။ ယမင်းတောင် ကြည့်ရှောင်တယ်၊ ထိပ်တိုက် မတိုက်ပါဘူးလို့ ချမ်းကို ပြောထားသားပဲ …

ယမင်းလိုပဲ ကြည့်ရှောင်နေဖို့ ဆုံးဖြတ်ရင်၊ သူ့အနိုင်ခံ ဗိုလ်ကျခံဘဝမှာ မနေချင်တော့ရင်၊ ကိုယ် ဒီလိုသိထားပြီးပြီဆိုတာ သူ့ကို ပြန်သိစေချင်ရင် ဆိုင်က ဘယ်သူမှမသိနိုင် မကြားနိုင်တဲ့ အပြင်တစ်နေရာရာမှာပဲ ပြောသင့်တယ်။ ယမင်းတောင် ဒါတွေ ယမင်းသိထားတယ်၊ သိပြီးထားတာ သိတယ်ဆိုတာ သူပြန်သိအောင်ပြောဖို့ ဘယ်တုန်းကမှ မကြိုးစားဖူးဘူး …





ဆိုင်က ဒိုပြင်လူတွေရော၊ လူတိုင်းသိမထားဘူးလို့ ထင်လို့လား။ ဒီလိုပဲ ကြည့်ရှောင် ရှောင်နေကြတာရော မဖြစ်နိုင်ဘူးလား။ လူတစ်ယောက်အနေနဲ့ အသေအကြေရင်ဆိုင်ဖို့ မဆုံးဖြတ်ရသေးဘူးဆိုရင် အဲဒီလူရဲ့ အားနည်းချက်တွေကို သွား,သွားဆွပြီး မဖော်ထုတ်ရဘူး ချမ်းရဲ့။ ချမ်းကတော့ သူ့အားနည်းချက်လိုဖြစ်နေတာကို နှစ်ချက်တောင်ရှိပြီ။ ထောက်ပြ၊ ဆွပြီး အနိုင်ယူနေမိတာ"

ယမင်းရဲ့ ပြောပုံအရဆို သူ ချမ်းကို အတော်ကြီးကို မုန်းတီးစက်ဆုပ်နေလောက်ပြီ ထင်သည်။ ဒါပေမဲ့ ချမ်းကတော့ ခေါင်းမာမာနှင့်ပင် …

"အို … ဒါမျိုးလူ ဒီလောက်တော့ လုပ်ပြထားမှပေါ့။ ခုဆို သူ ချမ်းကို ပေါက်ကရတွေ ခိုင်းတော့မှာ မဟုတ်ဘူးလေ၊ ကြည့်နေ။ ဒါကိုပဲ မကျေနပ်လို့ အဖေတွေအာဏာပါသုံးပြီး ရအောင်ဖြုတ်မယ်ဆိုလည်း ထွက်လိုက်ရုံပေါ့ ယမင်းရယ်။ ချမ်းက အလုပ်ပေါင်းစုံ လုပ်ဖူးနေပါပြီ။ အလုပ်အသစ်တစ်ခု ထပ်ရှာရမှာကို မကြောက်တတ်တော့ပါဘူး"

ယမင်းက ချမ်းကို မျက်ခုံးနှစ်ခုပင့်တင်၊ နှုတ်ခမ်းကြီးပါရွဲ့ထားရင်း ကြည့်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

အလုပ်သွားကာနီး မနက်ခင်း အစောပိုင်းမှာ ဧည့်သည်ရောက်လာသည့်အတွက် ချမ်းက ဒုက္ခပါပဲ"ဟုပင် နှုတ်များမှ ထုတ်ဖော်ကာ ညည်းတွားလိုက်မိပါသည်။ လာသည့်ဧည့်သည်မှာ ချမ်းတို့ရဲ့အိမ်ရှင် ဒေါ်မြင့်မြင့်ကြီး ဖြစ်နေတာကို သိလိုက်ရတော့ ပိုလို့ပင် ငိုချင်သွားရတော့သည်။

ချမ်းတို့ငှားထားတဲ့ အိမ်ကလေးရဲ့ အိမ်ရှင်အဘွားကြီး ဒေါ်မြင့်မြင့်ဟာ ချမ်းတို့ရဲ့ ဟိုဘက်လမ်းမှာတင်နေပြီး သဘောလည်း ကောင်းပါရဲ့၊ ကူလည်း ကူညီတတ်ကာ စိတ်ကောင်းလည်း ရှိပါရဲ့။ သို့သော် အင်မတန် စကားများလှသော အဘွားကြီးမျိုး ဖြစ်ပေသည်။

အသက်ကြီး,ကြီးကာမှ သားသမီးတွေနဲ့ အတူမနေဘဲ တစ်ယောက်တည်း နေ,နေတဲ့ အဘွားကြီးဟာ သူ့ဘာသာ ပျင်းရိနေတတ်တိုင်း ပြောစရာစကားရရင်၊ ထိုင်နားထောင်ပေးနေ





မည့်သူရှိရင် အင်မတန် သဘောကျတတ်တာ မမောနိုင်မပန်းနိုင် ဒိုင်ခံပြောနိုင်သည့် သူမျိုးပင်ဖြစ်သည်။

အဲဒါကြောင့်ပဲ ချမ်းတို့တူဝရီးရဲ့ "အဒေါ်နဲ့တူမ"လား "ဦးလေးနဲ့တူမ"လား မကွဲပြားသည့် ဖြစ်အင်ဆန်းဟာ ချမ်းတို့ ဒီရပ်ကွက်ထဲ သေချောပြောင်းမလာရသေးခင်ပင် သူ့ဆီမှာလာစကားပြော ဆက်သွယ်ငှားရမ်းစဉ်ကပင် တစ်ရပ်ကွက်လုံး ကြားသိပြီး၊ စိတ်ဝင်စားပြီးနှင့်ကြသား ဖြစ်နေခဲ့ပြီ။

တစ်ခုရှိတာက အဲဒီ ဒေါ်မြင့်မြင့်ကြီးဟာ အကြည့်ကိုဆို ခင်လည်း ခင့်ပါရဲ့။ လုံးလည်း လုံးနေတတ်ကြပါရဲ့။ ပြဿနာတွေလည်း အခါခါ အလီလီပင် တက်ကြပါရဲ့။ အဲဒီအခါတွေကျ ဝင်ပါစိတ်ညစ်၊ နားငြီးရပြန်သည်မှာတော့ ဟောဒီက ဒေါ်ချမ်းမြမြပင် ဖြစ်တော့သည်လေ။

ခုလည်း "ချမ်းရေ ... ပြောစရာလေးရှိလို့"ဟု အစချီကာ မနက်ပိုင်းကြီးမှာပင် ပေါ်လာလေတော့ ချမ်းမှာ "အကြည်တော့ ဘာပြဿနာတွေများ ရှာထားပြန်ပြီလဲ"လို့ စိတ်ညစ်ရတာကတစ်မျိုး၊ အလိုက်မသိ အားမနာ မပြီးနိုင် မပိုင်နိုင်အောင် (သူကတော့ အားနေတာကိုး) စကားတွေ များနေတော့မှာ ဖြစ်တဲ့အတွက် အလုပ်ချိန် မမီနိုင်မှာကို တွေးပြီး စိတ်ပူရတာက တစ်မျိုး။

"ချမ်းရေ"ဟု အသံကြားကတည်းကပင် ချမ်းက ကိုယ့်အခန်းလေးထဲက ထွက်လာပါသည်။ ထိုအခိုက်မှာပင် ဗီဇို



www.burmeseclassic.com

ချောင်ထဲမှာ ချက်ပြုတ်နေသော အကြည်သည်လည်း ဒေါ်မြင့်မြင့်ကြီးရဲ့ အသံကြောင့် ဝုန်းဒိုင်းကြဲလောက်အောင်ပင် ပြေးထွက်လာတော့သည်မှာ ချမ်းနှင့် ညှော်ခန်းမရောက်ကြခင်ပင် ဝင်တိုက်မိကြပြီး သူ့ကိုယ်လုံးကြီးကြောင့် ချမ်းမှာ လဲပြိုမတတ် ယိုင်ယိုင်ကြီးဖြစ်သွားရတော့သည်။

"ဘယ်လိုဖြစ်နေတာလဲ"

အကြည်ကား ချမ်းကို ပြန်မဖြေနိုင်သေး။ သူ့ခြေထောက် ခြေကျဉ်းဝတ်နေရာကို ကုန်းကုန်းကြီးနှိပ်လိုက်၊ ကိုင်လိုက် လုပ်နေသည်။ ဟုတ်သားပဲ။ ဟိုနေ့ကတည်းက သူ ခြေနာနေတယ်ဆိုကာ ထော့နဲ့နဲ့ဖြစ်နေလို့ ချမ်းက "အလုပ်တွေလုပ်နိုင်ရဲ့လား၊ ဆေးခန်းသွားဖို့ လိုမလား" တောင် မေးခဲ့သေး။ "ရတယ် ... အပူတစ်ခုခုပဲ လူးထားပါမယ်" ဆိုလို့ "ဦးစိုင်းလိမ်းဆေး" ပင် ဝယ်ပေးခဲ့ရသေးသည်။

"ကလေးမဟုတ်၊ သူငယ်မဟုတ်နဲ့၊ ကိုယ်ခြေနာနေတာ ကိုယ့်ဘာသာ သိပါလား။ ဘာလို့ အတင်းပြေးလွှားနေရတာလဲ"

အကြည်က ချမ်းကို ဘာမှပြန်မဖြေဘဲ သူ့ခြေထောက်သူ တစ်ချက် နှစ်ချက်လောက် လှုပ်ဆတ်လိုက်ပြီးမှ အိမ်ရှေ့သို့ သူက အရင်ဦးအောင် ထွက်သွားပါသည်။ ပြီးလျှင်တော့ တိုးကျိတ်ကျိတ် အသံများ ထွက်ပေါ်လာကာ ဒေါ်မြင့်မြင့်ကြီးထံမှ ...





"မဖြစ်ဘူး။ ညည်း ဒီလိုပြောတာ ခဏခဏရှိပြီ အကြည်ရယ်၊ ဒီကိစ္စ ချမ်းသိမှ ဖြစ်တော့မယ်။ မရဘူး မပြောလို့ မဖြစ်ဘူး၊ ဖယ်ပါအေ။ ဒီကိစ္စက ဒီလိုရှင်းမှ ဖြစ်တော့မှာ"

ချမ်းမှာ "တစ်ခုခုပဲ" ဆိုတာ အတပ်သိလိုက်ချိန်မှာ "ကြီးကြီးမြင့် ... ဘာများဖြစ်လို့ပါလဲ" ဟုသာ လှမ်းမေးလိုက်ရပါတော့သည်။

"ဒီလိုချမ်းရေ ... တိုတိုပြောရရင်တော့ ညည်းအဒေါ်က ကျုပ်ဆီက ပိုက်ဆံချေးထားတာရှိတယ်။ တစ်ပတ်ချင်း အတိုးနဲ့ သုံးလဆိုင်း ငါးသောင်း ချေးထားတယ်တော်။ အဲဒါ အရင်းဆပ်ဖို့နေနေ အတိုးတောင် ကတိအတိုင်း မသတ်တာ နှစ်လတောင်ပြည့်ပေါ့။ အချင်းချင်းတွေမို့ တိုးရင်းပေါင်း ပြန်ပြန်ထည့်နေရရင် ဒုက္ခတွေက များကုန်တော့မယ်လို့၊ အဲဒါကို သတိပေးနေတာ၊ ရှေ့အပတ် ရှေ့အပတ်နဲ့ပဲ ဘယ်နှပတ် ရှိနေပြီလဲ"

ချမ်းမှာ ခါတိုင်းလို "အကြည်" ဟုပင် မဟစ်အော်နိုင်တော့ဘဲ ပါးစပ်လေး အဟောင်းသားဟ,ထွက်သွားရကာ မျက်နှာတစ်ပြင်လုံးလည်း ရှက်စိတ်နှင့် နီရဲကာ ရွှစိစိဖြစ်လာရပါသည်။ အိမ်စရိတ်နှင့် သူ့တစ်ကိုယ်ရည် အသုံးစရိတ် လိုအပ်သမျှကို ချမ်းဆီက လက်ဖြန့်တောင်းခံနေနိုင်သော အကြည်ဟာ ဘာလုပ်ဖို့ သူများဆီက ငွေချေးရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကပ်စေးနှဲ ကော်တရာကလည်း ကျလိုက်တာအေ၊ နည်းနည်းပါးပါး ပိုပိုသာသာလေး ပေးတော့ကော ညည်းအသား ထဲက လှီးပေးရတာကျလို့လား"လို့ ဆိုတတ်တဲ့အခါ ...

"လုံလုံလောက်လောက် ဖြစ်ဖို့တောင် မနည်းရှာဖွေ နေရတဲ့ အကြည်ရေ၊ ပိုပိုသာသာ ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ခု ချမ်း တစ်လ တစ်လ ပေးနေတာ အကြည် မလောက်လို့လား၊ မလောက်ရင် ဈေးသုံးမှာလျှော့လိုက်။ ချမ်း ဘာနဲ့မဆို စားနိုင်တယ်လို့ အကြည့်ကို ပြောပြီးပြီပဲ"လို့ ချမ်းက လည်း ပြန်ပြောတတ်စမြဲမို့ ချမ်းဆီက ထွက်မလာတဲ့ "ပိုပိုသာသာ အသုံး"ကို သူများဆီက လှည့်ယူလေသလား။

ချမ်းမှာ ရှက်ရလွန်းလို့ နားထင် နားရင်းတွေပင် ပူလာရပြီ။ "အဲဒီပိုက်ဆံတွေကို ဘာလုပ်ပစ်ဖို့ သူများဆီက သွား ချေးရတာလဲ"ဟုလည်း မေးမနေချင်တော့။ သစ်သားယောက်မ ကြီးတစ်ချောင်း လက်ထဲကိုင်ကာ ခေါင်းကြီးငုံ့နေပြန်သူဆီက "ညည်းကမှ လောက်အောင်မပေးဘဲ"စတဲ့ ပေါက်ကရအဖြေတွေ ထွက်လာရင် သူစိမ်းရှေ့မှာ ချမ်းပဲ အရှက်က ကွဲရဦးမည်။

"ဒီလိုပါအေ၊ ချမ်းကလည်း ကိုယ့်အဒေါ်ကို စိတ်မခုနဲ့၊ သူကတော့ ကောင်းမလားလို့ လုပ်တာ။ မလုပ်ခင် ကျုပ် ကို အရင်တိုင်ပင်တော့ ကျုပ်က တားပါသေးတယ်၊ အဲဒါ ကို မရဘဲ ဇွတ်လုပ်လို့ ခုလိုဖြစ်တာ"





ဒေါ်မြင့်မြင့်ကြီးက နှစ်ယောက်လုံး ကျောက်ရုပ်ကြီး တွေ ဖြစ်ကုန်ကြသည့် တူဝရီးနှစ်ယောက်ကြား လေပြည်ဝင်ထိုး သည်။

"အမှန်ကတော့ သူက အလုပ်လုပ်ကြည့်တာပါ"

"အလုပ် လုပ်တာ !"

"ချမ်းက အလုပ်မရှိဘဲ ထိုင်စားရင် သိပ်နိမ်တာတဲ့။ မသိ ဘူးနော် သူပြောတာပဲ။ အဲဒါကြောင့်လည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ ဘာပဲပြောပြော သူလည်း သူ့အလုပ်လေး ဘာလေးနဲ့ ဆိုတာမျိုး ဖြစ်ရင်ဖြစ်ချင်မှာပေါ့အေ။ အဲဒါနဲ့ ဈေးထဲက ဈေးသည်တွေကလည်း လူခင်တွေချင်းပဲဆိုပြီး နေ့ပြန်တိုးချဖို့ သူက စဉ်းစားတာ ...

ကျုပ်ကို တိုင်ပင်တော့ ကျုပ်ကမိုက်တာနဲ့ ဟိုဘက် ရပ်ကွက်က မခင်သက်ဆီက ခုနစ်ကျပ်နဲ့ သုံးသောင်းအရင်း ချေးပြီး သူကတစ်ဆယ်နဲ့ နေ့ပြန်တိုးပြန်ချတာ။ သူ့စိတ် ထဲတော့ 'သုံးကျပ်စား'ဆိုတာလောက်ပဲ တွက်မိမှာပေါ့။ ဒါပေမဲ့ သူ့ဟာတွေက သူ့ထက်လည်လို့ ဈေးရောင်းနေ ကြတာပဲ ...

သူ့မြင်တာနဲ့ ငိုတဲ့ယိုတဲ့လူနဲ့။ လက်ဖက်ရည်တစ် ခွက် တိုက်လွှတ်လိုက်ကြတဲ့သူနဲ့၊ ကက်ကက်လန်လွှတ် ကြတဲ့သူနဲ့။ အဲဒီမှာတင် အတိုးမရှုတဲ့ပြင် အရင်းပါဆုံးပြီ



www.burmeseclassic.com

www.burmeseclassic.com



မခင်သက်က အိမ်လိုက်လာပြီး ရန်ထောင်မှ မခင်သက်ကို ပြန်ပေးနိုင်ဖို့ ကျုပ်ဆီက အဲဒီအရင်းရော အတိုးပါပေါင်း ထားတာထက် နည်းနည်း ပိုထပ်ယူပြီး ဟိုကိုဆပ်လိုက်တယ် ...

ပိုတာလေးနဲ့ သရက်သီးသည် အတင့်နဲ့ ထပ်ပေါင်းပြီး စပ်တူရှယ်လုပ်ကြတယ်ဆိုလား။ ဟိုက သူ့ပိုက်ဆံနဲ့ အရင်းလုပ်ပြီး သူ့ပဲ ခိုင်းစားထားတာ။ အဲဒီ ခြေထောက်က အဲဒါ သရက်သီးသေတ္တာ လွတ်ကျပြီးပိုလို့ နာကျင်နေတာလေ။ သူက ဘယ်တုန်းကများ အဲဒီလို အလေးတွေ အပင်တွေ၊ ပင်ပင်ပန်းပန်းတွေ လုပ်ဖူးလို့လဲ။ ဖြစ်မှာပေါ့ ...

အဲဒီမှာ စပ်တူရှယ်သာပြောတယ် 'အသုံးမကျရပ်! မလား၊ သရက်သီးတွေ ကုန်ပါပြီ၊ အရင်းပြုတ်ပါပြီ" ဆိုပြီး အတင့်က သူ့ပက်ပက်စက်စက် ပြောလွှတ်ထားတာ။ ခုတော့ ခြေထောက်နာတာသာ အဖတ်တင်ပြီး ကိုယ့်အရင်းနဲ့တည်ထားတဲ့ ဆိုင်ရှေ့ကတောင် ဖြတ်မလျှောက်ရဲတာ။ ကျုပ်ပိုက်ဆံက ဘယ်လိုလုပ် ပြန်ဆပ်နိုင်ဖို့ မြင်မှာလဲ ...

ချမ်း ဝင်ဆုံးဖြတ်ပေးမှပဲ ဒီကိစ္စက ပြီးတော့မှာပါ။ အဲဒါကြောင့် ကြီးကြီးမြင့်က စေတနာနဲ့ လာပြောရတာပဲ"

ချမ်းမှာ ဘာဖြစ်လို့မှန်းမသိ မျက်ရည်တွေ ဝဲတက်လာရတာကို လက်ခုံနှင့် အသာပွတ်သုတ်လိုက်ရင်း ...





"ချမ်းမှာ အဲဒီလောက်ကြီးတော့ ချက်ချင်း လက်ထဲမှရှိဘူး ကြီးကြီးမြင့်။ လကုန်မှပဲ အိမ်လ ခနဲ့ ပေါင်းပေးရင် ဖြစ်မလားဟင်"

"ဖြစ်ရမှာပေါ့ ချမ်းရယ်။ တခြားလူတွေမှ မဟုတ်တာ၊ ချမ်းက အမြဲမှန်ကန်တတ်တာလည်း သိနေတာပဲ"

ဒေါ်မြင့်မြင့်ကြီး ပြန်သွားလျှင် ချမ်းသည် ချမ်းနှင့် ရှင်ဆိုင်ဖို့ အားတင်း အသက်ရှူလိုက်ဟန်တူတဲ့ (ရင်ဘတ်ကြီး ...င် ကော့လာသော) ဦးလေးတော်ကို တစ်ချက်ပဲ လှမ်းကြည့်လိုက် ...ာ ဘာမှပြောမနေတော့ဘဲ ကိုယ့်အခန်းထဲသာ ကိုယ်ပြန်ဝင်ခဲ့ ...ါတော့သည်။ ပြောနေချင်စိတ်ကို မရှိတော့တာ။

ဒုတိယငွေရှင်ဟာ စကားများတတ်သော်လည်း စိတ် ...ှင်းမဆိုးတဲ့ အဘွားကြီးမို့။ ပထမ ဒေါ်ခင်သက် ဆိုတာနှင့်တုန်း ...ဆို အိမ်ရှေ့ကကို ရန်လာထောင်တာတဲ့။ ကိုယ်မရှိလိုက်ချိန်မို့ ...ိုက်ရိုက်ကြီး ပေါ်တင်ကြီး မျက်နှာမပူရပေမဲ့ သောပတ်ဝန်းကျင် ...ွေ အကုန်ကြားကာ ကိုယ့်သိက္ခာကတော့ အဲဒီကတည်းက မြေ ...ြီးထဲ ကျခဲ့ပြီးသား ဖြစ်နေမှာပါပဲ။

သိက္ခာကျရတာကတော့ ခုမှမဟုတ်ပါလေ။ အဲဒီ ...ဟုတ်က ဟုတ်က ပုံစံသွင်ပြင်ကြီးကို ဦးလေး တော်ထားရပြီး ...စ်အိမ်တည်း အတူနေကြရကတည်းက ပတ်ဝန်းကျင်ဟာ ချမ်း ...ို့ပါ အထင်တသေး၊ နှိမ်မြင်၊ မလေးမစား ဆက်ဆံချင်နေကြ ...ာတာ ဟိုးကတည်းက ကိုယ်တွေ့ပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



ခုပ်ချောချော ကောင်ကလေးများကို စိတ်ဝင်တစာ ခင်မင်ချင်တတ်သည့်၊ သူများမြှောက်ပြောတိုင်း ညာချတိုင် အဟုတ်ထင်တတ်သည့်၊ ဘယ်သူကျောကျော ခံလာတတ်ပြ ပြီးမှ သေအောင်ရန်ထစွာချင်လည်း စွာနေတတ်သည့်၊ ရှင်းရှင် ပြောရရင် လက်ခုပ်တီးပေးတိုင်း ကွေးနေအောင် က,တတ်တော့ သည့် သူနှင့် ချမ်းကို လူတွေက တစ်တန်းတစ်စားတည်း တန် တူသတ်မှတ်ပစ်ကာ မလေးစားချင်ကြတာ။ ဆယ့်ယောက်နှ တစ်ယောက်မှာ ဆယ်ယောက်စလုံးကသာ အလွန်ဖြစ်သော်ငြာ အဲဒီတစ်ယောက်ကကော လူလေးစားခံရအောင် အစောတည်းက ဘာ့ကြောင့် မနေခဲ့သလဲဟု ပြောလို့ရနေသည်ပင်။

ချမ်းမှာဆိုရင် အပျိုလေးအရွယ်လေးတန်မဲ့ တန်းတူ ရည်တူ တန်တန်ရာရာ ယောကျ်ားလေးမျိုးက စိတ်ဝင်တစာ ချဉ်းကပ်လာတာမျိုးကို တစ်သက်လုံး တစ်ခါမှကို မခံစားရဖူး ဦးလေးလိုလို တူမလိုလိုနှင့် အချောင်နှိုက်ချင်တတ်သည့် စရိုက် ပျက် အလေနတောတွေနှင့်ချည်းသာ ကြုံနေရတတ်တာ။

ရပ်ကွက်ထဲက၊ ကျောင်းမှာတုန်းက၊ အလုပ်ထဲ နည်းနည်း တည်တည်ငြိမ်ငြိမ်လေး ချဉ်းကပ်ချင်သူ ရှိလာရင်လည် စ,မှမစရသေး သူ့မြင်တာ၊ သူ့အကြောင်းသိတာနှင့်တင် ကာယ ရှင်ကိုယ်တိုင်က ချက်ချင်း နောက်ပြန်ဆုတ်သွားရတာနဲ့၊ ဆွေမျိ မိခင်တွေက ကြားဝင်ဖျက်ပစ်လိုက်တတ်တာနဲ့။





အမှန်ကတော့ သူ့ဒဏ်ကို အပြီးမပျက်လေး ခံနေ ငင်သည့် မေမေကသာ သူနှင့်နှစ်ယောက်တည်း ကျန်ရစ်ပြီး ချမ်းကပဲ အရင်ဝင်ငွေကျွတ်၊ စောစောစီးစီး သေသွားသင့်တာ။ ဘုရားကြီးက သိပ်မတရားလှပါဘူး။

ချမ်းမှာ ဦးလေးတော်နှင့် ရင်ကိုမဆိုင်ချင်တော့ ဘမို့ ချမ်း အလုပ်သွားခါနီးသည်ထိ မီးဖိုထဲက ပြန်ကိုထွက်မ လာတော့ဘဲ ကုပ်နေသည့် ဦးလေးဆီကို သွားလည်းမသွား၊ နှုတ် သည်းမဆက်။ မနက်စာ ဘာညာလည်း ဝင်စားမနေတော့ဘဲ ခေါင်းဘူးပင် မယူမိတော့ကာ အလုပ်သို့ တိတ်တဆိတ်ပဲ ထွက် လာခဲ့ပါသည်။

နေ့လယ်(၁၁)နာရီလောက်ကျတော့ ချမ်းမှာ အူ ကြွတ်ကြွတ်နှင့် လိမ်ကျစ်နေအောင် ဆာနေတော့ပြီ။ အဲဒီအချိန် ထဲ အော်ဂလီဆန်စရာ ဟိုသတ္တဝါရဲ့ အသံနက်ကြီးက ...

"ဟေး ... ဟိုမှာလည်း ကြည့်ကြဦး၊ ဆိုင်ရှေ့ကမှန်မှာ မျက်နှာကြီး လာကပ်ပြီး ဘယ်အမျိုးအစား ဘယ်အဓိပ္ပာ ကြီးမှန်း မသိက ဘာတွေ လာဖြစ်နေတာလဲ။ ဟေး ... ကျော်နိုင်တို့၊ ကိုဇော်ဦးတို့၊ မလှလှ။ ခင်ဗျားတို့ဟာက ဘယ်ပေါ့ဆကြပါလား။ ဘယ်လိုလဲ။ ဟိုမှာ သွားပြုဖယ် ခိုင်း သွားခိုင်းတာတွေ ဘာတွေ လုပ်ကြဦးလေ။ အရေခွံ စုတ်နေတဲ့ တောက်တဲ့ဝဝကြီး အပြားလိုက် လာကပ်နေတာ ကျနေတာပဲ ... ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမှာလည်း သူ့စကားနဲ့ အသံတွေကြောင့် ဆိုင်ရှေ့သို့ ဘာရယ်မဟုတ် အကြည့်တစ်ချက် ရောက်သွားရပြီးမှ စားပွဲအောက်ပဲ ပုချလိုက်ရမလိုလို၊ ဆိုင်နောက်ဘက်ခန်းထဲပဲ ဝင်ပြေးရမလိုလို ဖြစ်သွားရပါသည်။ စတီးထမင်းချိုင့်နှင့် ရေဘူးကို လက်တစ်ဖက်စီမှာ ကိုင်ဆွဲလာသော အကြည်ကတော့ ချမ်း လှမ်းကြည့်လိုက်တာကို မြင်သွားပြီမို့ မှန်မှာအပြားလိုက်ကပ်ပြီး အတွင်းကို လှမ်းချောင်းကြည့်နေသည့် မျက်နှာကြီးကို မှန်မှခွာကာ သူ့လက်နှစ်ဖက်စလုံးကို မြှောက်ပြ၊ ယမ်းပြရင်း ပြုံးပြုံးကြီး ဖြစ်နေလေပြီ။

ချမ်းက တေဇနောက် မျက်လုံးလေး မသိမသာဇွေကာ ချောင်းကြည့်လိုက်မိလျှင် ခါးကြီးနှစ်ဖက်ထောက်ကာ ရယ်ချင်မဲ့မဲ့ မျက်နှာကြီးနှင့် တေဇနေသည် ချမ်းကိုတစ်လှည့်၊ ဆိုင်ပြင်က အကြည့်ကို တစ်လှည့် သိသိသာသာကြီးကို တစ်လှည့်စီကြည့်နေတာကို မြင်လိုက်ရပါသည်။

ကျော်နိုင်နှင့် စကားပြောနေရပြီဖြစ်သော အကြည်ကလည်း ချမ်းထံသို့ လက်ညှိုးတညွှန်ညွှန်နှင့် ပြောဆိုနေပြီမို့ ချမ်းမှာ မျက်လုံးကြီးပြူးပြီး နှုတ်ခမ်းကြီးပါ ရွဲ့လိုက်သေးသော တေဇနေရဲ့ ရှေ့ကနေပဲ တင်းထန်နေသောမျက်နှာနှင့် ကျော်ဖြတ်ကာ ဆိုင်ပြင်သို့ ထွက်လိုက်ရပါတော့သည်။

အကြည်က စွတ်တင်းနေသော ချမ်းရဲ့မျက်နှာကို အကဲကြိုခတ်နေကာ ...





"မနက်က ထမင်းဘူး ယူမသွားလို့။ အမှန်က ပြီးနေပြီဟာ၊ ချမ်းက မမိဘူးထင်လို့ ယူမသွားတာလား။ ဒီဆိုင်ကလည်း ရှာလိုက်ရတာ။ ခြေထောက်က မျက်နေရတဲ့ကြားထဲ မှတ်တိုင်များဆင်းမိလို့ တစ်ဝေးကြီး လမ်းလျှောက်လာရသေးတယ်။ ဆာနေပြီလား၊ ရော့ ... ရော့ ..."

ချမ်းက ထမင်းဘူးနှင့် ရေပုလင်းကို လှမ်းမယူသေးဘဲ ...

"အကြည့်ကို ချမ်း အလုပ်တွေထဲ လိုက်မပတ်သက်၊ မနှောင့်ယှက်ဖို့ ချမ်း အမြဲမှာထားတယ်"

"ခုဟာက ထမင်းချိုင့် ..."

"ဗိုက်ဆာလို့ မသေနိုင်ပါဘူး အကြည်။ သေခါနီးပြီဆိုရင်လည်း ပိုက်ဆံပါရင် ဝယ်စားလို့ ရနိုင်တယ်"

"အဲဒါတော့ သိတာပေါ့အေ၊ ဒါပေမဲ့ ကိုယ့်အတွက်နဲ့ ကိုယ့်တူမလေး ..."

"အဲဒီလောက် သိတတ်မှုများရှိရင် အကြည် ဘယ်လိုနေထိုင်ပြုမူနေသင့်သလဲပါ အကြည် သိသင့်တာပေါ့။ အနည်းဆုံးကတော့ ညကတည်းက ဝတ်အိပ်ထားပြီး တစ်မနက်လုံးလည်း ဝတ်အလုပ်လုပ်ထားတဲ့ အဝတ်အစားတွေနဲ့ စုတ်ဖတ်သပ် နံစော်နေပြီး လိုက်အရှက်ခွဲတာမျိုးလောက်ကတော့ မဆင်ခြင်ပေးသင့်ဘူးလား။ မျက်နှာကျတော့ သနပ်ခါးတွေက ဖွေးလို့။ အကြည့်မှာ ချမ်းကို ဒီထက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကြေ စုတ်ပြတ်နေအောင် သိက္ခာကျလို့ရတဲ့ နည်းလမ်းမျိုး ထပ်မရှိနိုင်တော့ဘူးလား”

အကြည်နှင့် ချမ်းတို့ အကြာကြီး မျက်လုံးချင်းတွေ့ဆိုင်နေကြပြီးမှ အကြည်ကစလို့ မျက်လွှာချကာ လေသံခပ်တိုးတိုးနှင့် ...

“ဒီထမင်းချိုင့်တွေက မယူဘူးလား”

ချမ်းက ဘာမှပြန်မပြောလျှင် အကြည်သည် ခဏ မှုငြိမ်နေပြီး ချမ်းတို့ဆိုင်ရှေ့မှ ချာခနဲ လှည့်ထွက်သွားပါတော့သည်။ ချမ်းကလည်း နှုတ်ခမ်းတင်းတင်းစေ့နှင့် ဆိုင်ထဲသို့ ပြန်လှည့်ဝင်လာခဲ့သည်။ ကိုယ့်စားပွဲသို့ ကိုယ်ပြန်မရောက်ခင် ချမ်းရဲ့နံဘေးမှ ဟိုသတ္တဝါ ဖြတ်ပြေးသွားပြီး ဆိုင်ပြင်ထိပါ ဆက်ပြေးထွက်ခွာသွားတာကိုပါ သတိထားလိုက်မိသည်။

ခဏကြာလျှင်တော့ စတီးထမင်းချိုင့်နှင့် ရေပုလင်းက စားပွဲပေါ်သို့ ဝုန်းခနဲ ရောက်ရှိလာကာ ...

“ကိုယ့်အဒေါ်က စားစေ့ချင်လို့ ထမင်းချိုင့် လိုက်ပို့ပေးတာများ ဟန်လုပ် အော်ထုတ်ရတယ်လို့။ လူကြီး လူကြီးမှန်းမသိ၊ စေတနာကို စေတနာမှန်းမသိတဲ့ ဟာမျိုး၊ တစ်သက်လုံး တိုးတက်မှာ မဟုတ်ဘူး။ အရင်ဘဝကလည်း အဲဒါမျိုးတွေ လုပ်ခဲ့လို့ ဒီဘဝမှာ ရုပ်ကြီးလာဆိုးနေရပြီး ပြီဟာ၊ နောက်ဘဝထိပါ ဆက်ပြီး မကောင်းစားချင်ဘူးနဲ့ တူတယ်”





ချမ်းသည် “ညည်းအဒေါ်၊ ချမ်းရဲ့အဒေါ်၊ ကိုယ့်အဒေါ် ကိုယ်ကြည့်ပြောဦး”စတဲ့ အပြောတွေကို ခံနေရကျ နေပြီပင် ဖြစ်သော်လည်း ဒီတစ်ခါမှာတော့ ဒီ တေဇနရဲ့အပြောကို(နားထဲ သံရည်ပူတွေနှင့် အလောင်းခံလိုက်ရသလိုကို) ပူလောင်ကျင်သွားရပါသည်။ ချမ်းကို နိုပ်ကွပ်ဖို့ချည်း အကွက်ချောင်းနေခဲ့တဲ့သူဟာ အကြည့်နောက်သို့ အပြေးလိုက်ပါသွားပြီး ဘာတွေကို ဘယ်လိုမေးမြန်း စပ်စုသိရှိ၊ အနိုင်ရလာနိုင်ခဲ့ပြီလဲ။

“ကိုယ် မြောင်းထဲရောက်နေတုန်း လှိမ့်ခံဆိုရင်တော့ ခံထားလိုက်မယ်။ ဒါပေမဲ့ ကံကြမ္မာ အလှည့်အပြောင်း မကောင်းလို့ ရှင်လည်း မြောင်းထဲ ခဏလောက်ဖြစ်ဖြစ် များ ပြုတ်ကျခဲ့ရင် မြောင်းနှုတ်ခမ်းပေါ်မှာ ရှိနေမဲ့သူဟာ ကျွန်မ, မဟုတ်ပါစေနဲ့လို့ ကျပ်ကျပ်ဆုတောင်းပါ”

သူ့မျက်နှာ တစ်မျိုးဖြစ်သွားတာကိုတော့ သိလိုက်သည်။ သို့သော် ချမ်းသည် လူတကာကို နှိမ်ပြောင်နေတတ်တဲ့သူ ရဲ့ “အရေခွံစုတ်နေတဲ့ တောက်တဲ့ဝဝကြီး”ဟူသော စကားနှင့် “ကိုယ့်အဒေါ်”ဟူသော စကားတွေကို တစ်လှည့်စီ ပြန်ကြားယောင်မိသခိုက် ကံကြမ္မာရဲ့ ဖာတ်ဆရာ ဆိုတာမျိုး ခုနေကိုယ့်ရှေ့ “ဘွား”ခနဲ ပေါ်လာလို့ကတော့ ဓားနဲ့အထိုးပဲဟုပင် ရမ်းရမ်းကားကားကြီး တွေးနေမိချေတော့သည်။

www.burmeseclassic.com



ဒီနေ့ တစ်နေကုန်ပင် ထူးထူးဆန်းဆန်းတွေချည်း ဖြစ်ပွားလို့နေသည်။ အင်း ... အမှန်ကတော့ ဒီနေ့မှ မဟုတ်ပါဘူး။ မနေ့လောက်ကတည်းကစလို့ အဲဒီအထူးတဆန်းကိစ္စတွေက စခဲ့သလိုပါ။ မနေ့က ဆိုင်သို့အလာမှာ ချမ်း လမ်းလျှောက်နေတဲ့ ပလက်ဖောင်းဘေး အစပ်နားသို့ ရှည်လျားကြီးမားလှတဲ့ ကားနက်ကြီးတစ်စီးက လျှောခနဲ ထိုးဆိုက်ရပ်တန့်လာကာ ...

"ဒီမယ်ကွယ့် ... တစ်ဆိတ်လောက်။ "........Office Accessories"ဆိုင်က မချမ်းမြမြ ဟုတ်ပါသလားကွယ်"

ကားပေါ်ကနေပဲ ခေါင်းလေးမပြု တပြုနှင့် လှမ်းမေးလိုက်သည့် အဘိုးကြီးတစ်ယောက်ကို ချမ်းက (ရုတ်တရက်မို့) အံ့အားသင့်သလို အကြည့်နှင့် လှည့်ကြည့်လိုက်မိရင်းက ...

"ဟုတ်ပါတယ်ရှင့်"

"သမီးနဲ့ အန်ကယ်နဲ့ ခဏလောက် စကားပြောလို့များ ရနိုင်မလား"

"ရှင်"

"ဩော် ... အန်ကယ်က သမီးတို့ဆိုင်ကပဲ ဝန်ထမ်းတစ်ယောက်ရဲ့ ဖခင်ပါ။ အန်ကယ့်သားနဲ့ ပတ်သက်လို့ပေါ့လေ၊ ဘယ်လိုလဲ ဘာညာဆိုတာလေး၊ အဲဒါ ဆိုင်က အုပ်





ချုပ်သူ မဟုတ်တဲ့ ဒီပြင်ဝန်ထမ်းတစ်ယောက်ယောက်နဲ့ စကားပြောဆို မေးမြန်းကြည့်ချင်တာပါ"

စကားအသွားအလာကြောင့် ချမ်းမှာ တစ်မျိုးကလေးဖြစ်သွားရစဉ် ကားနက်ကြီးကို မောင်းလာသော ဒရိုင်ဘာအဘိုးကြီးကလည်း ရှေ့ခန်းကနေ "နေမင်း Departmental Store တွေက ဦးဝင်းခန့်ပါ"ဟု ဝင်ပြောလိုက်ပါသည်။ အဲ ...။ ထင်လိုက်မိတဲ့အတိုင်းပဲ။ နေမင်းကြီးကိုး ...။ ချမ်းက "ဟုတ်ကဲ့ ... ဟုတ်ကဲ့"ဟု ခပ်မြန်မြန် ပြန်ဖြေလိုက်မိစဉ်မှာ နောက်ခန်းက အဘိုးကြီးက သူ့ကားနက်ကြီးပေါ်ကနေ ဆင်းလာကာ မလှမ်းမကမ်းက ကော်ဖီဆိုင်ကလေးတစ်ခုသို့ လက်ညှိုးညွှန်ပြပါသည်။

ဒီနောက်မှာတော့ အဲဒီနေမင်းကြီးဟာ "သူ့သားနဲ့ ပတ်သက်လို့ မေးမြန်းစုံစမ်းချင်တာ ရှိလို့ပါ"ဆိုသော်ငြား အတူထိုင်ပြီးတဲ့နောက်မှာ သူသိလိုရာ၊ စပ်စုလိုရာ၊ မေးမြန်းနှိုက်ထုတ်လိုရာ မှန်သမျှဟာ ချမ်း အကြောင်းချည်းလိုလို ဖြစ်နေတော့သည်။ မိဘမျိုးရိုးနှင့်တကွ ဘိုးဘွားလောက်အထိပါဆွဲပြီး စကားစပ်လာခလတော့ ချမ်းက "ဘာလဲ"ဟု ဇဝေဇဝါများပင် ဖြစ်လာရကာ ...

"အန်ကယ်က ကျွန်မတို့ ဘိုးဘွားမျိုးရိုးတွေနဲ့ အဆက်အစပ်ရှိ သိကျွမ်းနေခဲ့ဖူးသူများလားဟင် !"

"အဲ ... အဲဒီလိုတော့လည်း မဟုတ်ပါဘူး"

"ကျွန်မက အန်ကယ် ကျွန်မကို ကြိုများသိနေသလားတောင် ထင်နေမိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကြိုသိတာကတော့ ထွန်းနေမင်းရဲ့အဖေ ဦးဘသော်ဆီက သူတို့ ဝန်ထမ်းတစ်ယောက်အကြောင်းကို ကြားထားရသလောက်ပဲ ကြိုသိရတာမျိုးပါ"

"ရှင် ... ကိုထွန်းနေမင်းရဲ့အဖေက ကျွန်မကို ဘာပြုလို့များ"

"အလုပ်သမားကောင်း တစ်ယောက်ဆိုတဲ့ သဘောပါပဲ။ တေဇနဲ့ မသင့်ကြတာရောပေါ့။ အဲဒါကတော့ ဆိုင်ရဲ့ တာဝန်ခံဆီကလည်း ကြားထားရပါတယ်"

သူ့သားနဲ့က ရန်ဖြစ်ဖော် ရန်ဖြစ်ဘက်တွေဆိုတာကိုပါ အဖေကြီးက ကြိုသိနေလေတော့ ချမ်းမှာ အဘိုးကြီးကို အားနာမျက်နှာပူရကာ မျက်လွှာလေး အသာချထားမိစဉ် သူ့သားအကြောင်းဆိုပြီး ချမ်း အကြောင်းတွေချည်းသာ စကားစပ်မိသလိုဖြစ်နေတဲ့ ဦးဝင်းခန့်က သူ့သားအကြောင်း ပြောကြဖို့ ခုမှစသတိရသွားတဲ့ပုံနှင့် ...

"တေဇနရော ဆိုင်မှာ အဆင်ပြေပြေမှ နေရဲ့လား၊ သူ့နေရာနဲ့သူ နေရဲ့လား။ အလုပ်ကြိုးစားပြီး ဆိုင်က တခြားဝန်ထမ်း အချင်းချင်းနဲ့ သင့်မြတ်မှုကော ရှိမှရှိရဲ့လား"

ချမ်းမှာ အကွက်သာပြီ၊ အခွင့်ပေါ်ပြီရယ်လို့ ကြိုတုန်းတွယ်ထားလိုက်မှလို့ ရည်ရွယ်ချက်ကြီးနှင့်တော့ မဟုတ်ပါ။ ဒါပေမဲ့လည်း အဖေဖြစ်စေချင်သလို ဖြစ်မနေဘဲ တလွဲဆံပင်ကောင်းနေကာ ဝန်ထမ်းအချင်းချင်း အပေါ်မှာလည်း ဆရာကြီးတစ်ဆူလို





ဖြစ်နေ၊ နေ,နေခြင်းကိုတော့ သူ့အဖေနားသို့ အမှန်အတိုင်း ပေါက်စေမှပဲ ဆုံးဖြတ်လိုက်မိသည်။

"သူက သူ့ကိုယ်သူ အုပ်ချုပ်သူ မန်နေဂျာဆိုပြီး ဝန်ထမ်းအားလုံးအပေါ် တအားနိုင်စားပါတယ်။ စကားပြောတာက အစ နှိမ်ပေါက်ပြီးမှ ပြောတတ်တော့ နားမခံသာတဲ့သူတွေနဲ့က အဆင်မပြေ၊ ခံနေတဲ့သူတွေကလည်း အောင့်သက်သက်ပါပဲ။ သူ့ကိုယ်ရေးကိုယ်တာ ဝေယျာဝစ္စတွေလည်း အားလုံးက လုပ်ပေးနေရတယ်။ မလုပ်ပေးရင် မဲပါတယ် ...

တစ်ဆိုင်လုံးလည်း တာဝန်ခံဦးလေးကအစ ယူနီဖောင်းဝတ်ကြတာကို သူ့တစ်ယောက်တည်း ဖြူနီကြောင်ကြားတွေနဲ့လာပြီး တစ်ခါတလေကျ အဲဒီဝန်ထမ်းဝတ်စုံကိုတောင် တစ်စက်မှမလှဘူး၊ တောပုံကြီး ဘာညာဖိနှိပ်ပြောသေးတာပါ ...

ပြီးကျတော့ ဆိုင်က ကျွန်မတို့ကို ရောင်းရတဲ့ပစ္စည်းတန်ဖိုးပေါ်မှာ ကော်မရှင်နှုန်းနဲ့ သတ်မှတ်ပြီး အပိုကြေးခံစားစေတယ် ဆိုပေမယ့် သတ်မှတ်ဈေးနှုန်း Fixed Price ဆိုတာ ရှိပြီးသားပါ။ ကျွန်မတို့က ပိုပြောလို့ မရသလိုလျှော့ရောင်းလို့လည်း ဘယ်လိုလုပ် ရပါ့မလဲ။ အဲဒါကိုပဲ သူ့မိတ်ဆွေ၊ အသိသူငယ်ချင်းတွေကို နှုန်းချပေးလို့တဲ့ တစ်ခါတလေမှာ ရန်လုပ်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးထံမှ အပြုံးတစ်ချက် ထွက်လာသဖြင့် ချမ်းမှာ ဘောက်ဆတ်ဆတ်အသံနှင့် အားရပါးရ တိုင်တောနေမှု တွေကို အရှိန်သပ် ဘရိတ်အုတ်လိုက်ရပါသည်။

"အင်း ... ထွန်းနေမင်းကလည်း အချင်းချင်းတွေ့ဆိုတော့ ဘယ်ပြောမလဲ၊ ဘသော်ကလည်း ပြန်မကြည့်နိုင်ဘူး။ တာဝန်ခံကျတော့ ဒါမျိုး အမှန်တရားတွေထက် အဆင်ပြေ ပါတယ်ဆိုတာမျိုးပဲ ရှိပြောသဗျ။ ခုလို အမှန်အတိုင်းသိ ရတာ ကျေးဇူးတင်တယ်"

"တေဇနှ အကြောင်း သိချင်တယ်"ဆိုတာက အဲဒီ လောက်နဲ့ပဲ ပြီးသွားကာ ဦးဝင်းခန့်က "လိုအပ်တာရှိရင် အလုပ် အဆင်မပြေတာ ပြောင်းလဲလိုတာ တစ်ကြောင်းကြောင်းရှိရင် ဖုန်းလှမ်းဆက်လိုက်နိုင်တယ်"ဟု ဖုန်းနံပါတ်တစ်ခု ပေးခဲ့ကာ ပြန်သွားပါသည်။

သူဟာ တကယ်ပဲ သူ့သားအကြောင်းကို သိချင် တာဟုတ်ရဲ့လား။ မဟုတ်ခဲ့ရင်လည်း ချမ်းနဲ့ တမင်တကာကြီး လာပတ်သက်ခဲ့စရာ ဘာအကြောင်းများရှိရမှာလဲ၊ ဘာညာအတွေး ပွားကာ ချမ်းမှာ အဖြစ်နိုင်ဆုံး ဖြစ်နိုင်ချေကို စဉ်းစားလို့ကို မရ ချေ။ ဆိုင်ရောက်တော့ တစ်မှောက်။

ချမ်းနဲ့ သူ့အဖေ ခုနလေးကတင် တွေ့ဖြစ်ခဲ့ကြ တယ်ဆိုတာကို ဘယ်လိုလုပ် ကြိုသတင်းရ သိနှင့်နေသည် မသိ သော တေဇနက ချမ်းကို ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဆီးကြိုကာ ...





"မင်း ငါ့အဖေကို ငါ့အကြောင်း ဘာတွေ သွားတိုင်တာလဲ"

ချမ်းက ပြန်မဖြေလျှင် သူက စားပွဲကို လက်သီး နဲ့ တဝုန်းဝုန်းထုကာ ...

"ငါ့အဖေလိုလူမျိုးကို ကော်ဖီဆိုင်ထိ ခေါ်ချိန်းပြီး အတိုင် အတော ထူနိုင်ရအောင် မင်းက ဘာမို့လဲ။ မင်းကိုယ်မင်း သိပ်ဟုတ်နေပြီပေါ့လေ"

"ဘာတွေ လာပြောနေတာလဲ၊ ဘယ်သူက ဘယ်သူ့ကို ခေါ်ချိန်းလို့လဲ"

"အေးပါ ... ခုတော့ ပြောင်လိမ်ထားဦးပေါ့၊ တစ်ခုခု ထူး ခြားလာပြီ ဆိုရင်တော့ မင်းနဲ့ ငါနဲ့ အတွေ့ပဲ။ ငါ မင်းကို လုံးဝချမ်းသာမပေးဘူး"

"အမလေး ... ကြောက်လိုက်တာ၊ ဘုရား ... ဘုရား"

အဲဒီမနေ့ကကိစ္စက အဲဒီတင် မရပ်ပါ။ နောက်တစ် နေ့(ဒီမနက်)ကျတော့ ဆိုင်ကို ဝန်ထမ်းတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာချိန်မှာ ကျော်နိုင်တို့လို ဝန်ထမ်းဝတ်စုံ ယူနီဖောင်းနှင့် ဖြစ်နေသော တေဇနဟာ အမြဲလို ဖားလျားချ (သို့မဟုတ်)ပင့်စည်းထားတတ်မြဲ ဆံပင်ရှည်နွယ်များကလည်း Crew Cut ပုံ တိုကပ်ကပ်နှင့်။ ပိုထူးဆန်းတာက မလှလှနှင့် အပြိုင် Mop (လက်ကိုင်ရှည်တပ် ကြမ်းသုတ်ဝတ်)ကြီး တစ်ချောင်း ကိုင်ကာ ကြွေပြားကြမ်းပြင်တွေကို ရေပတ်တိုက်နေလိုက်တာ ကလည်း တကုန်းကုန်းနှင့်။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းဟာ ပါးစပ်အဟောင်းသား ဟ,ကြရကာ ဆိုင်ထဲသို့ပဲ မဝင်ရဲရမလိုလို။ ဆိုင်ဝမှာတင် ငုတ်တုတ်ကြီးလာ ထိုင်ကာ ဘာလုပ်ရမည်မှန်း မကြံတတ်တော့အောင် ဖြစ်နေပုံ သည့် မန်နေဂျာ ထွန်းနေမင်းကိုပဲ အယောင်ယောင် အမှားမှား တွေနှင့် နှုတ်ဆက်ကြရကာ တေဇနဘက်သို့တော့ လှည့်ကြည့်ရဲသူ တစ်ယောက်မှ မရှိကြချေ။

အားလုံးနဲ့အတူနီးပါး ရောက်လာတဲ့ ချမ်းခမျာလည်း အဲဒီလောက်ကြီးတော့ မျှော်လင့်ထားတာ မဟုတ်ရလေရာ လူ များတန်းတူ ကိုထွန်းနေမင်းကိုတောင် သေချာ နှုတ်မဆက်ရဲပါ။ ချမ်းဆိုင်ထဲ ဝင်လာသောအခါ တေဇနက Water cooler ရဲ့ဘေး ကဖန်ခွက်လေးတစ်ခွက်ကို ကြွေပြားကြမ်းခင်းပေါ်သို့ တမင်တကာ ကြီး ပေါက်ခွဲချပစ်လိုက်သည်။

ဝန်ထမ်းတွေအားလုံး ကြောင်နေကြစဉ်မှာ ဖန်ခွက် အကွဲစတွေကို လိုက်ကောက်သိမ်းမည့်သူဆိုလို့ မလှလှနှင့် ထွန်း နေမင်းတို့ပဲရှိသည်။ ဒီနောက်မှာတော့ တေဇနဟာ ပုပ်သိုးနီရဲနေ သော မျက်နှာကို အချိုးပြင်ကာ ဝန်ထမ်းအားလုံးရဲ့ စားပွဲတွေကို လိုက်သုတ်၊ စာရင်းစာအုပ်တွေကိုစီ၊ ကွန်ပျူတာတွေကိုဖုန်ခါ လိုက် လုပ်နေတဲ့အတွက် အားလုံးဟာ သူလာလုပ်နေခိုက်မှာ သတိအနေ အထားကြီးတွေနဲ့ ဖြစ်နေကြရ။ အချင်းချင်း (တိတ်တဆိတ်)မျက်ေ ပစ်ကြရ။





တေဇနကတော့ (အရွဲ့တိုက်နေတာမှန်း သိသာလွန်း သော) အရိုးခံမျက်နှာလေးကို တမင်ဆင်ထားကာ "မင်္ဂလာပါ ခင်ဗျာ၊ ကျွန်တော် ဒီရုံးခန်းကို အသစ်ရောက်လာတဲ့ သန့်ရှင်း ရေးဝန်ထမ်း တေဇနပါ။ မလှလှနဲ့ တွဲဖက်လက်ထောက်ဖြစ်ပါ တယ်။ အလိုရှိတာမှန်သမျှ ကျွန်တော့်ကို ပြောပါ။ ကူညီလက်တွဲ ခေါ်ကြပါ ခင်ဗျာ"စသည်ဖြင့်တွေပါ အော်ဟစ်မိတ်ဆက်နေချေ လေတော့သည်။

ယောင်ယမ်းပြီး ခေါင်းပြန်မညိတ်၊ သွားမဖြဲပြမိ သူမှာ ချမ်း တစ်ယောက်သာရှိသည်။ အသည်းမာတတ်သော ယမင်းပင်"ဟုတ်"ဟု မပွင့်တပွင့် တစ်ခွန်းတော့ ပြောလိုက်မိ သည်သာ။ ချမ်းကလည်း "ငါနိုင်ပြီ"လို့ အထက်စီးကြီးကနေ ဂုဏ်မောက်နေမိလို့ "ဟုတ်"တစ်လုံးတောင် ပြန်ထွက်မပေးနိုင် တာ မဟုတ်ရပါ။ အခြေအနေတွေကို အံ့သြရလွန်းလို့ ဖြစ်ပါ သည်။

ချမ်းရဲ့စကားတွေဟာ အဲဒီလောက်အထိ တာသွား၊ အစွမ်းထက်နေမယ်မှန်းသာ ကြိုသိခဲ့ရင် ချမ်း အဲဒီလောက် အား ပါးတရကြီး ဂုံးချောသလိုလုပ်မိ၊ ထွက်မိခဲ့မည် မထင်ပါ။ သူ့ အဖေ နေမင်းကြီး ဦးဝင်းခန့်ဟာ ဒဏ်ပေးကလည်း ရက်စက်လွန်း၊ ပြီးကျတော့ ချမ်းလို သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ စကားကို အလေးထား၊ ဂရုစိုက်လွန်းရာကော ကျမနေပေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမှာ မနေ့ကပဲ ပြောထားသေးသော "ငါမင်းကို လုံးဝချမ်းသာမပေးဘူး"ဟူသည့် စကားကြီးကိုပဲ ပြန်ပြန်ကြား ယောင်နေတော့ကာ ဘာများဖြစ်လာမလဲ၊ ဘယ်တော့ ဘာထလုပ်တော့မှာလဲ ဆိုတာကိုပဲ မျှော်စောင့်နေရသလို ဖြစ်နေပြီး အလုပ်လုပ်နေရတာ နောက်ကျောတောင် မလုံချေ။

နေ့လယ်လောက်ကျတော့ စောင့်မျှော်နေခဲ့ရသည့် တိုက်ကွက်က စတင်လာသည်။ "မချမ်းမြမြ ဖုန်းလာတယ်"ဟု မလှလှက အော်လိုက်သဖြင့် ချမ်း သွားကိုင်လိုက်သောအခါ ...

"ချမ်းလား"

"ဟုတ်ကဲ့ရှင်၊ ဘယ်သူပါလဲ"

ယောကျ်ားသံမှန်းတော့ သိကာ၊ အသံက သိပ်မကြားဖူးတဲ့ပြင် တစ်မျိုးထူးဆန်းပြီး သတ္တုသံရှတတလိုလို ဖြစ်နေသည့်အသံစိမ်း။

"နေမင်း"

"ရှင် ! "

"နေမင်းပါ ... နေမင်း ... ဟင်း ဟင်း ဟင်း ဟင်းဟင်း"

ချမ်းက တာဝန်ခံရုံးခန်းထဲသို့ ဖျတ်ခနဲ နောက်ပြန် လှည့်ကြည့်လိုက်သည်။ ခါတိုင်းတွေများဆို ဆိုင်ကို တစ်ပတ်မှ တစ်ခါ နှစ်ခါလောက် ဖျတ်ခနဲပေါ်လာကာ အလာကျဲတတ်သော၊ တာဝန်ခံနဲ့ပဲ ဆက်သွယ်ပြောဆို တာဝန်ပေး အုပ်ချုပ်တတ်လေ့ ရှိသော ကိုထွန်းနေမင်းဟာ ဒီကနေ့တော့ ဘာစိတ်ကူးပေါက်သည်





မသိ၊ မှိုးလင်းထဲကရောက်နေတာ ခုထိမပြန်သေးဘဲ တာဝန်ခံရဲ့ ရုံးခန်းထဲမှာ ဝင်ထိုင်နေခဲ့တာပါ။ သူ့အစား တာဝန်ခံဦးလေးကြီး က ဟိုဘက်ဆိုင်သို့ သွားရသည်။

ချမ်းတို့ကတော့ ပြဇာတ်ကြောင့် ပေါက်ကွဲသောင်း ကျန်းနေနိုင်သည့် သူ့သူငယ်ချင်းကိုထိန်းဖို့ ရောက်နေရတာလို့ ထင်တာပေါ့လေ။ ခုတော့ ...။ ချမ်း လှည့်ကြည့်လိုက်စဉ်မှာ ချမ်းတို့အပြင်ခန်းဘက်သို့ ကျောပေးထိုင်ထားလျက်သား ရှိနေသော ကိုထွန်းနေမင်းက အဟုတ်ပင် လက်ထဲမှာ ဟဲန်းဖုန်းနှင့်။ နား ရွက်မှာ လက်ကပ်လို့။

သို့သော် ချမ်းကအဲဒီလောက်နှင့်တော့ အလွယ်တကူ လက်မခံလိုပါ။ ဟိုစိတ်ပုပ်သတ္တဝါကိုလည်း တစ်ဆိုင်လုံးမှာ လှည့်ပတ်ရှာဖွေလိုက်သော် မနက်ကတော့ အရွဲ့တွေတိုက်ပြီး အလုပ်ကြိုးစားပြနေခဲ့သူသည် ခု ဆိုင်ထဲမှာမရှိ။ ချမ်းကလည်း ဖွမလျှော့ပါ။

နောက်ဘက်ခန်း၊ ဆိုင်အပြင်တွေအထိ ကုန်းကိုင်းပြီး လိုက်ရှာဖွေလိုက်သော်၊ တွေ့ပါပြီ။ သူသည်လည်း ဟဲန်းဖုန်းတစ် လုံး နားရွက်နားကပ်လို့ပင်ဖြစ်သော သတ္တဝါက ဆိုင်အပြင်ဘက်၊ လမ်းတစ်ဖက်ကမ်း၊ ဟိုဘက်ပလက်ဖောင်းပေါ်မှာ။

အမယ် ...။ အတင်းကြီး ကုန်းကိုင်း လိုက်ရှာဖွေနေ သော ချမ်းနှင့် မျက်လုံးချင်းဆုံမိတော့ မျက်နှာရွဲ့ကြီးနှင့် စေ့စေ့ တောင် လာကြည့်ပြနေလိုက်ပါသေး။ ချမ်းက စိတ်တိုတိုနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာကိစ္စ ကျွန်မဆီ ဆက်တာလဲ၊ ဘာသဘောလဲ၊ ရီးတီးရားတားတော့ လုပ်မယ်မကြံနဲ့နော်"

"ဟာ ! ချမ်း၊ ဘာတွေ ပြောနေတာလဲ"

"ဒီမယ် တေဇနေ၊ ရှင် ခုလိုဖြစ်သွားတာ ကျွန်မ ရည်ရွယ်ပြီးလုပ်တာ မဟုတ်ဘူး၊ ရှင့်အဖေ မေးလာတဲ့အကြောင်းတွေကို အရင်းအတိုင်း ပြောပြမိတာပဲ ရှိတယ်။ အပိုလည်း တစ်ခွန်းမှ မထည့်ဘူး၊ သူ့ကို ကျွန်မကစ,ဆက်သွယ်ခဲ့တာလည်း မဟုတ်ဘူး။ ဒီလို ဒဏ်ပေးပေးပါလို့ ပြောဖို့ဝေးလို့ အဲလောက်ထိ ဖြစ်သွားရလားဆိုတာ ကျွန်မကိုယ်တိုင် အံ့ဩလို့ မဆုံးဘူး"

"ချမ်း ... ကိုယ် ... နေမင်းပါ"

"ဒါဖြင့် ရှင်းရှင်းပြောပါ၊ နေမင်းကလေးလား၊ ထွန်းနေမင်းလား"

"ချမ်းအတွက် နေမင်းဟာ လောကကြီးမှာ ဘယ်နှယောက်များ ရှိနိုင်လို့လဲ ... ဟဲ ဟဲ ဟဲ ဟဲ ..."

ချမ်းသည် အံကလေးကို တင်းတင်းကြိတ်ရင်း ...

"ကဲ ... ဒါဖြင့် ရှင် ကျွန်မကို ဘာပြောချင်သလဲ ပြောပါ။ ဘယ်နေမင်းပဲဖြစ်ဖြစ် ရှင်ကမှ ပြောစရာရှိရင် ကျွန်မက နားမထောင်နိုင်စရာ ဘာအကြောင်းမှ မရှိဘူး။ ပြော။ ပြောလိုရာကို မြန်မြန်ပြော၊ လိုရင်းပြော"





"လမ်းဘေးဖုန်းတွေမှာ ကပ်ထားတဲ့ စာသားကြီး ကျနေတာပဲ၊ အိုကေလေ ... ဒါဖြင့်လည်း ပြောလိုရာကတော့ ချမ်းကို ကိုယ်ချစ်နေတယ်၊ လိုရင်းကတော့ ချမ်းကော ကိုယ့်ကို ဘယ်လိုလဲ၊ ဒါပဲ"

"ဘာပြောတယ်"

ချမ်းသည် တအားကြီး ဟစ်အော်ပေါက်ကွဲလိုက်မိပြီးမှ ဝိုင်းလှည့်ကြည့်လာကြသည့် ဆိုင်ထဲမှ လူများရဲ့ အကြည့်တွေအောက်မှာ သက်ပြင်းပူကြီးတစ်လုံးနှင့်အတူ မျက်နှာကြောကိုပါ လျှော့ချလိုက်ရရင်း ...

"ဘယ်လိုယောက်ျားမျိုးလဲ မသိဘူး၊ ယောက်ျားမှ ဟုတ်ရဲ့လား မသိဘူး"

ပြီးသည်နှင့် ချမ်းက ဖုန်းကို ချပစ်လိုက်တော့ကာ ကိုယ့်နေရာကိုယ် ပြန်လျှောက်လာရင်း ဖုန်းတစ်လုံးစီ ကိုယ်စီနှင့် နေမင်း နှစ်ယောက်စလုံးကို တစ်လှည့်စီ ကြည့်လိုက်သော် နှစ်ယောက်စလုံးဟာ သူတို့ရဲ့ဖုန်းလေးတွေကို အသီးသီးပင် နားရွက်တွေကနေခွာကာ ကိုယ်စီပိတ်လိုက်ကြပြီ။ တိုက်ဆိုင်တာလား။ တမင် ကြိုတင်အကွက်ချ ကြံစည်ကြတာလား။

အကယ်၍ သူက ဒီလိုစီစဉ်အကွက်ချရင်တောင် ကိုထွန်းနေမင်းဟာ လိုက်လံဆောင်ရွက်ပေးမည့်သူလား။ ယောက်ျားပီပီသသနှင့် အေးဆေးငြိမ်းချမ်းတတ်ပုံရသည့် အထက်တန်းစားယောက်ျားကောင်းတစ်ယောက်ဟာလေ။ ဒီလိုလုပ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမှာ ကိုယ့်စားပွဲကိုယ် ပြန်လာ ဝင်ထိုင်ရင်း တနုံ့နုံ့၊ တအင့်အင့်၊ တနင့်နဲနဲ ရှိနေရဆဲ အပြင်ဘက် တစ်ဖက်ကမ်းမှလူက ဆိုင်ထဲ အပြေးပြန်ဝင်လာကာ ...

"ထွန်းထွန်းရာ ... မင်းဆိုင်စုတ်က မှန်တွေနဲ့ ပိတ်ကာထားတာနဲ့ ဖုန်းလိုင်းက မမိချင်ဘူး၊ အပြင်ထွက်ပြောရင်း၊ ပြောရင်းက လမ်းတစ်ဖက်ကမ်းရောက်ရော၊ နေပူလိုက်တာ၊ သူတောင်းစား ...

နေပါဦး ... သန့်ရှင်းရေးဝန်ထမ်းနဲ့ ဟဲန်းဖုန်းနဲ့ဆိုတာရော အလိုက်ကျရဲ့လား။ မကျဘူးလို့ပြောမယ့်သူ မရှိရအောင် မလှလှကြီးကိုပါ မင်းပိုက်ဆံနဲ့ စိုက်ထုတ်ပြီး တစ်လုံး ဝယ်ပေးလိုက်ပါလား ... ဟား ဟား ဟားဟား"

ပေါက်ကရတွေ အော်ဟစ်ပြောဆိုကာ အနောက်ဘက်ထဲက တာဝန်ခံရဲ့ ရုံးခန်းလေးဆီထိ တိုက်ရိုက်ပြေးဝင်သွားလေပြီ။ ချမ်းဘက်ကိုတော့ ယောင်လို့မျှတောင် လှည့်မကြည့်သွား။ ချမ်းမှာသာ မျက်စိလေးစွေကာ လိုက်ချောင်းနေမိရင်း သူ့ရဲ့အပြင်က အသံနဲ့ရော ကိုထွန်းနေမင်းရဲ့ အပြင်သံနဲ့ပါ မတူလေတဲ့ ခုနက ခပ်ရှရှ အသံတစ်ခုအကြောင်းကို ခေါင်းပူခြောက်လာအောင်ပင် စဉ်းစားနေမိရပါသည်။

ဘယ်လိုပင်ဖြစ်ပစေ ဒါဟာ ဘယ်နည်းနဲ့မှ မှန်ရာကန်ရာ မဖြစ်နိုင်သော၊ တမင်သက်သက် ခိုးချေစော်ကားလိုမှု





တစ်ခုသက်သက်ဆိုတာ ချမ်းက သေချာပါသည်။ ချမ်းသိလိုတာက သူ့လိုတော့ အောက်တန်းမကျ၊ စိတ်မပုပ်၊ လူ့ဗလွတ်ရွတ်တတစ်ယောက် မဟုတ်တဲ့ ကိုထွန်းနေမင်းကပါ ဒီကိစ္စမှာ ကြံရာပါ ဟုတ်သလား မဟုတ်ဘူးလား။

နောက်ဆုံးမှာတော့ အသည်းယားရခြင်းရဲ့ဒဏ်ကို တစ်ယောက်တည်း ဆက်ငြိမ်ခံမနေနိုင်တော့သည့် ချမ်းသည် သူတို့သူငယ်ချင်းနှစ်ယောက် ရှိနေရာ ရုံးခန်းလေးထဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် လှမ်းဝင်လာခဲ့ပါတော့သည်။

နှစ်ယောက်လုံးထံ မပြတ်အကဲခတ်နေလေသောအခါ ချမ်း အခန်းထဲ ဝင်လာသည်နှင့် ရုပ်မပျက်တတ်သော သတ္တဝါက မဆိုစလောက်ကလေး၊ အနည်းငယ်ကလေး တစ်မျိုးလေး ဖြစ်သွားကာ ကိုထွန်းနေမင်းကတော့ "ဩော် ... ချမ်းမြမြပါလား"ဆိုတဲ့ အမူအရာထက် အနည်းငယ်မျှကို မပိုချေ။

"စကားနည်းနည်း ပြောချင်လို့ပါ၊ ခုနက ကျွန်မဆီကို ဒီဆိုင်ရဲ့လိုင်းဖုန်းကို ဖုန်းလာပါတယ်။ ယောကျ်ားတစ်ယောက်ပါ၊ နေမင်းလို့ ပြောပါတယ်။ ခပ်တိုတို ပြောရရင်တော့ အဲဒီတစ်ယောက်က ကျွန်မကို ရည်းစားစကား ပြောသွားပြီး အဖြေတောင်းသွားပါတယ်"

"ဝိုး ... ဝိုး ... ခေသူမဟုတ်၊ ခေသူမဟုတ်"

တေဇနက လက်ခုပ်နှစ်ချက်လောက်ပင် ထတီးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ "ရဲရင့်တယ်ကွာ"ဟုလည်း လက်သီးလက်မောင်းတန်းရင်း ဩဘာပေးလိုက်သေးသည်။ ကိုထွန်းနေမင်းကတော့ လှုပ်ခတ်နေသည့် သူ့သူငယ်ချင်းကို တစ်ချက်လှမ်းကြည့်ကာ လှုပ်ခါနေသည့် လက်တွေကို သူ့လက်နှင့် တစ်ချက် လှမ်းရိုက်ကာ ဟန့်တားသည်။

"နေမင်းလို့ဆိုတော့ ကျွန်မ ဖုန်းပြောနေရင်း ဒီရုံးခန်းထဲကိုလည်း ကြည့်တယ်။ သူ့ကိုလည်း လိုက်ရှာပြီးကြည့်တယ်။ အဲဒီမှာ တွေ့တာ နှစ်ယောက်စလုံး ဖုန်းပြောနေကြတယ်။ ကျွန်မ ပြောချင်တာကတော့ ကျွန်မကို အဲဒီလို မခန့်လေးစားလုပ်ပြီး သိက္ခာချချင်တာ ဘယ်သူ့လက်ချက်လဲဆိုတာကတော့ ပြောနေစရာ မလိုပါဘူး၊ သိပါတယ် ...

ဒါပေမဲ့ ဒီကိစ္စမှာ 'ဘယ်နေမင်းလဲ'လို့ အငြင်းပွားလို့ရအောင် ကိုထွန်းနေမင်းကပါ သူ့စိတ်ကြိုက်၊ သူ ဇာတ်ကွက်ချပေးသလို ဝင်ပါဟန်ဆောင်ပေးတာလား။ ဒါမှမဟုတ် ဘာမှမသိလိုက် မပါလိုက်ရဘဲ တကယ်ပဲ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဖုန်းပြောနေဖြစ်တာလား ...

ကျွန်မ ကိုထွန်းနေမင်းကို လေးစားပါတယ်။ ကျွန်မအပေါ်မှာ ကျေးဇူးလည်း ရှိပါတယ်။ အဲဒါလေးတစ်ချက်ကတော့ ဘယ်လိုမှ ငြိမ်နေလို့မရအောင် သိချင်လာလို့၊ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ..."





"ဟာ ! ... ဘာဆိုင်လဲ၊ ဘာတွေ လာစွပ်စွဲနေတာလဲ၊ ဟား ဟား ... ဘယ်ကမှန်းမသိ၊ ဘာမှန်းမသိ ကိစ္စကို ထွန်းထွန်းက ဘယ်ကညပ်ပါရမဲ့ စားစားခံလဲ။ ဘာလဲ ... ဇာတ်လမ်းလား။ ဒီမှာ မသိရင်၊ သိချင်ရင် မြဲမြဲမှတ်။ ခုန က ငါနဲ့ ထွန်းထွန်းနဲ့ ဖုန်းပြောနေကြတယ် ...

ငါ့အဖေ ငါ့အပေါ် ချမှတ်တဲ့ အပြစ်ဒဏ်တွေ အကြောင်း ပြောနေတာ။ ငါတို့က အဲဒီလိုပဲ၊ တစ်ခါတလေကျ မျက်နှာချင်းဆိုင်ထိုင်ပြီးလည်း ဖုန်းနဲ့ပြောချင် ပြောကြတာပဲ။ အထဲမှာ လိုင်းမကြည်လို့ ငါ့ဘာသာပြောရင်း ပြောရင်း လမ်းမပေါ်ထွက်ပြီး ဟိုဘက်ကမ်း ရောက်ရတာ၊ မင်းက ငါကပဲ မင်းဆီကို ဆက်ရပါတယ်လို့ စွပ်စွဲတာလား။ ဒါမှမဟုတ် ထွန်းထွန်းကတဲ့လား။ ဟား ဟား ဟား ...။ တော်ရုံစိတ်ကူးယဉ်ပါကွာ"

ချမ်းရဲ့မျက်နှာပြင် တစ်ခုလုံးဟာ ပုရွက်နီတွင်းထဲ မှောက်ရက်လဲကျသွားသလို ခံစားလိုက်ရတော့သည်။ ဖြစ်ပျက် ခံစားသွားသော ချမ်းရဲ့မျက်နှာနဲ့ ထွန်းနေမင်းတို့ မျက်လုံးချင်းဆုံမိကြသလို ငါးစက္ကန့်လောက် ဖြစ်သွားကြပြီးလျှင် ထွန်းနေမင်းသည် သက်ပြင်းကြီးတစ်ခုကို ရှည်လျားစွာ ချလိုက်ကာ ...

"ဟော့ကောင် မောင်တေ၊ မင်း လိုက်နှောက်မနေနဲ့ကွာ။ ခဏလောက် ပါးစပ်ပိတ်ထားစမ်းပါ။ ဒီကောင် အလကား ပြောနေတာပါ ချမ်းမြမြ၊ သူနဲ့ ကျွန်တော်နဲ့ ဖုန်းစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတာ မဟုတ်ပါဘူး၊ သူ့ဘာသာ တစ်ယောက်ယောက်နဲ့ ဖုန်းပြောနေခဲ့တာကတော့ ဒါ ... တကယ့်တိုက်ဆိုင်မှုပဲ ဖြစ်ပါလိမ့်မယ်”

“ဟာ ... ဟော့ကောင်၊ မင်းက ဘာလဲကွ၊ ဟော့ကောင် ... ဘာလဲ”

“ချမ်းမြမြဆီကို လှမ်းဆက်လိုက်တာ ကျွန်တော်ပဲ၊ အဲဒီနေမင်းက ထွန်းနေမင်းပါ”

“ဟာ ... ! ”

တေဇနေထံမှလည်း အော်သံကျယ်ကြီးတစ်ခု ထွက်လာကာ ချမ်းသည်လည်း အသံကသာ အပြင်ထွက်မလာတယ်၊ ရင်ထဲမှာတော့ “ဟင်”ခနဲ အကျယ်ကြီးပင် မြည်ဟီးတုန်ခါလို့သွားပါသည်။

“မခန့်လေးစားသဘောနဲ့ သိက္ခာချချင်တာလို့ ထင်သွားရင်တော့ တောင်းပန်ပါတယ်၊ အဲဒီသဘောမျိုးနဲ့လည်း မဟုတ်ပါဘူး”

တေဇနေသည် ကျောက်ရုပ်ကြီးလို ဖြစ်နေရာက ထွန်းနေမင်းကိုတစ်လှည့်၊ ချမ်းကိုတစ်လှည့် တစ်လှည့်စီ အကြိမ်ကြိမ် အဖန်ဖန် ဆိုသလို ကြည့်နေတော့သည်။ ပြီးလျှင်တော့ ဒေါသတွေပွလာသလို ဘယ်လိုမှ စိတ်မထိန်းနိုင်တော့သလို “ဟာ” ဟု အကျယ်ကြီးဆွဲအော်ပစ်ကာ တာဝန်ခံအခန်းငယ်လေးထဲက ပြေးထွက်သွားလေတော့သည်။





အံ့သြရလွန်းခြင်းရဲ့ ရိုက်ခတ်မှုအရှိန်နဲ့ ဆွံ့အနားကြားသူ တစ်ယောက်လို ထုံထုံကြီးဖြစ်၊ ကြက်သေ,သေလျက်ရှိနေသော ချမ်းသည်လည်း ကိုယ့်နေရာကိုယ် ဘယ်လိုလုပ် ပြန်ရောက်လာခဲ့သလဲတောင် မသိနိုင်ပါတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ဒီနောက်မှာတော့ ချမ်းမြမြသည် ကိုယ့်ကိုယ်ကိုယ် "ငါဘာကောင်ပါလိမ့်"ဆိုတာတောင် ဂဃနဏ မသိနိုင်တော့သည့် ဘဝတစ်ခုသို့ ရောက်ရှိသွားလေတော့သည်။

ချမ်းဟာ "ချမ်းမြမြဆိုကို လှမ်းဆက်လိုက်တာ ကျွန်တော်ပါ၊ အဲဒီနေမင်းဟာ ထွန်းနေမင်းပါ"ရယ်လို့ ဝန်ခံခဲ့သူတစ်ယောက်ကို "ဒါဖြင့် အဲဒါ တကယ်ပဲ ကျွန်မကို propose လုပ် လာကမ်းလှမ်းခဲ့တာပေါ့နော်၊ ကျွန်မဘက်က ဆန္ဒကဘယ်လိုရှိမလဲ ဆိုတာ ပြန်စဉ်းစား အချိန်ယူပြီး အဖြေပေးရမှာပေါ့နော်"ဟုလည်း တစ်ခါမှ သေသေချာချာ မေးကြည့်ခွင့်မရှိလိုက်။

"မေးကြည့်မှ ဖြစ်မှာပေါ့"ဟု မေးမယ်ကြံတိုင်းလည်း နှုတ်ဆွံ့ လျှာဆွံ့ကြီး ဖြစ်နေခဲ့ရကာ တည်ကြည်အေးချမ်းလျက်ရှိတတ်သည့် ကိုထွန်းနေမင်း၏ မျက်နှာထားက ချမ်းကို အလိုလိုနေရင်း ရှိန်နေ၊ တိတ်ဆိတ်နေစေတတ်သည်။





"ပြောလိုရာကတော့ ချမ်းကို ကိုယ်ချစ်နေတယ်။ သို့ရင်းကတော့ ချမ်းကော ကိုယ့်ကို ဘယ်လိုလဲ၊ ဒါပဲ"ဆိုတဲ့စကားဟာ အဲဒီလောက် တည်ကြည်ငြိမ်းချမ်းနေတတ်တဲ့ မျက်နှာကောင်းတစ်ခုက ထွက်လာတဲ့စကားပါ ဆိုတာကိုလည်း ယုံရခက်ခက်ကြီး ဖြစ်နေသည်။ ထုတ်ဖော်ဖွင့်ဟလို့ကလည်း မမေးရဲ။

"ဘာတွေ ဒုက္ခရောက်နေရတာလဲ၊ ကိုယ့်ဘာသာကိုယ် ဒီတိုင်းပဲ ပိုနေမြဲ ကျားနေမြဲ မသိလိုက် မသိဘာသာလေးပဲ နေလိုက်ပေါ့၊ တကယ်အလိုရှိတဲ့ ယောကျ်ားမှန်ရင် ကိုယ့်ဘက်က တအားငြိမ်နေတဲ့အခါ သူတို့ဘက်ကပဲ စတင်၊ ထပ်မံ ဖွင့်ဟလာပါလိမ့်မယ်၊ အချိန်တစ်ခုကိုစောင့်ပေါ့"

အဲဒီလို ကိုယ့်ကိုယ်ကိုယ် အမြဲသတိပေး၊ အားတင်း၊ အားချနေရပေမဲ့ (မရှက်တမ်းနဲ့) ရှင်းရှင်းပြောရရင်တော့ ချမ်းဟာ ဖုန်းထဲကပဲ အဲသလို (အဲသလောက်)လေး ဖွင့်ဟသွားပြီး နောက်ထပ် ဘာမှထပ်ဟမလာတော့မှာ၊ ကိုယ့်ဘက်က ပိုနေမြဲ ကျားနေမြဲ မလုပ်ရဘဲ သူ့ဘက်ကသာ ပိုရော ကျားပါ နေမြဲနေမြဲ ဖြစ်နေကြမှာကိုတော့ ချမ်းက စိုးထိတ်မျှော်မောမိသေးသည် သကွယ်။

အဲဒါ ...။ ဘယ်လိုပြောရမလဲလည်း မသိဘူး။ ချမ်းမှာ မိခင်ကလည်း မရှိတော့၊ တိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်းကောင်း ဆိုတာကလည်း သိပ်မရှိတော့ ခက်လှသည်။)

အဲဒါ ချမ်းက အဲဒီ ကိုထွန်းနေမင်းဆိုတဲ့ အင်မတန်တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဤကြွေရ၊ ဝါတော်ရှစ်ဆယ်ရ ပုဂ္ဂိုလ်ကို တစ်ထိုင်တည်း၊ မနေနိုင် မထိုင်နိုင်၊ ဖျပ်ဖျပ်လူး၊ ပြန်လည်စိတ်ဝင်စား၊ ချစ်ခင်သွားလို့ မဟုတ်ရကြောင်း ဆိုတာကတော့ သေချာပါသည်နော်။

ဘယ်လိုလဲဆိုရင် တန်းတူရည်တူ တူတူတန်တန် ထဲက လေးလေးစားစားနဲ့ တန်ဖိုးထား ချဉ်းကပ်မှုမျိုးကို တစ်ခါမှ မကြုံဖူးရသေးဘဲ အချောင်ရမလားလို့ ကပ်ချင်နေကြသူ အောက်တန်းစားတွေနှင့်ချည်းပဲ ကြုံဖူးရှာတဲ့သူမို့ သူလိုကိုယ်လို တန်းတူရည်တူထဲကတောင် မဟုတ်။ မိန်းကလေးတစ်ရာမှာ ကိုးဆယ်လောက်က ပြန်စိတ်ဝင်စားကြမယ့်သူမျိုးတစ်ယောက်ရဲ့ "ကျွန်တော်ပါ"ဆိုတဲ့ ဝန်ခံမှုတစ်ခုမှာ သာယာမိန်းမောနေမှု သက်သက်သာ ဖြစ်ပါသည်။

အဲဒီအဖြစ်အပျက်ဟာ ဆပ်ပြာပူဖောင်းလေး မှုတ်လိုက်သလို ခဏတွင်းချင်းနဲ့ "ဖျတ်"ခနဲပြန်ပျောက်ကွယ်၊ ကွဲကြေပျက်စီး၊ ဘာမှမဟုတ်တော့ဘဲ ဖြစ်သွားတော့မှာကို နှမြောခြင်းကြီးစွာ၊ မကြုံလိုခြင်းသက်သက်သာ ဖြစ်ပါသည်။

ချမ်းဟာ ကိုထွန်းနေမင်းကို တစ်ထိုင်တည်းနဲ့လည်း မချစ်ဘူး။ နောင်တစိမ့်စိမ့်နဲ့ ချစ်လာမယ် မချစ်လာနိုင်ဘူးဆိုတာ လည်း မသေချာဘူး။ သို့သော် ချမ်းရဲ့နောင်ရေး၊ ရှေ့ရေးတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချနိုင်မှုတွေ၊ စိတ်ဓာတ်ခွန်အားတွေ အတွက် သူ့ကို ပြန်စဉ်းစားခွင့်၊ အဖြေပေးခွင့် ဆိုတာမျိုးကိုတော့ ရချင်သေးသည်။ အဲဒီလိုသာ ဖြစ်ပါသည်။





ဒါပေမဲ့လည်း ကိုယ့်ဘက်ကပဲ အတွေးတွေ ဆုံးဖြတ်မှုတွေ၊ မျှော်မှန်းမှုတွေ၊ ကိုယ့်ဘာသာ ပြန်သတိပေး စိတ်တင်းမှုတွေနှင့် တစ်ယောက်တည်း လုံးလည်ချာလည် လိုက်နေခဲ့ရပြီး၊ တစ်ဖက်ကကျတော့ သူ့ဝသီအတိုင်း တည်ငြိမ်ဣန္ဒြေရနေလိုက်တာ။ "သေချာအောင် ထပ်ဖွင့်မေးမယ်၊ ထပ်မေးကြည့်မယ်"ဆိုသော ချမ်းသည်သာ ချီတုံချတုံတွေနှင့် နောက်ဆုံး အသည်းတွေ သွားပြီး နှလုံးရောဂါ ရချင်ရလာမည်။ သူကတော့ အေးအေး ဆေးဆေးမှ တကယ့် အေးအေးဆေးအေးသာ။

ဒါဖြင့်လည်း "အဲဒီတုန်းက အသာလေးဝင်ပြီး အခြေအနေကို ထိန်းသွားတာ။ သူ့သူငယ်ချင်းရဲ့ မတော်မတရားမှုကို င်အဖတ်ဆည်သွားတာ။ မိန်းကလေးဖြစ်သူရော ဟိုဗလွတ်ရှတ်တ ါ အနေရသက်သာအောင် ဝင်ပြောသွားတာ၊ တကယ်က ဘာမှ ဟုတ်ဘူး"ဟု ထင်လိုက်ရတော့မလား ဆိုတော့လည်း မဟုတ် န်ချေ။

ချမ်းနှင့် အလုပ်မဝင်ခင်ကလည်း အလျဉ်းမသိကျွမ်း။ အလုပ်ဝင်ပြီးပြန်တော့လည်း သေချာကြီးထပ်သိလာဖို့မရှိ။ ပုံမှန် အလုပ်ရှင်နဲ့ ဝန်ထမ်းမှာမှ အလုပ်ခွင်ထဲကို သိပ်တောင်အရောက် ပေါက် မရှိခဲ့တဲ့ အလုပ်ရှင်မျိုးမို့ ရင်းနှီးပတ်သက်ဖို့ အကြောင်း ရှိခဲ့ကြတဲ့ ကိုထွန်းနေမင်းနဲ့ ချမ်းတို့ဟာ ဒီနောက်ပိုင်းမှာ တ်တရက် ခင်မင်သလိုလို၊ သိကျွမ်းလာကြသလိုလို၊ အဆက် ်တွေပဲ များလာရသလိုလို ဖြစ်လာရတာကကော ဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ဘူး၊ အခြေအနေကို ဝင်ထိန်းလိုက်ရုံ" ဆိုရင် သူဟာ ခါတိုင်းလိုပဲ ဒီဆိုင်ကို တစ်ပတ်မှ တစ်ခါလောက် ပေါ်လာနေလည်း ရသည်။ ပေါ်လာတဲ့အခါ ဘယ်တုန်းကမှ (တမင်တကာကြီးသဘော) အသိအမှတ်ပြု လှည့်နှုတ်မဆက်ခဲ့ဖူးတဲ့ ဝန်ထမ်းမိန်းကလေးကို အခါတိုင်းလိုပဲ မသိလိုက်မသိဘာသာ ဖြတ်ကျော်လျှောက်သွားလိုက်လည်း ရသည်။

သို့သော် သူက ဆိုင်သို့ နေ့တိုင်းလည်း ရောက်သည်။ မနက်တစ်ခေါက် ညတစ်ခေါက်လည်း ရောက်သည်။ ရောက်တိုင်းလည်း ချမ်းနဲ့ (တမင်တကာ)စကားလက်ဆုံကျ စကားဝင်ပြောသွားတာမျိုး ရှိသည်။ တစ်ခါတစ်ရံကျ ကားကြုံ ခေါ်တင်တာမျိုးလည်းရှိသည်။

(တဝေးတလံ အိမ်အထိတော့ မဟုတ်ပါဘူး၊ ဟိုဘက်ဆိုင်နဲ့ ဒီဘက်ဆိုင် စာရင်းစာအုပ်တွေ၊ ပစ္စည်းတွေ ပို့စရာရှိတဲ့ အကူးအသန်းလို အချိန်မျိုးမှာပါ။ အမယ် ... အဲသလောက်လေးပဲ ဆိုပေမဲ့ အဲဒါမျိုးကိုပဲ အရင်အချိန်တွေတုန်းကဆို သူလည်း အဲဒီဆိုင်ကိုပဲပြန်မှာ လမ်းကြုံကြုံကြီး ဖြစ်ပါရက်။ ဘယ်မိန်းကလေးကိုပဲဖြစ်ဖြစ် ခေါ်ချင်မှ ခေါ်တာနော်။ မခေါ်တာကများသည်။ တမင်တကာကို တသီးတခြား နေပြတတ်သည့် သဘောမျိုးထင်ရပါသည်။)

ကဲပါလေ ...။ အဲဒီလောက်ကလေးတွေနဲ့ကတော့ အလုပ်ရှင်နဲ့ ဝန်ထမ်း။ (ဝန်ထမ်းဘက်က ထူးခြားမှု ရှိလာပေမယ့်)





ကိုယ်လိုရာ ဆွဲဆက်မတွေးကြေး။ ဘာမှ မဖြစ်စလောက်လေးတွေပါလို့ ပြောလို့ရသည်ပဲ ထားပါစို့။ ဒီလိုဆိုရင် အဲဒီလောက်ကလေးမက,တဲ့ ဒါတွေကကော ဘာများဖြစ်နိုင်ပါမလဲရှင်။

"တနင်္လာနေ့ကျရင် ကျွန်တော် ချမ်းမြမြကို တွေ့ပေးစရာလူနှစ်ယောက်ရှိလို့ တစ်နေရာရာမှာ ချိန်းချင်ပါတယ်၊ အဲဒီနေရာကို ကိုယ့်ဘာသာပဲ လာလိုက်မလား။ ကျွန်တော် လာခေါ်ပေးဖို့ လိုမလား"

တော်တော်ခွကျသည့် လူမျိုးပေလားမသိ။ "လာခေါ်ပေးပါ"ဆိုရင် ချမ်းမှာ တမင်သက်သက် အခွင့်အရေးယူချင်ရာက ကျရဦးမည်။ သူ့ဘာသာ ဘာမှပြောဆိုမေးမြန်းမနေဘဲ အလိုက်ဘာသိကလေး လာခေါ်ပေးလိုက်တော့ ဘာများဖြစ်သွားမှာမို့တဲ့တုန်း။ သူ့ကြည့်ရတာ "ချမ်း ကိုယ့်ဘာသာပဲ လာလိုက်ပါ့မယ်" ဆိုတဲ့ အဖြေမျိုးကိုပဲ အလိုရှိရည်ရွယ်ကာ ပြောသည့်ပုံမျိုးပင်။

"ဘယ်နေရာလဲ မသိဘူးနော်၊ ကျွန်မ လာလို့အဆင်ပြေနိုင်မယ့်၊ ကျွန်မ အလွယ်တကူ သိနိုင်မယ့် နေရာမျိုး ဆိုရင်တော့ ..."

"လွယ်လွယ်ကူကူ Sedona က 'Du Fu'မှာ ဆိုရင်ကော"

"ဟုတ်ကဲ့၊ ကျွန်မဘာသာပဲ လာခဲ့ပါ့မယ်"

ဒါကလွဲရင် ဘာရှိရမလဲ။ တနင်္လာနေ့သည် ချမ်းတို့ရဲ့ဆိုင်ပိတ်ရက်။ Sedona Hotel သည် ခရီးလမ်းပန်း အင်မတန်သင့်ကား၊ ဘတ်စ်ကားဂိတ်များနှင့်လည်း နီးလှသော အငှားကား

www.burmeseclassic.com



စီးရရင်လည်း တက္ကစီဒရိုင်ဘာတိုင်းသိသော နေရာမျိုးမို့ "ဟင့်အင်း ... မသိလို့ လာခေါ်ပေးပါနော်" ဆိုတာမျိုး လုပ်ယူလို့ မရနိုင်ချေ။

"လူကြီးနှစ်ယောက်နဲ့ တွေ့ရမှာမို့ ဖြစ်နိုင်မယ် ဆိုရင် နည်းနည်းပါးပါး သပ်သပ်ရပ်ရပ် ဝတ်စားပြင်ဆင်လာဖို့"

"ဟုတ်ကဲ့"

ချမ်းမြမြ ခမျာ "သူ့မိဘတွေနဲ့များ တွေ့ပေးတော့မှာလား ... ဟင် ! ဒါဆို ငါ့ဘက်က အဖြေတစ်ခုကိုတောင်မှ သေချာပြန်မပေးရသေးတာ။ ဘယ်လိုကြီးပါလိမ့်။ ငါ့အဖြေကိုတော့ စောင့်နေ တောင်းယူနေစရာတောင် မလို။ သေချာပြီးသားပဲဟာ ဆိုတဲ့ သဘောလား။ အိုး ... အပိုင်တွက်ရာ ကျလှချေလား"ဘာဘာညာညာ စသဖြင့် အတွေးတွေ ပွားရကာ စိတ်ပဲဆိုးရမလို၊ ရင်ပဲခုန်ရမလိုလိုနှင့်ပါ။

တကယ်တမ်းကျတော့ ချမ်း လိုက်တွေ့ရသည့် "လူကြီးနှစ်ယောက်"ဆိုသည်မှာ ကိုထွန်းနေမင်း၏ ဖခင်ကြီး ဦးဘသော်နှင့် နေမင်းကြီးဦးဝင်းခန့်တို့ပဲ ဖြစ်နေခဲ့လေသည်။ လူကြီးနှစ်ယောက်စလုံးဟာ ချမ်းနှင့် တစ်ကြိမ်စီလောက် တွေ့ဆုံစကားပြောထားဖူးသူတွေချည်း ဖြစ်နေတာရယ်၊ လူကြီးလူကောင်းတွေပဲ ဖြစ်ကြကာ ချမ်းကို အနေရကျပ်၊ ရှိုးတိုးရှန့်တန့် ဖြစ်မနေရအောင် ဖေးဖေးမမနှင့် ခင်ခင်မင်မင်ပဲဆိုတဲ့ ပုံစံတွေကို ဖမ်းပေးထားကြတာရယ်နှင့် ချမ်းမှာ "ရည်ရွယ်ချက်"မသိရသည့်





"တွေ့ဆုံပွဲ"ကြီးတစ်ခုမှာ ထူးပြီးဒုက္ခရောက်၊ ကသိကအောက်ဖြစ်နေရတယ်ရယ်တော့ မရှိလှပါ။

ဒါပေမဲ့ အဲဒီမသိရသည့် ရည်ရွယ်ချက်ဆိုတာက ဘာလဲ၊ ချမ်းက သိလိုလှသည်။ သူတို့ဟာက ချမ်းကို ခင်မင်နှစ်လိုပုံတွေလည်း ပြကြပါရဲ့။ ဆွေရေးမျိုးရေး၊ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တို့ကိုလည်း ပြောကြကာ တူမသားချင်းသဖွယ် သဘောထားကြောင်းကိုလည်း ပြောကြပြကြပါရဲ့။ သို့သော် အဲဒီ ပြုမူပုံတွေက "ကိုထွန်းနေမင်း အတွက်"ရယ်လို့ လားလားမှ သက်ဆိုင်ပတ်သက်မှု မရှိနိုင်တာ ချမ်းက သိနေသည်။ (သူတို့ကပဲ အဲဒီလို သိသာနေအောင်ပါ တမင်လုပ်နေခဲ့ကြသေးတာလားဆောင် မသိ။)

ထွန်းနေမင်း အတွက် ခေါ်ကြည့်၊ ခေါ်တွေ့၊ အသိအမှတ်ပြုပေးမှာမျိုးဆိုရင် ဦးဝင်းခန့်ကြီးပါ, ပါနေစရာ ဘာမှမလိုသလို၊ ကိုထွန်းနေမင်း အနေနဲ့လည်း "ချမ်းဟာ သူ propose လုပ်ထားတဲ့ မိန်းကလေးပါ"ဆိုတာကို တွေ့ဆုံပွဲရဲ့ အဓိကအကြောင်းအရာအဖြစ် လူသိအောင် ပြရ ပြောရပေမည်။ ခုတော့ အဲလိုမရှိ။

အဘိုးကြီးနှစ်ယောက်ဟာ ရှေးဟောင်းနှောင်းဖြစ်၊ အပရိကလေးတွေကို မေးကြ ပြောကြပြီးလျှင် "အလုပ်ကြိုးစားဖို့၊ အကူအညီ လိုအပ်ရင် ဘာကိစ္စမျိုးမှာမဆို တောင်းဖို့၊ ပြောဖို့နဲ့၊ သာဓန ဆိုးတာ၊ မကောင်းတာ၊ ဗိုလ်ကျတာတွေ ရှိခဲ့ရင် အချိန်



www.burmeseclassic.com

www.burmeseclassic.com



မရွေး ပြန်တိုင်အသိပေးဖို့” ဒါတွေကိုပဲ ထပ်ခါတလဲလဲလိုလို ပြောနေကြတော့တာပါပဲ။

အဲဒီလိုနည်းနဲ့ အဲဒီလူကြီးနှစ်ယောက်စလုံးနဲ့ နောက်တစ်ခါ၊ (ကိုထွန်းနေမင်းရဲ့ တာဝန်ယူ ချိန်းဆိုပေးချက်နဲ့ပဲ သူပါ အပါအဝင်) ဦးဝင်းခန့် တစ်ယောက်တည်းနဲ့ကပဲ နှစ်ခါလောက် ထပ်တွေ့ဆုံ စကားပြော၊ စားသောက်တွေ ပြုရပြီးတဲ့အခါ ချမ်းမြမြဟာ ကိုယ့်ကိုယ်ကိုယ် “ငါဘာကောင်ပါလိမ့်”ဆိုတာကို ဂယနဏ မသိနိုင်ဘဲ စဉ်းစားတွေးတောနေရတဲ့ ဘဝသို့ရောက်နေရပါပြီ။

“ကိုထွန်းနေမင်းရဲ့ လှူတကာအသိအမှတ်ပြု ရည်ရွယ်သူမိန်းကလေး“လား။ မဟုတ်ဘူး ထင်သည်။ အဲသည်အဖြစ်ဟာ တစ်ခါမှ ထပ်မပေါ်လာတော့သလို ကာယကံရှင်ကိုယ်၌က ပင် သူ့စကားတစ်ခွန်းကို အမှတ်မှ ရသေးပါလေစ။ မေ့များမေ့နေပြီလားဟုပင် ထင်ရပါသည်။

ဒါဖြင့် စံပြလုပ်သားဆုတောင် ရနိုင်လောက်တဲ့ ဝန်ထမ်းကောင်းမို့လား။ ချမ်းမှ မရှိရင် ဒီလုပ်ငန်းကြီးတစ်ခုလုံးက ကောင်းကောင်းတောင် မလည်ပတ်နိုင်တော့မယ့် အရေးပါတဲ့ လုပ်သားမို့လို့လား။ ဘာတစ်ခုမှလဲ မဟုတ်ရပါ။

ဒီလိုနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းမသိရဘဲ အခြေအနေကြီးကလည်း ဘာကြီးမှန်းမသိ ဇာတ်မျောကြီးလိုလိုနဲ့။ ထူးခြားတာဆိုလို့ ကိုထွန်းနေမင်းနဲ့ ရတ်တရက် ခင်မင်သိ





ကျွမ်းသလိုလို၊ အဆက်အဆံတွေပဲ များလာသလိုလိုနဲ့။ ဘာအဓိပ္ပာယ်နှင့်မှန်းမသိ အဘိုးကြီးများနှင့်ပါ ခင်မင်သလိုလို အဆက်အဆံရှိသလိုလိုတွေ ဖြစ်လာတာပဲရှိသည့် ဖြစ်ရပ်နဲ့ အခြေအနေကို ချမ်းက လက်မခံချင်သလိုလို စက်ဆုပ်သလိုလို ဖြစ်လာလေသည်။

သူတို့ဟာက ဘာကြီးတွေ၊ ဘာကောင်တွေမို့ လူကို သူတို့ရဲ့ဆန္ဒတွေအရပဲ လှုပ်ရှားသက်ဝင် စေရာက,ခိုင်းထားသလိုရှိလို့ ရနေကြရမှာလဲ။ ဒီတစ်ခါ ခေါ်ချိန်းပြီး လာခင်မင်နေကြဦးမယ် ဆိုရင်တော့ လက်မခံတော့ဘူး ငြင်းပစ်လိုက်တော့မယ်။ ဘာပဲဖြစ်ဖြစ်ပေါ့။ ရည်ရွယ်ချက်တစ်ခုခု ရှိကိုရှိနိုင်တယ်မှန်းသည်း သိသိကြီးနဲ့ အဲဒီရည်ရွယ်ချက်ကို သိခွင့်မရရင် အဲဒီဇာတ်မျောကြီးထဲ ဆက်ကိုမက,တော့ဘူးကွာ ... ဒါပဲ။

ချမ်းက အဲဒီလို ဆုံးဖြတ်ထားလိုက်ချိန်၌ ချမ်းမှာ ထူးထူးခြားခြား ထပ်ရင်ဆိုင်လာရတာ နှစ်မျိုးရှိလာပြန်ပါသည်။ တစ်ခုကတော့ ယမင်းနှင့်။

“ချမ်း ... ယမင်းက စေတနာနဲ့ပြောမှာ။ ချမ်းကို ဟိုဘက်ဆိုင်မှာရော၊ ဒီဘက်မှာပါ သို့လော၊ သို့လောနဲ့ အတင်းပြောကုန်ကြပြီ။ အုပ်ချုပ်သူ မန်နေဂျာ၊ ဆိုင်ရှင်နဲ့ ချမ်းနဲ့က ဘာသဘောလဲဆိုတဲ့ အပြောတွေပဲ။ ချမ်းတို့အပြင်မှာလည်း တွေ့ကြတယ်လို့ ပြောနေကြတယ်။ တစ်ခါတလေ အဘိုးကြီးတွေပါ, ပါတယ်ဆို ...



www.burmeseclassic.com

www.burmeseclassic.com



တီတီကျကျဆိုလည်း ယမင်းတို့ပါ ဝိုင်းဝမ်းသာရ အောင် အတိအလင်း လူသိနတ်ကြား ကြေညာထားလိုက် ရင် ချမ်းအတွက် ပိုဣန္ဒြေရ တင့်တယ်နိုင်မယ် ထင်တယ် လေ။ ယမင်းတို့ ဒီဘက်ကဟာတွေထက် ဟိုဘက်ဆိုင်က ပိုတောင် အဖြစ်သည်း၊ ပိုပြောချင်ကြတယ်။ ဘာလို့ဆို ဖြစ်ချင်းဖြစ် သူတို့ထဲက တစ်ယောက်ယောက်နဲ့သာ ပိုဖြစ် သင့်သလိုလိုတဲ့လေ။ သူတို့က ရုပ်နဲ့ရွေးခံထားရတဲ့သူတွေ မဟုတ်လား ... ဟား ဟား"

ယမင်းလို မိန်းကလေးဟာ ခင်မင်လို့ သတိပေးချင် တာဆိုတာ မှန်ကန်နိုင်သလို၊ သူ မကျေနပ်၊ မနှစ်လိုလှတဲ့ အခြေ အနေမျိုးကြီးနဲ့ ဆိုရင်လည်း ချမ်းကို လျစ်လျူရှု၊ ဆက်မပေါင်း တော့ဘဲ ကြဉ်ပစ်လိုက်ဖို့ ဝန်မလေးတတ်မဲ့သူဆိုတာ ချမ်းကသိ ပါသည်။ အဲဒါကြောင့်မို့ "အတိအလင်း ကြေညာဖို့နေနေ၊ ငါ ကိုယ်ငါတောင် ဘာကောင်မှန်း မသိပါဘူး"ဆိုတဲ့ စကားကို ချမ်းမှာ ပြောထွက်ဖို့ ခက်ခဲလွန်းလှတော့သည်။

"ချမ်း ဆင်ဆင်ခြင်ခြင် နေလိုက်ပါ့မယ်"ဟု ပြော လိုက်တော့ သူ မျှော်လင့်ထားတဲ့ ကျေနပ်လောက်စရာအဖြေ မဟုတ်လို့ထင့်။ မျက်လုံးပြူး မျက်မှောင်ကုတ်ကြီးနှင့် ငြိမ်သက် သွားခဲ့လေသည်။

နောက်တစ်ဦးကတော့ ဟိုသတ္တဝါပင် ဖြစ်တော့ သည်။





ချမ်းနဲ့ ကိုထွန်းနေမင်းတို့ရဲ့ ဆက်ဆံရေးကို တစ် ချိန်လုံး စောင့်ကြည့်နေခဲ့ပုံရသော တေဇနသည် တစ်ရက်မှာတော့ ဆိုင်ကအပြန် ချမ်းရဲ့နံဘေးကနေကပ်ပြီး လမ်းလျှောက်လိုက်ပါ လာခဲ့ကာ ...

"မင်းက ဘယ်လိုမိန်းကလေးလဲ"

"ရှင် ဘာတွေလာပြောနေတာလဲ"

"ရုပ်လည်းမလှဘဲနဲ့များ တစ်လောကလုံးမှာရှိတဲ့ ယောကျ်ား ကြီးငယ်မှန်သမျှကို ငါ့ဆွဲဆောင်ထားနိုင်မယ်လို့ ထင်နေ တာ ဘာအချိုးလဲကွာ။ အင်မတန် စိတ်ကုန်စရာ ကောင်းနေ ပါလား။ လောကကြီးထဲက ယောကျ်ားတွေကလည်း ဘာ တွေများ ဖြစ်ကုန်ကြပြီလဲ"

ချမ်းသည် အထင်တသေး နှိမ်နှက်သိကွာချ၊ ဖိနှိပ် ပြောခြင်းတို့မှာ အခံရခက် ဝမ်းနည်းလှသော်လည်း ငြင်းဆန်နေ လျှင် ပိုဆိုးနိုင်သည့် သူမျိုးမို့ ...

"အဲဒီယောကျ်ားတွေထဲမှာ ရှင်မပါရင် ပြီးတာပဲ မဟုတ် လား၊ ဘယ်သူပါပါ၊ ရှင့်အပူမရှိပါဘူး"

"ရှိတယ် ... ရှိတယ်။ ငါ့အဖေကြီး တစ်ယောက်လုံး ပါ, ပါနေတာကို ငါက ဒီတိုင်းကြီး ငုတ်တုတ်လက်ပိုက်ကြည့် နေရမှာလား။ နေပါဦး ... ငါ့အဖေက မင်းကို ဘာတွေ ဒီလောက် ပ,စားပေးနေရာထားချင်နေတာလဲ။ ထွန်းထွန်း ရဲ့ဖားသားကြီးနဲ့ ငယ်ကတည်းက ပြိုင်ဘက်တွေမို့ ခု



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ဆိုင်မှာ ခန့်လိုက်တဲ့ မိန်းကလေးမို့ အပြိုင်လိုက်ကြိုပြနေတာပဲ ဖြစ်လိမ့်မယ်နော်။ တောင်တောင်အီအီတွေ တွေးပြီး ဂဏှာတက်နေမယ် မကြိုနဲ့”

“ဒါဖြင့် ရှင့်အဖေကြီးက အန်ကယ်ဦးဘသော်ရဲ့ ဝန်ထမ်းမှန်ရင် ဒီလိုပဲ လိုက်လိုက်လုခင်နေတတ်တယ်ပေါ့နော်။ အဲဒီဆိုင်နှစ်ဆိုင်စလုံးက ဝန်ထမ်းမှန်သမျှကို တစ်ယောက်တစ်လှည့်စီ အလှည့်ကျဖိတ်ပြီး ထမင်းကျွေး စကားပြောတယ်ပေါ့နော်”

“ကျွတ် ... အပြောအဆိုတွေကိုက စိတ်ကြီးဝင်နေပြီမှန်းသိသာလိုက်တာ။ ထွန်းထွန်းမှာတော့ လက်ဆုပ်လက်ကိုင် သူ့အမေကြီးတစ်ယောက်လုံး ရှိနေဆဲဆိုတော့ မင်းရှေ့မတိုးသာလာအောင် အဘွားကြီးက နည်းမျိုးစုံသုံးပြီး ကာကွယ်ပါလိမ့်မယ်။ ငါ့မှာကတော့ ငါ့အမေကလည်း မရှိတော့တဲ့ဟာ ဒီတာဝန်က ငါ့ခေါင်းပေါ် လုံးလုံးကျနေတယ်။ တစ်ခုခုဆိုလို့ကတော့ ငါ့အဆိုးမဆိုနဲ့”

ချမ်းသည် အဘိုးကြီးနှစ်ယောက်စလုံးနှင့်ပါ တစ်ပြိုင်နက် ပေးစားစွပ်စွဲခံလိုက်ရတာမို့ မျက်ရည်ကျမလာမိအောင် မနည်း ကြိုးစားထိန်းချုပ်လိုက်ရရင်း ...

“ခုလောလောဆယ် အနေနဲ့ကတော့ ဆိုင်မှာ ရှင်အလုပ်လုပ်ပုံမဟုတ်ရင်၊ အနေအထိုင် မမှန်ရင်၊ လူမှုပေါင်းသင်းဆက်ဆံရေး မပြေပြစ်ရင် ကျွန်ုပ်ကို အဆိုးမဆိုနဲ့။ ရှင်





အဖေက အဲဒီတာဝန်ကို ကိုထွန်းနေမင်းကို ပေးလို့မရလို့ ကျွန်မကို လက်ဆုပ်လက်ကိုင် အတိအကျ ပေးအပ်ထားတယ် ... ဒါပဲ”

ကိုယ်က သူ့ရဲ့စကားတွေပေါ်မှာ စိတ်ထိန်းနိုင်၊ ချုပ်တီးနိုင်ပေမဲ့ သူကတော့ ဤမျှလောက် အပြောခံရတာမျိုးကိုပင် ရှူးရှူးရှားရှား၊ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်လျက် ...

“ထွန်းထွန်းရဲ့ စကားကိုရော မင်းက ယုံနေတာလား။ သူ့အမေကြီးဟာ အန်ကယ်ကြီးအတွက် မဟုတ်ဘဲ သူ့သားအတွက်ဆိုရင်ကော မင်းကို ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုနေလိမ့်မယ်လို့များ ထင်နေသေးသလား။ ထွန်းထွန်းရဲ့အကြောင်းရော သူ့အမေကြီးအကြောင်းပါ ငါအသိဆုံးပါ ချမ်းမြြ။ မင်းရဲ့ခေါင်းထဲက မဖြစ်နိုင်တဲ့ မျှော်လင့်ချက်တွေကို ခုပဲ လွှင့်ပစ်လိုက်စမ်းပါ”

“ဖြစ်သင့်တာကတော့ ရှင် ကျွန်မကို ခုလောက်ထိ ခေါင်းထဲထည့်ထားပြီး လိုက်ပတ်သက်၊ ပိတ်ပင်၊ နှောင့်ယှက်နေတတ်တာတွေကို ရပ်တန်းက ရပ်ပစ်ဖို့ပဲ။ ကျွန်မရဲ့ခေါင်းထဲကဟာတွေကို ထုတ်ပစ်လိုက်ပါလို့ လိုက်အမိန့်ပေးနေဖို့ထက် ရှင့်ရဲ့ခေါင်းထဲက ကျွန်မကို အရင်ဦးဆုံးထုတ်ပါ၊ ခုပဲ လွှင့်ပစ်လိုက်ပါ”

“တောက် ... အဘက်ဘက်က စိတ်ကြီးဝင်နေတဲ့မိန်းမ။ ဒါတောင် ရုပ်ရည်က ဒီလောက်ပဲမို့လို့၊ နည်းနည်းလေး



www.burmeseclassic.com

www.burmeseclassic.com



လောက် များ လုပနေရင် လိုက်ဖမ်းလို့တောင် မိမှာမဟုတ်ဘူး”

“ပြောပြီးပြီလေ၊ လိုက်ဖမ်းမနေနဲ့ အေးအေးနေပေါ့”

ယမင်းကိုတော့ မျက်နှာငယ်ငယ်နှင့် ကတိပေး၊ သတ္တဝါကိုတော့ မနိုင်,နိုင်အောင် အတင်းပြန်ပြောပြီးချိန်၌ ချမ်းမှာ ရှက်ရွံ့နာကျင်ရခြင်းတို့နဲ့ လူတစ်ကိုယ်လုံး ဖိစီးကာ ကျန်ရစ်သည်။

ဘာပဲဖြစ်ဖြစ် ချမ်းဘက်က စတင်ဆင်ခြင်နေလိုက်တော့မယ်ဆိုရင် ကိုထွန်းနေမင်း အနေနဲ့ ဘယ်လိုများရှိလိမ့်မလဲ။

ကိုယ့်ဘာသာ တစ်ယောက်တည်း နာကျင်၊ စိတ်ညစ်၊ တွေဝေ၊ ဒုက္ခရောက်နေရချိန်မှာ ချမ်းသည်(နဂိုကလည်း ထူးခြားပြီးတော့တော့ ဂရုတစိုက် ရှိမိလှတယ် မဟုတ်သည့်) အကြည့်ကို ဂရုမစိုက်မိ၊ ရှိတယ်လို့တောင် မမှတ်မိဘဲ ပစ်ထားသလို ရှိနေမိတာ ကြာပြီ။

ချမ်းနဲ့ အကြည်တို့ဟာ တစ်အိမ်တည်းနေ တူဝရီးတွေ ဖြစ်ကြသော်လည်း တစ်နေကုန်နေလို့မှ စကားတစ်ခွန်းပြည့်အောင် ဟ,ဟမပြောမိကြတဲ့ပြင် မျက်နှာချင်းတောင် မဆိုင်ဖြစ်ကြသလို ဖြစ်နေကြသည်။ မနက်လင်းရင် ချမ်းက အိမ်ရှေ့ညေ့ခန်းမှာ အဆင်သင့်ရောက်နေတတ်သော ထမင်းချိုင့်ကိုဆွဲကာ





အလုပ်သို့ထွက်လာ။ ညနေပြန်ရောက်လာရင် မီးဖိုထဲဝင်ပြီး အဆင်သင့် ခူးခပ်ပြင်ထားတာလေးတွေကို ပုံပက်စား။ ကိုယ်လုပ်စရာရှိတာလုပ်ပြီး ဝင်အိပ်။ ဒီလိုပဲ သံသရာလည်နေခဲ့တာ။

ခါတိုင်းလို ကိုယ့်ရှေ့ကို လက်ဝါးကြီးဖြန့်ပြီး ရောက်မလာတော့တဲ့ အကြည့်ကိုလည်း “အကြွေးကိစ္စတွေကြောင့် ရှိန်ပြီး ရှောင်နေတာ ရှိမှာပေါ့”ဟုသာ တွေးကာ တချို့နေ့တွေ ညနေထမင်းစားပြီးချိန်ကျ တစ်ပတ်စာဈေးဖိုးကို ထမင်းစားပွဲပေါ် ဒီတိုင်း တင်ပေးခဲ့လိုက်သည်ပဲ ဖြစ်သည်။

အမှန်ကတော့ ချမ်းကသာ ရှိတယ်လို့မမှတ်တာ။ အကြည် ကိုယ်တိုင်က ပြဿနာရှိမည်။ ခါတိုင်းလို အသံကျယ်နေ၊ မဟုတ်တာလုပ်နေ၊ လိုက်ရောနေမည်ဆိုလျှင် မျက်နှာချင်းမဆိုင်ဖြစ်၊ စကားမပြောဖြစ် ဆိုတာမျိုးတွေ၊ ရှိတယ်လို့ မမှတ်တာမျိုးတွေ၊ ဖြစ်နေလို့ ဘယ်ရမလဲ။ နားငြီးနေ၊ ဒေါသဖြစ်နေ၊ ကိုယ့်မျက်စိရှေ့ကြီး လာရောက်နေမည်ဆိုလျှင် ရှိမှန်းတော့သိသိကြီး ဖြစ်ကိုဖြစ်နေရမည်။

ဒါဖြင့် ချမ်းက ရှိတယ်မမှတ်ဘဲ ပစ်ထားသလို၊ အကြည့်ဘက်ကလည်း ခါတိုင်းနဲ့မတူတဲ့ အပြောင်းအလဲမျိုး ရှိနေလို့များ ချမ်းတို့နှစ်ယောက် ဆုံတောင်မဆုံတော့သလို ဖြစ်နေရတာလား။

တစ်နေ့မှာတော့ ချမ်းဟာ စိတ်ထဲကလည်း မကြည်မလင် မအီမသာ၊ ကိုယ်လက်ကလည်း နာကျင်ကိုက်ခဲသလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလိုမို့ ဆိုင်ကနေ ခွင့်ပန်ကာ အိမ်သို့ ခပ်စောစောပြန်သွား မိသနိုက် ခါတိုင်းနဲ့မတူတဲ့ အပြောင်းအလဲကြီးကို စ,သတိထား မိလိုက်တာဖြစ်သည်။

ချမ်းတို့ရဲ့အိမ်ဟာ တိတ်ဆိတ်ငြိမ်သက်လို့။ နေ့လယ်ခင်းကျော်ကျော် အချိန်လေးဖြစ်ရက် အကြည်က အိမ်မှာမရှိ။ ချမ်းက ကိုယ့်ဘာသာကိုယ် သော့ဖွင့်ဝင်လိုက်ကာ စိတ်ထဲ ညီးစီစီနှင့်မို့ ရေချိုး ခေါင်းလျှော်ပြီး အဝတ်တွေပါ ထိုင်လျှော်နေမိလိုက်သည်။

"ဟဲ့ ... အိမ်ထဲက ဘယ်သူလဲ"

အိမ်ရှေ့က အသံကြားသဖြင့် ချမ်းက ထွက်ကြည့်လိုက်သော် အိမ်ရှင် ဒေါ်မြင့်မြင့်။

"ဩော် ... ချမ်းကိုး၊ ငါ ဘယ်သူများလဲလို့၊ လူမရှိတဲ့ အိမ်က အသံတွေ ထွက်နေလို့"

စကားအသွားအလာအရ အကြည် မရှိတာ ကြီးကြီးမြင့်ကြီး သိနေသလိုလိုပါလား။

"အကြည်က ဘယ်သွားလဲ မသိပါဘူး၊ ဒီလိုပဲ ချမ်းမရှိတဲ့ ရက်တွေမှာ သူ တစ်နေကုန် အပြင်ထွက်လည်နေလေ့ရှိတာတ်သလား ကြီးကြီးမြင့်၊ အရင်ကတော့ အဲဒီလို မရှိဖူးပါဘူး"

"အေး ... ခုနောက်ပိုင်းတော့ အဲဒီလိုပဲ အလည်ရယ် အပတ်ရယ်တော့လည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ၊ ကြီးကြီးမြင့်ရဲ့စကားက တစ်မျိုးပါလား"





"ဟိုဒင်းပါ ... စိန်စိန်တို့အိမ်လောက် ရှိချင်ရှိနေမှာပေါ့"

"အဲဒါဆိုလည်း အလည်ပဲပေါ့။ ဘာထူးလို့လဲ၊ ချမ်းက တစ်နေကုန် အိမ်ပိတ်ကြီးဆိုရင်တော့ မကြိုက်လို့ မေးကြည့်မိတာပါ။ အိမ်ထဲမှာ ဘာမှရှိလှတယ်ရယ်တော့ မဟုတ်ပေမဲ့ မီးရေး ထင်းရေးဖြစ်ဖြစ် တစ်ခုခုအရေးအကြောင်းဆို ဘယ်သူမှ မရှိလိုက်ရင် မခက်ဘူးလား၊ အဲဒါပါ"

"အလည်ရယ် မဟုတ်ပါဘူး၊ စိန်စိန်တို့ဆီလည်း ဝိုင်းကူရင်း အလုပ်သဘောလေး ဘာလေး နည်းနည်းပါးပါး ရှိချင်ရှိမှာပေါ့၊ ကျုပ်လည်း သိပ်မသိလှပါဘူး"

"သိပ်မသိလှဘူး"သာဆိုတယ် အကြည် ဘယ်သွားပြီး ဘာလုပ်နေတယ်ဆိုတာ ဒီအဘွားကြီး အကုန်သိနှင့်ပြီးနေပုံပါဟု ချမ်းက ယုံကြည်သည်။ ဒါပေမဲ့ မပြောချင်ဘူး မဟုတ်သား။ ချမ်းက အတင်းလိုက်မေး နှိုက်ထုတ်မနေတော့ပါဘူး။ သိချင်ရင် ကိုယ့်လူ ကိုယ်မေးကြည့်ဖို့ပဲ ရှိမည်။

ဒီအဘွားကြီးလို လူမျိုးဟာ စိတ်ရင်းလေးကောင်းဆမဲ့ အကြည့်ဘက်က သိသိသာသာ ဘက်ပင်းပါနေမည့်သူမျိုးဆိုတော့ အကြည့်အပေါ် မသင့်သည့် (သူတို့အမြင်အရဆိုရင် နိုင်စားတင်စီးရာတောင် ကျနေမည့်) ချမ်းကို သိပ်အမြင်ကြည်လင်ကြမှာမှ မဟုတ်ဘဲ။ ဖုံးစရာ လိုမယ်လို့ ထင်တဲ့ကိစ္စမျိုးဆို "ရှေ့ဘုံး နောက်ကပေါ်"သာ ဖြစ်ချင်ဖြစ်နေမည်။ အသေအကျေသော့ ဝိုင်းဖုံးပေးထားကြမည့် သူမျိုးတွေပဲ မဟုတ်လား။



www.burmeseclassic.com

ခဏကြာကျတော့ (ညနေတောင် သိပ်မစောင်းသေးခင်) အကြည် ပြန်ရောက်လာပါသည်။ ချမ်းရောက်နေနှင့်တာကို တွေ့လိုက်တော့ မျက်လုံးကြီး ပြူးသွားပြီး မီးဖိုထဲ သုတ်သုတ်ကလေး တန်းဝင်သွားသည်။ ဒီတစ်ခါမှာတော့ ချမ်းက မီးဖိုထဲ လိုက်ဝင်လာကာ အကြည့် လက်ထဲက ဈေးဝယ်လာသော ကြွပ်ကြွပ်အိတ် အထုပ်တွေကို ကြည့်ပြီး ...

"အကြည်က ဈေးသွားနေတာလား၊ ချမ်း နေ့လယ်က ပြန်လာတော့ အိမ်ပိတ်ကြီးနဲ့"

"အင်း ... ဟို ... ဈေးပေါ့ ... အေး။ ဆာနေပြီလား၊ မြန်မြန်ချက်လိုက်မယ်။ နောက်မကျပါဘူး။ ချမ်းက စောနေတာလား"

အကြည်က ပြောရင်း မတ်တတ်က ချမ်းဘက် ဆတ်ခနဲ လှည့်ကြည့်လိုက်ကာ ...

"ဟိုဒင်း ... အလုပ်ပြုတ်လာပြန်ပြီလား"

"ဟာ ... ကျွတ်၊ ပေါက်ကရ ဘာလို့ ပြုတ်ရမှာလဲ၊ နေသိပ်မကောင်းလို့ ခွင့်ယူပြီး စောပြန်လာတာပါ"

"ဪ ... ဟိုလေ၊ ချမ်း ဒီတစ်ခါ အလုပ်ပြုတ်လည်း သိပ်မပူနဲ့လို့၊ မြဲမြဲစွဲစွဲနဲ့ စိတ်တိုင်းကျနိုင်မယ့် အလုပ်ကောင်းကို အေးဆေးရှာ၊ ရတယ်၊ အရေးမကြီးဘူး"

"ဘာလဲ ... ကြားထဲမှာ အလုပ်အသစ် ပြန်မရနိုင်သေးခင်စပ်ကြား ခါတိုင်းလို ပိုက်ဆံကုန်သွားတော့မလား၊





ဘာညာ စိုးရိမ်နေစရာ မလိုဘူး၊ အကြည့်လုပ်စာနဲ့ ကျားကန်ထားနိုင်တယ်၊ ဒီလိုလား"

ချမ်းက စကားဟ,ဟ မပြောဖြစ်ကြတာ ကြာပြီခဲ့တဲ့ တူဝရီးချင်း ပြန်လည်ရင်းနှီးနွေးထွေးမှုမှ ဖြစ်ကြပါစေဟု ည်ရွယ်ကာ နောက်ပြောလိုက်တာ ဖြစ်ပေမယ့် အကြည်က ဆတ်ခနဲ တုန်သွားကာ မျက်စိမျက်နှာ အပျက်ပျက်နှင့် ...

"ကျုပ်က အဲဒီလို ဆိုလိုတာ မဟုတ်ဘူး၊ အဲဒီလိုကြီးတွေးလည်း မတွေးဘူး၊ ပြောလည်း မပြောဘူး"

ချက်ချင်းလက်ငင်းကြီး ဝမ်းပန်းတနည်း ဖြစ်လာချင် ချမ်းသည် ရင်ထဲတစ်မျိုးကြီးပင် ဖြစ်သွားရကာ ...

"အကြည် ...။ ချမ်းက နောက်တာပါ။ ဒါပေမဲ့ ခုဟာကတော့ တကယ်မေးမှာ၊ အကြည်က စိန်စိန်တို့ဆီမှာ အလုပ်လုပ်နေတာလား၊ ဟုတ်လား။ ဘာအလုပ်လဲ"

အကြည်က ပြန်မဖြေပါ။ ညနေစာအတွက် လုပ်စရာရှိသည်များကို ဇယ်စက်သလို ဘတောက်တောက် လုပ်နေကျိုက အလုပ်များသယောင်ယောင်၊ အလုပ်ထဲ စိတ်ထည့်ထားသယောင်ယောင် လုပ်နေသည်။

"အကြည် ... ပြောစမ်းပါ၊ စိန်စိန်တို့ဆီမှာ ဘာလုပ်တာလဲ"

"ညည်းမကြိုက်ရင် ကျုပ် မလုပ်ရုံ ရှိပါတယ်အေ"

"ဪ ... ပြောလိုက်ရင် အဲဒီလိုချည်းပဲ။ မကြိုက်ဘူးလို့ ဘယ်သူက ပြောလို့လဲ ကြိုက်တယ် ... ကြိုက်တယ်။ ပို

www.burmeseclassic.com



တောင်ကြိုက်သေးတယ်။ ချမ်းက အဲဒီလို အလုပ်လုပ်ချင်စိတ်ရှိတာ ကြိုက်တာပေါ့။ ဟိုးအရင် နဂိုတည်းက လုပ်စေချင်နေတာပဲ ...

ဒါပေမဲ့ အရင်တစ်ခါလို ပိုက်ဆံချေး၊ အရင်းထည့်ဆိုတာမျိုးတွေ ဖြစ်လာရင် နောက်ဆုံး ရှင်းမရတော့ ချမ်းပဲ ဒုက္ခကရောက်ရဦးမှာ။ အဲဒါကြောင့် ဘာလုပ်နေတာလဲ ကောင်းရဲ့လား၊ သင့်ရဲ့လား။ အကြည့် အပေါ် ဘယ်သူတွေက ဘယ်လိုစီးပိုးနေကြဦးမှာလဲ၊ ဒါကို သိချင်တာ”

“စိန်စိန်က ကျုပ်အပေါ် ဘာလို့စီးပိုးရမှာလဲ၊ ဒီလောက်ကောင်းတဲ့ သူငယ်ချင်းမျိုး လူတိုင်းမှာတောင် မရှိနိုင်ဘူး။ ဒါပေမဲ့ သူ့ဆီမှာလုပ်တာက ဟိုပြဿနာတွေဖြစ်ပြီး နောက်ပိုင်းပါ။ တမင်တကာပဲ သူ့မိဘတွေရဲ့ဆိုင်ကြီးမှာ ‘ဈေးရောင်းအကူ’ဆိုပြီး ခေါ်ခန့်ပေးထားတာ၊ သူတို့ဆီမှာ လူလိုလို့၊ ခိုင်းစားဖို့ မဟုတ်ဘူး။ အထူးသဖြင့် ကျုပ်လိုဟာမျိုးကြီးကို ပိုးတောင် မလိုသေးတယ်။ တမင် ကူညီတဲ့အနေနဲ့ ပြဿနာကို နည်းနည်းလေးမှ ပြေလည်ပါစေတော့ အသုံးစရိတ်လေးမှ ရပါစေတော့လို့ ခေါ်ကူညီထားတာ”

“အမလေး ... ချမ်းကလည်း ဒီပြင်လူတွေနဲ့ ပတ်သက်ပြီး သဘောပြောပြတာပါ။ သူ့စိန်စိန် ထိတာနဲ့ပဲ တကတည်း။ တစ်ခါမှ မရစဖူးတဲ့ မိတ်ကောင်းဆွေကောင်းကြီး မဟုတ်လား။ ရှားပါးပစ္စည်းကြီးမို့ ကာကွယ်လိုက်ရတာ”





“လူဆိုတာ ကံကြမ္မာက တစ်သမတ်တည်းဆိုတာ ရှားပါတယ်၊ အလှည့်အပြောင်းလေးတွေကတော့ ရှိတတ်ကြစမြဲပဲ။ ကျုပ် အရင်က မိတ်ကောင်း ဆွေကောင်း မရခဲ့ဘူး။ ပေါင်းမိသမျှ အစီးနဲ့ အကျောနဲ့ အလေနတောချည်းပဲ။ ခုတကယ့်မိတ်ဆွေရင်း မိတ်ဆွေစစ်တွေ ရလာတယ် ...

စိန်စိန့် တစ်ယောက်တည်း မဟုတ်ဘူး၊ ကျုပ်မှာကျုပ်အပေါ် သိတတ်တဲ့၊ နားလည်ကူညီပေးနိုင်တဲ့ စိန်စိန်တို့ ကြီးမြင့်တို့လို မိတ်ဆွေတွေ အမျှားကြီးပါ။ နောက်ရှိသေးတယ်၊ မပြောချင်လို့ပါ။ ခုဆို ကျုပ်ရဲ့ကံကြမ္မာဟာ အလှည့်သစ် အလှည့်ကောင်းကို တဖြည်းဖြည်း ရောက်လာတာလည်း ဖြစ်နိုင်တာပဲ”

စကားတွေကသာ တစ်ခွန်းမခံ ပြန်ချေပနေတာဖြစ်သော်ငြား လေသံနဲ့ ဟန်အမူအရာများကတော့ အေးဆေးညင်သာကာ ငြိမ်သက်လှပါသည်။ ခါတိုင်းလို အကျယ်ကြီး ကက်ကက်လန်တာတို့။ လက်ဖမိုးနဲ့ လက်ဖဝါး တဖြန်းဖြန်းရိုက်တာတို့ မရှိ။ စကားလုံးတွေကအစ ပြောင်းလဲလာသလိုလို။ ထူးခြားသော အကောင်းပြောင်းလဲခြင်းတို့နဲ့ အကြည့်ကို ချမ်းက အံ့ဩသလိုကြီး ကြည့်နေမိသည်။ ရှိတယ်လို့တောင် မမှတ်မိလောက်အောင် ပစ်ထားမိစဉ်ကာလအတွင်း ဘယ်တုန်းလောက်ကများ ဒီလိုပြောင်းလဲသွားပါလိမ့်။

www.burmeseclassic.com



"ကံဆိုတာ လူကလုပ်တာဆိုရင် အကြည်က ကောင်းလာလို့ ကံက လိုက်ပြောင်းလာတာလည်း ဖြစ်နိုင်တာပဲ"

"ကျုပ်မှာတော့ ကံက စ,ကောင်းမှ ကျုပ်ဘက်က လိုက်ပြောင်းခွင့် ရှိတာပါ။ ကျုပ်ကို စီးတဲ့ ကျောတဲ့ အနိုင်ယူစ,နောက်ချင်တဲ့သူတွေ ရှိနေသေးသရွေ့ ကျုပ်မှာလည်း 'ပြဿနာအကြည်' ဆိုတဲ့ နာမည်ကို ရနေရဦးမှာပါပဲ ...

ပြီးတော့ အလုပ်မလုပ်ချင်ဘူး၊ အပျင်းထူတယ်လို့သာ လူတွေက မြင်ချင်တယ်။ ကျုပ်လိုဟာကြီးအတွက် ကိုယ်ပိုင်အရင်းအနှီးကလည်းမရှိ၊ တတ်ထားတဲ့ ထူးထူးခြားခြား ပညာမျိုးလည်းမရှိနိုင်ဘူးဆိုရင် လုပ်လို့ရတဲ့အလုပ်ဆိုတာ ရှားတယ်။ အလုပ်ပေးချင်တဲ့ သူမျိုးဆိုတာ ရှားတယ်။ ယုံယုံကြည်ကြည်နဲ့ စေတနာနဲ့ ခေါ်ခိုင်းတဲ့သူရှိမှ အလုပ်ဆိုတာ ရနိုင်မှာ။ ညည်းလို ပညာတတ်၊ အရွယ်ကောင်း၊ ရုပ်ရှိ၊ မိန်းကလေးတောင် တစ်ခါတစ်ခါ အလုပ်ပြုတ်ရင် ပြန်ရဖို့ ဘယ်လောက်ခက်ထားသလဲ ...

ခုဟာကတော့ ကံကစ,ကောင်းလာလို့ မိတ်ဆွေကောင်းတွေ ရလာတာ၊ အလုပ်ပေးမဲ့သူ ပေါ်လာတာ။ ကျုပ်က နောက်က လိုက်ပြောင်း လိုက်ကောင်းရုံပဲ တတ်နိုင်မှာ။ အကြည်တို့ ပျင်းတယ် ပျင်းတယ်ဆိုတာ ကံကလည်း မပေးလို့ပါ။ ကံက ကောင်းလာပြီဆိုရင် ဆက်ပြီး ပျင်းဖျင်းနေဖို့ထက် အဲဒါတွေကို စွန့်လွှတ်ပြီး ကြိုးစား





ကြည့်ဖူးချင်စိတ်လေးတောင် ခုမှပေါ်လာလို့ရတာမျိုးရော မဖြစ်နိုင်ဘူးလား"

"ထားပါတော့လေ။ ဒါဖြင့် ... အခု စိန်စိန်တို့ ဆိုင်မှာပေါ့"

ချမ်းသည် ချက်ပြုတ်လုပ်ကိုင်နေသည့် အကြည့်ကိုသည်း ခုမှပင် အကဲခတ်ကြည့်မိတော့သလို ရှိရပါတော့သည်။ အပြင်ကပြန်လာတဲ့ အကြည်ရဲ့ပုံပန်းသဏ္ဌာန်ဟာ ခါတိုင်း ချမ်းခြင်နေရကျ ဈေးသွား၊ ဈေးပြန်၊ အိမ်တွင်းအောင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ရဲ့ အကြည်နှင့် မတူ။ အမျိုးအစား အကောင်းကြီးတော့ ဟုတ်ပုံမရသော်လည်း သပ်ရပ်သစ်လွင်နေသော တီရှပ်၊ ကြာပွင့်ဆင် လုံချည်တို့နှင့် အကြည်ဟာ သားနားကြည့်ကောင်းသလိုပင် ဖြစ်နေပါလား။

ချမ်းကား ကိုယ်မမြင်တတ်မိခဲ့တဲ့ ကိုယ့်ရဲ့လိုအပ်ချက်တွေကိုလည်း ခုမှပင် ရုတ်တရက် ဖြုန်းစားကြီး ဖျတ်ခနဲ သ,သဘောပေါက်သွားသလို ရှိရတော့သည်တည်း။ မေမေရှိစဉ်ကတော့ ငွေကိုင်၊ ခေါင်းသူကြီး၊ စီစဉ်သူ မေမေဟာ သူ့မောင်အတွက် အနေမညှိုးရအောင်ကိုပါ ခေါင်းထဲထည့် စီမံစဉ်းစားပေးခဲ့တာမျိုးတွေ ရှိမှာပေါ့။

ချမ်းမှာတော့ အဲဒီကိစ္စကို မေမေ မရှိတော့စဉ်ကတည်းက တစ်ခါမှတောင် ခေါင်းထဲမထည့်မိခဲ့သလိုမို့ အဝတ်အစား အသစ်၊ အကောင်းရယ်လို့ ထပ်မဝယ်နိုင်တော့တာ ကြာ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်တဲ့ အကြည်ဟာ ဒါ ... ဒါတွေနဲ့ချည်း တဖြည်းဖြည်း အသွင်သဏ္ဍာန်ကအစ စုတ်ချာ ညစ်ထေး လာသလိုလို ရှိနေပေလိမ့်မည်။

ဒီနှစ်ယောက်စာအတွက် ရုန်းကန်နေရတာကို အင်တန် ပင်ပန်းလှပြီလို့ ထင်နေတဲ့ ချမ်းဟာ ကိုယ့်အတွက်ဆိုလည်း ဝတ်စားပြင်ဆင်နေရတာကို ဝါသနာမပါတာမို့ သစ်သစ်လွင်လွင် လှလှပပလည်း သိပ်ဝယ်ဖြစ်လှတာ မဟုတ်ပါ။ (အဲဒါကြောင့် ဟိုတစ်ယောက်ဟာ တွေ့လိုက်တိုင်း လူကို "ရုပ်ဆိုးမ"ဟုချည်းကဲ ... ထားပါလေ။ ဒါကတော့ အရေးမပါတာပါ) ဒါပေမဲ့ ဘယ်လိုမဆို အပြင်ထွက် အလုပ်လုပ်နေရတဲ့ ချမ်းအတွက်ကတော့ လူမြင်တင့်ဖို့ကို အနည်းနဲ့အများ လုပ်ရ ဝယ်ရသေးတာ ရှိတာပေါ့နော်။ အကြည့်ကိုကျတော့ ...။

ဒါနဲ့တောင် ချမ်းသည့် ခပ်စုတ်စုတ် နွမ်းဖတ်ဖတ်နှင့် ဆိုင်အထိ ထမင်းချိုင့်လိုက်ပို့ဖူးသည့် အကြည့်ကို "ချမ်းကို သိက္ခာလာချရကောင်းလား"ဟု ပြစ်တင်ပြောဆိုခဲ့ဖူးသေးတော့သည်။

ခုတော့ဖြင့် သူလည်းပဲ အပြင်ထွက် အလုပ်လုပ်နေပါပြီဆိုတဲ့ အကြည့်ဟာ သူ့ဝင်ငွေနဲ့သူလား။ ဒါမှမဟုတ် မိတ်ဆွေကောင်းကြီးတွေ ဆိုသူတွေက စီစဉ်ပေးထားတာလား။ ကိုယ်နေကိုယ်ဟန်တွေ တောက်ပြောင် လှပရာဝင်လို့။ ချမ်းမှာ ရှက်စိတ်၊ ဝမ်းနည်းစိတ်တို့နှင့် ထူပူလာသည်။





"ခုကတော့ စိန်စိန်နဲ့ဆီမှာတော့ မဟုတ်တော့ဘူး၊ ဒီပြင်မှာ။ နောက်ပိုင်းမှ သိကျွမ်းလာရတဲ့ မိတ်ဆွေသစ်က ကူညီထားတာပါ။ အဆင်ပြေတယ်။ လစာလည်းရတယ်။ ကျုပ်တော့ ဆက်လုပ်သွားဖို့ ဆုံးဖြတ်ထားတာပဲ"

"လုပ် ... လုပ် ... လုပ်ပါ။" ချမ်းလည်း သဘောတူပါတယ်။ အကြည့် ကြည့်ရတာ စိတ်ချမ်းသာပုံလည်းရတယ်။ အလုပ်နဲ့ အကိုင်နဲ့ဆိုတော့ အရင်လို မဟုတ်ဘဲ တည်တည်ငြိမ်ငြိမ်နဲ့ လူကြီးလည်း ဆန်လာတယ်။ ချမ်း ခေါင်းထဲ မထည့်ခဲ့မိသလိုရှိတဲ့ အကြည့်ရဲ့ တစ်ကိုယ်ရည်အသုံးစရိတ်တို့ ဘာတို့အတွက်ပါ လုံလောက်မှုလုံလာနိုင်တော့ အဆင်ပြေတာပေါ့ ...

အလုပ်က အဆင်ပြေပြေနဲ့ ကောင်းကောင်း မွန်မွန် အလုပ်မျိုးဆိုရင် ပြဿနာမဖြစ်စေဘဲ ပျော်ပျော် ကောင်းကောင်းကြီး လုပ်ပေါ့။ နော် ... အကြည်"

"လုပ်မှာပါ၊ ကျုပ်မိတ်ဆွေသစ်ကလည်း ကျုပ်ကို အစစအရာရာ သွန်သင်ညွှန်ပြ လက်တွဲခေါ်ပါတယ်၊ သူကပဲ အားလုံး ကူညီနေတာပဲ၊ အလုပ်ကိစ္စတင် မကဘူး၊ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးကအစ"

"စိန်စိန်တို့လိုပဲလား"

"ဟင့်အင်း ... အမလေး ... အထက်တန်းစားယောက်ျားအစစ်တွေထဲမှာလည်း ကျုပ်ကို ခင်လို မင်လိုသူတွေ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်တော်။ ညည်းမြင်ရင် အင်မတန် သဘောကျမယ်၊ ရုပ်ကအစ ပွင့်လန်းနေတာ"

"အောင်မာ ... ဘာကိစ္စ သဘောကျရမှာလဲ၊ အကြည့်ဘာသာပဲကျ။ ချမ်းကိုတော့ ဆွဲမထည့်ပါနဲ့"

ခုမှပင် ကလေးဆန်သော အရင်က အကြည့်ရဲ့မျက်နှာကြီးကို လှစ်ခနဲ တစ်ချက်ပြန်မြင်လိုက်ရသလိုရှိကာ ချမ်းမှာလည်း စိတ်ကလေး ကြည်ကြည်လင်လင်နှင့် ချမ်းမြေ့သာယာသလို ရှိလာသည်။

"ကျုပ်က 'သဘောကျတယ်'ဆိုတာ သဘောရိုးနဲ့ပြောတာအေ့၊ ကျုပ်ရဲ့မိတ်ဆွေ သူငယ်ချင်းအဖြစ် ညည်းကျေနပ်မှာပါလို့သာ ဆိုလိုတာ။ ကိုယ်သန်ရာသန်ရာဘက်ကိုပဲ အဓိပ္ပာယ်ကောက်မနေနဲ့။ ကျုပ်ကတော့ ဘာလို့သဘောမကျရမှာလဲ၊ အင်မတန် သဘောကျတာ။ စိတ်ကော ရုပ်ပါ ယောက်ျားပီသ ခန့်ညားနေတဲ့သူ၊ အတွေးအခေါ်နဲ့ အရည်အချင်းပိုင်းကလည်း အပြည့်ပဲ၊ ပိုက်ဆံကလည်း ချမ်းသာသေး"

"သြော် ... သြော် ... လူထူးချွန်ပေါ့၊ အကြည်ကံကောင်းတာပေါ့"

"ညည်းလည်း ကံကောင်းတယ်လို့ မထင်ဘူးလား။ ကျုပ်ကို စိတ်တိုင်းမကျရတာတွေ၊ အပြစ်မြင်နေရတာတွေ အနည်းနဲ့အများတော့ လျော့သွားမယ်လေ"





"အဲဒီလိုတော့ မပြောပါနဲ့ အကြည်ရယ်၊ ချမ်းက"

"အကောင်းပြောတာပါ၊ အပြစ်ပြောတာ မဟုတ်ပါဘူး။ အမှန်ကလည်း အဲဒါမျိုးတွေ ရှိခဲ့ပေမယ့် ညည်းအမှန်တွေပဲဟာ။ ဟင်း ဟင်း ဟင်း ... ညည်း နည်းနည်းပါးပါး ပိုအရှုံစိုလာပြီး ထမင်းစားကောင်းလာပါလားလို့ကော မထင်မိဘူးလား"

ချမ်းမသိအောင် အလုပ်ခိုးလုပ်နေခဲ့တာ ပေါ်သွားသော်လည်း ပြဿနာမဖြစ်ကြရတဲ့အပြင် ချမ်းနဲ့ ပြန်အဆင်ပြေသွားနိုင်သလိုပါ ရှိရတဲ့အတွက် အကြည်လည်း စိတ်ချမ်းသာလှတဲ့ ရုပ်ကြီးနှင့် ဖြစ်နေပါသည်။ အိမ်ရဲ့စရိတ်ထဲ သူ့ဝင်ငွေပါ ... ဝင်စိုက်လျက် ရှိနေကြောင်းကိုပါ ဖွင့်ပြောရတဲ့အခါမှာတော့ အကြည့်ရဲ့မျက်နှာဟာ ဂုဏ်ယူမှုတို့နဲ့ ဝင်းလက်တောက်ပလျက်။

ချမ်းမှာ ချမ်းတို့ မတတ်နိုင်၊ မလုပ်နိုင်ခဲ့သော "အကြည့်ရဲ့ပြောင်းလဲမှု"တစ်ခုကို တာဝန်ယူ လုပ်ဆောင်သွားပေးနိုင်သည်ဆိုသည့် သူ့မိတ်ဆွေသစ် (ယောက်ျားပီသခန့်ညားနေတဲ့ အတွေးအခေါ်၊ အရည်အချင်းရှင်ကြီးဆိုသူ)ကို မမြင်ရဘဲနှင့် မှန်းဆကာ ကျေးဇူးတွေတင်၊ အထင်ကြီး လေးစားနေမိတော့သည်။

အကြည့်မှာလည်း ခင်မင်နှစ်လိုစရာ တစ်ကွက်တော့ အနည်းဆုံး ရှိနေလို့သာ ထိုသူမျိုးကလည်း ခုမှစသိကျွမ်းကြတဲ့ သူစိမ်းကြီးတွေဖြစ်ရက် ဒီအဆင့်နဲ့ဒီအဆင့်၊ ဒီလူနဲ့ဒီလူ၊ ဒီလို ခင်မင်ကူညီနိုင်ခြင်း ဖြစ်မှာပေါ့နော်။ အဲဒီလို "တစ်ကွက်"ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တတ်ရုံနဲ့တင် "အရည်အချင်း"ရှိသူ ဆိုတာကို ချမ်းကလက်ခံယုံကြည်မိတော့သည်။ ချမ်းလို တစ်သက်တာ အတူနေတူမရင်းတောင်မှ မတွေ့၊ မမြင်တတ်ခဲ့တဲ့ အချက်မျိုးလေ။

❂ ➤ ❂

"ဖေဖေနဲ့ အန်ကယ်ဝင်းတို့က ချမ်းမြမြကို အလုပ်အကိုင်တွေ အဆင်ပြေရဲ့လား၊ ဘာညာတွေပါမေးရင်း ထမင်းလည်း လက်ဆုံစားကြရအောင်ပါတဲ့၊ ဒီအပတ် တနင်္လာနေ့ ခါတိုင်းလိုပဲ Sedona က 'Du Fu' မှာ ဆုံကြဖို့ ချိန်းခိုင်းလိုက်ပါတယ်"

"ကျွန်မ၊ မအားပါဘူး ကိုထွန်းနေမင်း"

"ဒါဖြင့် ခါတိုင်းလို မနက်ပိုင်း မအားရင် ညနေပိုင်းဖြစ်ဖြစ်ကော၊ ကျွန်တော် လာခေါ်ပေးလိုက်မယ်လေ"

"ညနေပိုင်းလည်း အားမယ် မထင်ဘူး"

ထွန်းနေမင်းက ချမ်းကို အကဲခတ်အကြည့်နှင့်ဖြစ်သွားပြီးမှ ...

"ဒါဖြင့် ချမ်းမြမြဘက်က အဆင်ပြေနိုင်မဲ့ တစ်ချိန်ချိန်လောက်ပေါ့၊ ဘယ်နေ့ ဘယ်အချိန်လောက်များ"

ချမ်းက ကိုထွန်းနေမင်းကို ခပ်ပြတ်ပြတ် ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။ အမှန်တကယ်ဆိုရင် သူ့ ဆိုင်ကို



ရောက်,ရောက်လာတတ်ချိန်တွေမှာ ချမ်းဟာ သူ(တမင်တကာ) ကားလက်ဆုံကျ လာပြောနေလို့ မရနိုင်အောင်၊ ကားကြုံမခေါ်နိုင်အောင်၊ သူနဲ့ကိုယ် ရင်းနှီးသိကျွမ်းကြပါသည်ဟု ပြောလို့ကိုမရနိုင်အောင် ကြိုရှောင်၊ ကြည့်ရှောင်တာမျိုးတွေကို အထူးတလည်ရှုတစိုက် ပြုမူနေမိတာ ကြာနေပါပြီ။

ဒါကိုပဲ မရိပ်မိနိုင်သေးဘူးလား မသိ။ သူ့ဘက်ကတော့ မပြောင်းလဲ ပုံမှန်ပကတိ၊ ခပ် အေးအေး အသွင်နှင့်သာပင်။

တကယ်တော့ ချမ်း သတ္တိရှိလာတာလည်းပါသည်။ အားကိုးရသလို ဖြစ်သွားမိတာ တစ်ချက်လည်းပါသည်။ "ဒီတစ်ခါ အလုပ်ပြုတ်လည်း မပူနဲ့ စိတ်တိုင်းကျမဲ့အလုပ်ကောင်းကို အေးဆေးရှာ"လို့ ခိုင်ခိုင်မာမာကြီး ပြောလိုက်နိုင်တဲ့ ဦးလေးတော်ရဲ့ စကားတွေဟာ ဘယ်လောက် ကျေနပ်အားရစရာ၊ ယုံကြည်ကိုးစားချင်စရာ ကောင်းထားသလဲ။

အကြည့်ဟာ ဘာအလုပ် လုပ်နေတာလဲ။ လခ ဘယ်လောက်ရနေသလဲ ချမ်းမသိ။ ဒါပေမဲ့ သူတို့ဆန္ဒနဲ့ချည်းကိုလှုပ်ရှားနေစေသည့် အဘိုးကြီးနှစ်ယောက်နဲ့ ကိုထွန်းနေမင်းတို့ကို ပုန်ကန်ချင်ပြီ ဆိုတဲ့အခါ ဦးလေးတော်ရဲ့ ဒီစကားအစ်ခွန်းဟာ ချမ်းကို ကျေးဇူးတင်စရာ ကောင်းလောက်အောင် ခွင့်မှုတွေကို ပေးစွမ်းနိုင်သည်လေ။

"ချမ်းမြမြ တစ်ခုခုများ ဖြစ်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေမင်းက မျက်မှောင်ကုတ်ကုတ်၊ ဇဝေဇဝါ ပုံစံနှင့် မေးခွန်းထုတ်လာပါသည်။ ချမ်းကလည်း ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီဖြစ်ရာ ...

"ဟုတ်ကဲ့ ... ဖြစ်နေပါတယ်"

"ဘာများလဲ"

"ကျွန်မ အဲဒီလို အလုပ်ရှင်သူဌေးတွေနဲ့ရော ကိုထွန်းနေမင်းနဲ့ပါ အပြင်မှာ တွေ့ဆုံသွားလာ၊ ခင်မင်ရင်းနှီးနေကြတာဟာ ခု လူပြောစရာ ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့"

"လူပြောစရာ ! ။ ဘာ့ကြောင့်များလဲဗျာ။ ကျွန်တော်တို့ ဘာတွေများ လူပြောစရာဖြစ်လောက်အောင် နေထိုင်မိနေကြသလဲ"

"အလုပ်ရှင်သူဌေးတွေ အနေနဲ့ကတော့ လူပြောလောက်စရာလို့ ထင်ကောင်းမှ ထင်နိုင်မှာဖြစ်ပေမဲ့ ... သာမန်ဝန်ထမ်းတစ်ယောက်အဖို့ကတော့ ဘာအကြောင်းအရာ သေသေချာချာ မရှိဘဲ သူ့အလုပ်ရှင်တွေ အဖေတွေ တခြားသူဌေးတွေနဲ့ပါ ခဏခဏ အပြင်မှာတွေ့ဆုံ စားသောက် ဆိုတာဟာ လူပြောခံရနိုင်စရာအကြောင်း ဖြစ်နေပါတယ် ကိုထွန်းနေမင်း"

ချမ်းကား အမှန်အတိုင်း ဝန်ခံရရင် ချမ်းဘက်က အဲဒီလို "သာမန်ဝန်ထမ်း"၊ "ဘာအကြောင်းအရာမှ မရှိဘဲ"





စသဖြင့် စကားလုံးတွေ ထွက်လာတဲ့အခါ "ချမ်းမြမြဆီကို ဖုန်းလှမ်းဆက်လိုက်တာ ကျွန်တော်ပါ"ဆိုတဲ့ လူဆီကနေ ...

"ဟာ ... သာမန်ဝန်ထမ်းရယ်လို့တော့ မဟုတ်ဘူးလေ။ အဲဒီလို တွေ့ဆုံခင်မင်နေကြဖို့က အကြောင်းအရာကလည်း ခိုင်ခိုင်မာမာကြီးကို ရှိတယ်လေ မဟုတ်ဘူးလား"ဘာညာစသဖြင့်။

အဲဒီလို ဖြေရှင်းစကားနဲ့တကွ မျှောနေတဲ့ "မထူး" အခြေအနေကြီး တစ်ခုဟာ ထူးလာဦးမလား၊ အမျှောရပ်သွားမလား ဆိုတာမျိုးတွေကို မျှော်လင့်နေမိသေးသည်သာတည်း။ သို့သော် ...

"အကြောင်းအရာကတော့ ချမ်းမြမြဘက်က ဘာမှမရှိဘူး ဟုတ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ကျွန်တော့် အဖေနဲ့ အန်ကယ်ဝင်းနဲ့ နှစ်ယောက်တို့ရဲ့ တစ်ဖက်သတ် ဆန္ဒတွေကိုပဲကြည့်ပြီး ချမ်းမြမြရဲ့ သဘောထားကို သေချာ မမေးမိဘဲ ခေါ်ခေါ်တွေ့မိနေသလိုဖြစ်နေတာလည်း သဘောပေါက်ပါတယ် ...

အဲဒီအတွက် ကျွန်တော်ကပဲ အဖေနှစ်ယောက်ကိုယ်စား တောင်းပန်ပါတယ် ချမ်းမြမြ။ သူတို့ကလည်း ချမ်းမြမြကို တကယ့်ကို သမီးလို တူမလို ခင်မင်ရင်းစွဲ စိတ်ထားမျိုးနဲ့ပဲ ပတ်သက်ဆက်ဆံ ဖြစ်နေကြတာပါ။ ချမ်းမြမြဘက်က အကြောင်းမရှိပေမယ့် သူတို့ဘက်ကတော့ ရှိတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေနိုင်မယ်ဆိုရင် နောက်ပိုင်း အကြိမ်တွေအတွက်ကတော့ ကိုယ့်ဘာသာပဲ ဆက်စဉ်းစား ဆုံးဖြတ်ပါ။ ဒီတစ်ကြိမ်ကတော့ ကျွန်တော့်ကို ဦးတည်တာဝန်ပေးပြီး ချိန်းခိုင်းထားတာမို့ ဒီတစ်ကြိမ်ကတော့ ကျွန်တော်ကတစ်ဆင့် ချိန်းပေးပြီး တွေ့ဆုံဖြစ်ကြတာကို နောက်ဆုံးအကြိမ်အဖြစ် လုပ်ပေးလိုက်ဖို့"

သြော် ...။ အင်း ...။ လူပြောခံရစရာ ဖြစ်နေပါတယ်ဆိုတာတောင်မှ အဖေတွေက သူ့တာဝန်ပေးထားလို့ သူ့ မျက်နှာမပျက်ရအောင် တာဝန်ကျေသူတစ်ယောက် ဖြစ်ရအောင် လုပ်ပေးလိုက်ပါတဲ့။ သူ့မျက်နှာကို ငဲ့ရဖို့အတွက် သူက ဘာမို့လဲဆိုရင်တော့ တခြားပတ်သက်မှုထက် အလုပ်ရှင်နဲ့ ဝန်ထမ်းမို့လေ ဆိုတဲ့ အဖြေကိုပဲ ပြောချင်မည် မဟုတ်လားရှင်။

"သူတို့က သူတို့ ချမ်းမြမြအပေါ် ဘာ့ကြောင့် ခင်မင်နှစ်လိုနေကြသလဲဆိုတဲ့ အကြောင်းကိုပါ ဒီနေ့ ဖွင့်ပြောဖြစ်ကြမယ် ထင်ပါတယ်"

အဲဒါကမှ ဟုတ်တုတ်တုတ်။ "ရည်ရွယ်ချက် ရှိကြသည်ဆိုတာ သိပေမယ့် အဲဒီရည်ရွယ်ချက်ကြီးက ဘာလဲ ! ဆိုတာကို သိခွင့်မရဘဲ သူများဆန္ဒကြီးနဲ့ လှုပ်ရှားနေရတာနဲ့စာရင် "ဒီနေ့ ဖွင့်ပြောကြတော့မယ်"ဆိုတာက အများကြီး တော်လာတာပေါ့။





ဒီလိုနဲ့ ချမ်းမြမြဟာ "ငါ့ဘက်က စဆင်ခြင်၊ ရှောင်နေလိုက်ရင် ကိုထွန်းနေမင်းအနေနဲ့ ဘယ်လိုများရှိလာမလဲ"ဆိုတဲ့ အဖြေကတော့ဖြင့် မထွက်ဘဲ "မသွားတော့ဘူး၊ လက်မခံတော့ဘူး"လို့ သံမိဋ္ဌာန်ချထားတဲ့ နေရာတစ်ခုကို ထမင်းစား၊ စကားလက်ဆုံကျရောက်ရပြန်ပါဦးတော့သည်။ သူက နေနိုင်တယ် ဘာမှ ထူးခြားပြောင်းလဲ မလာဘူး။ ကိုယ်ကမှ မနေနိုင်ဘဲ "ဘာကြီးလဲ" လို့ သိချင်တာကိုး။

"သမီးရဲ့မေမေနဲ့ အန်ကယ်တို့နှစ်ယောက်ဟာ တစ်ယောက်အပေါ်တစ်ယောက် အင်မတန်သံယောဇဉ်ကြီးကြတဲ့ ငယ်ပေါင်းသူငယ်ချင်းအရင်းကြီး သုံးယောက်ဖြစ်ခဲ့ကြတယ်။ ဘသော်၊ အေးလှနဲ့ ဝင်းခန့်တို့ သုံးယောက်မှာ တစ်ဦးတည်းသော မိန်းကလေး 'အေးလှ'ရဲ့ ကျေးဇူးတွေဟာ ဘသော် အပေါ်မှာရော ဝင်းခန့် အပေါ်မှာပါ ရှိတယ် ...

အေးလှနဲ့ အန်ကယ်တို့နှစ်ယောက် ကွဲသွားခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာသွားပြီးတဲ့နောက်မှာ အေးလှနဲ့ ရုပ်ချင်း ခွဲမရတဲ့သမီးကို ဘသော်က အရင်ပြန်တွေ့ပြီး မှတ်မိလိုက်တာနဲ့ အန်ကယ့်ကို အကြောင်းကြား အသိပေးလိုက်တာပဲ ...

အေးလှနဲ့ ကွဲသွားကြတဲ့ အချိန်မှာ အန်ကယ်တို့နှစ်ယောက်စလုံးအပေါ်မှာ အင်မတန်ကောင်းတဲ့ သူငယ်ချင်းမအပေါ် အန်ကယ်တို့နှစ်ယောက်လုံးက လွန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မှားလိုက်တာတွေ ရှိတယ်။ အဲဒါတွေကြောင့်မို့လို့ပဲ အန်ကယ်တို့ဘက်ကတော့ ပြန်ဆုံဖြစ်ကြဖို့နဲ့ အကယ်၍ ဆုံများဆုံခဲ့ကြရရင် တောင်းပန်ဝန်ချဖို့ နှစ်ယောက်စလုံးက အဆင်သင့်ပဲ။ ဒါပေမဲ့ သမီးကို ပြန်တွေ့လိုက်ရချိန်မှာ သမီးရဲ့အမေကတော့ လူ့လောကကြီးမှာ မရှိရှာတော့ဘူးလို့ သိရတယ်။ ဒါကြောင့်မို့ အေးလှ အပေါ်မှာ ပါသွားတဲ့ 'အကြွေး'တွေကို အကျေဆပ်နိုင်ဖို့အတွက်က သမီးကိုပဲ အန်ကယ်တို့နှစ်ယောက်က သမီးလို၊ တူမလို ကူညီစောင့်ရှောက်သွားကြဖို့ရှိတာပဲလို့ ဆုံးဖြတ်မိကြတယ်"

"အဲဒါကို ပြန်တွေ့,တွေ့ချင်း၊ စ,စတွေ့,တွေ့ချင်း ဘာလို့ ဖွင့်မပြောသလဲလို့ မေးဖို့ရှိတယ်။ ရှင်းရှင်းပြောရရင်တော့ အေးလှကို ကျုပ်တို့နှစ်ယောက်စလုံးက ကြိုက်ခဲ့ကြတာ၊ လက်ထပ်ခွင့် တောင်းဖူးခဲ့ကြတယ်။ ပြဿနာတွေဖြစ်ပြီး ကွဲကွာကြရတဲ့အထဲမှာ အဲဒီအချက်တွေကလည်း အဓိက ပါဝင်နေတယ် ...

အဲဒါတွေကို သမီးမိန်းကလေးတစ်ယောက် သိ,မသိ၊ ဖွင့်ပြောသင့် မပြောသင့် ချိန်ဆနေကြရတာနဲ့ပဲ ခုမှပြော ဖြစ်တော့တာပဲ၊ အဲဒါပဲ"

ဦးဝင်းခန့်ရဲ့ အေးဆေးသော အပြောကို ဦးဘသော်ကြီးက ဒိုးဒိုးဒေါက်ဒေါက်နှင့် ဝင်ဖြတ်ပြောလိုက်ပါသည်။ သူတို့ဟာက သားတွေနဲ့ အဖေတွေနဲ့ကတလွဲ။ ချိုသာအေးဆေးသော





သားရဲ့အဖေက ဒိုးဒိုးဒေါက်ဒေါက် ဘွင်းဘွင်းသမားကြီး ဖြစ်နေ ချိန်မှာ ဝုန်းဒိုင်းကြဲလှသော သားရဲ့အဖေကကျတော့ ဖြည်းဖြည်း အေးအေးနှင့် စကားလုံးရွေးတတ်သူ၊ နားဝင်လွယ်ဖို့ ကြိုးစားချင် တတ်သူမျိုး ဖြစ်နေသည်။

ခုလည်း ခပ်ရှင်းရှင်းကြီး ဝင်ဖြတ်ပြောလိုက်သော ဦးဘသော်ကြီးရဲ့ စကားကြောင့် ချမ်းမှာ ကိုယ့်အမေရဲ့သုံးပွင့် ဆိုင် ငယ်ဓာတ်လမ်းအတွက် မျက်နှာပဲ ပူရတော့မလိုလို မျက်နှာ ထားတတ်အောင် ဖြစ်သွားမိရသည် အမှန်ပင်။ တစ်ခါမှ ကြား နားဝ ရှိမထားမိသော အကြောင်းအရာအသစ်မို့ အံ့သြထူးဆန်း ခြင်းကြီးစွာလည်း ဖြစ်ရသည်။

ချမ်းရဲ့မေမေဟာ သူ့အင်မတန် သံယောဇဉ်ကြီးပါ သည်ဆိုတဲ့ ငယ်ပေါင်းနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးဘဲ ဖေဖေ့ကိုသာ ဘာဖြစ်လို့ ရွေးချယ်လက်တွဲခဲ့ပါလိမ့်။ သူတို့ချင်း ကြားထဲက ကွဲကွာသွားကြရလောက်အောင် ဖြစ်သွား ကြရတဲ့ ပြဿနာတွေ၊ အလွန်တွေ ဆိုတာကကော ဘာပါလိမ့်။

ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်ကို အပြိုင် ခဲ့ကြသလိုရှိတဲ့ ယောကျ်ားနှစ်ဦးကကျတော့ ခုချိန်မှာ အခင်မင် ဆက် ဆက်လက်ရင်းနှီးပေါင်းသင်းနိုင်နေကြသားပဲ ဆိုတော့လေ။

"ငါကတော့ ငါ့အလွန်တွေ၊ အကြွေးတွေကို ဆပ်နိုင်ဖို့ အေးလှကလည်း မရှိတော့တဲ့အတွက် ဒီမိန်းကလေးအပေါ်မှာပဲ ဆပ်ရတော့မယ်ဆိုရင် အကယ်၍သာ ငါ့သားနဲ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတို့ လူငယ်ချင်း အဆင်ပြေကြမယ်၊ နှစ်သက်ကြမ
ဆိုရင် ငါသဘောတူတယ်၊ စီစဉ်ပေးစားမယ်၊ အဲဒါပဲ”

ဘွင်းဘွင်းသမားက နောက်ထပ် ခပ်ဘွင်းဘွင်းတ
လုံးကို ထပ်မံပစ်သွင်းလိုက်ပြန်တဲ့အခါ ချမ်းမှာ “ဘုရားမ,
သာ ကိုထွန်းနေမင်းတစ်ယောက် ဒီပွဲကို ပါမလာ၊ လိုက်မလာ
တာပဲ”ဟု ခုမှပဲ ထွန်းနေမင်းပါ, ပါမလာသည့်အဖြစ်ကို ဘဝင်ကျ
ကျေနပ်မိရပါတော့သည်။

ရောက်စကတော့ “သာမန်ဝန်ထမ်းနဲ့ အလုပ်ရှင်
အပြင်မှာတွေ့ကြတာ လူပြောစရာ ဖြစ်ပါတယ်”ဆိုတဲ့ ချမ်းရဲ့စကား
ကြောင့် သူ တမင်တကာလိုက်မလာ၊ ပါမလာတော့တာ ဖြစ်မှာ
ဆိုတာကို အတပ်သိလျက် အဘိုးကြီးနှစ်ယောက်ပဲ ရောက်လာ
ကြခြင်းအပေါ် ချမ်းက ကြိတ်မနိုင်ခဲမရနှင့် တနုံ့နုံ့နှင့်သာပါ။

“ဒါဖြင့် လူငယ်ချင်းက အချင်းချင်း နှစ်သက်မှုမရှိကြ
ဆိုရင်ကော”

“အဲဒီလိုဆိုတော့လည်း ဘယ်တတ်နိုင်မလဲ။ ငါ့ဘာသ
ငါ့အကြွေး ငါဆပ်ချင်တာနဲ့ပဲ မချစ်မနှစ်သက်သူချင်း
ဇွတ်စီစဉ်ပစ်လို့ ရပါ့မလား။ စကားကို ကပ်မပြောနဲ့
မင်းကကော၊ ကဲ … မင်းကကော”

နောက်တစ်ယောက်ကပါ “ငါကလည်း ငါ့သားနဲ့
လို့များ အပြိုင်လိုက်ပြောတော့မှာလားဟု ပထမတစ်ယောက်
စကားအတွက် မျက်နှာတွေပူ၊ ရှက်ရွံ့နေရပြီဖြစ်သော ချမ်း





မထိတ်သာ မလန့်သာရှိရစဉ် ဦးဝင်းခန့်ကတော့ စကားကိုထိန်း
ပြောတတ်သည့် သူ့ဝသီအတိုင်း …

“မင်းကိုငါ ပြောထားပါတယ်၊ ငါ့မှာ အစီအစဉ်တွေ
အများကြီးရှိပါတယ်။ အခြေအနေ အရပ်ရပ်အပေါ်မှာလည်း
မူတည်သေးတယ်လေ”

မယုတ်မလွန်လေး ပြောထားလိုက်ပြီးသည့်နောက်
ဦးဝင်းခန့်က …

“ဘာပဲပြောပြော သမီးမှာ ဦးလေးသားချင်း၊ ဘကြီးအရင်း
လို သဘောထားရမယ့်သူနှစ်ဦး ရှိနေတယ် ဆိုတာတော့
သမီးခေါင်းထဲမှာ ထည့်ထားပါ။ အန်ကယ်တို့ကတော့
သမီးကို စောင့်ရှောက်ကြည့်ရှု ခင်မင်ချင်တဲ့အတွက် ခုလိုပဲ
မပြတ်ကလေး တွေ့ဆုံနေချင်တဲ့ သဘောမှာ ရှိတယ်။
ဒါပေမဲ့ သမီးဘက်မှာကျတော့ အခက်အခဲ ရှိတယ်လို့
ထွန်းထွန်းက ပြောပါတယ်”

“ဒါကတော့ … ဟိုလေ … ဟိုဥစ္စာပါ …”

“ရတယ်သမီး၊ အန်ကယ်တို့ နားလည်ပါတယ်။ ဒီတော့
အန်ကယ်တို့အနေနဲ့ သမီးနဲ့ ဒီ့ထက် တင့်တင့်တယ်တယ်
တွေ့ဆုံပတ်သက်နေလို့လည်းရအောင်၊ ဒီ့ထက်နည်းနည်း
ပိုပြီး ကြည့်ရှုစောင့်ရှောက်ထားနိုင်ရာလည်း ကျအောင်ဆိုရင်
ဘသော်နဲ့လည်း မပတ်သက်၊ အန်ကယ်နဲ့လည်း မပတ်
သက်တဲ့ အလုပ်မျိုးထဲမှာ သမီးကို သာမန်ဝန်ထမ်းသဘော



www.burmeseclassic.com

www.burmeseclassic.com



လေး လုပ်နိုင်းထားဖို့ထက် အန်ကယ်ဆီကိုပဲဖြစ်ဖြစ် အဆင့်မြင့်ဝန်ထမ်း တစ်နေရာရာကို ပြောင်းရွှေ့ခေါ်ယူထားလိုက်ရင် ကောင်းမလားလို့။ အဲဒါ ဘသော်နဲ့လည်း အန်ကယ်တို့ တိုင်ပင်ထားတယ်"

ချမ်းမြမြမှာ ပြန်ပြောစရာစကား ဘာမှမရှိပါ။ "မလာချင်ပါဘူး၊ ဒီမှာပဲ အဆင်ပြေပါတယ်"ဟု ပြန်ပြောနေစရာကလည်း အကြောင်းမရှိ။ ပြောလည်း မပြောချင်ပါ။ ဦးဝင်းခန့်ကြီး ဆိုလိုနေတဲ့ အဓိပ္ပာယ်ကလည်း ဒီထက်ပိုကောင်း၊ ပိုမြင့်၊ ပိုသင့်တော်မယ့်နေရာလို့ ဆိုလိုနေတာပဲ မဟုတ်လား။

တစ်ခုပဲရှိတာ "ငါ့မှာကတော့ ငါ့အမေကလည်း မရှိတော့တဲ့ဟာ၊ ဒီတာဝန်က ငါ့ခေါင်းပေါ် လုံးလုံးကျနေတယ်"ဟု အလကားနေရင်း လာပေးစား စွပ်စွဲချင်နေသူ တစ်ယောက်ကတော့ ဘာများထပ်ပြောလာချင်ဦးမည် မသိ။ သူ့ဆီက အလုပ်သမားတစ်ယောက်ကို ဖဲ့ပေးလိုက်ရသလိုရှိမည့် ကိုထွန်းနေမင်းကတော့ ဘာမှပြောမှာမဟုတ်တာ ချမ်းက ကြိုသိနေပါသည်။ သူဟာ ဒီအဘိုးကြီးတွေအပေါ်မှာ တာဝန်ကျေပွန်သူပဲ ဖြစ်ချင်နေခဲ့တာ မဟုတ်လား။

ဒီလိုဆိုရင် "မင်းတို့ ချင်းသာသင့်မြတ်ကြမယ်၊ စိတ်ဝင်စားမှု ရှိကြမယ်ဆိုရင် ငါက စီစဉ်ဦးဆောင်ပြီး ပေးစားဖို့ တာဝန်ယူတယ်ကွာ၊ သဘောတူတယ်"ဆိုသော စကားမျိုးကို အဖေကြီးဖြစ်သူက သားကို သွားပြောခဲ့တဲ့ အခါကျရင်ကော





တာဝန်ကျေချင်တဲ့ သားဆီက ဘယ်လိုစကားနဲ့ အဖြေမျိုးများ ပြန်ထွက်လာမှာပါလိမ့်။

ဒီအချက်ကို စဉ်းစားမိသွားလျှင် ချမ်းက ...

"အန်ကယ်ချီးမြှင့်မယ့် နေရာကို ကျွန်မ လိုချင်ပါတယ်"

ဦးဘသော်ကြီးက မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ ...

"ထွန်းနေမင်းဆီမှာ အဆင်မပြေစရာများ ရှိနေလို့လား။ သူနဲ့များ မပြေလည်ကြဘူးလား"

"အဆင်ပြေပါတယ် အန်ကယ်၊ ကျွန်မက Departmental Store လို နေရာမျိုးကြီးတွေကို ပိုသဘောကျ စိတ်ဝင်စားလို့ပါ"

ချမ်းဟာ ဖေဖေ မပါဝင်ခဲ့တဲ့ မေမေ့ရဲ့ သုံးပွင့်ဆိုင် မေတ္တာဇာတ်လမ်းတစ်ပုဒ်ကို သိလိုက်ရတဲ့အတွက် မျက်နှာပူရသလိုလို ရှိသော်လည်း မေမေ့အပေါ် အချစ်မပြယ်ရတဲ့ပြင် ပိုလို့ဆောင် ကျေးဇူးတင်သတိတရ တ,သနေမိသေးတော့သည်။ မေမေဟာ တမလွန်ဘဝကနေတောင် ချမ်းကို ဆက်လက်ကြည့်ရှုစောင့်ရှောက်၊ ကောင်းရာပို့ညွှန်နိုင်နေသေးသော မိခင်မျိုးဖြစ်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

နေမင်းကြီးဦးဝင်းခန့်ဆီသို့ အလုပ်ပြောင်းလိုက်ပါတော့မယ်ဟု ဆုံးဖြတ်လိုက်ပြီးကာမှ မှန်းထားတာထက်ပင် ခပ်မြန်မြန်လေး ပြောင်းဖြစ်သွားရတာကတော့ ဤသို့တည်း။

တစ်ခုသော တနင်္လာနေ့မှာ တာဝန်ခံက ဆိုင်ရဲ့ လချုပ်စာရင်းတွေ လုပ်ဖို့အတွက် ဝန်ထမ်းတွေထဲက နှစ်ယောက်ကို အချိန်ပို ဆင်းပေးဖို့ ခေါ်သောအခါ မဲပေါက်သည့်သူက ချမ်းနှင့် ယမင်းပဲ ဖြစ်နေသည်။ ချမ်းကတော့ ကိုယ်လည်းသွားရတော့မယ်ဆိုတော့ တာဝန်ခံရဲ့ တောင်းဆိုချက်ကို မငြင်းတော့တာ။ ယမင်းကတော့ "သွားစရာရှိလို့ပါ၊ လူလဲပေးပါ။ ချိန်းထားပြီးသားမို့ပါ၊ အစားထိုးပေးပါ၊ ကျန်းမာရေးကိစ္စပါ"စသဖြင့် နားပူနားဆာတိုက်နေသော ကောင်မလေးတစ်ယောက်ကို လူလဲပေးလိုက်ခြင်း ဖြစ်ပေသည်။





အဲဒီတော့ အဲဒီနေ့က ဆိုင်မှာ တာဝန်ခံရယ်၊ စာရင်းကိုင်ရယ်၊ ချမ်းရယ်၊ ယမင်းရယ်။ မနက်(၁၀)နာရီလောက်ရှိတဲ့အခါမှာ သတ္တဝါကပေါ် ဆိုင်သို့ရောက်ချလာပြီး သန့်ရှင်းရေးလုပ်မည့် အေပရွန်(Apron)အပေါ်ဖုံး ခါးစည်းအင်္ကျီတွေ ဘာတွေကို ကောက်ကက်ဝတ်နေ၍ တာဝန်ခံက ...

"ဟာ ... နေမင်းကလေး၊ ဒီနေ့က ပိတ်ရက်ပဲ၊ ဒီလူတွေက ခဏပဲ အချိန်ပိုဆင်းကြမှာ၊ မနက်စာစားပြီးချိန်လောက်ပြန်မှာပဲ။ မလှလှတောင်မှ မလာဘူး၊ နေပေ့စေလေ"

"မဖြစ်ဘူး တာဝန်ခံကြီး၊ တချို့တွေရဲ့ ပါးစပ်တွေက သိပ်ကြောက်ဖို့ကောင်းတယ်။ တော်ကြာ အချိန်ပိုရက်ကို အချိန်ပိုရက်လို့ အမှန်အတိုင်း မပြောဘဲ သန့်ရှင်းရေးဝန်ထမ်းက တာဝန်ကျေမထားလို့ 'သူတို့အလုပ်လုပ်ရတဲ့အချိန်မှာ ဖုန်တွေနဲ့ သဲတွေနဲ့ အမှိုက်တွေနဲ့လို့ ပြေးသံတော်ဦးတင်လိုက်ရင် ဆံပင်က ဒီ့ထက်တိုရရင် ခေါင်းတုံးဖြစ်ဖို့ပဲ ကျန်မယ် ...

သန့်ရှင်းရေးက ဆိုင်ထဲတင်မဟုတ်တော့ဘဲ လမ်းမက စည်ပင်မြောင်းပါ ဆင်းကော်နေရလိမ့်မယ်။ လူတိုင်းက တာဝန်ခံကြီးတို့လို စိတ်ရင်းကောင်းကြတာ မဟုတ်ဘူး၊ ရတယ် ... ရတယ်"

ကိုယ့်ကိုမှ တည့်တည့်ကြီး တိုက်ရိုက်ရည်ရွယ်ပြီးလာပြောနေမှန်း သိသော်လည်း ချမ်းက မကြားချင်ယောင်ဆောင်

www.burmeseclassic.com



ဆောင်ကာ စာရင်းကိုင် ညွှန်ပြပေးနေသော စာရင်းတွေကိုပဲ သဲမဲကြည့်နေလိုက်သည်။ ယမင်းကတော့ ပြုံးစိစိနဲ့ ...

"ဟုတ်ရဲ့လား၊ ပိတ်ရက်တစ်ရက်လောက် အတူလက်တွဲ လုပ်ရလည်း နည်းလား ဆိုတဲ့ သဘောမဟုတ်ဘူးလား"

"ဘယ်သူနဲ့လဲ။ ခင်ဗျားတို့နဲ့လား။ ထွတ် ... စဉ်းစဉ်းစားစားလည်း ပြောပါလားဗျာ။ 'အတူ'တောင်မကတော့ဘူး၊ 'လက်ပါတွဲ'ထားကြရဦးမတဲ့။ မသတီစရာကြီး ရုပ်ဆိုးတွေ ကူးကုန်ပါဦးမယ်"

ယမင်းထံမှ ရယ်သံတွေ ထွက်ပေါ်လာလျှင် ချမ်းသည် "သင်းကို မုန်းလှပါသည်"ဆိုသော ယမင်းနဲ့ သင်းတို့ ဘယ်အချိန်လောက်ကများ ဒီလောက်ကြီး ရင်းနှီးကျွမ်းဝင် ခင်မင်သွားကြပါလိမ့်ဟု တွေးမရနိုင်အောင်ပင် ဖြစ်နေရပါတော့သည်။ တည်ငြိမ်ကျေနွေရကာ အနေမှန်လှသော ယမင်းသည် ခုလိုတော့လည်း သင်းလိုသတ္တဝါမျိုးကို ကလေးတစ်ယောက်ကို စ,နောက်နေရသလို စနောက်ချင်နေသည့် မျက်နှာပေးတွေ၊ အပြုံးမျိုးတွေနှင့်။

ဖြစ်နိုင်ချေကတော့ ခင်ခင်မင်မင် ဆက်ဆံပတ်သက်မှုပြလာတဲ့ ကိုထွန်းနေမင်းရဲ့ ထူးခြားမှုတွေကို ချမ်းက မျှော်မှော်ဗွာ အကဲခတ်ရ၊ နားလည်နိုင်အောင် လိုက်ကြိုးစားရနှင့် ဗျာများနေခဲ့ရချိန်မှာ။ တစ်ဆိုင်လုံးနဲ့တကွ ပတ်ဝန်းကျင်ကိုပါ သတိမမူမိသခိုက်မှာ ဒီနှစ်ယောက် ဒီလောက် ရင်းနှီးသွားကြတာမျိုးဖြစ်နိုင်သည်။





"အရုပ်ဆိုးရင် အပတ်အသက်တောင် မလုပ်ချင်ပါဘူး၊ နေကာမျက်မှန်အပိတ်အနက်ပလိမ်းကို တပ်ထားပစ်မယ်" ဆိုတဲ့ တေဇနကလည်း ဖိနှိပ်သာပြောနေတာ အထင်တသေး သိက္ခာချ နစ်နာစေလိုခြင်းထက် ချင်လို့စနေတဲ့ပုံစံမျိုး။ "ကိုယ့်ကိုယ်ကိုယ်တော့ မလှမှန်းသိနေတာပေါ့၊ ဒါပေမဲ့ ပြောစရာလား" ဆိုတဲ့ ယမင်းကလည်း မနာတဲ့အပြင် သဘောတကျတွေနဲ့ "ပြောလေ ခင်လေ"ဆိုတာမျိုးတောင် ဖြစ်နေတဲ့ပုံမျိုး။

"ဒါဖြင့် ဒီနေ့ အချိန်ပိုဆင်းရတဲ့ လေးယောက်စလုံး တာဝန်ခံကြီးကအစ ယမင်းတို့အဆုံး အကုန် အင်မတန်ကို ရုပ်ဆိုးကြတာ။ မတော် ရှင့်ပါ ကူးကုန်မှ ပြန်ဖျက်လို့မရဘဲ နေပါ့မယ်။ ကိုယ်လုပ်စရာရှိတာကို တာဝန်ကျေလုပ်သွားပြီးရင် မြန်မြန်ပြန်ပေတော့။ ဒီကလူတွေပြီးတဲ့ထိ ထိုင်မျှော်စောင့်မနေနဲ့လေ၊ မလိုပါဘူး"

"လိုတယ်၊ သန့်ရှင်းရေးဝန်ထမ်းဆိုတာ တခြားဝန်ထမ်းတွေ အကုန်အလုပ်ပြီးမှ သူတို့ တစ်နေကုန် ဖွသွားကြတာတွေကိုပါ အကုန်ပြန်ရှင်းပေးပြီးမှ နောက်ဆုံးမှ ပြန်ရတဲ့သူ။ ကိုယ့်တာဝန် ကိုယ်သိတယ်။ ဆရာလာမလုပ်နဲ့။ ရုပ်ဆိုးတဲ့သူတွေ ဆရာလာလုပ်နေတာလောက် အခံရခက်စရာ ကောင်းတာမရှိတော့ဘူး။ ချောချောလှလှလေး တစ်ယောက်ယောက်က ပြောနေတာဆိုလည်း နာသာခံခက်လေးပေမယ့် ငြိမ်နားထောင်နေရရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုယ့်တာဝန်နဲ့ကိုယ်ပေါ့။ ထိုင်မျှော်စောင့်နေမှာ မျိုးတော့ မဟုတ်ဘူးပေါ့"

"ထိုင်မျှော်စောင့်နေတာပဲပေါ့၊ ဘယ်တော့ပြီးမလဲ ... ပြီးမလဲ ... ပြီးမလဲနဲ့"

"ကြာကြာလုပ်ကြပါစေ၊ မပြီးကြပါစေနဲ့၊ နှေးကွေးကြပါစေ၊ မဟုတ်ဘူးလား"

တေဇနဆီမှ စူကောက်ကောက် ယောက်ျားမျက်စောင်းကြီးတစ်ခု ထွက်လာ၍ ယမင်းရဲ့ ရယ်သံက ပိုကျယ်လောင်လို့သွားပါသည်။ ယမင်းရဲ့စကားတွေဟာ အရင်းခံ အရိုးအတိုင်း မဟုတ်ဘဲ တစ်ခုခုကို ဦးတည်နေသလိုလို၊ အဓိပ္ပာယ်ဖွက်တွေ ပါနေသလိုလိုနဲ့ဟု ထင်ရပေမယ့် သူတို့ချင်းကြားက သူတို့တွေချင်းပဲ နားလည်နိုင်ကြမယ့် အထာတွေ အကွက်တွေအကြောင်း ကိုယ်လည်း မသိ၊ လိုက်မမိ၊ နားမလည်တာမို့ ချမ်းမှာ"ဘာတွေလဲ"ဟု သိချင်ပေမယ့် အဖြေမရပေ။

ကိုယ်မသိလိုက်ချိန်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မုန်းလှ၊ အမြင်ကတ်လှပါသည်ဆိုသူနှစ်ဦးရဲ့ ဤမျှလောက် ရင်းနှီးမှုကြီးကိုလည်း စိတ်ထဲက မနှစ်မြို့ပဲ ဖြစ်ရတော့မလိုလို။ မနာလိုပဲ ရှိရတော့မလိုလို။ တစ်မျိုးကြီးလိုလို ဖြစ်လာရသည်။

ယမင်းဟာ ဘယ်လိုစိတ်ထားမျိုးနဲ့များ"ငါ့ကိုတမင် သိက္ခာချ နစ်နာအောင် ပြောနေတယ်"ဟု မမြင်နိုင်တော့ဘဲ "စ၊ နောက်နေတာ နာစရာမဟုတ်ဘူး"ဟု ပြောင်းလဲ သတ်မှတ်သွား





နိုင်ပါလိမ့်။ ဘယ်သူ့ကိုမဆို မဲ့ရွဲ့ဖိနှိပ်ပြောချပစ်လိုက်ဖို့ ဝန်မလေးသောသူရဲ့ ဘယ်လိုအတွင်းစိတ်ကိုများ သူက သိရှိသဘောပေါက်နားလည်ပေးလိုက်နိုင်တာပါလိမ့်။ ဆန်းကြယ်လှသည်။

နေ့လယ် ထမင်းစားချိန်ကျတော့ တာဝန်ခံနှင့် စာရင်းကိုင်တို့က "သူတို့နှစ်ဦး အပြင်ထွက်စားပြီးမှ ပြန်လာကြမည်" ဟုဆိုကာ တေဇနကိုလည်း သူတို့နဲ့အတူ လိုက်စားဖို့အထပ်ထပ်ခေါ်ကြပေမယ့် ...

"သူတို့နှစ်ယောက်တည်း ဆိုင်မှာထားပစ်ခဲ့လို့ စာရင်းပျောက်တာတို့၊ ငွေတွေတိုပြီး ထွက်ပြေးတာတို့ဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ။ ထမင်းက အမြဲစားဖူးနေတာ၊ တစ်နပ်တလေလောက် မစားလိုက်လည်း ရတယ်။ သူငယ်ချင်းရဲ့ ပိုင်ဆိုင်မှုတွေကို မျက်ခြည်မပြတ် ကာကွယ်နေဖို့က ပိုအရေးကြီးတယ်"

"ပြီးမှ ထမင်းချိုင့်နှစ်ချိုင့်စာက သုံးယောက်လောက် မျှစားလိုက်လည်း ဒီလိုပဲ လောက်သွားနိုင်တာပါပဲဆိုတဲ့ အသံမျိုးတော့ ထွက်မလာစေနဲ့နော်။ ကိုယ့်မယုံလို့ စောင့်ကြည့်ကျန်ရစ်မယ့်သူကို ဘယ်သူမှ ထမင်းမမျှနိုင်ဘူး။ ပြီးတော့ ယမင်းတို့က ရွံလည်းရွံတတ်တယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က ပိုတောင်ရွံပါတယ်"

"အဲဒါဆိုရင် မျက်စိပါ မှိတ်ထားပေါ့၊ လာကြည့်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးရဲ့ အပြန်အလှန်တွေကို အတော်ကြီး မြင်ပြင်းကတ် နားခါးလာမိသော ချမ်းသည် တာဝန်ခံတို့ထွက်သွား ကြသည်နှင့် ကိုယ့်ထမင်းချိုင့် ကိုယ်မ,ကာ ဆိုင်နောက်ဘက်ထဲ သွားစားတော့မည်အပြု ဆိုင်ရဲ့မှန်တံခါးချပ်ကြီးတွေက ခပ်ကျယ်ကျယ်ပဲ ပွင့်ဟသွားကာ ...

"တေဇနကရော ဘယ်လိုလုပ် ဒီနေ့ ဒီကိုရောက်နေသလဲ။

ကဲ ... ရောက်နေလည်း ကိစ္စမရှိဘူး၊ တေဇနရော နောက်ထပ် ဟိုမိန်းကလေးတစ်ယောက်ပါ နောက်ဘက်ထဲ ခဏလောက် သွားနေပေးကြစမ်းပါ။ တို့က ဒီက ချမ်းမြမြဆိုတဲ့ မိန်းကလေးနဲ့ ခဏစကားပြောစရာရှိတယ်"

ယမင်းရော ချမ်းပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်။ ပြီးမှ ခပ်မာမာ ခပ်ထည်ထည် မျက်နှာပေးနှင့် ဝင်ရောက်လာသူ မိန်းမကြီးတစ်ယောက်ကို ပြန်ကြည့်။ ပြီးလျှင် တေဇနထံ နှစ်ယောက်လုံး ပြိုင်တူကြည့်။ တေဇနက ယမင်းကို "အဲဒါ မန်နေဂျာသူဌေးရဲ့အမေပဲလေ"ဟု လှမ်းပြောလိုက်သည်။ တေဇနရဲ့ စကားကြောင့် ဖျတ်ခနဲ တစ်စုံတစ်ရာကို သဘောပေါက်သွားသလိုရှိသော ယမင်းသည် သူ့ထမင်းချိုင့်သူ ကောက်,မလိုက်ကာ နောက်ဘက်ထဲ တကယ်ပင် ဝင်ချသွားခဲ့လေပြီ။

"ကဲ ... တေဇနရေ ... မင်းလည်း ကျေးဇူးပြုပြီး"

"တာဝန်ခံက ဒီကြွေပြားက ကြေး(ဂျီး)တွေကို သူပြန်မရောက်ခင် အပြောင်ခြစ်ထားလို့ ခိုင်းခဲ့တာ။ ခုထိမပြီးနိုင်





သေးဘူး အန်တီ။ ဘယ်လောက်ကြာမယ်မသိတဲ့ စကားဝိုင်းအတွက် နောက်ဘက်ထဲ သွားရှောင်ပေးနေရရင် အလကား အချိန်ပုပ်ပြီး အလုပ်မပြီးဘဲ ရှိပါ့မယ်"

မန်နေဂျာအမေ ဆိုသူက ဂျစ်တစ်တစ် တေဇနကိုတော့ အနိုင်ပြောနေချင်ဟန် မရှိဘဲ စိတ်ကုန်ကုန်နှင့်ပဲ လျစ်လျူရှုလိုက်ပုံရှိကာ ချမ်းဘက်သို့ပဲ လှည့်ကြည့်ရင်ဆိုင်လိုက်သည်။

မန်နေဂျာအမေ ဆိုတော့ **အန်ကယ်**ဦးဘသော်ရဲ့ မိန်းမ၊ ကိုထွန်းနေမင်းရဲ့အမေပေါ့။ ချမ်းရဲ့ဦးခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ ညံသွားကဲ့သို့ရှိကာ အလိုက်တသိ ရှောင်မပေးဘဲ ကုပ်ကပ်ပြီး နားဆင်၊ ကြားချင်နေသေးပုံရသော တေဇနကို စိတ်နာရလွန်းလို့ တဆတ်ဆတ်ပင် တုန်ချင်လာသည်။

"မင်းရှေ့မတိုးသာအောင် အဘွားကြီးက နည်းမျိုးစုံသုံးပြီး ကာကွယ်ပါလိမ့်မယ်"တဲ့။ "သူ့သားအတွက် ဆိုရင်ကောခမ်းပန်းတသာ လက်ကမ်းကြိုဆိုနေလိမ့်မယ်လို့များ မင်းထင်နေသလား"တဲ့။ နှိမ်နှက်တိုက်ခိုက် ပြောခဲ့ဖူးသော တေဇနရဲ့စကားတွေဟာ တကယ်တော့ အဖြစ်မှန်တွေချည်း ဖြစ်ပုံရကာ မာန်မာနတွေ လျှံလျက် ထန်လျက် ရှိနေသော မိန်းမကြီးသည် ချမ်းကို အမှုန့်ချေ၊ အစိမ်းလိုက်ဝါးစားပစ်တော့မယ့် ဟန်မျိုးနှင့် ဖြစ်နေပြီတည်း။

အကြည့်လို ကိုယ့်ထက်ကြီးပေမယ့် ကိုယ့်မျက်နှာပဲ ကြည့်နေခဲ့သည့် သူမျိုးအပေါ် ခပ်ပြတ်ပြတ် ပြောချပစ်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မလေး၊ လွယ်ကူစွာ တင်းမာနိုင်သော၊ တေဇနေလို ဇလွတ်ရွတ်တာ ပေါက်တတ်ကရ ပြောနေတတ်သူမျိုးကိုလည်း ပြန်ခံပက်၊ ရန်စွာ နှုတ်လှန်ထိုး၊ အပြိုင်ပြောပစ်ဖို့ ဝန်မလေးတတ်သော ချမ်းသည် ခုလို မာန်နဲ့ ထန်နဲ့ မြင့်မားချမ်းသာဂုဏ်မောက်နေသော မိန်းမကြီးမျိုးနှင့်တော့ တစ်ခါမှလည်း မယှဉ်စဖူး။ ယှဉ်ရဲပြိုင်ရဲလည်း ရှိနိုင်လိမ့်မည် မထင်ပါ။

ချမ်းရဲ့လက်ဖျားတွေ အေးစက်ထုံကျဉ်လို့လာသည်။ အပြောခံလိုက်ရတော့မည့် စကားတွေကို တေဇနဲ့ ကြားသွားမှာစိုးစိတ်ထက် "သူတစ်ယောက် ရှိနေသေးပေလို့ပဲ" ဆိုတဲ့ စိတ်မျိုးတောင် ပြောင်းလဲပြီး ဖြစ်ပေါ်လာသည်။

"တို့ကမ္ဘာပေါ်မှာ အမုန်းဆုံးမိန်းမက 'မအေးလှ' လို့ခေါ်တယ်။ ခု သူ မရှိတော့ဘူးဆိုတဲ့အခါမှာ သူ့သမီးဆိုတဲ့ တစ်ယောက်ကို ပြောင်းလဲပြီး အမုန်းဆုံးဆိုတဲ့ စာရင်းထဲ မသွင်းပါရစေနဲ့။ ကိုယ်တစ်ခါမှ မမြင်ဘူးလိုက်တဲ့ မိန်းမတစ်ယောက်က ကိုယ့်အပေါ် အဲဒီလောက် လိုက်ပြီးစိတ်ဒုက္ခပေးနေနိုင်တာဟာ အင်မတန် နာကြည်းစက်ဆုပ်စရာကောင်းတယ်ဆိုတာ ကိုယ်တိုင်ကြုံဖူးရင် သိကြလိမ့်မယ်...

တို့ယောက်ျားအပေါ် လွှမ်းမိုးနိုင်တဲ့ မိန်းမဟာ ပထမတစ်ချိက သူ့အမေ။ ဒုတိယအကြိမ်ကျတော့ သူ့သမီးဆိုရင် လူကြားလို့မှ မကောင်းတော့ဘူး။ မင်း ... တို့ယောက်ျားနဲ့ အဆက်အဆံ အပတ်သက်တွေကို ဒီနေ့က





စပြီး ဖြတ်တောက်ပါ။ ဒီဆိုင်ကလည်း အလုပ်ထွက်ပါ။ မင်းကို နစ်နာကြေး သုံးလစာ တို့ပေးမယ် ...

နောက်တစ်ချက်။ အဖေနဲ့ ဆက်ဆံစရာမလိုသလို သားနဲ့ပတ်သက်စရာလည်း မလိုဘူး။ သူ့အဖေသာ အသက်ကြီး ဘယ်လောက်ကြီးကြီး၊ ဒီအချိန်ထိ ရှုံ့နှမ်းနေသေးလို့ မင်းလိုမိန်းကလေးနဲ့ သားနဲ့ ဆိုတဲ့ အကြံမျိုး သွက်သွက်လည်နေတဲ့ သူ့ခေါင်းထဲ ရောက်လာနိုင်တာ။ တို့ကတော့ လုံးဝသဘောမတူနိုင်ဘူး ...

ထွန်းထွန်းနဲ့လည်း ဒီနေ့ကစပြီး အဆက်အသွယ်ဖြတ်ပါ။ မင်းတို့ချင်းကြားမှာ ဘာတွေရှိရှိ ဘယ်လိုရှိရှိ အမေတစ်ယောက်က သဘောမတူဘူးဆိုရင် ဒီကိစ္စက လုံးဝဖြစ်လာစရာ အကြောင်းမရှိဘူး။ ဖြစ်ကိုမလာရဘူး။ ကိုယ့်သားကို ကိုယ်နိုင်တယ်၊ မင်းစိတ်ကို မင်းနိုင်ဖို့တော့ မင်းပဲတာဝန်ယူပါ။ ထပ်ပြောလိုက်မယ်။ ရှက်တတ် နာတတ်တဲ့ မိန်းကလေးဆိုရင် ကိုယ့်စိတ်ကိုယ် တာဝန်ယူပါ ...

ကဲ ... မင်းဘက်က ဘာပြောစရာရှိသေးသလဲ"

ပြန်ပြောထွက်နိုင်ဖို့နေနေ ရှည်လျားမောက်မာစီးပိုးလှသည့် စကားမျိုးတွေကို ခုချိန်ထိ အသက်ထွက်မသွားသေးဘဲ နားထောင်နေနိုင်တာသည်ပင် ချမ်းအဖို့ အရဲရင့်နိုင်ဆုံးလုပ်ရပ်ပေ။ ချမ်းမှာ ငုတ်တုတ်ကြီး အသက်ပျောက်နေသူလို ဖြစ်နေသည်။

www.burmeseclassic.com



"သူ့ခများ အန်တီ့စကားတွေကို ဘာဆိုဘာမှ နားမလည်လိုက်တော့ ဘာပြန်ပြောရမှန်း သိမှာကို မဟုတ်ဘူး။ အဲဒီတော့ ကျွန်တော်ကပဲ ပြောမှဖြစ်မယ်ထင်တယ်"

ချမ်းဆီက စကားပြန်ကို မော်ငေးတင်၊ အသင့်ပြင်ထားပြီး စောင့်မျှော်နေသော အဘွားကြီးနှင့်၊ ငုတ်တုတ်ကြီး ငြိမ်ဆိတ်နေသည့် ချမ်းစို့ကြားသို့ တေဇနက ခေါင်းတခါခါ၊ လည်တခါခါနှင့် ရောက်ရှိလာပါသည်။

"တေဇနဲ့ ... ဒါနောက်ပြောင်နေရမယ့်အချိန် မဟုတ်ဘူး၊ မင်းအမေသာရှိသေးရင် ခုချိန်မှာ အန်တီနဲ့အတူ သူလည်း ပါလာလိမ့်မယ်။ ဒီစကားတွေကို သူလည်း အတူပြောလိမ့်မယ်။ မင်းအမေက မရှိတော့ပေမယ့် မင်း အဲဒါကိုနားလည်ပြီးတော့ ကျေးဇူးပြုပြီး ဝင်မနောက်ပြောင်ပါနဲ့"

"နောက်မလို့ မဟုတ်ဘူး အန်တီ၊ ဒါပေမဲ့ မှားနေတာကြီးတွေကိုတော့ အမှားပြင်မှ ဖြစ်လိမ့်မယ်။ လူကြီးတွေခေတ်ကဟာတွေ ကျွန်တော် ဘာမှမသိမမီလိုက်ဘူး ...

ဒါပေမဲ့ ... ကျွန်တော့်အမေကတော့ အဲဒီ အန်တီဒေါ်အေးလှ ဆိုတာကို တွေ့ချင်ခဲ့တယ်။ ပြန်ရှာတွေ့ခဲ့ရင် ထမင်းစားတောင် ဖိတ်ပြီး စကားစမြည် ပြောဆိုဝိုင်းဖွဲ့ကြည့်ချင်သေးတယ်လို့ အမြဲပြောတယ်။ စိတ်ဝင်တစားခင့်မင်ချင်ခဲ့တယ်။ သူနဲ့လည်း သူငယ်ချင်းဖြစ်ချင်ခဲ့တယ်။ အန်တီနဲ့ သူနဲ့ မတူဘူး ...





အန်တီ ခုလာပြောနေတာတွေကို ကျွန်တော့်အမေက အတူလိုက်ပြောဖို့နေနေ 'ဘာတွေပါလိမ့်'လို့ ပြောလိမ့်မယ်။ ဘာလို့လဲဆိုတော့ အဖြစ်မှန်တွေကို သူ သိနေမှာမို့ပဲ"

"အဖြစ်မှန် ! ... အဖြစ်မှန် ဆိုတာက ဘာလဲ"

"အဖြစ်မှန်အရဆိုရင် အန်တီဟာ ရယ်စရာကောင်းလောက်အောင် မှားယွင်းနေပြီ။ ဟိုးမှာတွေ့လား၊ ဟိုးအပြင်က လမ်းမပလက်ဖောင်းပေါ်မှာ လျှောက်သွားနေတဲ့ ဟိုမိန်းကလေးတစ်ယောက်ကို အန်တီ ခုဒီစကားတွေကို သွားပြောမလား။ မပြောဘူး မှတ်လား။ ဘာလို့လဲ။ ရယ်စရာကြီးပေါ့ ...

'မင်းကို ငါသားနဲ့ သဘောမတူဘူးဟေ့၊ ငါ့သားငါထိန်းမယ်၊ မင်းက မင်းစိတ် မင်းထိန်း'လို့ သွားပြောရအောင် ထွန်းထွန်းကလည်း အဲဒီပလက်ဖောင်းပေါ်က ကောင်မလေးကို မကြိုက်။ အဲဒီကောင်မလေးကလည်း ထွန်းထွန်းကို စိတ်ထဲရှိတယ်တောင် မထင်ဘူး။ သွားပြောတဲ့သူသာ ဘာကြီးမှန်းမသိ ဖြစ်သွားလိမ့်မယ်။ ခုဟာက အဲဒီလိုပဲ။ ချွတ်စွပ်တစ်ထပ်တည်းပဲ"

အဘွားကြီး အူကြောင်ကြောင်ပင် ဖြစ်သွားသည်။ (ကိုယ်ဘာသာ အတွင်းစိတ်ထဲမှာ ဘာပဲဖြစ်နေနေ၊ ဘယ်လောက် တုန်လှုပ်ချောက်ချားနေနေ) ကျောက်ရုပ်ကြီးလို ငြိမ်ငြိမ်တွေ ... ကြီးနှင့် သူ့ကို စိုက်စိုက်ကြီး ကြည့်နေမိသည့် ချမ်းကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်၊ ရယ်ချင်ပက်ကို မျက်နှာပေး ဖြစ်,ဖြစ်လာသည့် တေဇနေကိုတစ်လှည့်၊ အူကြောင်ကြောင်နှင့်ပင် တစ်လှည့်စီ၊ တစ်ပြန်စီ ကြည့်နေသည်။ သူ့အကြည့်တို့က တစ်ချက် တစ်ချက်မှာ ယောင်ယမ်းပြီး လမ်းမပေါ်က ကောင်မလေးဆီလည်း ရောက်,ရောက်သွားသည်။

"ဒါဖြင့် မင်းဘာဘသော်က ဘာတွေ အော်ဟစ်နေရတာတဲ့လဲ"

"ကျွန်တော့်အဖေ ဘာလုပ်လုပ် အဲဒီဘာဘသော်ဟာ လိုက်ကိုပြိုင်လိုက်ရမှ ကျေနပ်တတ်တဲ့အစားပဲ။ သူများက သဘောတူတယ်ဆိုရင် သူလည်း တူရမှ ... တူတယ်ပဲ။ အဲဒါပဲ"

သူ လာစွပ်စွဲ ပြောဆိုနေသော ကိစ္စကြီးနှစ်ခုစလုံးဟာ ရုတ်ခြည်းပင် တစ်ခုမှ အခြေအမြစ်မရှိ။ မခိုင်မာသလိုလိုဖြစ်သွားတာမို့ အူကြောင်ကြောင် ဖြစ်လက်စ အဘွားကြီးဟာ အီလည်လည်နှင့် ဘာဆက်လုပ်ရမှန်း မသိပါ ဖြစ်သွားပုံရသည်။

"ဘာပဲဖြစ်ဖြစ်လေ သူ့အမေကတော့ ..."

"အဲဒါ ဟိုးတစ်ခေတ်က ကိစ္စတွေပဲ၊ သူ ဘယ်လိုလုပ်သိမလဲ။ သူတောင်မှ မမွေးသေးတုန်းကဟာတွေ၊ သူနဲ့ဘာဆိုင်လဲ။ အန်တီ့ဟာက 'နင်မဟုတ်ရင် နင့်အဖေပဲ'ဆိုတဲ့ ဝံပုလွေနဲ့ သိုးငယ် ပုံပြင်ထဲကလို ဖြစ်နေပြီ။ အဲဒီလို မပြောရဘူးဆိုတာ ပုံပြင်နားထောင်ဖူးတဲ့ ကလေးတိုင်းတောင် သိတယ်"





အဘွားကြီးမှာ မျက်နှာကြီး ရဲခနဲဖြစ်အောင် ရှက်သွားပုံရကာ "ဒါဖြင့်လည်း ပြီးတာပဲ"ဟု ဆတ်ခနဲ လှည့်ထွက်သွားတော့မည်အပြု ...

"မပြီးဘူးလေ အန်တီ။ သူက ဘာမှလဲမသိ၊ ဆိုင်လည်းမဆိုင်၊ ဟုတ်လည်း မဟုတ်ဘဲနဲ့ လူသိနတ်ကြား အရှက်တကွဲကြီး အပြောအဆို ခံလိုက်ရတာ။ ဟိုးပလက်ဖောင်းပေါ်မှာ ရပ်နေတဲ့ မိန်းကလေးကို ဒါမျိုးသွားပြောမိရင် အန်တီ့ကို ဟိုက ဘာပြန်လုပ်လိုက်မယ်ထင်သလဲ၊ အန်တီက လူကြီးနော်။ ပြီးကျတော့ ဂုဏ်ရှိသရေရှိ အမျိုးသမီးကြီး"

ထွန်းနေမင်း၏ မိခင်သည် လက်ကြီးနှစ်ဖက်ပိုက်ကာ မိန့်မိန့်ကြီးပုံစံနှင့် လုပ်ပြောနေသော တေဇနေကို အံကြိတ်ကာ ကြည့်လိုက်သော်လည်း "ဂုဏ်သရေရှိ အမျိုးသမီးကြီး၊ လူကြီး" ဆိုတဲ့ ဂုဏ်ဒြပ်နာမည်ကိုတော့ အထိခိုက် ခံချင်ပုံ မရတာမို့ ...

"ကဲ ... ကဲ ... တို့ပြောခဲ့တာတွေက မင်းနဲ့မဆိုင်ဘူး၊ မမှန်ဘူး ဖြစ်နေတယ် ဆိုရင်တော့ ဆောရီးပဲ။ အဲဒီလို ထင်မိလို့ မသိလို့ လာပြောမိတာပဲ"

ဒီတစ်ခါမှာတော့ အဘွားကြီးဟာ နောက်တစ်ခွန်းထပ်အထွန့်တက်လာဦးမည့် တေဇနေရဲ့စကားတွေကို မကြားချင်တော့သလို တာဝန်ကျေလေး ပြောပြီးတာနဲ့ နှုတ်တောင်မဆက်တော့ဘဲ ဖြတ်ခနဲ ခပ်မြန်မြန် လှည့်ပြေးထွက်ခွာသွားပါသည်။ သို့သော်ငြားလည်း မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ "ဟိုး ... ဟိုး ...



www.burmeseclassic.com

www.burmeseclassic.com



ဟိုးထား အန်တီ”ဟု အပြေးအလွှား ကပ်ပါသွားသည့် တေဇနုရဲ့ ရန်ကတော့ လွတ်အောင်မပြေးနိုင်ပေ။ ဆိုင်ပေါက်ဝ မှန်ချပ်ကြီးတွေ့ကို ဖွင့်ဟလိုက်နိုင်သော်လည်း ပွင့်သွားတဲ့ အပေါက်ကနေ တေဇနုကသာ အရင်ခုန်ထွက်လျက် အဘွားကြီးကိုတော့ ရှေ့က နေ ပိတ်ကာရပ်ထားပြီး ...

“ဒီဆိုင်က အလုပ်ထွက်ရင် နစ်နာကြေး သုံးလစာပေးမယ်လို့ အန်တီ ပြောထားတယ်လေ။ ထွက်ပါစေ။ ထွက်တာပဲကောင်းပါတယ်။ အန်တီပြောလို့ပဲ ထွက်ထွက်၊ သူ့ဘာသာရှက်လို့ပဲ ထွက်ထွက်။ ထွက်ဖို့က လိုရင်းပဲ။ ပေးခဲ့လိုက်ပါ သုံးလစာ”

အဘွားကြီးရဲ့ ပါးစပ်ထဲက စိတ်အင်မတန်ထိန်းထားရဟန်ရှိတဲ့ လေပူလုံးကြီးတွေ “ဝှူး”ခနဲ ထွက်လာပြီးမှ “သူ့လခက ဘယ်လောက်တဲ့လဲ” ဟူသည့် မေးသံနှင့် တေဇနုရဲ့ လက်ထဲ ထောင်တန်တွေ အထပ်လိုက် ရောက်လာသည်။

“မင်း ဘာကြောင့် ကိုယ့်လူ သူ့ဘက်သား ဖြစ်နေသလဲ၊ အန်တီတော့ သဘောမပေါက်နိုင်တော့ဘူး တေဇနု”

“အာ ... အန်တီ။ မှားပါတယ်ဆိုမှ မှားပြီးရင်း မှားရင်းတွေတော့ ဖြစ်နေပါပြီ။ ခု ကျွန်တော်က သူ့လူဖြစ်နေပြီ။ သူ့ဘက်သားဖြစ်မှ ဖြစ်တော့မှာပေါ့။ ကိုယ့်လူ သူ့ဘက်သား မဟုတ်ဘူး၊ သူ့လူ သူ့ဘက်သားဆိုမှ မှန်တယ်၊ ဟဲ ဟဲ ... ဟဲ ဟဲ ... ဟဲ ...”





ထွန်းနေမင်းရဲ့မိခင်ကြီး မျက်လုံးကြီးပြူးကာ ထွက်ခွာသွားလျှင် တေဇနုက ထောင်တန်တွေကို ယမ်တောင်တစ်ခုလို ဖြန့်ကိုင်ယပ်ခတ်ကာ ဆိုင်ထဲသို့ ပြန်ဝင်လာပါသည်။ တစ်ချိန်လုံး ကျောက်ရုပ်ကြီးလို နှုတ်ပိတ်ငြိမ်ကျလျက် ရှိနေသော ချမ်းမှာလည်း တိတိကျကျ ပြတ်ပြတ်သားသားကြီးကို ကြားလိုက်ရသော နောက်ဆုံးစကားကြောင့် ခုမှပဲ (သူခိုးပြေးမှ ထိုးကွင်းထ) ဘစ်စခန်းထလာကာ ဝူးတူးဝါးတား လုပ်ပစ်ဖို့ ဟန်ပြင်လိုက်ခင် ...

“ဟလာတဲ့ ပါးစပ်ကိုပိတ်၊ ပြူးနေတဲ့ မျက်လုံးကြီးတွေကိုပိတ်၊ ဖြစ်နိုင်ရင် နှာခေါင်းပေါက်နဲ့ နားရွက်တွေကိုပါ လက်နဲ့ကိုင်ပိတ်ထား။ လက်နဲ့ပိတ်လို့ မရနိုင်လောက်အောင် ကျယ်၊ ပွနေရင်လည်း ရော့ ... ဒီထောင်တန်တွေနဲ့ပါ ဆို့ထား။ နိုင်အောင်လည်း ပြောပေးလိုက်ရသေးတယ် ကျေးဇူးမတင်ဘဲ ပြူးပြောပစ်မယ်ဆိုတဲ့ အတွေးကိုပါ ခေါင်းထဲကထုတ် ...

စိတ်ကြီးမဝင်ပါနဲ့လို့ အတန်တန်ပြောတယ်။ ပညာရှိစကားတော့ နားမထောင်ခဲ့ဘဲနဲ့။ ခုလည်း ထပ်ပြောမယ်။ ဘာကိုမှ အဟုတ်ကြီးမှတ်ပြီး စိတ်ကြီးဝင်ဖို့ ထပ်မကြိုးစားနဲ့။ ငါ့အမေပါ သေရွာက ထ,လာရင် ငါလည်း သရဲတော့ ကြောက်တယ်၊ မင်းကို မကယ်နိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ခံနှင့် စာရင်းကိုင်တို့ ပြန်ရောက်လာကြလျှင် တေဇနသည် လူကြီးနှစ်ယောက် ဝယ်လာပေးသည့် ကြက်ဆီထမင်းနှင့် ချိုချဉ်ကြော်တွေကို ပါးဖြဲနားဖြဲနှင့် စားသောက်နေရင်း ...

"နင်လိုက်တာ မျိုးမကျဘူး။ ဝယ်လာတဲ့သူတွေကတော့ စေတနာနဲ့ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ကြားက ဘယ်သူတွေက ဘယ်လိုမေတ္တာတွေ ဝင်ပို့နေသလဲမှ မသိတာ။ အပင်းဆို့ရတာကမှ ဒီထက် ရှောရှူးဦးမယ်ထင်တယ်"

ကိုထွန်းနေမင်းရဲ့အမေ လာသွားပြီးကတည်းက မနက်ပိုင်းတုန်းကလို ရွှင်ပျပျ ပြောင်နောက်နောက် မျက်နှာကလေးနှင့် မဟုတ်တော့သော ယမင်းမှာ တစ်စုံတစ်ခုကို ချိတုံချတုံ မတင်မကျတွေ ရှိနေပုံနှင့် ဖြစ်နေခဲ့ပြီးမှ အပြန်လမ်းမှာတော့ ချမ်းနားကပ်လာကာ ခပ်တိုးတိုး ...

"အဲဒီတစ်ယောက်ကလေ ရှင့်ကို ချစ်နေခဲ့တာ ချမ်းရဲ့၊ မုန်းနေ ငြိုးနေခဲ့တာ မဟုတ်ပါဘူး။ အဲဒါ သူ့ချစ်တတ်ပုံပဲ"

ချစ်တာ ... ! ဘုရားရေ။ လာပြန်ပြီတစ်ယောက်။ ဘာအရိပ်အယောင်မှ မပြခဲ့ဘဲ ခပ်တည်တည် ခပ်တန်းတန်းနေတတ်ခဲ့သူ တစ်ယောက်ရဲ့ "ချစ်တာ"ဆိုတာကို တစ်ခါသေဖူး ပျဉ်ဖိုးနားလည် ဖြစ်ရတော့မလို ချမ်းသည် ခုတစ်ခါမှာတော့ဖြင့် အပုပ်ချ၊ အထင်သေး၊ ခနဲ့ရွဲ့စောင်းနေတတ်ခဲ့သူရဲ့ "ချစ်တာ"ဆိုတာနှင့် ဆန်းပြားစွာ ရင်ဆိုင်ရပြန်လေပြီ။





တေဇန ဆိုတဲ့သူရဲ့နှုတ်က "ထွန်းထွန်းကလည်း သူ့ကို ကြိုက်နေခဲ့တာမဟုတ်"ဟု ထွက်လာခဲ့ချိန်မှာ ယမင်းကတော့ "တေဇနက ရှင့်ကို ချစ်နေခဲ့တာ ချမ်းရဲ့"တဲ့။ ချမ်းမှာ ကာယကံရှင်တွေထံက မဟုတ်တဲ့ ဘေးလူတွေရဲ့ ပြောကြားချက်တွေနဲ့ပဲ ခေါင်းတွေကိုက်ရကာ ညနေ အိမ်အပြန်မှာ ဆေးခန်းသို့ တန်းရောက်ခဲ့ရသည်။

❂ ➤ ❂

တေဇနကား အံ့သြစရာ ကောင်းလောက်အောင် ပြောင်းလဲသွားခဲ့လေသည်။

ချမ်းမြမြ တစ်ယောက် ဦးဝင်းခန့်ဆီ အလုပ်ရွှေ့ပြောင်းရောက်ရှိသွားခဲ့ပြီး များမကြာခင်မှာ တေဇနသည်လည်း အပိုးကျိုးကျိုး မျက်နှာပေးကလေးနှင့် သူ့အဖေထံသို့ ရောက်လာခဲ့ပြန်သည်။ (အဲဒီ အပိုးကျိုးလှပါပြီ ဆိုတဲ့ မျက်နှာကလေးဟာ သူ့အဖေ လစ်တာနဲ့ ကွယ်တာနဲ့ လူကို နှာခေါင်းတွေ လာကလော်ပြနေတာတို့၊ ပါးစပ်ကြီးကို ရေမြင်းကြီးလို ဖြဲဟကာ သမ်းဝေပြနေတာတို့၊ ပါးစပ်ကနေ ယိုစိ၊ ယားစိနှင့် လက်သီးတွေကို လေထဲ တစ်လုံးပြီးတစ်လုံး လွှတ်ထုတ်နေရာက သူများမျက်နှာဆီသို့ပါ ရောက်,ရောက်လာတတ်တာတို့ ... တော့ ရှိတာပေါ့လေ)။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ပြန်သိရတာက သူဟာ သူ့အဖေကြီးကို ရှိခိုးဦးတင်မတတ်၊ ဗိုက်ထဲ ခေါင်းတိုးဝင်မတတ် တောင်းပန် ပူဆာ၊ ကတိကဝတ်တွေ တစ်လှေကြီးပေးပြီး "သူပါ ဒီမှာပဲလုပ် ပါရစေ၊ လေ့လာပါရစေတော့"ဟု အတင်းလိုက်ပြောင်းလာခြင်း ပါတဲ့။

အဖေရှေ့ကျရင် အပိုးလေးကျိုး ပြီးရင် လူလစ်တာ နဲ့ ချမ်းကို စ၊ နောက်၊ ပြောင်၊ အရွဲ့တိုက်။ အရင်ကလို နှိုင့် ထက်စီးနင်း၊ နစ်နစ်နာနာကြီးတွေ ပြောဆိုနေတတ်တာမျိုးတော့ သိပ်မရှိတော့ပါ။ သို့သော် မလစ်လိုက်နဲ့ လစ်လိုက်တာနဲ့ သူ့ ဒဏ်က ခံလိုက်ရပြီ။

ချမ်းရဲ့ Hand Bag ပိုက်ဆံအိတ်ကြီးကို ကောက် လွယ်လိုက်လို့ လေးနေရင် အထဲမှာ ကျောက်တုံးတစ်တုံးရောက် နေပြီ။ နေပူမိုးရွာလို့ ထီးဖွင့်ဆောင်းလိုက်ရင် လိပ်ခေါက်ထားတဲ့ ထီးအရွက်ထဲက သဲမှုန့်တဖွားဖွားက ခေါင်းပေါ်ပြုတ်ကျလာမည်။ ထမင်းစားမလို့ ချိုင့်ဖွင့်လိုက်ရင် (ဘယ်လိုပင် သတိထားနေပါ သော်လည်း) တစ်ခါတစ်ရံမှာ ဟင်းတစ်တုံးမှ မရှိတော့။ တစ်ခါ တစ်ရံကျတော့ ဒီထက်ပိုဆိုးကာ အိမ်မြှောင်သေကလေးတစ်ကောင် လောက်ပါ ရောက်ချင် ရောက်နေမည်။

စားပွဲကုလားထိုင်တွေကို မစစ်ဘဲဝင်ထိုင်မိရင် ပီကော ဝါးပြီးသားကြီးတွေပေါ် ထိုင်ချမိကောင်း ချမိမည်။ တစ်ခါတစ်ရံ ကျ ဦးဝင်းခန့်ထံ ပြန်တင်ပြရမည့် အရေးကြီးစာရွက်စာတမ်းပါ





ဖိုင်လ်များ ပျောက်ချင်ပျောက်နေမည်။ နေ့လယ် Tea Time ချိန် ကျ ရုံးအကူမိန်းကလေး လာပို့တတ်သော ကော်ဖီများဟာ (ကောင် မလေးရဲ့အပြစ် ဘာမှမရှိဘဲ၊ သူဘာမှမသိလိုက်ရပါဘဲ) ငန်တူး ရင် တူးနေမည်။

အပြင်တစ်နေရာရာသွားကြဖို့ရာ ကားပေါ်သို့တက် ကြရလျှင် သူတို့တက်စဉ်၊ သူတို့ထိုင်နေကျ နေရာတွေမှာဆိုရင် ဘာမှမဖြစ်။

ချမ်းမို့တက်ထိုင်လိုက်ရင် "ရှူး ... ဗြူး ..."ဆိုတဲ့ အသံကျယ်ကြီးဟာ တင်ပါးအောက် တစ်နေရာရာကနေ ခပ်ကြာ ကြာကြီး ထွက်ပေါ်လာမည်။ (ဘယ်လိုပေါက်တီးပေါက်ရှာပစ္စည်း မျိုးနဲ့များ စီမံဖန်တီးထားနိုင်သလဲ ဆိုတာကိုတော့ ခုထိ သဲလွန်စ ရှာမရသေး)။

အဲသလို ပေါက်ကရတွေဟာ သူမို့ ရှာရှာဖွေဖွေ စဉ်းစားတတ်ကာ တစ်နေ့တစ်မျိုး မရိုးရအောင် စီစဉ်အကွက်ချ ထားတတ်ပြီး ...

"ဘယ်လိုဖြစ်နေသလဲ"လို့ အော်ရင်တော့ ...

"ဟာ ... ! လုပ်မိသွားပြန်ပြီလား။ အာ ... စိတ်ကိုထိန်း တော့ ထိန်းထားတာပဲ၊ ဘယ်လိုများ လုပ်ဖြစ်လိုက်လဲ မသိတော့ဘူး၊ အင်း ... စိတ် ... စိတ် ... ဒီစိတ်။ အင်း ... ထိန်းမှ ... ထိန်းမှ။ ဒီစိတ်ကော ဒီလက်ပါ သော့ခတ်ထား မှ ထင်တယ်နော် ... ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ သူ့အဖေပါ သိသွားတတ်သော်လည်း "တေဇနံ"ဟု တစ်ခွန်းလောက် မာန်တတ်တာကလွဲပြီး အပြစ်သိပ် မယူသောအခါ ချမ်းမှာ ခါတိုင်းလို ရန်ပြိုင်ဖြစ်ရရင်ပဲ အပြစ်ဖြစ် နေတော့မလိုလိုနဲ့ အလိုလိုနေရင်း ကိုယ်ကပါငြိမ်ခံ၊ ကြိတ်မှိတ် ခံနေရမယ့် ဘဝသို့ ရောက်နေပါရော။ အဲဒီအချက်ကို ရိပ်မိလိုက် ပုံရတဲ့ ဦးဝင်းခန့်က ချမ်းရော သူပါ အဘိုးကြီးနောက်က တကောက် ကောက် ကပ်ပါနေကြရတဲ့ ပညာသင်၊ အလုပ်သင်ဘဝရဲ့ တစ် ရက်မှာတော့ ...

"မင်းတို့နှစ်ယောက်ကို ငါ့နေရာကို ဆက်ခံလာနိုင်လောက် တဲ့ထိ အားလုံး သိရှိ၊ ပိုင်နိုင်၊ တတ်ကျွမ်းလာနိုင်ဖို့ ငါ မျှော်လင့်တယ်။ ဒီတော့ ကိုယ့်မောင်နှမချင်း တက်ညီ လက်ညီနဲ့ အပြိုင်အဆိုင်ပေါ့ ဟုတ်လား။ အလုပ်ကိစ္စမှာ တိုးတက်ဖို့အတွက် အပြိုင်အဆိုင်ပေမယ့် မသင့်ကြတာ၊ မတည့်ကြဘူး ဆိုတာတော့ မကြားချင်ဘူး ..."

တေဇနကလည်း အငယ်ဆိုပြီး လိုက်ဗိုလ်ကျ အနိုင် ယူမနေနဲ့။ ချမ်းမြမြကလည်း ကိုယ်က အကြီးဆိုတော့ သည်းခံသင့်တာလည်းခံ၊ ခွင့်လွှတ်နားလည်သင့်တာ ခွင့် လွှတ်ပေးပေါ့"

ဦးဝင်းခန့်က အဲ့သလို အပြတ်ပြောဆို မှာကြားထား လိုက်တဲ့အခါ အဘိုးကြီးရဲ့စကားကို ချမ်းကော သူပါ အံ့သြမှင် သက်မှုတွေ ဖြစ်ကြရလျက်။ ချမ်းကတော့ ကိုယ့်ကို နေရာပေး





လွှန်းမှုကိုရော၊ ကိုယ်က အကြီးတဲ့ ဆိုတာကိုပါ အံ့သြထူးဆန်း ရခြင်းဖြစ်ပြီး သူ့ရဲ့အံ့သြမှုတို့ကတော့ မကျေနပ်မှုတွေနဲ့ပါ တွဲပါ နေခဲ့တာ။ ချမ်းမြမြရဲ့ "နေရာ"အနေအထားကို မကျေနပ်တာမျိုး တော့ ဟုတ်ဟန်မတူပါ။ အဲဒီ "အကြီး"ဆိုတာကိုပဲ သူ့မှာမပြီး စီးနိုင်တော့လောက်အောင် တဖျစ်ဖျစ်တောက်တောက် ဖြစ်နေလျက်။

"ဘာလဲ ... အကြီး ! ဘယ်တုန်းကများ ဘာတွေကကြီး နေရတာလဲ၊ ဒီလောက် ပိစိညှပ်တောက် လက်မလောက် ဟာကလေးက အကြီးဆိုတာ ဘာသဘောလဲ၊ မဖြစ်နိုင် ဘူး"

"ဟိတ်ကောင် ... တေဇနံ၊ ပါးစပ်ပါတိုင်း လျှောက်ပြော မနေနဲ့။ အကြီးဆိုတာ ခုနှစ်စောမွေးတဲ့သူကို ခေါ်တာပေါ့၊ လူတိုင်းသိတယ်။ သူက (၈၂)ခုနှစ်ဖွား၊ မင်းက(၈၄)။ ဒါပဲ"

"လိမ်များထားသလား မသိဘူး"

"ဟော့ကောင် ... မှတ်ပုံတင်မှာပါရတဲ့ မွေးသက္ကရာဇ်မှန်ကို ဘယ်သူက ဘာအကြောင်းနဲ့ နှစ်တွေစောပြီး လိမ်လုပ် ထားရမလဲ"

"သူများထက် ကြီးနေရင် ဂုဏ်များရှိမလားလို့ ဂုဏ်မက် ပြီး လိမ်ချင်လိမ်ခဲ့မှာပေါ့"

"ကျွတ် ... အဓိပ္ပာယ်မရှိတာတွေကွာ၊ ကဘောက်တိ ကဘောက်ချာ အလေနတော အရှုးပဲပြောမဲ့ စကားမျိုးတွေ

www.burmeseclassic.com



ကို မင်းပါးစပ်ကနေ မြင်းဖင်က အီးပေါက်သလို တဖွတ်ဖွတ်ထွက်မနေစမ်းနဲ့တော့။ မင်း ငါနဲ့ အလုပ်လုပ်မယ်ဆိုရင် အဲသလိုမျိုး အဓိပ္ပာယ်မရှိ၊ အရေးမကြီး၊ မပြောလည်းရတဲ့ စကားမျိုးတွေကို နှုတ်ကနေ ဖလွတ် ... ဖလွတ်နဲ့ ထွက်ရပြီးရော ထွက်နေတတ်တဲ့ အကျင့်မျိုးကိုပါ အပြီးဖျောက်ခဲ့"

သူ့မှာ ချမ်းထက် "အငယ်"ဖြစ်သွားရတာကိုပဲ အောင့်သက်သက် တနုံ့နုံ့နဲ့၊ လူလစ်တာနဲ့ သူများနားရွက်နား "ဖျတ်"ခနဲကပ်,ကပ်လာတတ်ကာ ...

"သိပ်ကြီးချင်မနေနဲ့ ဘယ်သူ့မှ အသိအမှတ် မပြုဘူး။ ကြီးတော့ရော ဘာလုပ်ရမလဲ။ ငယ်တော့ရော ဘာဖြစ်သွားရမှာလဲ၊ ထိုင်ရှိခိုးနေရမှာလား။ ဘယ်တော့မှ မလုပ်ဘူး၊ ဒါကဒါပဲ အရင်လိုပဲနေ။ သိပ်ကြီးကျယ်မနေနဲ့။ ရုပ်ကဆိုးရတဲ့ကြားထဲ အသက်ကပါ ကြီးလိုက်သေးဆိုရင် ရုပ်ဆိုးဆိုး အဘွားကြီး ဖြစ်သွားတာကလွဲရင် ဘာမှပိုထူးမသွားဘူး၊ ဘယ်သူကမှလဲ ရုပ်ခပ်ဆိုးဆိုး အဘွားကြီးတစ်ယောက်ကို မောင်နှမတွေ ဘာတွေ တော်မနေချင်ပါဘူး။ အဲဒီတစ်ချက်တော့ ခေါင်းထဲကျပ်ကျပ်ကလေး ထည့်ထား"

ပိုထူးသွားတာ တစ်ခုတော့ ရှိပါသည်။ ချမ်းဟာ အဲဒီ"ကိုယ်ကအကြီးပဲ"ဆိုတဲ့ အသိစိတ်တစ်ခုမှာ သူ့အပေါ် အလိုလိုနေရင်း ခွင့်လွှတ်နားလည် သည်းခံနေမိတော့သယောင်





ယောင်တွေဖြစ်လာကာ သူ့ဒဏ်တစ်ခုခုကို ခံရလေတိုင်း စိတ်တို၊ ခံခက်၊ နာကျင်မှုတွေ ပေါ်မလာ။

"အေး ... ဆိုး ... ဆိုး ...။ ဆိုးလို့ရတဲ့သူအပေါ်ဆိုရင်တော့ ဆိုးထားဦးပေါ့။ ဝဋ်က တစ်နေ့တော့ လည်မှာပဲ။ ကိုယ့်အပေါ် ပြန်နိုင်တဲ့သူမျိုးဆိုတာ ရှိကိုရှိလာမှာ။ မိန်းမဆိုးဆိုးနဲ့ရပြီး တစ်သက်လုံး မိန်းမနိုင်တာ လိုမ့်ခံရမယ့်ယောက်ျား ဆိုတာ အဲဒီလို ယောက်ျားမျိုးကို ခေါ်တာပဲ"

အဲဒီလိုအခါမျိုးမှာ သူဟာ ညစ်ကျယ်ကျယ် အပြုံးနဲ့ ...

"ခင်ဗျားက အဲသလောက် ဆိုးနိုင်လို့လား အစ်မကြီးရဲ့"

"ဘာ ... ! "

အဲလိုဆိုရင်တော့ "လစ်"ခနဲ ထွက်ပြေးသွားပါရော။

ဒါပေမဲ့ ချမ်းရဲ့ ပိုထူးသွားမှုတစ်ခုမှာ သူသည်လည်း အများကြီး ပြောင်းလဲသွားခဲ့ပါသည်။ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားခဲ့ပါသည်။ သူ့ရဲ့စ,နောက်၊ အနိုင်ယူလိုမှုတွေဟာ တမင်ကြီး နိုင့်ထက်စီးနင်း ဆိုးနေခဲ့တာမျိုးထက် ခင်မင်နှစ်လိုမှု၊ ချစ်စနိုး ပြောင်နောက်နေမှု အသွင်မျိုး ပို,ပိုဆန်လာခဲ့သည်။ နှစ်ဦးသားကြားမှာ အရင်က မရှိခဲ့ဖူးတဲ့ စကားကောင်းပြောဆို၊ အချီအချဆွေးနွေး၊ အမြင်ဖလှယ်ကြ ... ဆိုတာမျိုးတွေ ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမျိုးကျ ချမ်းဟာ မတွေ့ရတာကြာပြီဖြစ်တဲ့ ယမင်းကိုအထူးတလည်ပြေး,ပြေးသတိရမိလျက် "ယမင်း... ယမင်းက အဲဒီလိုစကားမျိုးကို ဘာကြောင့် ဒက်ထိ၊ အပ်ချ၊ မတ်ချကြီး ပြောနိုင်ခဲ့ရတာလဲဟင် ! "လို့ အတိတ်ကို ပြန်လှန်ပြီးဟိုးအရင်က စကားတစ်ခွန်းအတွက် ခုမှပြန်ပြီး မေးခွန်းထုတ်၊ အဖြေရှာချင်လာမိတဲ့အထိ။

ဒါပေမဲ့ ချမ်းဟာ "ခဲမှန်ဖူးတယ်"ရယ်အထိ မဟုတ်ရင်လည်း ထိသာသေချာမထိလိုက်တယ် လေးနဲ့တော့ အပစ်ခံထားရဖူးတဲ့ စာသူငယ်တစ်ကောင်တော့ ဖြစ်ပြီးနေခဲ့ပါပြီ။ ဘာအရိပ်အယောင်မှ မပြခဲ့ဘဲ ဖြုန်းစားကြီး "ကျွန်တော်ပါ"ဟု ဆိုခဲ့တဲ့ ယောက်ျားတစ်ယောက်ရဲ့ ဖြုန်းစားကြီးပင် ဘာမှမပတ်သက်တော့သယောင်ယောင် ဗိုနေမြဲ ကျားနေမြဲ လုပ်ပစ်ခဲ့လိုက်ရမှုဟာ ကျိတ်မျှော်လင့်ခဲ့ဖူးလိုက်တဲ့ ချမ်းအတွက်တော့ (ဘယ်သူမှမသိလိုက်ကြရင်တောင်) ကိုယ်လိပ်ပြာကိုယ် အမြဲမလုံနေချင်စရာ "ခံရချက်"တစ်ခုပင်။

ခုလည်း ချမ်းက အပြောင်းလဲကြီး ပြောင်းလဲလာတဲ့ တေဇနကို အံ့သြသည်။ ယမင်းနဲ့ စကားပြောကြည့်ချင်သည်။ ဒါပေမဲ့ ချမ်းရဲ့လိပ်ပြာက ချမ်းကို"အမှတ်မရှိသေးဘူးလား၊ တကယ်လားလို့ထင်ပြီးရင် မေးခွန်းသွားထုတ်ချင်တာတွေ၊ အဖြေရှာကြည့်ချင်တာတွေနဲ့ ကျိတ်မျှော်ပြန်သလို အဖြစ်မျိုးကို အရောက်ခံဦးမလို့လား"ဟု တင်းတင်းကျပ်ကျပ်ကြီး သတိပေးလျက်ရှိလေသည်။





"တချို့ယောက်ျားတွေဟာ တကယ် အံ့သြစရာကောင်းတယ်ဗျာ သိလား"

"ဘာဖြစ်ရပြန်ပတုန်း ... ! "

"ယောက်ျားဖြစ်ရက်နဲ့ အရုပ်ဆိုးတဲ့ မိန်းမတွေကိုမှ ကြိုက်မိကြတယ်တဲ့ဗျာ မထူးဆန်းဘူးလား။ လှပနေတဲ့ မိန်းကလေးတွေ ဒီလောက် ကမ္ဘာပေါ်မှာ တစ်ပုံကြီးရှိရက်နဲ့ အံ့သြရော"

"အဲဒါ ဘာထူးဆန်းစရာရှိလဲ၊ ရုပ်ဆိုးတယ်၊ မဆိုးဘူးဆိုတာ လူတစ်ဦးချင်းရဲ့ မျက်စိအမြင်နဲ့ စိတ်ခံစားချက်ပေါ်မှာသာ မူတည်တာပဲ၊ အာဖရိကတိုက်က ကပ္ပလီမဝတုတ်ပြဲကြီးတွေလည်း လှတယ်ထင်တဲ့သူမျိုးကတော့ ရှိတာပဲ။ ပြီးကျ တကယ်ပဲ ရုပ်ဆိုးပါပြီပဲထားဦး စိတ်တို့၊ လုပ်ရပ်အပြုအမူတို့၊ အကျင့်တို့က ထင်ထင်ရှားရှား လှနေခဲ့ရင် လူချစ်လူခင်က ဘယ်လိုမဆို ပေါ်မှာပဲ ..."

ရုပ်ဆိုးတဲ့ မိန်းကလေးတွေကို ယောက်ျားလေးတွေက ဘာလို့ကြိုက်တာလဲဆိုတာ ဘာမှမထူးဆန်းဘူး။ အဲဒီလိုသာ ဖြစ်လေ့မရှိရင် ရုပ်ဆိုးတဲ့မိန်းမတွေ အကုန် တစ်ယောက်မှ အိမ်ထောင်မကျကြတော့ဘဲ တစ်ကိုယ်တည်းတွေချည်း ဖြစ်ကုန်ကြရတော့မပေါ့၊ ခုတော့ မဟုတ်ဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



အမှန်က မသေမချင်း မြဲမြဲမှတ်။ ရုပ်ဆိုးတဲ့ မိန်းကလေးတွေမှာ လာကြိုက်ကြမယ့် ယောကျ်ားတွေဆိုတာ ဘယ်လိုမဆို ရှိတယ်၊ ရှိကိုရှိတယ်။ ရုပ်ဆိုးတဲ့ ယောကျ်ားမျိုးဆိုရင်သာ သူသွားကြိုက်တဲ့ ဘယ်မိန်းကလေးကမှ ပြန်မကြိုက်မှာ။ ရုပ်ဆိုးတဲ့ ယောကျ်ားကို ဘယ်မိန်းမမှ မကြိုက်ဘူး။ ချောမောတည်ကြည် ခန့်ညားတဲ့ ယောကျ်ားမျိုးကိုသာ မိန်းမတွေက ကြိုက်တတ်ကြတာ။ မိန်းကလေးမှန်ရင် အလှအပ နှစ်သက်တတ်တာ လှမှ ကောင်းမှ ရွေးကြိုက်ကြတာ ထုံးစံပဲဟာ။ ရုပ်ဆိုးတဲ့ ယောကျ်ားမှာ ပြန်ကြိုက်ကြတဲ့ မိန်းကလေးမျိုးတွေရှိတယ် ဆိုရင်သာ ထူးဆန်းတာ။ အဲဒါကမှ အရမ်းအံ့ဩဖို့ကောင်းတာပဲ”

အဲဒီလိုအခါမျိုးကျရင်တော့ “ခင်ဗျားတော့နော် … ခင်ဗျားတော့ … ဟင်းဟင်း”ဆိုတဲ့ ရုပ်မျိုးနဲ့ ဂျစ်ကန်ကန် ပြန်ကြည့်နေတတ်တဲ့ တေဇနကို ယမင်း မြင်စေချင်သည်။ ဘာပြောမလဲ သိချင်လို့ပါ။

တစ်နေ့မှာတော့ ချမ်းတို့ရဲ့ ရုံးခန်းကို (တေဇနထံလာသည်ဟုပဲ ထင်မိသည့်) ကိုထွန်းနေမင်း ရောက်လာခဲ့လေသည်။ ရုံးခန်းအဝမှာ ထွန်းနေမင်း ပေါ်လာလျှင် တေဇနသည် သူ့အလုပ်နေရာကနေ ဖြုန်းစားကြီး ကမူးရှူးထိုး “ဗြတ်”ခနဲ ထရပ်ကာ အပေါက်ဝသို့ အပြေးပင်ထွက်ခွာသွားပြီး ထွန်းနေမင်းကို အခန်း





ထဲထိ ရောက်မလာ၊ မဝင်နိုင်အောင် တွန်းထုတ်သလိုလို၊ ဆွဲထုတ်သလိုလိုတွေကို ဣန္ဒြေပျက်လုနီးနီးကြီးကို ပြုမူနေပေတော့သည်။

သူ့ပုံစံဟာ သူ့ကို တစ်ရုံးခန်းလုံးက “ဘာဖြစ်ပါလိမ့်”ဟု ဝိုင်းကြည့်နေကြတာကိုလည်း ဂရုမစိုက်။ ကလေးတွေ ရန်ဖြစ်သတ်ပုတ်ကြသလို လုံးထွေးရှုပ်ယှက်ခတ် ပုံစံကြီးဖြစ်နေဘာကိုလည်း ဂရုမစိုက်။ ထွန်းနေမင်းရဲ့ အင်္ကျီတွေ၊ လူ့ဟန်တွေ ရှုံ့စောင်းပုံပျက်ကုန်ရတာကိုလည်း အရေးမစိုက်။ “ဒီရုံးခန်းထဲ သင်းခြေတစ်လှမ်းမှ မချရေးသည်သာ အဓိက”ဆိုတဲ့ပုံစံမျိုးပဲ သဲကြီးမဲကြီး ဖြစ်နေသည်။

သို့သော် … ထွန်းနေမင်းကလည်းပဲ အဲဒီရှုံ့စောင်းရှုပ်ယှက်ခတ် ပုံပျက်ပျက် အနေအထားကနေပဲ မရ,ရအောင် ရုန်းထွက်ကာ ရုံးခန်းထဲ မရောက်,ရောက်အောင် လှမ်းဝင်လာခဲ့လေသည်။ ဝင်လာခဲ့တာမှ တန်းတန်းမတ်မတ်ကြီးနဲ့ ချမ်းမြမြဆီကို။

“ချမ်းမြမြဆီ မေမေ ရောက်လာဖြစ်လိုက်တယ် ဆိုတာ မနေ့ကမှ ပြန်သိရတယ်။ အန်ကယ်ဝင်း ပေးနိုင်တဲ့အလုပ်နေရာက ကျွန်တော့်ဆီမှာထက် ပိုကောင်းနိုင်လို့ လက်ခံပြီး ပြောင်းသွားတယ်ပဲ ထင်နေခဲ့တာ၊ အခုမှပဲ မေမေ့ကြောင့် ဒီလိုဖြစ်သွားတာပါလားလို့ သိလိုက်ရတယ်”

“မဟုတ်ပါဘူး၊ ကျွန်မ …”



www.burmeseclassic.com

www.burmeseclassic.com



"သုံးလစာပေးပြီး အလုပ်ထုတ်ပစ်လိုက်တာကို ခံလိုက်ရတာ ဆို"

ချမ်းသည် မျက်နှာတွေပူ၊ ရှက်တက်တက်ကြီးလိုလို ဖြစ်လာကာ နံဘေးတင် လာပြန်ရပ်နေပြီဖြစ်သော တေဇနကိုပါ မျက်စောင်းကြီး လှည့်မထိုးမိအောင်ဘဲ မနည်းထိန်းလိုက်ရပါသည်။ တကယ်လုပ်ကြကြေးဆို စာရွက်ဖိတဲ့ ဖန်တုံးနဲ့တောင် သူ့ချို(ဂျို)စောင်းကို ထုချင်တာ။

ဘယ့်နှယ် ...။ အဲဒီသုံးလစာဟာ ချမ်းက "ဘယ်နည်းနဲ့မှ မယူ၊ လက်မခံ"ဟု ဆိုသောအခါ "ဒါဖြင့် ဒီပိုက်ဆံဟာ တစ်ဦးတည်းပိုင်အဖြစ် မသတ်မှတ်ချင်ရင် အဲဒီအချိန်က ဒီရုံးခန်းထဲမှာ ရှိနေတဲ့ သုံးယောက်လုံးနဲ့ ဆိုင်သွားပြီ၊ သုံးယောက်စုချိန်းပြီး ပျော်ပျော်ကြီး သွားစားသောက်ကြစို့"ဆိုတဲ့ အစီအစဉ်ကို ယမင်းကပါ အားတက်သရော ထောက်ခံမှုနဲ့ အဲဒီအပတ်ရဲ့ စနေ တနင်္ဂနွေအပြီး နောက်တနင်္လာမှာ ချမ်းမှာ အင်တင်တင်နဲ့ (ပျော်တော့လည်း ပျော်စရာကောင်းခဲ့ပါရဲ့)သူတို့နှစ်ယောက်နောက်သို့ လိုက်ရ။

စားသောက်ဆိုင်က ပြန်ထွက်တော့ "ပိုသေးတယ်"ဟုဆိုကာ "ရုပ်ဆိုးတဲ့သူတွေ နည်းနည်းလောက်များ အရောင်ထွက်လာနိုင်မလားလို့"ဟု သူကပဲ အကြံပေးတိုက်တွန်းကာ ယမင်းရော ချမ်းပါ အင်္ကျီတစ်ယောက်တစ်ထည်စီ ဝယ်လို့ထားရကြ။ ဒါနဲ့ပဲ ကုန်ပြီပေါ့။





ခုတော့ အဲဒီတုန်းက အဖြစ်အပျက်ကို ... ကိုထွန်းနေမင်းဟာ ဘာမှပြန်မသိလိုက်ရ။ ခုမှပဲ သိရပါသည်ဟု သုံးလစာအကြောင်းကိုပါ စကားထဲ ပြန်ထည့်လာတော့ ချမ်းမှာ မျက်နှာပူ အရှက်တွေ ရှ,ရပြီ။

"ကျွန်တော် တောင်းပန်ပါတယ်"

"မလိုပါဘူးလေ၊ ရပါတယ်။ ဒီလောက်တော့ ရှိမှာပေါ့"

ချမ်းရဲ့ နောက်ဆုံးစကား "ဒီလောက်တော့ ရှိမှာပေါ့"ဆိုတာကို လုံးဝမနှစ်မြို့နိုင်ဟန်နှင့် တေဇနက ချမ်းကို မျက်မှောင်ကုတ်ကြီးနှင့် လာကြည့်ပြသည်။ ချမ်းက သူ့ကို မျက်လုံးချင်း အဆုံမခံပေ။ လွှဲထားသည်။

"ကျွန်တော် ပြောစရာတွေလည်း ရှိသေးလို့"

"ဟော့ကောင် ... အလုပ်ချိန်ကြီး၊ သူများအလုပ်နေရာကြီးထဲ"

"ချမ်းမြမြက ဒီမှာ ဆန်းဒေးအော့(ဖ်)ဆိုရင် ဒီဆန်းဒေးလောက်များ တစ်နေရာရာမှာ အဆင်ပြေနိုင်မလား"

"ဟော့ကောင် ... မင်းအမေက အဖေနဲ့ရော သားနဲ့ပါ မပတ်သက်ရလို့ အတီအလင်းကို ကျောသွားခဲ့တာနော် ... ဟော့ကောင်"

ချမ်းမှာ သူက ဘာရည်ရွယ်ချက်နှင့်မှန်း မသိ၊ ကိုယ်ကလည်း ဘာပြန်ပြောလိုက်ရမှန်း ရုတ်တရက် မသိသည်မို့ ပိတ်ပိတ်နှင့်ပဲ အကျပ်ရိုက် တွေဝေနေဆဲ ကာယကံရှင်က ဘာမှမပြောရ၊ သူကချည်း ဒိုင်ခံလှုပ်ရှားနေသည့် တေဇနကပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား လက်မခံချင်ဘူး။ အားနာလို့ ပါးစပ်ပဲပိတ်ထားတာ။ ဒီလောက်တော့ သိပေါ့ကွာ မင်းကလည်း"

"ဒါဖြင့် ဒီကြားထဲမှာ စဉ်းစားထားပေးပါ။ ကျွန်တော် စနေနေ့လောက် ဒီရုံးခန်းကိုပဲ ဖုန်းပြန်ဆက်လိုက်မယ်"

"ကဲ ... ကဲ ... ပြီးပြီလား၊ တော်ရောပေါ့၊ တော်တော့။ အားမနာကောင်ကွာ ဘယ်လိုလဲ မသိပါဘူး။ ဒါနဲ့များ တောင် သူ့ကို အလုပ်မှာ စည်းကမ်းရှိသူ၊ တန်ဖိုးထားသူလို့ လူကြီးတွေက ထင်နေကြသေးတယ်၊ လာ ... လာ ... အောက်ထပ်က Basement ကားရပ်တဲ့နေရာထိ ငါပြန်လိုက်ပို့ပေးမယ်၊ ကဲ ... လာတော့လို့ ဆိုနေ ... ကျွတ်"

သူတို့နှစ်ယောက် ထွက်သွားကြပြီးလျှင် ဘယ်လောက်မှ မကြာလိုက်ဘဲ တေဇနေ တစ်ယောက်တည်း ပြန်ရောက်ချလာကာ ...

"ဒီမှာ မမချမ်း၊ ချောမောခန့်ညား တည်ငြိမ်တဲ့ ယောက်ျားမျိုးကိုသာ မိန်းမတွေက ကြိုက်တတ်ကြတာဆိုပေမဲ့ မိန်းမဆိုတာ အဲဒီယောက်ျားမျိုးက လာကြိုက်မှ တကယ်ကြိုက်တယ်ဆိုမှ ပြန်ကြိုက်လို့ ရကြတာ မဟုတ်လား။ ကိုယ့်ကို တကယ်မကြိုက်တဲ့ ယောက်ျားမျိုးကို သွားကြိုက်နေလို့ မရဘူး၊ မသင့်တော်ဘူး၊ အဲဒီလိုမှတ်လား"

"ဟယ် ... ဘာဖြစ်လာပြန်ပြီလဲ၊ ရှုပ်တီး ရှုပ်ယှက်"





"ခုရှုပ်မှ နောင်ရှင်း၊ အမှန်ကို အမှန်တိုင်းသိအောင် အဖြစ်မှန်ကို သေချာဖော်ထုတ်မှ ဖြစ်တော့မယ်။ သေချာနားထောင် ဒေါသတွေလည်း ထွက်မလာနဲ့၊ စိတ်လည်းမတိုနဲ့၊ မနာနဲ့၊ ဘာမှမဖြစ်နဲ့"

"ကဲပါ ... ဘာတွေလဲ"

"ဟိုဆိုင်မှာတုန်းက အစ်မကြီးဆီ ဖုန်းဆက်တာ အဲဒီကောင် မဟုတ်ဘူး"

ချမ်းသည် တေဇနေ ဘာကိုဆိုလိုလိုက်သလဲ၊ ဘာကို ရည်ရွယ်ပြီး ပြောလိုက်တာလဲ ဆိုတာကို တန်းပြီး ဒက်ခနဲပင် သိလိုက်သော်လည်း အဲဒီစကားမျိုးအတွက် ဘယ်လိုပြန်ရင်ဆိုင်ရမလဲ ဆိုတာကို မသိသေး၊ အဆင်သင့် မဖြစ်သေးသည်မို့ လူက ကြောင်အမ်းအမ်း ပုံစံသာ ထွက်မိနေဆဲ။

ဒါဖြင့် "ထွန်းထွန်းကလည်း သူ့ကိုကြိုက်နေခဲ့တာ မဟုတ်"ဆိုတဲ့ စကားဟာ ထွန်းနေမင်းရဲ့ မိခင်ကြီးကို အနိုင်ပြန်နိုင်ရုံသက်သက် ပြောလိုက်ရတဲ့စကားမျိုး မဟုတ်ဘူးပေါ့။ အဖြစ်မှန် တကယ်ပဲပေါ့။ အဲဒါကြောင့်မို့သာ ထွန်းနေမင်းဟာ ပြောထွက်လိုက်ပြီးတဲ့အခါမှာလည်း ဘာမှမပြောင်းလဲ။

သူ့အမေကြီးက "ငါသဘောတူတယ်၊ ကြိုက်ရင်ပေးစားမယ်"လို့ (သူ့သားသူလည်း အိမ်မှာပဲဖြစ်ဖြစ် ပြန်ပြောကိုပြောခဲ့မှာပေါ့နော်) ပြောတဲ့အခါမှာလည်း ဘာမှမပြောင်းလဲ။ အမေကြီးက (သူလည်း အိမ်မှာပဲ အဘိုးကြီးနဲ့ပဲဖြစ်ဖြစ်) ဘာဘာ



www.burmeseclassic.com

www.burmeseclassic.com



ညာညာ မွက်လောရိုက် ဆူညံသောင်းကျန်းမယ့် အခါမှာလည်း ဘာမှ မပြောင်းလဲ။

"တကယ်တော့ သူလည်းမဟုတ်၊ ကျွန်တော်လည်းမဟုတ်၊ ကြားထဲက ဇရုတ်တစ်ကောင်ပါ၊ သူများတစ်ယောက်။ ဒါပေမဲ့ ကျွန်တော်က အဲဒီကောင်နဲ့ အချိန်ကိုက်၊ ထွန်းထွန်းကို တမင်ဖုန်းခေါ်ပြီး ထင်ယောင်ထင်မှားဖြစ်အောင် သူပဲ ပြောနေသလိုလို ဖြစ်အောင်တော့ လုပ်မိပါတယ်။ ကျွန်တော်က 'အခု ငါသန့်ရှင်းရေးဝန်ထမ်း ဖြစ်သွားရပြီ မကျေနပ်ဘူး'ဘာညာ ပြောမိတော့ အဲဒီဇရုတ်က သူပဲ အကြံပေး သူပဲလုပ်ပေးတာပါ ...

ကျွန်တော်ရော အဲဒီကောင်ပါ ချမ်းကလည်း အဲဒီလို ရဲရဲရင့်ရင့် လာပြောလိုက်ရမယ်လို့ မထင်ခဲ့သလို အကယ်၍ ပြောခဲ့ရင်တောင် ထွန်းထွန်းကလည်း ခါးခါးသီးသီး ပြင်းပြင်းထန်ထန် ပြန်ငြင်းပစ်မယ်ပဲ ထင်ခဲ့မိတယ်။ ခုလို ဟုတ်လည်းမဟုတ်ဘဲနဲ့ ဝင်ဝန်ခံလိုက်လိမ့်မယ်လို့ တွက်ကိုမထားမိကြတာ။ တကယ်ပါ။ ပြန်မေးကြည့်တော့ "မင်းရှေ့ကနေ ပေါက်ကရ လျှောက်,လျှောက်လုပ်တတ်သမျှ ငါလိုက်,လိုက်မကယ်ရတာ ဘယ်နှခါရှိသလဲ၊ အမြဲကယ်ထုတ်နေခဲ့ရတာပဲ မဟုတ်လား"တဲ့။ သူက ကျွန်တော်ကိုယ်တိုင် လုပ်လို့မရရင်တောင် စီစဉ်သူ၊ ပါဝင်သူဆိုတာ သိကိုသိထားလို့ ဝင်ကယ်လိုက်တာပါ"





ဪ ... မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာအတွက် ဝင်ကယ်ပေးလိုက်တာမျိုးတောင်မှ မဟုတ်။ ကယ်ခြင်းကယ် သူငယ်ချင်းဖြစ်သူကိုသာ ကယ်လိုက်တာ ဆိုပါလား။

"နောက်ပိုင်းမှာတော့ သိတဲ့အတိုင်းပဲ၊ အဘိုးကြီးနှစ်ယောက်က ရှေးဓာတ်လမ်းကို ပြန်ဖော်ထုတ်ဖို့၊ အတိတ်ကို ပြန်ကောက်ဖို့ သူ့ကိုသာ ယုံယုံကြည်ကြည်ခိုင်းစေ၊ လုပ်ခိုင်းနေကြတာ။ ဒီကောင့်ကျတော့ ကောင်မလေးနဲ့လည်း သင့်တင့်တာမဟုတ်၊ ဆိုပြီး သုံးမရတဲ့ ငပေါလောက် သတ်မှတ်ထားကြတာကိုး"

တေဇနက "အဲဒီကောင် တကယ်ပြောခဲ့တာပါလို့ ထင်ပြီး ယုံစားနေခဲ့မှာ သိပ်စိုးတာပဲ"ဟူသော မပွင့်တပွင့်လေသံနဲ့ သူ့စကားတွေကို အဆုံးသတ်လိုက်ပါသည်။ ချမ်းမှာ အပြီးသတ်ကျတော့ ဘယ်သူ့စိတ်ဆိုးလို့ ဆိုးလိုက်ရမယ်မှန်းတောင်မှ မသိနိုင်တော့။

တကယ် အပြစ်ရှိတုန်းကကျတော့ ငြိမ်တုပ်နေခဲ့ပြီး ခုကျကာမှ (ထွန်းနေမင်းကို ဖွင့်ပြောခဲ့ပြီးသား သူတစ်ယောက်မဖြစ်စေချင်တော့ကာမှ) သွေးရူးသွေးတန်းနှင့် ထပြီး "အမှန်တရားဖော်မလေး ဘာမလေး"ဖြစ်နေခဲ့တဲ့ တေဇနကိုတောင် (အကြောင်းရင်းမှန်ကိုသိလိုက်ရလည်း)စိတ်ဆိုး စိတ်ကွက်သွားတာမျိုး စိုးစဉ်းမျှ ပေါ်မလာမိတော့လျှင် "သူငယ်ချင်းကို ဝင်ကယ်လိုက်တာပါ" ဆိုတဲ့ သူမျိုးကိုလည်း စိတ်သွားဆိုးနေလို့ ရနိုင်ပါတော့မလား။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမှာ "ဘယ်သူကကော တကယ်ထင်ပြီး ယုံစား နေခဲ့လို့လဲ"ဟုပဲ ပြန်ပြောလိုက်ရပါတော့သည်။ ဒါကလွဲရင်ကော ဘာများပြန်ပြောစရာ ရှိနိုင်တော့သလဲ။ တကယ်တော့ ခုမှ ကိုယ့် ဘာသာ ပြန်လည်သုံးသပ်မိတာ။ ထွန်းနိုင်မင်းရဲ့ မိခင်ကြီး ဆိုင် အထိလိုက်လာပြီး လာစော်ကားမော်ကားပြုစဉ်က ချမ်းဟာ တကယ် ထင်မနေရင်၊ ယုံစားမျှော်လင့်မနေမိခဲ့ရင် "ဘာဆိုင်လို့လဲ၊ ဘာမှ မပတ်သက်ဘူး၊ အနေသာကြီး အဝေးကြီးပဲ"ဟု ပြန်ပြိုင်ပြော ပြန်ခံအော်ခဲ့မိကောင်း အော်ခဲ့မိဦးမည်။

ခုတော့ သူ့ဘက်ကိုလည်း တကယ်ထင်၊ ကိုယ့် ဘက်ကလည်း တကယ်မျှော်ခဲ့မိဖူးလို့သာ အပြစ်ပဲရှိရသယောင် ယောင်နဲ့ ငြိမ်ခံနေလိုက်မိခြင်းပင် ဖြစ်တော့သည်လေ။

ချမ်းရဲ့စကားကြောင့် တေဇနမှာ လေထဲကိုလက် သီးတစ်လုံး ပစ်သွင်းလိုက်ပြီး ခုန်ပေါက်ပေါက် ပုံစံမျိုးလေးနဲ့ "မြူး"သွားပုံရကာ ...

"လာမယ့်ဆန်းဒေးလည်း လက်ခံပြီး ပြန်မတွေ့ရင်တော့ အကောင်းဆုံးပဲသိလား။ တကယ်လို့ အားနာလို့ လက်ခံ လိုက်ရမယ် ဘာဘာညာညာ ဆိုရင်လည်း ဘာပြောပြော ခုလိုပဲ ယုံမလာခဲ့တာက ပိုကောင်းမယ်၊ မယုံခဲ့နဲ့နော်"

ဒီတစ်ခါတော့ ချမ်းမှာ စိတ်တိုရမယ့်အစား ရယ် တောင် ရယ်ချင်လာရတော့ကာ ...





"ဘာလဲ ... ! ဆရာကြီးလား။ ဒီလောက်တောင် သင်ကြား နေရအောင်"

ထိုအခါမှာတော့ တေဇနဟာ မုန့်ခိုးစားထားမိသော ကလေးတစ်ယောက်ရဲ့ မလုံမလဲ အပြုံးမျိုးနဲ့ ...

"ချမ်း တကယ်စိတ်ချမ်းသာရမယ့် ကိစ္စမျိုးဆိုလည်း တား ချင်မှ တားမိမှာပါ။ ဒါပေမဲ့ အန်တီသက်ကြီးက မလွယ် ဘူး။ ချမ်းကို နောက်တစ်ကြိမ် ထပ်မကြုံစေချင်တော့ဘူး။ ဟိုးတစ်နေ့က မျက်နှာလေးက ကျွန်တော့်ကို ဘယ်လို နောင်တရသွားစေမှန်း မသိဘူး။ အဲဒီတုန်းကဆို၊ အဲဒီဖြစ် ပျက်လိုက်သမျှကို ပြန်ပြန်တွေးမိလိုက်တာနဲ့တင် ကျွန်တော် လေ ခုနစ်ရက်လောက် ထမင်းစားလို့မဝင်နိုင်ဘူး ဖြစ်သွား တယ်"

ချမ်းမှာ တေဇနရဲ့ ဟန်နဲ့အသံတို့မှာ တစ်မျိုးကြီး ပဲ မနေတတ် မထိုင်တတ်နှင့် ရင်မဆိုင်နိုင်သလို ဖြစ်နေရဆဲ၊ သင်းက တိုးဖွဖွ နူးညံ့ညံ့လေသံမျိုးလေးကနေ ... မူရင်းမူလ ကျယ်လောင်အာပြဲနေတတ်သော စီးကျောကျောလေကြီး၊ ရုပ်ကြီး မျိုး ချက်ချင်းပြန်ဖြစ်သွားကာ ...

"ခေါက်ဆွဲကြော်တွေ ကြာဆံတွေချည်း လိမ့်စားနေရတော့ တာပေါ့၊ ဟား ဟား ... ဟား ဟား ..."

ချမ်းသည်လည်း ခုမှပင် "ငပေါ၊ အရူးကောင်။ လူကို ချမ်းတွေ ဘာတွေ လာခေါ်မနေနဲ့၊ ဘယ်သူက ခေါ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုလို့လဲ။ ကိုယ့်ထက်ကြီးတဲ့လူကို နေရာထားရမယ်လို့ ရှင့်အဖေ ပြောထားတယ် မဟုတ်လား။ ကျုပ် ပြန်တိုင်လိုက်မှာနော်၊ သွက်သွက်လည်ရဲ့”ဘာညာ ပြန်အော်နိုင်တော့ကာ “ကြာရင် တကယ်ရူးမှာက ကျုပ်ပဲ ယမင်းရဲ့”ဟုလည်း တိတ်တခိုး ညည်းတွားလိုက်မိပါတော့သည်။

အဲဒီစနေ ကိုထွန်းနေမင်းဆီက ဖုန်းဝင်လာတော့ ချမ်းက တကယ်ပဲ ငြင်းဆန်လိုက်ပါသည်။ ချမ်းနှင့် နေ့တိုင်း မျက်နှာချင်းဆိုင် တွေ့နေရပြီဖြစ်သော ဦးဝင်းခန့်ကတော့ သူ့ကို ခိုင်းပြီး သူကတစ်ဆင့်မှ ချိန်းခိုင်းနေစရာလည်း အကြောင်းမရှိပြီလေ။ ဒါဖြင့် သူ့အဖေဦးဘသော်ကြီးကများ တွေ့ချင်တာလား။ အဲဒီလိုဆိုရင်လည်း ဦးဝင်းခန့်ရဲ့ ဝန်ထမ်းအဖြစ် ဦးဝင်းခန့်ကိုသာ တိုက်ရိုက်ပြောဆိုပေလိမ့်မည်ဟု ချမ်းက ထင်နေသည်။ ဒီလိုဆို အဖေကြီးတွေက တွေ့လိုတာ မဟုတ်ရင် ဒီတစ်ချိဟာ သူ့ကိစ္စ သူ့အကြောင်းပဲပေါ့။ ဒီလိုလား။ ဟင့်အင်း ...။ အဲဒီလိုဆိုလည်း ငြင်းကို ငြင်းတော့မှာပါပဲလေ။

သို့သော် ... “ဒါဖြင့် ဖုန်းတော့ လှမ်းလှမ်းဆက်ကြည့်နေမယ်လေ၊ အားတဲ့ရက် ကြုံမယ့်တစ်ရက်ကျမှ ထပ်ချိန်းကြတာပေါ့” ဆိုသောအခါ “ခုကစလို့ မသေမချင်း တစ်ရက်မှ မအားတော့ပါဘူး”ဟု ပြန်လုပ်လို့လည်း မဖြစ်၊ တကယ့်စိတ်ရင်းအတိုင်း “မအားတာ မဟုတ်ဘူး၊ မတွေ့ချင်တော့တာပါ။ အားအား မအားအား ချိန်းနေ တွေ့နေကြဖို့ ဘာအကြောင်းမှ





မရှိတော့ဘူးပဲ ထင်ပါတယ်”ဟုလည်း (သူ့ရဲ့အနေအထား၊ အခြေအနေတွေကို ငဲ့နေ၊ အားနာနေရတာနဲ့ပဲ)ပြောမထွက်နိုင်တဲ့ဘဝမှာ ချမ်းမှာ ဘာများလုပ်ရပါမည်နည်း။

“အဲ ... အဲ ... ကားရပ်ပေးပါ ဦးလေး။ ကားရပ်လိုက်ပါဦး”

ချမ်းရဲ့စကားကြောင့် ကားမောင်းသူ ဒရိုင်ဘာဦးလေးကြီးက ကားကို ညာဘက်ယာဉ်ကြောသို့ အသာတိမ်းယူလိုက်ပြီး ရပ်လို့ရသည့် တစ်နေရာမှာ ညင်သာစွာ ထိုးကပ်ရပ်ပေးလိုက်ပါသည်။

တကယ်တော့ ချမ်းရဲ့အလုပ်တာဝန်တွေအရ နေမင်း Departmental Store တစ်ခုမှတစ်ခုသို့ လှည့်သွားနေရတဲ့ အတွက် ခုလည်း ရုံးချုပ်ကနေ ရန်ကင်းဘက်သို့အသွား ဖြစ်ပါသည်။ ဒီနေရာဟာ ချမ်း သွားရောက်ရမည့် အလုပ်နေရာမဟုတ်သေးမှန်း ဒရိုင်ဘာကြီးလည်းအသိ၊ ချမ်းလည်း အသိ။

သို့သော် ချမ်းသည် ရပ်ပေးထားသော ကားပေါ်မှ ဖြည်းညင်း ညင်သာစွာပင် ဆင်းလိုက်ကာ မျက်နှာချင်းဆိုင်တစ်ဖက်ကမ်း ပလက်ဖောင်းဘက်ဆီ၊ နောက်ဘက်သို့ သမင်လည်ပြန်အကြည့်နှင့် ငေးငေးလေး ပြန်ငဲ့ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းတော်တော်ထိုးထိုးလောက်ဆီက နောက်ဘက်မှာ မှန်နှစ်ထပ် အဆောက်အအုံကြီးတစ်ခု။ အဆောက်အအုံရဲ့ပုံစံ ဗိသုကာလက်ရာနဲ့ ဆိုင်အခမ်းအနား အပြင်အဆင်လက်ရာတို့ကို ကြည့်လိုက် မြင်လိုက်ရတာနဲ့ သတိထားမိမယ့်သူမှန်ရင် (အထူးသဖြင့်ကတော့ ချမ်းလို အရင်နှစ်နေရာစလုံးနဲ့ပါ တစ်ပြိုင်နက် ပတ်သက်ခဲ့ဖူးသေးတဲ့သူအဖို့) ဒီအဆောက်အအုံနဲ့ ဒီလုပ်ငန်းဟာ ဘယ်သူပိုင်၊ ဘယ်သူ့လက်အောက်က အလုပ်နေရာတစ်ခုလည်းဆိုတာ တန်းခနဲပင် သိနိုင်ပါသည်။

ဒီလမ်းမကြီးပေါ်မှာလည်း သူတို့ နောက်ထပ်တစ်ဆိုင် ထပ်ဖွင့်လိုက်ဖြစ်သေးတာကိုး။ သို့သော် ... သူတို့ဘာသာ နောက်ထပ် ဘယ်နှဆိုင်ပဲ ထပ်ဖွင့်ဖွင့်၊ ဘယ်နှနေရာမှာပဲ တိုးချဲ့ချဲ့၊ ထိုအဖြစ်သည် ချမ်းအတွက် ဘာမှဖြစ်နေလောက်စရာ ဖြစ်ရပ်မဟုတ်ပါ။ ကားနဲ့ဖြတ်သွားရင်း လှမ်းမြင်လိုက်ရရင် "ဪ"ဟု တစ်ခွန်းလောက် အာမေဍိတ် ပြုမိရုံမျှနှင့် ခဏကြာကျ ကိုယ်လည်း ကိုယ့်အလုပ်နဲ့ကိုယ်မို့ သူ့ဆိုင်သစ်ကို ခေါင်းထဲရှိနိုင်တော့မည်ကို မဟုတ်။

ခုဟာကတော့ ကားရပ်ခိုင်းပြီးတော့တောင် (ကိုယ့်အလုပ်ကို အပျက်ခံ၊ နောက်ကျခံပြီး)ဆင်းကြည့်၊ ငေးနေမိခြင်းမှာ တခြားနှစ်ဆိုင်နှင့် မတူသည့် ခြားနားမှုတစ်ခုကြောင့်သာ ဖြစ်တော့သည်။ ခုဆိုင်သစ်ရဲ့ ရှေ့ကမှန်တံခါးမကြီးတွေရဲ့ အပြင်ဘက်က ပလက်ဖောင်းအစပ်ပေါ်မှာ မားမားမတ်မတ် ဝင့်ထည်





တည်ကြည်စွာ မတ်တတ်ရပ်နေကြသူ နှစ်ယောက်ကြောင့် ဖြစ်တော့သည်။

ထိုနှစ်ယောက်ဟာ နက်ပြာရင့် ရှပ်လက်တိုအင်္ကျီ၊ ဘောင်းဘီရှည်အနက်၊ ဦးခေါင်းထက်မှာတော့ အရှေ့မှာ Cap ပါသော ရဲအရာရှိများရဲ့ ဦးထုပ်ဆန်ဆန် အနက်ရောင် Cap ဦးထုပ်တို့နှင့်။

နှစ်ယောက်စလုံးဟာ ယိမ်းတိုက်ထားသလို ဝဝပြည့်ပြည့် ဆင်တူရှုတ်စွပ်ကြီးတွေ ဖြစ်နေကြသော်လည်း ကျစ်ဆံမြီး ခပ်တုပ်တုပ်နှင့် သနပ်ခါးပါးကွက်ကျားတို့ကိုပါ လိမ်းခြယ်ထားသေးသော ဝတုတ်တုတ်မှာ အစ်မကြီးတစ်ယောက် ဖြစ်နေပြီး။ နောက်ထပ် ဝတုတ်တုတ်ကတော့ ဘိုကေနှင့် အခြယ်အသကင်းလျက်ရှိသည့် ကိုယ့်ရဲ့ဦးလေးတော်ကြီးပင်တည်း။

ချမ်းရဲ့ အလိုလို ပြုံးနေမိတဲ့ မျက်နှာလေးဟာ ဝမ်းသာရလွန်းလို့ ဝမ်းသာရခြင်းရဲ့ အဆုံးတစ်ဖက်ကိုလွန်ကာ ဝမ်းနည်းမှု အရိပ်အယောင်လေးတို့ပင် ယှက်သန်းလာရပါသည်။ အိမ်က အကြည်ရဲ့ အလုပ်အကိုင်ကို တစ်ခါမှ မမေးမြန်း၊ မစုံစမ်းခဲ့ဘူးတာပါ။

"အလုပ်ဟူသမျှ ဂုဏ်ရှိစွ" လို့ပဲ ဗွတ်ယူဆထားခဲ့ပေမယ့် ကျောင်းပညာက မပြည့်စုံ၊ အသက်မွေးမှုပညာ အထူးအထွေ တစ်ခုခုကလည်း မတတ်ရတဲ့အထဲ ဗုံမဟုတ် ပတ်မဟုတ် အနေအထားနဲ့ ဦးလေးတော်ဟာ သင့်လျော်၊ ဣန္ဒြေရ၊ လူအမြင်



www.burmeseclassic.com

www.burmeseclassic.com



တင့်တဲ့ ဘယ်လိုအလုပ်မျိုးကိုမျှ ရနိုင်ပါ့မလဲလို့ကတော့ (စိုးရိမ်စိတ်၊ သနားပူပန်မိစိတ်တို့က) ခေါင်းထဲ အမြဲပဲ ရှိနေခဲ့သည်။

ခုကျတော့ ထည်ဝါခန့်ညားတဲ့ လုပ်ငန်းတစ်ခုအောက်က ဆိုင်ကြီးတစ်ဆိုင်ရဲ့ "Security လုံခြုံရေး"တဲ့။ သူ့ယူနီဖောင်းဝတ်စုံဟာ သူ့ကိုယ်ခန္ဓာဝတုတ်တုတ်ကြီးနဲ့ အင်မတန်မှ လိုက်ဖက်လှကာ သူကိုယ်တိုင်ကလည်း အဲဒီဝတ်စုံပေါ်မှာ ဂုဏ်ယူဝံ့ကြွားနေပုံက ပေါ်နေလေတော့ အကြည်ဟာ ဗုံမဟုတ်ပတ်မဟုတ် ရက်စရာကြီးဆိုတဲ့ ခါတိုင်း မူလရုပ်ကြီးပင် ပျောက်ကွယ်ကာ ကြည့်လို့ကောင်းလှသည်။

ဒီ့ပြင်လည်း သူ့နံဘေးမှာက သူနဲ့ဆင်တူ ချွတ်စွပ်သွင်ပြင်နဲ့။ သို့သော် ကျစ်ဆံမြီးဆံပင်ရှည်နဲ့ သနပ်ခါးနဲ့ အစ်မကြီးတစ်ယောက်ကပါ အတူပူးတွဲ ယှဉ်ပြထားသလို ရှိနေပြန်တဲ့အခါ ဆံပင်တိုနဲ့ သနပ်ခါးမရှိတဲ့ အကြည်ဟာ မဟုတ်တရုတ်ရုပ်ကြီး မပေါက်တော့ဘဲ သဘောကောင်းတဲ့ (ပုရိသစစ်စစ်) ဦးလေးကြီးတစ်ယောက်နဲ့ပဲ ပိုတူနေခဲ့တော့တာပေါ့။

ချမ်းသည် အဲဒီဆိုင်ကြီးထဲမှာ ဘယ်သူရှိရှိ မရှိရှိ (သူရှိရှိ သူ့အမေကြီးပဲရှိရှိ) ဘာကိုမှ ဂရုစိုက်မနေချင်တော့သောစိတ်ထားနှင့် လမ်းကိုဖြတ်ကူးကာ အကြည်ရှိရာသို့ လှမ်းလာနေမိပါတော့သည်။ သူရရှိထားတဲ့ အလုပ်နေရာနဲ့ အနေအထားအတွက် ချမ်း ဘယ်လောက်ဝမ်းသာ၊ ဂုဏ်ယူ၊ ကျေနပ်သွားရသလဲဆိုတာ ဦးလေးတော် အကြည်တစ်ယောက် သိအောင် ပြောပြရဦးမည်။





"အကြည်"

"အဲ ... ချမ်း"

"အကြည် ... အကြည်နဲ့ ဒီယူနီဖောင်းဝတ်စုံနဲ့ သိပ်လိုက်တာပဲ၊ ဂုဏ်ယူပါတယ်"

ချမ်းက ပြောင်စပ်စပ် ရုပ်ကလေးနဲ့ သတိဆွဲကာ ဆလု(တ်) Salute ရိုက်ပြီး အလေးပြုလိုက်သည်။ အကြည်က ချမ်းရဲ့ပုံစံကြောင့် ပါးစပ်ကြီးပြဲကာ "တဟဲဟဲ"နှင့် ရက်ရယ်ရယ်နေပြီးမှ သူ့ရှေ့က အစ်မကြီးကို ...

"နုနုရေ ... ဒါ ငါပြောတဲ့ ငါ့တူမ 'ချမ်း'ဆိုတာပေါ့"

"အချောလေးပဲ"

"အေး ... မျိုးရိုးလိုက်တာပေါ့"

ကိုယ့်ရဲ့အလုပ်တစ်ခုကို ဂုဏ်ယူပျော်ရွှင်ကာ နေရာထားလိုပုံရသော အကြည့်ထံမှာ သူစိမ်းတွေနှင့် စကားပြောတဲ့အခါ ရက်တက်တက်ကြီးတို့၊ သူ့ဝတုတ်ကြီးကို နွဲ့လူပ်နေတာတို့၊ "ကျုပ်၊ ညည်း၊ အေ့၊ ဟယ်၊ ကွယ်၊ တော့"စတဲ့ စကားလုံးတွေတို့၊ အသံပြာကြီးနဲ့ ချွဲနေတာတို့ တော်တော်ကြီးကို ပျောက်ဆုံး ကွယ်ပျောက်လျက်ရှိတာ ချမ်းက ချက်ချင်းပင် သတိပြုမိလိုက်သည်။

"အကြည် ... အကြည့်ရဲ့မိတ်ဆွေသူဌေး ဆိုတာက ဒီဆိုင်မှာ အလုပ်ပေးထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



အကြည့် မျက်နှာက တစ်ခုခုကို စဉ်းစားလိုက်သလိုလို အရိပ်အယောင်မျိုးတွေ ဖြစ်သွားတာကို ရိပ်မိလိုက်တဲ့အတွက် ချမ်းကလည်း လှို့ဝှက်စွာပင် ပြုံးလိုက်မိပါသည်။

"ဘာစဉ်းစားနေတာလဲ၊ မှန်မှန်ပြောနော်။ ဘာတွေဖုံးကွယ်မလို့ စဉ်းစားပြီး စာစီနေတာလဲ"

"မဖုံးကွယ်ပါဘူး၊ ဒါပေမဲ့ မိတ်ဆွေသူဌေးနာမည်ကိုတော့ ပြောမပြနိုင်ဘူး။ သူက ပြောစေချင်မှာ မဟုတ်ဘူး။ အလုပ်စဝင်တော့ ဒီမှာမဟုတ်ပါဘူး ဒီပြင်နေရာကြီးတစ်ခုမှာ။ ဒီဆိုင်က ခုမှ စဖွင့်တာ တစ်ပတ်ပဲ ရှိသေးတယ်။ သူက ဒီမှာပဲ အလုပ်ဝင်ပါတော့ဆိုပြီး ဟိုနေရာကြီးကနေ ထုတ်ပြီး ဒီပို့ပေးထားတာတော့ တစ်လလောက်တောင် ရှိတော့မှာ ...

ငါနဲ့ နုနုနဲ့ နှစ်ယောက်ပေါ့။ နုနုက ငါနဲ့အဆင်ပြေပြီး ခင်မင်နေကြလို့ နုနုကိုပါ ဒီရွှေ့လာခိုင်းလိုက်တာပါ။ နို့မို့ ငါ လူသစ်ပေါင်းနေရမှာစိုးလို့နဲ့ တူပါတယ်။ ငါ့မိတ်ဆွေ သူဌေးက ငါ့အပေါ် တော်တော် ကောင်းပါတယ်။ ဟိုနေရာကြီးမှာတုန်းကလည်း အဆင်ပြေတယ်၊ ပျော်ပါတယ်။ ဒီနေရာကကျတော့ လုပ်ငန်းက အသစ်လည်း အသစ်။ ဟိုလောက်လည်း မကြီးပေမယ့် အလုပ်က သက်သာသွားတော့ ဟိုလောက်တောင် မပင်ပန်းဘူးပေါ့။ အဆင်ပြေပါတယ်"





"ဟွန်း ! သူ့မိတ်ဆွေသူဌေးက သိပ်ကောင်းနေတော့ သူများနဲ့ခင်သွားမှာ တွန့်တိုတယ်ပေါ့၊ ပြောမပြဘူးဆိုပါတော့"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး။ သူက ချမ်းနဲ့လည်း သိသလိုလိုနဲ့မို့ သူ ကူညီပေးထားတာ ချမ်း ပြန်မသိရင်လည်း ပြီးတာပဲဆိုတဲ့ သဘောမျိုးနဲ့မို့ပါ"

"အဲဒါနဲ့ပဲ ပေါ်တော့မှာပါပဲ"

နုနု ဆိုတဲ့ အစ်မကြီးက သတိပေးသလိုလို တစ်ခွန်း
င်ပြောလိုက်တဲ့အတွက် အကြည်က ယောင်ယမ်းပြီး သူ့နှုတ်
မ်းကိုသူ တင်းတင်းစေ့လိုက်သည်။ ချမ်းက အဲဒါကိုပဲ သဘော
ကျ ရယ်မောလိုက်မိလျှင် မနုနုကလည်း လိုက်ရယ်နေလေတဲ့
အတွက် အကြည်လည်း ခုမှ သက်သောင့်သက်သာ အသွင်သို့
ပြန်ဖြစ်သွားသည်။

"ကဲ ... ကဲ ... ချမ်းလည်း ပြန်တော့လေ၊ အလုပ်ချိန်မဟုတ်လား၊ ငါတို့လည်း အလုပ်ချိန်ပဲ။ ဒီဆိုင်က ခုမှစဖွင့်တော့ မစည်လှသေးတော့ အလုပ်ကသိပ်မရှိပေမယ့် တာဝန်ခံတို့ သူဌေးတို့က ငါတို့ကို လှမ်းမြင်နေရရင် အလုပ်ချိန်ကြီး ညှော်ရောက်ပြီး အချိန်ကြာကြာကြီး စကားတွေ ပြောနေကြတယ်လို့ မြင်ရင် ဘယ်ကောင်းမလဲ။ ဆိုင်ကိုဈေးဝယ်၊ ကြည့်သူ မလာသေးလည်း လူမြင်ကောင်းပြီး ဆိုင်မှာ အရှိန်အဝါ ရှိနေအောင် နေပြ၊ ရုပ်ပြနေရမှာက ငါတို့ရဲ့ တာဝန်နဲ့ ဝတ္တရားပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းက "လေးစားပါတယ်"ဟု ပြောင်စပ်စပ်လေး အော်ဟစ်လိုက်ပြန်ကာ အကြည့်ကိုရော၊ မနုနုကိုပါ ဆလု(တ်)တွေ အကြိမ်ကြိမ် ထပ်ရိုက်ပြီး ကိုယ့်ကားရှိရာဆီ ကိုယ်ပြန်ပြေးလာခဲ့ပါသည်။

အကြည်ဟာ သူ့ကို ယုံကြည်ခင်မင်သူက ပေးအပ်ထားတဲ့ အလုပ်နေရာမျိုးမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေတဲ့ မျက်နှာနဲ့ ကိုယ်နေဟန်ထားတွေ ပြောင်းလဲတိုးတက်နေတဲ့အပြင် စကားအပြောအဆိုနဲ့ အတွေးအခေါ် ခံယူချက်တို့မှာလည်း အများကြီး အဆင့်မြင့် တိုးတက်လို့ လာပါသည်။ မေမေသာ ရှိခဲ့သေးရင် သူ မစွမ်းဆောင်နိုင်တဲ့ အလုပ်တစ်ခုကို သူတစ်ပါး သူစိမ်းက ဝင်ဆောင်ရွက် စီမံပေးနေနိုင်တာ သိပ်ဝမ်းသာ ကျေးဇူးတင်နေမှာပဲဆိုတာ ချမ်းက သိနေသည်။

ချမ်းလည်းပဲ အရမ်းဝမ်းသာ ကျေးဇူးတင်ပါတယ်။ ကိုယ်တိုင်က ဣန္ဒြေသိက္ခာတစ်ခုနဲ့ တည်ကြည်၊ အဆင့်အတန်းမြင့်တတ်တဲ့ ကိုထွန်းနေမင်းဟာ အကြည့်ကို "ချမ်းရဲ့ဦးလေး" ဆိုတာကို သိလိုက်လို့သာ ဒီလောက်ထိ ခင်မင်လိုက်လျော၊ နေရာပေး၊ မြှင့်တင်ပေးထားတာပေါ့နော်။

အဆင့်မြင့်ဧည့်သည် အမျိုးအစားတွေသာ လာကြမယ့် "စိန်နဲ့ ပလက်တီနမ်ဆိုင်ကြီး"တစ်ခုရဲ့ ဝင်ဝင်ချင်း ဝင်ပေါက်အဝမှာ ဧည့်သည်တွေ မျက်စိနောက် ငြိုငြင်နိုင်တဲ့ ပုံပန်းသဏ္ဌာန်ကြီးနဲ့ ဟန်အနေအထားကအစ အောက်တန်းကျနေနိုင်သော အသံ





ပြာပြာ အခြောက်ကြီးတစ်ယောက်ကို "ရုပ်ပြ"ချထားရဲတဲ့ သတ္တိနဲ့ ယုံကြည်မှုဟာ နည်းတဲ့ ခင်မင်လိုက်လျောမှုမျိုးမှ မဟုတ်ဘဲ။

အဲဒီ ဗုံမဟုတ် ပတ်မဟုတ်ကြီးဟာ ခုလိုပြောင်းလဲ တိုးတက်လို့ မလာဘဲ (ဟိုးအရင်က ချမ်းတို့ သတ်မှတ်ထင်မြင်ခဲ့ကြတဲ့အတိုင်း) "ပြဿနာ အကြည်"သာ ဆက်ဖြစ်နေရင် သူ့စီးပွားရေး သူ့မိသားစုမိဘတွေဆီမှာ သူ ဘယ်လိုရင်ဆိုင်ရမလဲ။

ဒါဟာ မေမေ့အပေါ် အကြွေးဆပ်လိုသော ဦးဘသော်တို့ ဦးဝင်းခန့်တို့ရဲ့ အစီအစဉ်တော့ဖြင့် မဟုတ်နိုင်တာ ချမ်းက ကောင်းကောင်းနားလည် ရိပ်မိပါသည်။ အဘိုးကြီးနှစ်ယောက်ဟာ ချမ်းကိုသာ အရိပ်တကြည့်ကြည့်နဲ့ စိတ်ဝင်စားဟန်တွေ ပြခဲ့ကြပေမယ့် "အကြည်"ရဲ့ နာမည်နဲ့ အကြောင်းကို မေးလည်းထုတ်မမေး၊ စကားထဲလည်း ထည့်မစပ်။ စိတ်ဝင်စားတဲ့ အရိပ်အယောင်တောင် တစ်စက်မှ မပြခဲ့ကြတဲ့ဟာ။

အဲဒါ "အကြည်"တစ်ယောက်တော့ဖြင့် ရှိနေသေးတာကို မသိနိုင်လို့လား။ မဟုတ်နိုင်ပါ။ မေမေနဲ့ "ငယ်ပေါင်းသူငယ်ချင်းအရင်းကြီး သုံးယောက်"ပါဆိုတဲ့ အဘိုးကြီးတွေ မသိနိုင်မှာမှ မဟုတ်ဘဲ။ ချမ်းဆီက မေးမြန်းစုံစမ်းယူဖူးတဲ့ စကားတွေထဲမှာလည်း "ကြည်သာ"ဆိုတဲ့ ဦးလေးတစ်ယောက်ရှိတာ ပါခဲ့ဖူးတယ်လေ။

ဒါဟာ ကိုထွန်းနေမင်းရဲ့ "ကူညီမှု"သက်သက်။ သူ့ရဲ့ ချမ်းအပေါ်ထားရှိတဲ့ ခင်မင်နေရာပေးလိုစိတ် သက်သက်



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်ပါလိမ့်မည်။ အကြည်ဟာ ခင်စရာမရှိ၊ မိတ်ဆွေသူငယ်ချင်း ဖြစ်လောက်စရာကို မဟုတ်၊ ချမ်းကြောင့်မို့သာ ဒီအခွင့်အရေးတွေ သူ ရလာခဲ့တာလို့ ဆိုလိုချင်တာတော့ မဟုတ်ရပါ။

ဒါပေမဲ့လည်း နောက်မှသာ တကယ်ပေါင်းကြည့်ပြီး အကြည့်စိတ်ရင်းကို သိလာရလို့ ဆက်ခင်မှသာ ခင်ရော။ မြှင့်တင်ကူညီလိုက်ဖို့ စတင်စဉ်းစား ရွေးချယ်လိုက်တာကတော့ "ချမ်းကြောင့်သာပဲ" ဆိုတာကို "ဟင့်အင်း ... မဟုတ်ပါဘူး" လို့ ထပ်များ ငြင်းပယ်ချင်ပါသေးသလား ကိုထွန်းနေမင်းရယ် ... ဟင် ... ! ။

"မင်း ရှေ့ကနေ ပေါက်ကရလျှောက်,လျှောက်လုပ်တတ်သမျှ ငါ လိုက်,လိုက်ကယ်နေရတာ ဘယ်နခါရှိပြီလဲ၊ အမြဲ ကယ်ထုတ်နေရတာပဲ မဟုတ်လား"လို့ မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာအတွက် မဟုတ်။ သူ့သူငယ်ချင်းလူဆိုးလေးအတွက်ပဲ သူကြည့်ခဲ့ဖူးတဲ့သူ။

"ဖုန်းဆက်ပြီး propose လုပ်သူဟာ ကျွန်တော်ပါပဲ"လို့ ပြောပြီး ပြီးရော။ ဘာမှလဲ ဇာတ်လမ်းရှေ့မဆက်။ ဘာမှလဲ "တမင်ဝင်ကယ်ထားတာနော်"လို့ ပြန်မဖြေရှင်း။ "တကယ်အတည်ပြောတာမျိုး ဖြစ်နေစရာ အကြောင်းရှိလို့လား၊ တမင်ဝင်ကယ်ထားလိုက်တာပါ ဆိုတာ ကိုယ့်ဘာသာသိပေါ့"ဆိုတာမျိုးလောက် သဘောထားကာ တည်ငြိမ်လှတဲ့ ဣန္ဒြေကြီးနဲ့ ပိုနေမြဲကျားနေမြဲပဲ နေတတ်ခဲ့တဲ့သူ။





သူ့အဖေကြီး "ဦးဘသော်"က "အကြွေးဆပ်လိုလို့ သဘောတူပါတယ်"လို့ အိမ်မှာ ပြန်ပြောဖွင့်မေးထားနိုင်သည် ဖြစ်ပါရက် (သူ့သဘောမပါလို့သာ နေမှာပေါ့) ဘာမှမသိချင်ယောင်ပဲ ဆက်ဆောင်ထားဖူးခဲ့တဲ့သူ။

အဲဒီလိုလူမျိုးဟာ "အကြည့်"လို လူတစ်ယောက်ကို "ချမ်းရဲ့ဦးလေး"မို့လို့သာပဲ ကူညီမြှင့်တင်၊ နေရာထား၊ ယုံကြည်ပေးနိုင်သူ၊ ပေးလိုသူလည်း ဖြစ်နေသေးပြန်သတဲ့လားဟင် ! ။

ပြီးကျတော့ "ကျွန်တော် ပြောစရာစကားတွေ ရှိလို့ပါ အားတဲ့ရက်၊ ကြုံမယ့်တစ်ရက်ရက်ကျမှ အချိန်ပေးပါ။ တစ်ရက်လောက် အချိန်ပေးပါ"ရယ်လို့ မရမက (တောင်းတောင်းပန်ပန် အောက်ကျို့ကျို့ သဘောများတောင် ဆောင်လို့) လိုက်ချိန်းယူနေတတ်တဲ့ သူတစ်ယောက်ကော ဖြစ်နေပြန်သေးသတဲ့လား။

သူတို့ရဲ့ မှန် Glass House ဆိုင်ခန်းကြီးတစ်ခုရဲ့ ရှေ့မှာ အကြည့်ကို Security ယူနီဖောင်းနှင့် တည်ငြိမ်ဣန္ဒြေရနေတာကို မြင်ခဲ့ရပြီးတဲ့ အချိန်မှာ ချမ်းရဲ့ အတွေးနဲ့ သဘောထားတွေက အနည်းငယ်လေး "တိမ်း"ကာ ပြောင်းလဲလို့တော့ လာခဲ့ပါသည်။

"ခဲမမှန်ဖူးပေမယ့် လေးနဲ့တော့ အပစ်ခံထားရဖူးတဲ့ ဇာသူငယ်မလေး" ချမ်းဟာ "ချမ်း အားနိုင်ပါပြီ၊ ဘယ်နေ့ဘယ်မှာ တွေ့ကြမလဲဟင် ! "လို့ ကိုယ်ကစပြီး ပြန်ဖုန်းဆက် လမ်းကြောင်းဖွင့်ဦးမည့်သူတော့ မဟုတ်ပါ။ ဒါပေမဲ့လည်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါများ သူ(စိတ်ရှည်စွာ၊ သတိရစွာ၊ လိုလားစွာ၊ တောင်းဆိုစွာ) ဖုန်းဆက်လာဦးမယ် ဆိုရင်တော့ပေါ့လေ ...

"ကိုထွန်းနေမင်း ပြောတဲ့နေရာကို ချမ်း လာခဲ့ပါ့မယ်"လို့ ပြန်ဖြေဖြစ်ဖို့အသင့်ရှိနေပြီ ဖြစ်တော့သည်။





## အခန်း(၆)

"ဟုတ်တယ် ... ကျွန်တော် ဖုံးကွယ်လိုးလွဲပြောတတ်တဲ့ သူမျိုးလည်း မဟုတ်ဘူး ချမ်းမြမြ။ အဲဒီတုန်းကတော့ အဲဒါဟာ အဖြစ်မှန်ပါပဲ။ ဟိုကောင် မောင်တေက ဇရတ်ကျတယ်၊ ချမ်းမြမြ အပေါ် မကျေနပ်ချက်ကလည်း ရှိနေတယ်။ ဒီတော့ အဲဒီအချိန်မှာ သူနဲ့ကျွန်တော်နဲ့ ဖုန်းပြောနေကြပေမယ့် တစ်ချိန်တည်းမှာ ချမ်းမြမြဆီကို ဒီလိုထင်ယောင်ထင်မှား ဖြစ်စေမယ့် နာမည်နဲ့ ဖုန်းလာခဲ့တာ သူ့အစီအစဉ် သူ့လက်ချက်ပဲ ဖြစ်မယ်ဆိုတာ ကျွန်တော် အတပ်သိနိုင်တယ် ...

ဟုတ်ပါတယ်။ ချမ်းမြမြကို ကယ်တာထက် သူ့ကို ကယ်တာပါ။ သူပြောတာ မှန်ပါတယ်။ နောက်တစ်ချက်ကလည်း ဖေဖေက အိမ်မှာ ချမ်းမြမြနဲ့ နှစ်ဦးနှစ်ဖက် သဘောမှုကြမယ်ဆိုရင် သူသဘောတူ လက်ခံပေးစားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ပြောလာတော့ ကျွန်တော့်မှာ ဘာအစီအစဉ်မှ မရှိခဲ့သေးလို့ ဖေဖေ့ကို ခေါင်းခါငြင်းခဲ့မိတာလည်း မှန်ပါတယ်။ အမှန်ပဲ”

ချမ်းက မိန်းကလေးတစ်ယောက်အတွက် “အနာ” ဖြစ်နိုင်တဲ့ သူ့လုပ်ရပ်တွေကို တွန့်ဆုတ်မှု တစ်စက်မှမရှိဘဲ ပုံမှန်လေး ဝန်ခံနေနိုင်တဲ့ ကိုထွန်းနေမင်းကို ငေးလို့သာပဲ ကြည့်နေမိတော့သည်။ သူ့ရဲ့ပုံစံဟာ သူနဲ့ချမ်း ပထမဦးဆုံးအကြိမ် စ,စတွေ့ကြစဉ်က သူ့သူငယ်ချင်းဖြစ်သူရဲ့ အားမနာလျှာမကျိုး အပြောအဆိုများကြောင့် အားတုံ့အားနာ အိလည်လည်ပုံ ပေါက်နေခဲ့ရတဲ့ မျက်နှာမျိုးလိုတောင်မှ ခုချိန်မှာမရှိ။

သူ့ဟာနဲ့သူတော့ တကယ့်ကို “အပြစ်ကင်းစွာ” ခံစားနေနိုင်လို့ ဖြစ်မှာပေါ့လေ။

“ဒါပေမဲ့ ကျွန်တော့်မေမေ ... ချမ်းမြမြဆီကို ရောက်လာပြီး ပြောဆိုသွားတာတွေကို မယမင်းဆီက ပြန်သိလိုက်ရတဲ့အခါမှာ အဲဒီအချိန်က အဲဒီဆိုင်မှာ ချမ်းမြမြ ရှိမနေတော့လို့ ဘာလဲမသိ တစ်ခုခုပဲ လိုနေသလိုလို ခြောက်ကပ်ကပ်၊ ဟာတာတာနဲ့ ‘ဘာဖြစ်နေတာလဲ’လို့ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ခဲ့တဲ့ ကျွန်တော့်စိတ်ကို ကျွန်တော် ကောင်းကောင်း သဘောပေါက်သွားနိုင်ခဲ့တယ် ချမ်းမြမြ ...

ကျွန်တော် ချမ်းမြမြကို ချစ်နေတယ်။ ဖေဖေ့ဆန္ဒကြောင့် မဟုတ်ဘဲ ကျွန်တော့်ရဲ့ဆန္ဒ၊ ကျွန်တော့်ရဲ့လိုလား





မှု တောင်းဆိုမှုတို့နဲ့ ချမ်းမြမြကို ကျွန်တော် လက်ထပ်ချင်တယ်။ ကံကြမ္မာရဟတ်က တစ်ပတ်ပြန်လည်တယ်လို့ပဲ သဘောထားရမယ်ဆိုရင် ကျွန်တော့်ရဲ့ ဖေဖေလိုပဲ ဒီအမေတစ်ယောက်ရဲ့ ဒီသမီးကိုမှ ကျွန်တော်ကလည်း နောက်တစ်ကြိမ် မဖြစ်မနေ လက်တွဲချင်နေတယ်။ ဖေဖေ့လို ကျန်ရစ်နေရသူ မဖြစ်ချင်ဘူး ...

ချမ်းမြမြကို ကျွန်တော် ပိုင်ဆိုင်ချင်တယ်၊ ခွင့်ပြုပါ”

ချမ်းသည် သူ့စကားဆုံးချိန်၌ “ကံကြမ္မာရဟတ်က တစ်ပတ်ပြန်လည်လာတယ် ဆိုရင် အန်ကယ်ဦးဝင်းခန့်နေရာမျိုးက ပြန်ပါလာနိုင်မယ့် သူကကော”ဆိုတဲ့ အတွေးမျိုးကို ဘာ့ကြောင့် ချက်ချင်းတွေးလိုက်မိသည် မသိ။

တစ်ကြိမ်တစ်ခါက တမ်းတမ်းမက်မက် မျှော်တလင့်လင့်ရှိခဲ့ရဖူးတဲ့ “ချမ်းရဲ့နောင်ရေး၊ ရှေ့ရေးတွေ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချရနိုင်မှုတွေ၊ စိတ်ဓာတ်ခွန်အားတွေအတွက် သူ့လိုလူတစ်ယောက်ကို ပြန်စဉ်းစားခွင့်၊ အဖြေပေးခွင့်ဆိုတာမျိုးကိုတော့ ရချင်သေးသည်”ဆိုတဲ့ ဆန္ဒ၊ ခံစားချက်က ခုတစ်ကြိမ်မှာတော့ ဖြစ်ပေါ်လို့ မလာတော့ပါပေ။ တကယ် သေချာသွားပါပြီဆိုမှ အဲဒီအခွင့်အရေးကို ချမ်းက မလိုချင်လှတော့တာဖြစ်သည်။

ခုချိန်မှာ ချမ်းဟာ သူ့ရဲ့“အချစ်”။ သူ့ဖေဖေရဲ့ သဘောတူ ကြည်ဖြူချင်မှ။ မိသားစုသုံးယောက်မှာ ချမ်းဘက်က



www.burmeseclassic.com

www.burmeseclassic.com



"နှစ်မဲ"ကြီးများတောင်မှ ရရှိထားပြီး ဖြစ်နေပါပြီ။ ဒါပေမဲ့ သူ့မေမေရဲ့ ခါးသီးမှုကလည်း အင်မတိ အင်မတန် ပြင်းထန်လိမ့်မည်ဆိုတာ ချမ်း နားလည်ခံစားနိုင်သည်။

"ကိုယ့်သားကို ကိုယ်နိုင်တယ်၊ တို့သားကို တို့ကမှ သဘောမတူရင် ဒီကိစ္စဟာ လုံးဝဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး၊ မင်းစိတ်ကို မင်းနိုင်ဖို့တော့ မင်းပဲ တာဝန်ယူပေးပါ"ဆိုတဲ့ သူ့မေမေဟာ ခုချိန်မှာ သူနိုင်တယ်၊ ပိုင်တယ် ထင်နေတဲ့ သူ့သားဆီက "ချမ်းမြမြကို ကျွန်တော် မဖြစ်မနေ လက်တွဲချင်တယ်၊ ပိုင်ဆိုင်ချင်တယ်၊ ခွင့်ပြုပါ"ဆိုတဲ့ စကားမျိုးတွေ တကယ်ပဲထွက်နေပြီဆိုတာ သိလိုက်ရရင် ဘယ်လိုများ ဖြစ်သွားခဲ့မလဲ။

"ကံကြမ္မာရဟတ်က တစ်ပတ်ပြန်လည်လာပြီ"ဆိုတဲ့ စကားမျိုးကိုပါ ကြားလိုက်ရရင် မတ်တတ်ကနေတောင် ပစ်လဲကျသွားနိုင်လောက်မည် ထင်သည်။

"အကြည့်"ကို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ မြင်လိုက်တော့ "ချမ်းအတွက်"လို့ ခေါင်းထဲရှိပေးခဲ့တဲ့ ကိုထွန်းနေမင်းကို "အခွင့်အရေး"တစ်ခု ပြန်ပေးချင်စိတ်နဲ့ သူ့ရဲ့"စကား"တွေကို လာသာနားထောင်ရ၊ "ချစ်နေမိပါတယ်၊ လက်တွဲပါရစေ" ဆိုတာလောက်ကြီးတော့ တန်းထွက်လာလိမ့်မယ်လို့ မထင်ခဲ့မိသေးတာ အမှန်ပင်။

ခုကျတော့ ချမ်းဟာ "အကြည့်"ကို မြှင့်တင်ကူညီပေးခဲ့တဲ့ ယောက်ျားတစ်ယောက်ကို ကျေးဇူးတင်ရလွန်းတာက





တစ်ဖက်။ "တို့ ကမ္ဘာပေါ်မှာ အမုန်းဆုံးမိန်းမက 'မအေးလှ'ပဲ" ဆိုတဲ့ မိခင်တစ်ဦးရဲ့သားဖြစ်သူကို ပတ်တောင်မပတ်သက်ဝံ့(ရက်)တာက တစ်ဖက်။

အဲဒီလိုတွေးမိတော့ ချမ်းသည် "ကျွန်တော့်အမေကတော့ အဲဒီ အန်တီဒေါ်အေးလှကို တွေ့ချင်ခဲ့တယ်။ ပြန်ရှာတွေ့ခဲ့ရင် ထမင်းစားဖိတ်ပြီး စကားစမြည်ပြောဆို ဝိုင်းဖွဲ့ချင်သေးတယ်၊ စိတ်ဝင်တစား ခင်မင်ချင်တယ်၊ သူငယ်ချင်းဖြစ်ချင်တယ်။ အန်တီနဲ့မတူဘူး"ဆိုသော စကားသံတစ်ခုကို ပြေးသတိရလိုက်မိပြန်ပါသည်။

အို ... ဘယ့်နှယ်လဲ။ ဘာဆိုင်လို့ လိုက်,လိုက်သတိရ ယှဉ်တွေးနေမိတာလဲ။ အဓိပ္ပာယ်မရှိ။ ပေါက်ကရ။

"ကျွန်တော့်အမေနဲ့ ပတ်သက်လို့ စဉ်းစားနေမယ် ထင်တယ်"

ချမ်းမှာ "ဟင့်အင်း ... ရှင့်မေမေ မဟုတ်တော့ပါဘူး၊ တောဇနရဲ့မေမေ အကြောင်းပါ"ဟု ပြောလို့လည်း မရမဲ့ဟုတ္တု ဘာမှပြောမနေတော့ဘဲ မပြုံးတပြုံးလေးသာ ခေါင်းငုံ့နေလိုက်မိပါသည်။

"ရင်ဆိုင်ရခက်မယ်ဆိုတာ သိပါတယ်။ အဲဒီလို အခြေအနေကြီးနဲ့ ရင်ဆိုင်ပါလို့ တောင်းဆိုရတာ မတရားဘူးဆိုတာလည်း သဘောပေါက်ပါတယ်။ ကျွန်တော်ကလည်း အမေ့ကို ချစ်တတ်တဲ့ သားတစ်ယောက်ပါ။ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်မဆင်းရဲစေချင်ဘူး။ သူ့တစ်သက်လုံး ဘာတွေ တွေးနေခဲ့တယ်၊ ဘယ်လိုခံစားနေခဲ့တယ် ဆိုတာလဲ ကျွန်တော် သိတယ်လေ"

ဟင် ! ... ဒါဖြင့် ...။ ဒါနဲ့များ ဘာလို့ လာဖွင့်ပြောနေသေးသလဲရှင်။ ရှင့်ရဲ့ထုံးစံနဲ့ ခံယူချက်အတိုင်း ပိုနေမြဲကျားနေမြဲကလေး နေလိုက်ကြတာကသာ ပိုကောင်းမနေနိုင်ဘူးလားလို့။

"ဒါပေမဲ့ ကျွန်တော် ကြိုးစားမှာပါ။ ချမ်းမြမြကိုလည်း လက်တွဲကြစို့ဆိုတဲ့ နေရာမှာ တစ်ဘဝစာလုံးအတွက် အတူလက်တွဲနိုင်ကြဖို့ ခုနေခါ ကြိုးစားရင်ဆိုင်ရဦးမယ့် အခက်အခဲတွေ အတွက်လည်း အတူလက်တွဲ ရင်ဆိုင်ပေးဖို့ကိုပါ တစ်လက်စတည်း တောင်းဆိုချင်တာပါပဲ"

ဘုရားရေ ...။ နေရာတကာမှာ ငြိမ်းချမ်းတည်ငြိမ်နိုင်တတ်တဲ့ သူတစ်ယောက်ထံမှာတော့ ချမ်းဟာ ခုလိုပဲ အင်မတန်အေးဆေးပြီး သူ့အပြစ်ကင်းနေသလို လေသံနဲ့ စကားလုံးမျိုးတွေကိုပဲ ရင်ဆိုင်နေရမှာ အမှန်ပင်။ ပေါက်ကရတွေချည်းပြော၊ အမှားတွေချည်းလုပ်၊ ပြီးရင် သူ့အပြစ်တို့အတွက် Guilty ဖြစ်နေတဲ့ ရုပ်စုတ်ကလေးနဲ့ မသိချင်ယောင်ဆောင်ချင်ဆောင်၊ ရယ်ကျဲကျဲဖြီးစပ်စပ်နဲ့ အရေးမကြီးသလို ဝန်ခံရင်ခံ။ ဒါမျိုး ကဘောက်တိကဘောက်ချာ ဣန္ဒြေမရ ဂုန်းဂုန်းဒိုင်းဒိုင်းမျိုးတွေကိုတော့ မျှော်လင့်ထားလို့ မရနိုင်ပေ။





ဒါနဲ့ နေပါဦး။ ချမ်းကရော အဲဒီလို ပေါက်ကရကြီး နေတတ်တာမျိုးတွေကိုပဲ မျှော်လင့်နေမိပြန်တာမို့လို့လား။ မမျှော်လင့်ပါဘူး။ ဟင့်အင်း ... လုံးဝမမျှော်ဘူး။ ဘာဆိုင်လို့လဲ၊ ဒါပေမဲ့ သတ္တဝါလေးရေ ... "ဘာပြောပြော ယုံမလာခဲ့တာက ပိုကောင်းမယ် မယုံခဲ့နဲ့နော်"ဆိုတဲ့ အမှာစကားကတော့ မအောင်မြင်ပါရှင်။

ချမ်းဟာ သူ့ဟာနဲ့သူ့တော့ဖြင့် သိပ်အပြစ်ကင်းစွာ တောင်းဆိုနေတဲ့ သူတစ်ယောက်ကို "ဘယ်လိုလူလဲ"လို့ စိတ်ကြီးများပင် ညစ်မိရတာက သပ်သပ်။ ဒီလိုလူမျိုးရဲ့ ဝန်ခံကတိနဲ့ တောင်းဆိုချက်တွေကို တစ်ထိုင်တည်း ကြားလိုက်ရသည်နှင့် "ဒါ တကယ့်အမှန်တရား၊ ရင်ထဲကစကားတွေပဲ"လို့ ယုံကြည်မိပြီးသား ဖြစ်နေရတာကတော့ သပ်သပ်သာ ဖြစ်ပါသည်ကွယ်။

"ပြန်ကြတော့မလား"

ကိုထွန်းနေမင်းရဲ့ အလိုက်တသိ အမေးကို ချမ်းကလည်း "ဟုတ်ကဲ့"ဟုသာ တုံ့ပြန်ပြီး "အိမ်အထိ ပြန်လိုက်ပို့ပေးခဲ့မယ်လေ" ဆိုတာကိုတော့ ငြင်းပယ်ဖို့ပဲ ကြံစည်နေဆဲ ချမ်းတို့နှစ်ယောက် တွေ့ဆုံဖြစ်နေကြတဲ့ ဂျပန်စားသောက်ဆိုင်ကလေးရဲ့ အဝမှာ မမျှော်လင့်ဘဲ တေဇနေက ဂုန်းဒိုင်းကြီး ပေါ်လာခဲ့လေသည်။

ဆွဲလို့ကော တွန်းလို့ပါရသည့် ဆင်နားရွက်တံခါးယ်လေးနှစ်ခုကို "တဖြန်းဖြန်း"မြည်ပြီး တုန်ခါကျန်ရစ်ခဲ့အောင်ဒေါသတကြီး ဆောင့်ကြီးအောင့်ကြီး တွန်းဝင်ချလာခဲ့တဲ့ တေဇန



www.burmeseclassic.com

www.burmeseclassic.com



ဟာ ချမ်းကိုတော့ အရင်မကြည့်သေးဘဲ ထွန်းနေမင်းထံသို့ပဲ လက်ညှိုးငေါက်ငေါက်ထိုးကာ အရင်ဦးစွာ ...

"ဟော့ကောင် ထွန်းထွန်း၊ 'ရုပ်ဆိုးတယ် ... ရုပ်ဆိုးတယ် ဆိုပြီး မင်းနှုတ်ဖျားက တဖွဖွ ဖြစ်နေရလောက်အောင် စိတ်ထဲထည့် သိမ်းထားတာဟာ မင်း အဲဒီရုပ်ဆိုးမကလေးကို ချစ်နေတာ' ဆိုကွ ဟော့ကောင်။ ငါ့ကို အဲဒီလိုအမြင်မှန် မြင်တတ်အောင် ထောက်ပြပေးခဲ့တဲ့ကောင်က ငါချစ်နေတယ်ဆိုတဲ့ မိန်းကလေးကို မင်းပါ လိုက်ချစ်တယ်ဆိုတာ တရားသလားကွာ၊ ဟော့ကောင် ... ထွန်းထွန်း၊ ပြော"

"တေဇနေ ... မင်းကိုပြောပြီးမှ ငါလုပ်တာလေ"

"ပြောတာကတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ခွင့်ပြုချက်ရသလားကွ၊ အဆင်မပြေနိုင်မယ့်တူတူ လုပ်မနေနဲ့၊ ငါတို့ထဲ ဝင်မပါနဲ့တော့လို့ပဲ ငါပြောခဲ့တယ်"

"ဒါပေမဲ့ ..."

"ငါ့မိန်းကလေးကိုမှ မင်း ဘာမှလိုက်ချစ်နေစရာ အကြောင်းမရှိဘူး ဟော့ကောင်။ ဒါ သူငယ်ချင်းလား"

"မင်းရဲ့မိန်းကလေး ... ! ဟင်း ဟင်း ဟင်း"

"မရယ်နဲ့"

"အေးအေးဆေးဆေးပေါ့ မောင်တေ၊ လာ ... ထိုင်ပါဦး"

"မင်းကို ဖွင့်မပြောနဲ့တော့၊ နောက်ဆုတ်လိုက်တော့လို့ ငါ ပြောသလား မပြောဘူးလား"





ချမ်းသည် အော်ဟစ်နေသူနှင့် အေးဆေးသော်လည်း တစ်ခွန်းမခံတော့ဖြင့် တုံ့ပြန်နေသူနှစ်ဦးတို့ရဲ့ အပြန်အလှန် အချီအချ စကားတွေမှာ ခေတ္တမျှ ကြောင်ငေးနားထောင်နေမိပြီးမှ "ဘယ်လိုဖြစ်နေကြတာလဲ၊ တော်ကြပါတော့"ဟု အသံတုန်တုန်လေးနှင့် ဝင်ပြောလိုက်မိသည်။

"တေဇနေက ရှင့်ကို ချစ်နေတာ"ဟူသော စကားကို ကာယကံရှင်ထံမှ မဟုတ်ဘဲ သူတစ်ပါးထံမှ တစ်ကြိမ်ကြားဖူးပြီးသား ချမ်းသည် "ငါချစ်နေတဲ့ ငါ့မိန်းကလေး"ဆိုတဲ့ စကားကို တေဇနေထံမှ ရှေ့တင် ပေါ်တင်ကြီး၊ အတိအလင်း မျက်ဝါးထင်ထင်ကြီး ကြားလိုက်ရချိန်၌ တုန်တုန်ယင်ယင် လှုပ်လှုပ်ရှားရှားနှင့် တစ်ကိုယ်လုံး တုန်လာတာကို ကိုယ့်ဘာသာ သတိထားလိုက်မိသည်။

စားသောက်ဆိုင်လို အပြင်နေရာကြီးတစ်ခုမှာ ကိုယ့်အတွက်နဲ့ သူစိမ်းယောကျ်ားသားနှစ်ဦး မပြေမလည်၊ အော်ကြီးဟစ်ကျယ်တွေ ဖြစ်ကြရတာကို ရှက်ကြောက်စိတ်နဲ့ တုန်ယင်တာလား။ ဒါမှမဟုတ် သိသလိုလို မသိသလိုလို၊ ဟုတ်သလိုလို မဟုတ်သလိုလိုလေး ဖြစ်နေတဲ့ အခြေအနေတစ်ခုကို "တကယ်ပဲ" ဟု အွားခနဲသိလိုက်ရလို့ ဟုတ်နေလို့(ရှင်းရှင်းပြောရရင်"တေဇနေက ချမ်း ကိုချစ်တယ်"တဲ့ ဆိုလို့) တုန်ယင်လှုပ်ရှားလာတာလား။ ချမ်းရဲ့ ဦးနှောက်နဲ့ နှလုံးသားတို့ကို "မင်းတို့က ဘယ်လိုလဲ !" ဟု ချမ်းက မေးခွန်းပြန်ထုတ်ချင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ချီ ထွန်းနေမင်းရဲ့ "ကျွန်တော်ပါ"ဆိုတဲ့ ဝန်ခံချက်မှာ ကျောက်ရုပ်ကြီးလို ကြက်သေသေ၊ ထုံထုံကြီးဖြစ်ခဲ့ဖူးသော ချမ်းဟာ ဒုတိယတစ်ချီ "ဘဝတစ်လျှောက်လုံးအတွက် လက်တွဲပိုင်ဆိုင်ချင်တာပါ"ဟု ဆိုလာခဲ့ချိန်မှာတော့ ထင်မှတ်မထားမိလို့ တစ်မျိုးလေး ဖြစ်ရတာကလွဲလို့ ဘာဆိုဘာမှ ထပ်မဖြစ်တော့တာ။ ဘာခံစားချက်မှ မရှိလာတော့တာ။

ခုတော့ ချမ်းမှာ တစ်ကိုယ်လုံး တုန်ယင်နေသည်။ ရင်ခွင်တစ်ခုလုံး လှုပ်ရှားဘောက်ဘက်ခတ်နေသည်။ နှလုံးသားတစ်ခုက အပြင်ဘက်ထိ ပေါက်ထွက်လာတော့မတတ် ခုန်ပေါက်နေသည်။ အသည်းယားပြီး အူတွေကျဉ်နေကာ ဗိုက်ထဲမှာတောင်မှ တစ်မျိုးကြီး ဖြစ်လာသည်။

ချမ်းရဲ့ "တော်ကြပါတော့"ဆိုတဲ့ အသံကလေးကြောင့် ထွန်းနေမင်းက ခေါင်းတစ်ချက်ဆတ်ကာ ငြိမ်နေလိုက်သော်လည်း တဖနကတော့ ... "ချမ်းကို ကျွန်တော်က ချစ်နေခဲ့တာ၊ ကျွန်တော်က အရင်။ ကြာ,ကြာလှပြီ။ ချစ်နေတာ သိလား၊ အဲဒါ မသိဘူးလား"ဟု အသံကျယ်ကျယ်တို့နှင့်ပဲ ထပ်ပြောလိုက်ပြန်ကာ (ထွန်းနေမင်း ညွှန်ပြဆွဲယူပေးလိုက်သော ကုလားထိုင်တစ်လုံးကိုလှည့်ကွေ့ ရှောင်ရှားလျက်) ချမ်းရဲ့နံဘေးနီးနီးကပ်ကပ်က ခုံတစ်ခုမှာ ဝုန်းခနဲကြီး ဝင်ထိုင်ပစ်လိုက်ပါသည်။





ချမ်းမှာ မိုက်ကျလာတော့မတတ်၊ မူးမူးကြီးထိနေတော့မတတ် အနီးကပ်ကြီး ထိုင်ချလိုက်သူကို "အာ"ခနဲ မနည်းကို ရှောင်ရှားလိုက်ရတော့သည်။ ထွန်းနေမင်းက သက်ပြင်းတစ်ချက်နှင့် ...

"မနက်ဖြန်လောက်မှဖြစ်ဖြစ် မင်းဘာသာမင်း အေးအေးဆေးဆေး သီးသန့်ပြောယူလို့ကော မရဘူးလား"

"မရဘူး၊ မင်းက ငါ အကြိမ်ကြိမ် တားနေတဲ့ကြားက ဒီနေ့မှာပဲ ပြောလိုက်ပြီ၊ ငါက ဘာကိစ္စ နောက်တစ်နေ့ကို ရွှေ့ရမှာလဲ"

"ဒါဖြင့် ငါမပြောရသေးခင် ရှေ့ရက်တွေ ရက်တွေတုန်းက မင်းပဲအရင် ကြိုပြောထားခဲ့ရင်ကော"

"ဟော့ကောင် ... လေချိုလေးနဲ့ သွေးခွဲမယ်မကြံနဲ့၊ ငါ ဘာသာငါ ဘယ်အချိန်ပြောပြောပေါ့"

"ဝုန်းဝုန်းဒိုင်းဒိုင်းကြီး ဖြစ်လွန်းလို့ပါ၊ ခုလိုဆိုတော့ ချမ်းမြမြ အတွက်လည်း မကောင်းဘူး"

"ဘာမှ မကောင်းစရာ မရှိဘူး၊ အခု ငါချစ်နေခဲ့တာ သူသိသွားပြီ။ အရင်ရက်တွေက မသိခဲ့လို့။ ခု သိပြီဆိုရင် ခုကစလို့ စ,စဉ်းစားပေးလို့ ရသွားပြီ၊ ဘာမကောင်းစရာမှမမြင်ဘူး"

အလကားနေရင်း ရင်ခုန်တုန်ယင်နေကာ ထိတ်ထိတ်ပျာပျာ လှုပ်လှုပ်ရှားရှားလည်း ဖြစ်ချင်နေသေးတဲ့ ကြားကပဲ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားနှစ်ယောက်တို့ရဲ့ စရိုက်လက္ခဏာနဲ့စိတ်ဓာတ်တို့ အကွဲကြီး ကွဲနေပုံကို ချမ်းက ထင်းပြတ်စွာပင် သတိထားမိနေရသည်။

စကားချင်းသိပ်ပြိုင်မပြောနဲ့။ ပြိုင်မငြင်းနေနဲ့ သတ္တဝါလေးရဲ့။ တည်ငြိမ်မှုနဲ့ သွက်သွက်ခါနေမှု။ ယောက်ျားကောင်းတစ်ယောက်ရဲ့ လူကြီးဆန်မှုနဲ့ ကလေးဆန်ဆန် မရင့်ကျက်မှု ကွာခြားနေတာတွေက စကားတွေထဲမှာကော လုပ်ပုံကိုင်ပုံ အတွေးအခေါ်တွေထဲမှာပါ သိပ်သိသာနေတယ်။

ဟယ် … ! ငါ့နှယ်။ နေရင်း ထိုင်ရင်းကြီး တိတ်တခိုး ဘက်ပင်းမိနေလို့ပါလား။ သူ့ဘာသာ သိသာပြီး ရှုံးနိမ့်ရက်စရာကောင်းနေတော့ရော ကိုယ်နဲ့ဘာဆိုင်တာကျလို့။ ဘာပတ်သက်လို့လဲ။ ကျွတ် …။

"ပြန်ကြတော့မယ်ဆို"

အမ်းတတကြီးတွေ၊ အူကြောင်ကြောင် မျက်နှာပုပ္ပကြီးတွေနှင့် တိတ်ဆိတ်သွားသည့် အခြေအနေကို ထွန်းနေမင်းက အမေးစကားနှင့် ပယ်ဖျက်လိုက်ပါသည်။ ချမ်းဘက်သို့ ဦးတည်ကာမေးဆတ်ရင်း လှမ်းမေးလိုက်ပေမယ့် တေဇနက ကြားကဝင်ကာ…

"ပြန်ချင်ရင် မင်းဘာသာပြန်နှင့်၊ ငါတို့ နေခဲ့ဦးမယ်"

"အို … ဘယ်ဖြစ်မလဲ"

ချမ်းရဲ့စကားကြောင့် ချမ်းဘက် ဆတ်ခနဲလှည့်ကြည့်လိုက်တဲ့ တေဇနရဲ့မျက်နှာဟာ ချက်ချင်းကို သွေးဆုတ်ဖြူရော် ပျက်ယွင်းစုတ်ပြတ်သွားတော့မယ့်အလား။ ချမ်းဆိုတဲ့ချမ်း



ကလည်းပဲ အဲဒီမျက်နှာကြောင့်ပဲ ချမ်းက ကိုထွန်းနေမင်းဘက်ကို သာပါပြီး သူ့အပေါ်ကျတော့ ကာပြန်သည်ဟု သူအထင်မှားသွားမှာကိုပဲ ပျာပျာသလဲ စိုးတထိတ်ထိတ် ဖြစ်ရကာ …

"ချမ်းက ကိုထွန်းနေမင်းနဲ့ ဒီမှာစားသောက်စကားပြောတာတွေ လုပ်ခဲ့ပြီးပြီ။ ခု တစ်ယောက်ကပြန်နှင့်ပြီး နောက်မှရောက်လာတဲ့သူနဲ့ တစ်ခါဆက်ထိုင်ကျန်နေဦးမယ်ဆိုတာ ဘယ်ဟုတ်မလဲ"

"နောက်မှ ရောက်လာတဲ့သူလို့ မပြောနဲ့"

မဟုတ်တာကျလို့။ သို့သော် အကျယ်ကြီး ထ,အော်တတ်တဲ့ သူ့ရဲ့အသံကို ကြောက်ရတာနဲ့ပဲ ချမ်းက"မဟုတ်လို့လား"ဟု ပြန်ပြောမနေတော့ဘဲ …

"မိန်းကလေးတစ်ယောက်အတွက် အဲဒီအဖြစ်က မကောင်းဘူး၊ ဒီဆိုင်ကလူတွေရဲ့ အမြင်မှာလည်း တစ်မျိုးဖြစ်မယ်။ ခုတောင် တေဇနေ လုပ်ပုံကိုင်ပုံတွေကြောင့် သူတို့ဆီမှာ ချမ်း မျက်နှာပျက် အရှက်ရ,ရပြီ"

"အရင်ကလည်း မခင်ခဲ့ဘူး။ နောင်လည်း ဒီဆိုင်ကို ဘယ်တော့မှ ထပ်လာမစားနဲ့တော့။ ဒါဆို ပြန်ဆုံစရာအကြောင်းလည်း မရှိတော့ဘူး။ အဲဒါဆို မျက်နှာပူအရှက်ရနေစရာ မရှိဘူး၊ ခေါင်းထဲမထည့်နဲ့"

"ကျွတ် … ကလေးမဆန်နဲ့ကွာ၊ အပြောရ အဆိုရ အဲသလောက် မကျပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေမင်းကတော့ အချိအချွေ ဖြစ်နေသည့် ချမ်းတို့နှစ်ယောက်ကို အေးအေးသာ စောင့်ကြည့်နေသည်။ အေး ဆေးတတ်တဲ့သူက အေးဆေးသော်လည်း ပူလောင်ဝုန်းဒိုင်းကြ တတ်တဲ့သူက ချမ်းရဲ့လက်ကောက်ဝတ်တစ်ဖက်ကို ဖျတ်ခနဲလှမ်း ဆွဲဆုတ်ကိုင်လိုက်ပြန်ကာ ...

"ဒါဖြင့်လည်း မင်းဘာသာပဲ ပြန်နှင့်တော့၊ ချမ်းကိုတော့ ငါပဲ လိုက်ပို့ပေးလိုက်တော့မယ်"

"အို ... ဘယ့်နှယ်လုပ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ လွှတ် စမ်း"

ချမ်းမှာ ရုန်းမရ။ ထိုင်နေရာက ထထွက်လိုက်သူ ရဲ့နောက်သို့ ငိုက်စိုက်ငိုက်စိုက်သာ ပါသွားသည်။ တကယ်ပါ။ ဘယ်လောက်ပဲ ရင်ခုန်လှုပ်ရှားနေပါစေ၊ ဆိုင်ကလူတွေထဲမှာတော့ အရှက်မရလို့တဲ့ ချမ်းက အဟုတ်ကို ရုန်းနေတာပါ။ တကယ်။ သို့သော် တေဇနရဲ့နောက်သို့သာ တစိုက်မတ်မတ်ပဲ ပါသွားပါ သည်။

ထွန်းနေမင်းကား တည်ငြိမ်နိုင်ဆဲပေမယ့် မျက်နှာ ကတော့ ခပ်ပျက်ပျက်နှင့်ပင် နေရာတင် ရပ်ကျန်ခဲ့သည်။ သူ တမင်ရပ်ချန်နေရစ်ပေးတာလည်း ချမ်းက သဘောပေါက် ကျေးဇူး တင်နိုင်ပါသည်။ ချမ်းကတော့ ရုန်းနေရင်းကပင် တေဇနရဲ့ကား ပေါ်သို့ ရောက်သွားလေတော့ပြီ။





"ဒီမှာ အစ်မကြီး၊ ခင်ဗျား ကျွန်တော့်ကို ချက်ချင်းအဖြေ ပေးစရာ မလိုဘူး၊ အကြာကြီးစဉ်းစား၊ အများကြီးစဉ်းစား၊ ကြာချင်သလောက်ကြာ၊ အချိန်ယူချင်သလောက် ယူပြီးမှ နောက်ဆုံးကျမှ ခေါင်းညိတ်"

ဩော် ...။

"ဒါပေမဲ့ ခုလောလောဆယ်တော့ ထွန်းထွန်းကို ခင်ဗျား ဘယ်နည်းနဲ့မှ ပြန်မချစ်ဘူး၊ လုံးဝမချစ်ပါဘူး။ စိတ်မဝင် စားဘူး ဆိုတာလေး တစ်ခုတော့ ပြန်ပြောထားဗျာ။ ဒါ လေးပဲ ခုပြော"

လာ ... လာချေသေး။

တုန်လှုပ်မှု အရှိန်သေကာ လုပ်ပုံကိုင်ပေါက်ကိုသာ စိတ်တိုလာသော ချမ်းရဲ့မျက်နှာက တည်တင်းထန်လာမှာ သေချာ သည်။

"သူ့အမေကြီးက မမိုက်ပါဘူး။ အဲဒီစိတ်ဆင်းရဲ၊ ကိုယ် ဆင်းရဲကို သူ့သားကို ချစ်နေမိတာလည်း မဟုတ်ဘဲနဲ့ ခင်ဗျား ရင်မဆိုင်ပါဘူး။ ဟုတ်တယ်မှတ်လား ချမ်း၊ ဟင် ! ဟုတ်တယ် မှတ်လား"

သူ လုပ်ကိုင်နေပုံတွေကို ဆန့်ကျင်ကန့်ကွက်ကာ မကြိုက်ကြောင်း ပြတဲ့အနေနဲ့ ချမ်းက အပြန်လမ်းမှာ စကားတစ် လုံးမှ ပြန်မပြောဘဲ မျက်နှာကိုပါ လွှဲထားလိုက်သည်။ မိန်းကလေး တစ်ယောက်ကို "ချစ်ပါတယ်"လို့ ဖွင့်ပြောဖို့ရာမှာ သူများက



www.burmeseclassic.com

www.burmeseclassic.com



စပြောတော့မှပဲ အပြိုင်အဆိုင် မနာလိုတကြီး၊ ရှူးရှဲဝုန်းဒိုင်း နောက်ကလိုက်ဖြစ်ပြီးမှ ပြောယူရမှာလား။

အင်မတန် ဣန္ဒြေကြီးကာ အတည်ငြိမ်လွန်ကဲနေမှု ကိုလည်း မကျေနပ်၊ မနှစ်မြို့တတ်တဲ့ ချမ်းဟာ လူကို သူ့လက် ခုပ်ထဲကရေလောက် သဘောထားချင်တာကိုလည်း မကြိုက်။ ကိုယ်ဖြင့် တယုတယ မရှိချင်ခဲ့ဘဲ သူများကတောင်းလာမှ တွန့် တိုဒေါသကြီးပြနေတတ်တာမျိုးကိုလည်း ဒေါသထွက် မြင်ပြင်း ကတ်တတ်ပြန်သေးသည်။

"တကယ်ပဲ ယမင်းရေ၊ ရှင် မှန်တယ်။ သူဒီနေ့ တော့ ပေါက်ကွဲပွင့်ထွက်လာခဲ့ပြီ"ဆိုတာမျိုးကို ဂုဏ်ယူကျေနပ် စွာ စကားလုပ် ပြန်ပြောပြနေချင်တာကတော့ သပ်သပ်လေ။

✿ ❥ ✿

မနက်က ကြည်နူးကျေနပ်ခဲ့ရသည့် အရှိန်လေးတွေ ပင် ဘယ်ပျောက်ကုန်ပြီ မသိရတော့ပြီ။

ခုနောက်ပိုင်းမှာ "အကြည်သည်လည်း သူ့အလုပ်ဆီ စောစောပိုမှန်ထွက်ဖို့ လိုအပ်တာပဲ"ဟု ချမ်းကပါ မနက်ထမင်း ဘူးကိစ္စတွေမှာ အကြည့်ကို အတူဝိုင်းကူဖို့ ဆုံးဖြတ်ခဲ့သည်။ တူဝရီးနှစ်ယောက် တက်ညီလက်ညီ မြန်မြန်ထက်ထက်တွေအတူ ပူးတွဲချက်ပြုတ်လိုက်တော့ မိုးလင်းတာနဲ့ မနက်စောစောစာရော၊





နေ့လယ်ထမင်းဘူးတို့ပါ အစောကြီးနဲ့ အဆင်သင့် ဖြစ်နေပြီ။ (အတူဆိုသော်ငြားလည်း ချမ်းကား သင်ယူသူ၊ ကူညီသူ၊ နောက် လိုက်ဖြစ်လျက် အကြည်ကသာ ဦးဆောင်သူ၊ ကျွမ်းကျင်သူ ပင်။)

အိမ်အလုပ်တွေက စော်စီးစွာ ပြီးစီးနေတော့ အကြည့် မှာ သူ့အလုပ်ကိုသွားဖို့ အေးအေးဆေးဆေး ပြင်ဆင်ချိန်ရှိသည်။ သူ ဘယ်မှာလုပ်တယ်၊ ဘယ်လိုအနေအထားနဲ့ ရှိတယ်ဆိုတာ ချမ်းလည်း သိမြင်ပြီးသွားတဲ့ နောက်ပိုင်းမှာ အကြည်က(တစ်ခါ တစ်ရံ)အိမ်ကစထွက်ကတည်းက အလုပ်ယူနီဖောင်းကို တစ်ခါ တည်း ဝတ်ဆင်ထွက်သွားတတ်တာမျိုး ရှိလာသည်။

Cap ဦးထုပ်နဲ့ စတိုင်ဘောင်းဘီနဲ့၊ ယောက်ျားကြီး စီး Shoes နဲ့ စတိုင်ကျလှတဲ့ အကြည်ဟာ ပတ်ဝန်းကျင်မှာ၊ ရပ်ကွက်ထဲမှာ သူ့ကိုယ်သူ အလုပ်ဝတ်စုံနဲ့ မြင်တွေ့စေရတာကို အင်မတန်မှ ဂုဏ်ယူကျေနပ်လှပုံ ရပါသည်။ အလုပ်ဝတ်စုံကို ဘန်မိုးထား ဂုဏ်ယူ၊ ဂရုစိုက်လွန်းတဲ့အခါ အကြည့်ရဲ့ ကိုယ်နေ ဟန်ထားနဲ့ လမ်းလျှောက်ပုံတို့ဟာလည်း ပြောင်းကိုပြောင်းလဲလို့ လာသည်။

ကျောမတ်မတ်၊ ခြေထောက်ဖြောင့်ဖြောင့်ဆတ်ဆတ် နဲ့ အကြည်ဟာ ခေါင်းကြီးကို လည်လိမ်ငုံ့ပြီး မျက်နှာကြီးစောင်း သားဖို့ထက် မေးစေ့ကို လမ်းမနဲ့ ရေပြင်ညီတန်းကာ ရှေ့တူရူ သို့ ရဲရဲကြည့် မျက်နှာမော့ကာလည်း နေတတ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ရဲ့ မနက်ခင်း အလုပ်သွားတတ်တဲ့ ဒီနိုင်းကို ရုပ်ကွက်ထဲက "အမလေးဟဲ့ ... အရေးပါနေလိုက်တာ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကြီး ပုံစံမျိုးနဲ့ဟဲ့"ဟု မကြားတကြား ဝေဖန်ကြသူတွေ ရှိသော်ငြား ... အကြည်ဟာ ခါတိုင်းလို ဆတ်ဆတ်ထိမခံ၊ နှုတ်လှန်ပြန်ထိုးနေဖို့ထက် လျစ်လျူရှု၊ မျက်နှာလွှဲ၊ မကြားချင်ယောင်ဘဲဆောင်ကာ ဟန်မပျက် နေထိုင်တတ်ပြီ။ သူ့နားထဲမှာ အဲဒီ အ,မနာပသံ၊ လှောင်ပြောင်သံတွေထက် သူ့မိတ်ဆွေစစ်ကြီးတွေဖြစ်တဲ့ ကြီးကြီးမြင့်တို့ စိန်စိန်တို့ရဲ့ "ဒီလိုဆိုတော့လည်း ခန့်ချောကြီးဟဲ့"ဆိုတဲ့ အသံမျိုးကသာ ကွက်ပြီးနေရာယူနိုင်ခဲ့ပြီ။

မနက်ကတော့ တူဝရီးနှစ်ယောက် ရှားရှားပါးပါး အိမ်ကအတူတွဲထွက်ဖြစ်ကြကာ ကိုယ့်ဖယ်ရီဂိတ်နားတွေဆီထိ လမ်းတွဲလျှောက်ဖြစ်ခဲ့ကြတော့ အကြည်တော့ မသိ။ ချမ်းမှာတော့ ရင်ထဲ "တဖျပ်ဖျပ်"ဖြစ်ရအောင်ပင် တုန်ယင်လှုပ်ရှားကာ တစ်ခါမှ သေချာစိတ်တိုင်းမကျခဲ့ဘူးသေးတဲ့ ကိုယ့်ဘဝကို အဲဒီတစ်ခိုက်၊ တစ်ခဏအတွက်နဲ့တင် ကျေနပ်၊ ပီတိဖြာလိုက်ရတာ။

ချမ်း လူမှန်းစသိကတည်းက ကိုယ့်ဆန္ဒနဲ့ကိုယ် လှုပ်ရှား သွားလာနိုင်လာကတည်းက အကြည်ကြီးနဲ့ ခုလိုအတူတွဲပြီး တစ်ခါမှ ယှဉ်တွဲလမ်းလျှောက် အပြင်ထွက်ခြင်းမျိုးတွေ မရှိခဲ့တော့တာ။ အမှန်အတိုင်း ပြောရရင် ရှက်လို့ပါ။ ပြုံးစပ်စပ်၊ နှိမ်ချချ သရော်ကမော်အကြည့်တွေနှင့် ရင်မဆိုင်ချင်လို့ပါ။





ခုတော့ဖြင့် ချမ်းဟာ အဲဒီလို အကြည့်တွေ၊ အပြုံးတွေ၊ အပြောတွေ နည်းပါးကျဲတောက်သွားတာကိုလည်း ကျေနပ်သည်။ ချမ်းကိုယ်တိုင်က (ဘာပဲပြောပြော သူ့ကျေးဇူးတွေလည်း ချမ်းအပေါ်မှာ ရှိသင့်သလောက် ရှိနေတဲ့) ကိုယ့်ဦးလေးအရင်းနဲ့ လမ်းတွဲလျှောက် အပြင်ထွက်ရဲလာတဲ့ ကိုယ့်အဖြစ်ကို ကိုယ်ကျေနပ်သည်။

အဲဒီလို မနက်ခင်းကလေးက ကြည်နူးကျေနပ်ခဲ့ရတဲ့ အရှိန်လေးတွေဟာ ခါတိုင်းလို ဖယ်ရီကားစောင့်စီးတဲ့နေရာကို ဖယ်ရီရုံးကားက ရောက်မလာဘဲ နေမင်းကြီးဦးဝင်းခန့်ရဲ့ ကားကြီးကသာ ထိုးဆိုက်ရောက်ရှိလာတဲ့ အချိန်ကစလို့ ပျောက်ချက်သွားလိုက်ရတာ ဘယ်ရောက်လို့ ရောက်ကုန်မှန်းတောင် မသိရတော့ပြီ။

"ဟင် ! ... အန်ကယ်"

"နောက်ကပဲ လာစီးလိုက် သမီး"

ခါတိုင်းတွေတုန်းကလည်း အလုပ်ကိစ္စတွေအတွက် အတူတွဲသွားစရာ လာစရာရှိတိုင်း သူ့ကားကြီးနဲ့ ထွက်ဖြစ်ကြရင် သူ့သားပါပါ မပါပါ ချမ်းက ဒရိုင်ဘာထိုင်ခုံရဲ့နံဘေး ရှေ့ထိုင်ခုံမှာပဲ စီးနေကျပါ။ ခုတော့သူက နောက်သို့လှမ်းခေါ်လိုက်ကတည်းက စိတ်ထဲ တစ်မျိုးဖြစ်သွားလိုက်ရတာ။ ဆလွန်းကားရဲ့ ရှေ့ခန်းနဲ့ နောက်ခန်း၊ ရှေ့ထိုင်ခုံနှစ်ခုနဲ့ နောက်ထိုင်ခုံရှည်ကြီးတို့ကြားက အခန်းချင်းခြားလို့ရတဲ့ မှန်ရှည်ကိုပါ ဒရိုင်ဘာက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကဒက်(ရှ်)ဘုတ်မှာပါတဲ့ Remote ခလုတ်နဲ့ ဆွဲပိတ်ပေးလိုက် ပြန်တဲ့အခါ ပိုလို့တောင် "ထိတ်"ခနဲ ဖြစ်ရပါတော့သည်။

သူ ဒီလောက် ယုံကြည်အားထားပြီး နှစ်ရှည်လက်တွဲခဲ့ကြတဲ့ ဒရိုင်ဘာအဘိုးကြီးကို မကြားစေဘဲ ချမ်းကိုသာ သိစေ၊ ကြားစေမဲ့ ဘယ်လိုစကားမျိုးတွေများ တိုင်ပင်ပြောဆိုစရာ ရှိလာလို့ပါလိမ့်ပေါ့။

ကြားလိုက် သိလိုက်ရတဲ့အခါမှာတော့ ထင်မှတ်မထားမိပေမယ့် ဖြစ်နေကျ၊ ကြားဖူးနေကျ ဇာတ်လမ်းများထဲက အတိုင်းပါပဲ။ အခြေအနေ နိမ့်ပါး၊ မပြည့်စုံကြလေတဲ့ မိန်းကလေးတချို့တွေ ကြားဖူးကောင်း ကြားဖူးနိုင်ကြမယ့် မထူးဆန်းလှသော စကားမျိုးတွေပါပဲ။ ချမ်းမှာတော့ နှစ်ခါမြောက် ဒုတိယအကြိမ်အဖြစ် ကြားဖူးလိုက်ရတာ။ ပထမတစ်ချီက ပေါက်ကွဲပြင်းထန်လှစွာသော စိတ်ခံစားချက်တို့နဲ့ ထင်သလို ရမ်းပစ်လိုက်တဲ့ မိခင်တစ်ယောက်ဆီက။ ခု ဒုတိယတစ်ကြိမ်ကတော့ စကားပြောကျွမ်းကျင်လိမ္မာတတ်တဲ့၊ စကားလုံး ရွေးသုံးတတ်လေ့ရှိတဲ့၊ ပညာရှိဆန်တတ်တဲ့၊ သူ့အလွှန်မရှိစေတတ်တဲ့ ဖခင်တစ်ယောက်ဆီကပါ။

"သမီးအပေါ်မှာ အန်ကယ်က သမီးရင်းတစ်ယောက်လို တွေမရင်း တစ်ယောက်လို မေတ္တာထားနိုင်တယ်။ ကူညီစောင့်ရှောက်မှု ပေးနိုင်တယ်။ အန်ကယ့်ဘက်ကလည်း ကိုယ်တိုင် အိမ်မင်းမစွမ်း ဖြစ်လာချိန်မှာ ပြန်ပြီးယုံစားအားကိုးချင်တယ်။ ဆွေရင်း မျိုးရင်းလို အဆက်မပြတ် အပြန်အလှန်ရှိသွား၊ နေထိုင်သွားချင်ပါတယ် ...

အဲဒီလို ယုံကြည်ခင်မင်တဲ့ သမီးဟာ ရှင်းရှင်းပြောရရင် အန်ကယ့်သားနဲ့ မတန်ဘူး။ မတန်ဘူးဆိုတာ သမီးဘက်ကကြည့်ပြီး နာရာ။ ဒီကောင်က ပေါ့ပျက်ပျက်၊ ကဘောက်တိ ကဘောက်ချာ၊ လဘော်သရေ၊ အတည်မရှိတဲ့ အကောင်မျိုးဆိုတော့ သူ့နောင်ရေးအတွက်တော့ အန်ကယ်က တစ်မျိုးကြည့် စီစဉ်မှာပါ။ ဒါပေမဲ့ အန်ကယ်ကိုယ်တိုင် ယုံကြည်ခင်မင်တဲ့သမီးလို မိန်းကလေးတစ်ယောက်ကို 'ကူညီစမ်းပါ'ဆိုပြီး ဘဝတစ်ခုလုံးပါ မြှုပ်နှံခိုင်းလိုက်မဲ့ အစီအစဉ်မျိုးနဲ့တော့ မဟုတ်ဘူး ...

အန်ကယ့်သားက သမီးအပေါ် 'ဘာဖြစ်တယ်၊ ညာဖြစ်တယ်'ဆိုပြီး ထွန်းထွန်းနဲ့အတူ သမီးတို့ စားသောက်ဆိုင်မှာရှိနေကြတုန်း အရှက်မရှိ ဝင်ရမ်းသွားတယ်လို့ သိရတယ်။ အဲဒီအတွက် အသုံးမကျတဲ့ သားကိုယ်စား အန်ကယ်က တောင်းပန်ချင်တာပါပဲ။ နောက် ဒါမျိုးမဖြစ်စေရဘူး။ သူ့စကားတွေ အတွက်လည်း စိတ်အပင်ပန်းခံပြီး ခေါင်းထဲ မထားနဲ့။ သားကို အန်ကယ် ဆုံးမကြည့်ရှုပါ့မယ်။ သမီး ကိုယ့်အလုပ်ကို ကိုယ်ပျော်ပျော်ရွှင်ရွှင် နေမြဲတိုင်းလုပ်ပါ၊ ကြိုးစားပါ။ သမီးအတွက်လည်း အန်ကယ့်မှာ ရှေ့အစီအစဉ်တွေ အများကြီး ရှိတယ် ...







www.burmeseclassic.com

www.burmeseclassic.com



သမီးကိုယ်တိုင်လည်း စိတ်တိုင်းမကျတဲ့၊ မတည့်တဲ့၊ မကြည်ဖြူတဲ့ အန်ကယ့်သားအတွက် စိတ်အနှောင့်အယှက် ရှိနေရတာမျိုး မဖြစ်စေနဲ့။ အန်ကယ်ကိုယ်တိုင် သဘော မတူဘူး။ မင်းနဲ့မတန်ဘူးဆိုတာ သူ့ကိုဖွင့်ပြောပြီး တားဆီးပေးထားမယ်။ ဘာမှမဖြစ်စေရဘူး။ သမီးအနေနဲ့ ကျေကျေနပ်နပ်နဲ့ စိတ်ချလက်ချ ရှိစေ့ချင်တယ်"

ဘယ်လိုပင် စကားပြော ကျွမ်းကျင်လိမ္မာစွာ စကားလုံးလှလှတွေ ရွေးသုံးသုံး၊ ကြားပျော် နားခံသာအောင် ပြောပေးပေး အဓိက,ကတော့ ဒီဂုဏ်ကြီးရှင် အဖေတစ်ယောက်သည်လည်း ဟိုအမေကြီးနှင့်ထပ်တူ "သူ့သားနဲ့ ချမ်းကို သဘောမတူနိုင်ဘူး။ ရှေ့မတိုးနဲ့၊ ကြည့်ရှောင်၊ ငြိမ်ငြိမ်နေ"။ ဒါပဲ မဟုတ်ပါလား။

ချမ်းမှာ အရမ်းအံ့သြ ဝမ်းနည်းရပါသည်။ ချမ်းရဲ့ မေမေနဲ့ အရင်းအချာဆုံး ချစ်ခင်ကျွမ်းဝင်ဖူးကြပါတယ်ဆိုတာ သူတို့ကိုယ်တိုင်တွေ လာဖွင့်ပြောကာမှ ချမ်း သိခဲ့ရတဲ့ အဘိုးကြီး နှစ်ယောက်ဟာ မေမေ့အပေါ် အလွန်တွေ၊ အမှားတွေလည်းရှိခဲ့ကြပါတယ်ဆိုပြီး "အကြွေး"ဆပ်ချင်ကြပုံခြင်းကတော့ တစ်မျိုးစီပင်။

ဒါဟာ ဂုဏ်ကြီးရှင်၊ နေရှင်၊ လူချမ်းသာ၊ အထက်တန်းစား အသိုင်းအဝိုင်းတို့ရဲ့ လူကြားကောင်းစေတဲ့ လှည့်ကွက်သာသာတစ်ခုမျှပဲလား။ အဘိုးကြီး ဦးဘသော်သည်လည်း "နှစ်ဦးသဘောမျှကြရင် သဘောတူ လက်ခံပေးစားမယ်"လို့ ရဲရဲကြွေးကြော်ပုံခြင်းဟာ "ဒီသားနဲ့ ဒီအမေမျိုးအတွက်ကတော့ ဘယ်လိုမှ





သဘောမပါနိုင်လောက်မယ့် ကိစ္စမျိုးပါ"ဟု ယုံကြည်သေချာနိုင်လောက်နေလို့များ ရဲဝံ့ရဲတာလား။ ခုချိန်မှာ သားဖြစ်သူက (ထူးဆန်းစွာ) "ဒီမိန်းကလေးလောက် အနေအထားမျိုးကိုမှ ချစ်လှပါပြီ"ဆိုသော်လည်း အမေကြီးတစ်ယောက်ကတော့ဖြင့် ကြားခံနေဆဲ၊ အတားအဆီး ဖြစ်နိုင်နေဆဲလေ။

ဦးဝင်းခန့် ခများမှာတော့ သားကိုလည်း မယုံကြည်ရ။ ကြားကနေ မျက်နှာအနာခံကာ ဝင်ကြဲပေးရမဲ့ အမေကြီး(သူ့မိန်းမ) ဆိုတာမျိုးကလည်း ရှိမနေတော့တဲ့အခါ ကိုယ်တိုင်ပဲ ကြဲရှာတော့တာပေါ့နော်။ "ချမ်းဘက်ကသာ နာတာ၊ မတန်ပါဘူး"ဆိုပဲ။ "ငယ်ကျွမ်းရဲ့ သွေးသားရင်းကို ပြန်လည်ကြည့်ရှု စောင့်ရှောက်နေတာ"ဆိုတဲ့ ဂုဏ်နဲ့ နာမည်ကိုတော့ အပျက်မခံပေ။

ကိုထွန်းနေမင်းရဲ့ အမေကြီးနဲ့ တစ်ခါခံလိုက်ရဖူးစဉ်က ချမ်းဟာ သူနဲ့ကိုယ် ပြိုင်ဘက်မဖြစ်နိုင်လို့ မယှဉ်ရဲတိုင်းကြောက်လန့် စိုးထိတ်နေရတဲ့ ခံစားချက်မျိုး ရှိဖူးသည်။ သူလာပြောသွားတဲ့ စကားတွေကို ဒီတိုင်း ငုံ့ခံနေလိုက်ရတဲ့အတွက် ထိုအချိန်က အတူရှိနေတဲ့၊ သိနေကြားနေနိုင်ကြတဲ့ ယမင်းတို့ တေဇနတို့ဆီမှာ အရှက်ရ၊ သိမ်ငယ်သွားရတာမျိုး ဖြစ်ဖူးသည်။ ဒါပဲ။ ဒီ့ထက် ဘာမှမပိုခဲ့။

အဲသည်အဘွားကြီးဟာ ချမ်းနဲ့ဆို သူစိမ်းသက်သက် ဘာသံယောဇဉ်မှ မရှိကြသူတွေဖြစ်တဲ့ပြင် သူ့သားနဲ့ ချမ်းနဲ့ကလည်း ဘာမှမှ မဆိုင်ခဲ့ကြဘူးပဲလေ။ ခုကျတော့ ... အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းခန့်ဟာ ချမ်းအပေါ်မှာ ကောင်းပေးနိုင်လှချည့်လို့ ချမ်းကိုယ်တိုင် တစိမ့်စိမ့် တစ်စထက်တစ်စ သံယောဇဉ်တွယ် ချစ်ခင်လာမိတဲ့သူ။ ပြီးကျတော့ သူ့သား တေဇနေသည်လည်း ဒီလောက်အမြင်တွေကပ်၊ နာကျင်၊ စက်ဆုပ်၊ ကြည့်မရ၊ ဒေါသတွေထွက်နေရတဲ့ကြားတည်းက (သူ့အဖေကြီးလိုပါပဲ) တစိမ့်စိမ့် တစ်စစနဲ့ ဆိုသလို ...။

ချမ်းရဲ့ရင်ထဲမှာ ဝမ်းနည်းနာကျင်ရမှုတွေက အဖိစီးကြီး ဖိစီးကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချနိုင်မှုနဲ့ ဘဝဆိုတာ ပျော်ရွှင်ကြည်နူးစရာ အလှည့်အပြောင်းလေးတွေလည်း ရှိနေနိုင်သေးတာပါပဲလို့ မြင်တတ်လာသမျှတို့လည်း အပိုင်းပိုင်း အပြတ်ပြတ် ကျိုးပျက်ကာ တစ်စီ ကွဲကြေပျောက်ဆုံးလို့။

ကြောက်စရာအကောင်းဆုံး ခံစားချက်ကတော့ အဲဒီဝမ်းနည်းနာကျင်မှုတို့ရဲ့နောက်မှာ တဖြည်းဖြည်းချင်း ဖြစ်ပေါ်ကပ်လိုက်လာတော့တဲ့ ဆုံးရှုံးမှု၊ နှမြောတသနေမိမှုတို့နဲ့ ဆွေးလျဖြေမဆည်နိုင်မှုတို့ပင်။

ချမ်း တကယ်မသိလို့ ကူညီကြပါဦး။ "ရင်ကွဲတယ်" ဆိုတာ အဲဒီလို ခံစားချက်တွေကို ဆိုလိုတာများလား။ ကိုယ်ချစ်ခင်ပတ်သက်နေလိုသူ (တစ်ယောက်တည်းတောင်မှမဟုတ်၊ နှစ်ယောက်တောင်)ကို တစ်ပြိုင်နက် ဆုံးရှုံးလိုက်ရသလို ရှိသူတွေဟာ ဒီလိုခံစားချက်တွေနဲ့ပဲ ရင်ဆိုင်လိုက်ကြရတာကို "ရင်ကွဲနာ"ကျတယ်လို့ ခေါ်ကြတာလား။





ချမ်းဟာ "တေဇနေနဲ့ သဘောမတူနိုင်ပါ"ဆိုလို့ "ရင်ကွဲနာ"ကျသွားရတယ်ဆိုရင် ချမ်းတော့ ဒုက္ခရောက်ပြီ။ ချမ်းလည်း သူ့ကို ချစ်နေမိပြီမို့ပေါ့။

ယမင်းရေ ... "အင်မတန်မုန်းလှ၊ အမြင်ကတ်လှပါသည်"ဆိုပြီးမှ "ယမင်းတစ်ယောက် သင်းအပေါ် ဘယ်လိုနည်းနဲ့များ၊ ဘာကြောင့်များ ဒီလောက် ရင်နှီးကျွမ်းဝင် ခင်မင်သွားနိုင်ပါလိမ့်"လို့ တွေးမရနိုင် ဖြစ်ခဲ့မိတဲ့ အဖြေကို ခုတော့ ချမ်းသိပြီ။

ပြင်ပအထင်၊ အမြင်။ ဆက်ဆံရေးထက် ဒီလူနှစ်ယောက်ရဲ့ နှလုံးသားချင်း၊ စိတ်ချင်း တစ်ထပ်တည်းညီ နားလည်လိုက်နိုင်ကြပြီဆိုရင် နာကျင်စရာတွေဟာလည်း ခင်မင်ချင်စရာတွေပဲ ဖြစ်တယ်။ မုန်းမျက်စရာတွေကတော့ နှစ်သက်စရာတွေဖြစ်တယ်။ ကြည့်မရနိုင်ခြင်းကနေ ကြည့်နေလိုခြင်းသို့သာ ပြောင်းလဲသွားတတ်တယ်။

"အမုန်း"ကနေပြောင်းလဲဖြစ်တည်လာရတဲ့ "အချစ်"ဟာ "နားလည်နိုင်မှု"နဲ့ "အချိန်"ဆိုတဲ့ အရာနှစ်ခုကို ဖြတ်သန်းလာခဲ့ရတဲ့အတွက် ပိုမိုနက်ရှိုင်း ရှုံးနှစ်ခိုင်မာလို့ နေတော့တယ်လေ။

သို့သော် (ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ကင်းမဲ့လျက်ရှိပြီဖြစ်သော်လည်း) ဘဝကိုရင်ဆိုင်ယှဉ်ဖို့တော့ ခဏခဏ အားပြန်မွေးခဲ့ဖူးတဲ့ ချမ်းမြမြဟာ တကယ့်တကယ် တေဇနဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရတဲ့ အခါမှာတော့ စိတ်ကျေနပ် လက်ခံနိုင်လောက်စရာရုပ်နဲ့၊ ဟန်ဆောင်မှုနဲ့ ဖြစ်နေနိုင်ပြီ။

ခွေးမြီးကောက် ကျည်တောက်စွပ်သလို သူ့အဖေကြီးနဲ့အတူ ယှဉ်တွဲပြီး ပညာသင်အဖြစ် တပူးတွဲတွဲ အလုပ်မဆင်းရတဲ့ ရက်မျိုးတွေမှာ အလုပ်အလာသို့ အမြဲ နောက်ကျနေတတ်လေ့ရှိတဲ့ တေဇနဟာ ဆယ်နာရီလောက်ကျော်ကာမှ ပြုံးစပ်စပ် ပြောင်ရွှတ်ရွှတ် မျက်နှာပေးကလေးနှင့် ရုံးခန်းထဲသို့ ရောက်ရှိလာကာ ...

"မမချမ်း ... ထွန်းထွန်းကို ဘယ်နည်းနဲ့မှ ပြန်မချစ်နိုင်ဘူး၊ လုံးဝငြင်းပစ်မှာလို့ ပြောနိုင်ပြီလား။ ပြောတော့မလား"

"ဟင့်အင်း ... တေဇနေ။ မပြောနိုင်ပါဘူး ဘာလို့ပြောရမှာလဲ"

"ခင်ဗျားကို ကျွန်တော် ချစ်ပါတယ်လို့ ပြောထားတယ်လေ၊ ချစ်ခွင့်ပန်ထားတယ်လေ။ ခင်ဗျား တကယ်ခေါင်းထဲထည့် စဉ်းစားပေးရမဲ့သူက ကျွန်တော်လေ။ ဒီကောင်မှ မဟုတ်ဘဲ"

"ကလေးဆန်တယ်လို့ ပြောလည်း ကြိုက်မှာမဟုတ်ဘူး။ သူက လာပြောလိုက်တာနဲ့ပဲ သူများကို ငြင်းပစ်ရမယ်လို့။ သူက ဘာမို့လဲ။ နေပါဦး ... ကျုပ်ကို ရှင်းရှင်းလင်းလင်းလည်း ပြောစမ်းပါဦး။ ရှင်က ကိုထွန်းနေမင်းကို အနိုင်ယူနေတာ။ ကျုပ်ကို ဂျောက်(ချောက်)ချနေတာ။ တမင်သက်သက် ဝင်ဗရုတ်ကျနေတာ မဟုတ်ဘူးလား။ ရှင့်စကားတွေ





က တကယ် အတည်ကြီး၊ အစစ်ကြီးတွေ မဟုတ်ဘူးမဟုတ်လား"

"ဟာ ... ... ... ခင်ဗျား"

တေဇနက ရုံးခန်းထဲမှ စားပွဲတွေ၊ ကုလားထိုင်တွေ၊ စာအုပ်ပုံ၊ ဖိုင်လ်အပုံတွေကို လက်သီးနှင့် တရစပ် မွှေ့ယမ်းထိုးနက်ပစ်လိုက်ပါသည်။ ချမ်းရဲ့ကွန်ပျူတာ Screen ကိုပင် အလွတ်မပေးဘဲ ထိုးခွဲလိုက်ဖို့ ချိန်ရွယ်လာလေတဲ့အတွက် ချမ်းမှာ ကြားထဲဝင်ရပ်ပြီး ကိုယ့်ကိုယ်လုံးနှင့်ပဲ မြန်မြန်ပိတ်ကွယ် ကာလိုက်ရသည်။

"အဲဒီလို ထင်ပစ်လိုက်မယ်ဆိုတာ သိတယ်၊ လုံးဝသိတယ်။ ယုံပေးမှာ မဟုတ်ဘူး၊ တန်ဖိုးထားမှာ မှဟုတ်ဘူးဆိုတာ သိတယ်။ အဲဒါတွေကြောင့်ပဲ ဖွင့်မပြောခဲ့တာ။ မပြောရဲခဲ့တာ။ မျိုသိပ်ထားခဲ့ရတာ။ နောက်ကျမှ သူများနောက်လိုက်ပဲ ဖြစ်ခဲ့ရတာ။ ခုတော့ရော ဘာထူးသလဲ သူများထက် အရင်ပြောလားဟား၊ နောက်မှအတင်းဝင်ပြောပြော၊ မယုံတာက မယုံဘူးပဲ မဟုတ်လား ...

ခင်ဗျား မှတ်ထားဖို့က တည်ကြည်တည်ငြိမ်တဲ့ ကောင်မျိုးမှာမှ အချစ်စစ် ရှိနိုင်တယ် မထင်နဲ့။ ဗရုတ်ကျ အနိုင်ယူ ပြောင်နောက်၊ နေချင်တိုင်း နေ,နေတတ်တဲ့ ကောင်မျိုးကလည်း အသည်းနှလုံးမပါဘဲ ပြောင်ရှင်းကြီး မွေးလာတာ မဟုတ်ဘူး။ ချစ်တတ်တယ်ဗျ။ အချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ စစ်တယ်။ တန်ဖိုးမထားရင်နေ အထင်တသေးနဲ့ မယုံမကြည်တော့ လုပ်မပစ်နဲ့"

ချမ်းမှာ လက်ဖျား ခြေဖျားတွေ အေးစက်ပြီး မော ပန်းလာသည်။ ကွဲအက်နေတဲ့ နှလုံးသားတစ်ခုဟာလည်း လှုပ်ရှား ခုန်ပေါက်လို့တော့ နေနိုင်သေးတာပဲနော်။

"ယုံပါတယ် တေဇနရယ်၊ ယုံကြည်ပြီး တန်ဖိုးလည်းထား ပါတယ်။ ဖုန်းသံတစ်ခုနဲ့ ရောက်ချ အနိုင်ယူဖူးသူမှန်း သိပေမဲ့လည်း "ချစ်ပါတယ်"ဆိုတဲ့အခါကျတော့ အကြောင်း ပြချက်မဲ့စွာ၊ တစ်ခွန်းတည်း တစ်ချီတည်းနဲ့ တန်းယုံချင် ရုံမျှမက ပုံလည်း ပုံလိုက်ချင်နေပါသေးတယ် ...

တည်ကြည် တည်ငြိမ်တဲ့သူကို ယုံကြည်တယ်ဆိုတဲ့ စိတ်တစ်ခုဟာ နှစ်လိုနှစ်မြောစွာ "ပုံ"လိုက်ချင်တဲ့ ခံစားချက် နဲ့ပါတွဲနေတယ်လို့ မင်းကို ဘယ်သူကပြောသလဲ။ ဇရက် ကျ အနိုင်ယူ ပြောင်နောက်ပြီး စိတ်ချရမယ် မထင်နိုင်တဲ့ သူမျိုးကိုမှ မယုံကြည်နိုင်သေးခင်ကတည်းက ကိုယ် ချစ်မိ နေခဲ့ပြီးပြီ ထင်ပါတယ်"

ချမ်းမှာ အဲသလို ဖွင့်ဟအော်ပစ်လိုက်ချင်သော်လည်း အင်အားမရှိ။ မင်းကမှ အများကြီး ကံကောင်းတယ် တေဇနရဲ့၊ ကိုယ်ချစ်တဲ့သူရဲ့ အချစ်ကို ပြန်မရလို့ ပေါက်ကွဲနေရပေမယ့် ခံစားချက်တွေကို အပြင်ထုတ် ဖွင့်အန်ချပြဖို့ အခွင့်အရေး ရှိနိုင် နေသေးတယ်။





"ခင်ဗျား 'ချောမောတည်ငြိမ် ခန့်ညားတဲ့ ယောကျ်ားမျိုး ကိုသာ မိန်းမတွေက သဘောကျ၊ ကြိုက်တတ်ကြတာ'ဆို တဲ့ အချက်ကလေး တစ်ချက်နဲ့ပဲ ခင်ဗျားကို လုံးဝသဘော မတူနိုင်တဲ့သူတစ်ယောက် ရှိနေမယ့် မိသားစုထဲကို တိုးဝင် တော့မယ်ပေါ့။ ရုပ်ဆိုးပြီး ဇရှုတ်ကျ လှုပ်ခါနေတဲ့ ယောကျ်ား မျိုးဆိုရင်တော့ ဘယ်လိုအချစ်စစ်ရှိရှိ၊ ဘယ်လောက်ပဲ သူ့မိသားစုကပါ Welcome လုပ်နေနေ၊ ဘဝမှာ အေးချမ်း ပျော်ရွှင်နိုင်မယ် ဆိုတာကိုလည်း မယုံပေးနိုင်ဘူးပေါ့"

"ရှင့်မိသားစုကလည်း ကျုပ်ကို Welcome မလုပ်ပေးနိုင် ပါဘူး တေဇနရယ်၊ ရှင့်အဖေကလည်း ကျုပ်ကို သဘော မတူပါဘူးတဲ့"

ချမ်းရဲ့ ဖွင့်ဟအော်ဟစ်ချင်နေသော စကားစုတို့က ဒီတစ်ခါတော့ တီးတိုးလေသံအဖြစ် အပြင်ဘက်အထိပါ ပွင့်အံ ကျသွားလေရော့သလား။ တေဇနက "ဘာ ... ဘာ ... ဘာပြော လိုက်တယ်၊ ခင်ဗျား အခု ပြောလိုက်တာ ဘာလဲ၊ ဘာအဓိပ္ပာယ် လဲ"ဟု အကျယ်ကြီး အော်လိုက်ပြန်လေသည်။

"ခင်ဗျားဘာသာ ရုပ်ရည်ကလေး ကွက်ကွက်ကြည့် ရွေး တော့မယ်ကြံတိုင်း ကျုပ်အဖေကိုပါ ဓာတ်လမ်းဆင် ဆွဲ ထည့်မနေနဲ့။ ခင်ဗျားအပေါ်မှာ ကျုပ်အဖေက သမီးအမှတ် နဲ့ သားအရင်းထက်တောင် ယုံစား၊ စေတနာရှိတာ ငါ တိုင်းသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးသာ တော်နိုင်မယ် "ချွေးမ"တော့ မတော်နိုင်ဘူးတဲ့ မောင်တေဇနရေ။ တော်ပြီ … ကြာကြာနေရင် ဟန်ဆောင်နိုင်မှု အတိုင်းအတာတွေ ကုန်ခမ်းကျော်ထွက်ပြီး ရှင်နဲ့အပြိုင် ချမ်းလည်း အားလုံး ပေါက်ကွဲပွင့်ထွက်မိတော့မယ်။

ချမ်းက တေဇနကို အမြန်ဆုံး ကျောခိုင်းပစ်လိုက်သည်။





## အခန်း(၇)

"ဘာ … ! ဘာ … ပြန်, ပြန်ပြောပါဦး၊ ပြန်ပြောဦး"

အကြည်က ချမ်းကို အပြစ်ရှိသူတစ်ယောက်လို တစ်ချက်ကြည့်လိုက်ပြီးမှ လမ်းမပေါ်သို့ မျက်နှာရော အကြည့်တွေကိုပါ လွှဲထားသည်။

"မဟုတ်ဘူး၊ ပြန်ပြောဦးဆိုတာ ထပ်ကြားချင်လို့ပြောတာ၊ သေချာအောင် မေးတာ၊ ပြန်ပြောပြပါဦး သေသေချာချာ"

"ညည်းမကြိုက်ဘူးဆိုရင် ကျုပ် မလုပ်တော့ပါဘူးအေ"ဟုတော့ ဒီတစ်ခါ ပြောတော့မည် မဟုတ်တဲ့ အကြည်က ခေါင်းတညိတ်ညိတ်၊ သက်ပြင်းတစ်ချက်နှင့် …

"ငါ အိမ်ထောင်ပြုတော့မလို့ ချမ်း။ ငါ့ဘဝကို နားလည်စာနာပြီး အကောင်းဆုံး အဖော်မွန်တစ်ယောက် ဖြစ်နိုင်တဲ့၊ ဘဝမှန်ကို ပြန်ရောက်လာအောင် ပြောင်းလဲလာစေနိုင်တဲ့ နုနုနဲ့ ငါ အိမ်ထောင်ပြုပြီး ရှေ့လျှောက် ကိုယ့်ဘဝမှန်အတိုင်း နေထိုင်သွားဖို့ ဆုံးဖြတ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ အကြည်ရယ်၊ ချမ်း ဝမ်းသာလိုက်တာ၊ အဲ ... အကြည်ဆိုတာကြီးက ကောင်းရဲ့လား၊ ချမ်းက နှုတ်ကျိုးနေပြီ"

အကြည်က ခပ်ပြုံးပြုံးနှင့် "အခေါ်အဝေါ်တွေက အရေးကြီးမယ် မထင်ပါဘူး"တဲ့။ ချမ်းက အကြည့်ကို ကျောကုန်း အနောက်ဘက်ကနေ သိုင်းဖက်ပစ်လိုက်ကာ ဝမ်းသာဝမ်းနည်း ရှိုက်ကြီးတငင်ကြီး ငိုချပစ်လိုက်မိပါတော့သည်။ အကြည်က ချမ်းရဲ့ခေါင်းကလေးကို နောက်ပြန်လက်နှင့် ပြန်ကိုင်ထားရင်း ငြိမ်သက်နေပေးသည်။

မေမေဆုံးပြီးကတည်းက ခုလို တစ်ဝကြီးဖွင့်မငိုဘူး တော့တဲ့ ချမ်းတစ်ယောက် တင်းကျပ်ချုပ်နှောင် ဖိစီးခံထားရသော စိတ်တွေ ပေါ့ပါးလွတ်လပ်သွားသလိုလို၊ ကျေနပ်အားရသွားရ သည်။ ချမ်းနဲ့ အကြည်တို့ မျက်နှာချင်း ပြန်ဆိုင်ကြတဲ့အခါ ...

"ချမ်း ဝမ်းနည်းမယ်ဆိုတာတော့ သိပါတယ်။ ဒါပေမဲ့ နုနုကလည်း အမေတစ်ခု၊ သမီးတစ်ခုနဲ့မို့ သူ့အမေကြီး ကိုခွဲပြီး ချန်ထားရစ်လို့ မရဘူး။ ငါ့အနေနဲ့က သူ့သမီးကို အိမ်ထောင်ပြုရင် သူ့အမေကိုပါ စောင့်ရှောက်ရမှာက ငါ့ တာဝန်လိုပဲ ဖြစ်နေတယ်လေ"

"ဟုတ်တာပေါ့၊ အဲဒါနဲ့ ချမ်းက ဘာလို့ဝမ်းနည်းရမှာလဲ"

"ငါက သူတို့နဲ့အတူနေမှ ဖြစ်တော့မယ်ပေါ့၊ မဟုတ်ဘူး လား"





ဒီဦးလေးတော်တစ်ယောက်ကို ဖြစ်ချင်ရာဖြစ် တစ် ဦးတည်း ပစ်ထားစွန့်ပစ်ခဲ့ပြီး ကိုယ့်ဘဝကို ကိုယ့်ဘာသာပဲ တစ် ယောက်တည်း လွတ်လွတ်လပ်လပ် ဖိစီးဝန်ကြီးမှုကင်းကင်းနှင့် ထူထောင်ပစ်ဖို့ နေ့စဉ်နဲ့အမျှ ခေါင်းထဲရောက်ခဲ့ဖူးသေးတဲ့ချမ်း မှာ အကြည့်ရဲ့စကားကြောင့် "အဲ"ခနဲ ဖြစ်သွားရပါသည်။ ခုတော့ အရင်စတင်ထွက်ခွာသွားမည့်သူက အကြည် ဖြစ်နေပြီး၊ ချန်ရစ်ခံရမည့်သူက ချမ်းပဲ ဖြစ်တော့မည်။

"အဲဒါတစ်ချက် ခေါင်းထဲရောက်နေလို့ နင့်ကို ပြောမယ် ပြောမယ်နဲ့ ငါမှာ ကိုယ့်ဘာသာ ဘဝမှန်မှန်နဲ့ ပြတ်ပြတ် သားသား ရပ်တည်ချင်နေတာတောင် အချိန်တွေ ဆိုင်းနေ ခဲ့ရသေးတယ်"

"အာ ... အကြည်ကလည်း၊ ချမ်းက ဒီအိမ်ကို ကြီးကြီးမြင့် ဆီ ပြန်အပ်ပြီး အဆောင်တစ်ခုခုမှာ နေလိုက်လည်းရ တယ်၊ ဘာပူစရာရှိလဲ။ အကြည်က အဲဒီအစ်မကြီးတို့နဲ့ပဲ သွားနေရမှာပေါ့။ မြန်မြန်လုပ်။ မြန်မြန်စီစဉ်လေ။ ဝါဝင် သွားဦးမယ်။ အင်း ... မေမေ ရှိစေချင်လိုက်တာ။ သူသိပ် ပျော်မှာပဲ။ သူသိမသွားရှာဘူး ...

ဒီမှာ အကြည်။ အစ်မနုနုတို့အိမ် လိုက်နေတာက အကြောင်းမဟုတ်ဘူး။ မင်္ဂလာဆွမ်းကျွေးကိုတော့ ဒီရပ် ကွက်ထဲမှာပဲ လုပ်ကိုလုပ်နော်။ ဟင်း ... ! ကုန်ရင်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ပေ့စေ၊ တစ်ရပ်ကွက်လုံး တစ်ယောက်မကျန်ကိုဖိတ်ပြီး ထမင်းရည်ချောင်းစီး ဝက်ဝက်ကွဲကို အကြီးအကျယ် လုပ်ချပြလိုက်ဦးမယ်။ ဟိုလေ ... အစ်မနုနုတို့က သူတို့ ဘက်မှာလည်း လုပ်မယ်ဆိုရင်လည်း ... လုပ်ရင်လုပ်ပေး လိုက်ပေါ့။ ဒါပေမဲ့ ဒီရပ်ကွက်ထဲမှာလည်း လုပ်မယ်၊ လုပ်ကိုလုပ်မယ်။ ချမ်း တာဝန်ထား”

အကြည်က ပြုံးပြုံးကြီးနှင့် ခပ်တိုးတိုး ရယ်နေကာ...

“ဒီလိုတော့ ရှိတယ်လေ၊ သူတို့သားအမိကလည်း အိမ်က အိမ်ပိုင်ရယ် မဟုတ်ပါဘူး၊ ငှားပဲနေကြရတာဆိုတော့ ချမ်း သာ နေနိုင်မယ်ဆိုရင် လေးယောက်ပေါင်းနေလိုက်လို့လည်း ရပါတယ်။ နုနုက အဲသလိုဆိုရင်လည်း ဒီဘက်ပဲပြောင်း လာရ လာရပါတဲ့။ သူက စိတ်သဘောကောင်းပါတယ်။ ကူညီတတ်တယ်၊ အားပေးတတ်တယ်။ ဘယ်သူနဲ့မဆို မသင့်မြတ်တာ မရှိအောင် နေတတ်ပါတယ် ...

ငါလိုလူကို မရှက်မကြောက် လက်တွဲရဲ၊ ဘဝအဖော် အဖြစ် ရွေးရဲတယ် ဆိုကတည်းက သူ့ရဲ့စိတ်ရင်းကိုက အေးချမ်းပြီး ဖြူဖြူစင်စင် နေတတ်လို့ပဲဆိုတာ ယုံကြည်နိုင် ပါတယ်။ လူများရင် မနေတတ်ဘဲ စိတ်အနှောင့်အယှက် ဖြစ်မလား။ သူစိမ်းတွေနဲ့ တွဲနေတတ်ရဲ့လား ဆိုတာ ချမ်း ဘက်ကိုပဲ စဉ်းစား”





“နေတတ်မယ် ထင်တယ်၊ ချမ်းလည်း အစ်မတစ်ယောက်၊ ကြီးတော် အဘွားတစ်ယောက် အစားရသလို သဘောထား လိုက်ရင် အဆင်ပြေနိုင်မယ် ထင်ပါတယ်၊ အဲဒီလိုပဲ လုပ် ကြရင် ပိုကောင်းမယ်နော်”

ခုလောလောဆယ်မှာ “တစ်ကောင်ကြွက်” လိုမျိုး ဖြစ် သွားရမှာကို ချမ်းက ပိုကြောက်နေသည်။ အကြည့်ရဲ့ ပြောင်းလဲမှု ကို ဝမ်းပန်းတသာ ထောက်ခံတဲ့အနေနဲ့ သူ့အိမ်ထောင်ဖက်နောက် သို့ ကြည်ကြည်ဖြူဖြူ ထည့်လိုက်မှာပါဟု ဆုံးဖြတ်မိသော်လည်း အဆောင်ငယ်တစ်ခုခုထဲက အခန်းကျဉ်းလေးတစ်ခုထဲမှာ တစ် ယောက်တည်း တစ်ကောင်ကြွက်လို ရုတ်တရက် ဖြစ်သွားရမှာ ကိုတော့ ချမ်း ကြောက်ပါသည်။ ခံစားရမည် ထင်သည်။ “မိသားစု” ဆိုတာမျိုး၊ “အိမ်”ဆိုတာမျိုး မရှိနိုင်တော့တဲ့ ဘဝမှာလေ။

အထူးသဖြင့် ခုချိန်။ ခုလိုအချိန်လေ။ သံယောဇဉ် နဲ့ ခင်မင်တွယ်တာမိတဲ့ ဦးကြီး ဘကြီးသဘောမျိုးတွေကို ယုံကြည် မရ။ ချစ်သွားမိတဲ့သူကိုကျတော့ လက်လွှတ်ဆုံးရှုံးရ။ အဲဒီလို အချိန်မျိုးမှာ ဦးလေးအရင်းခေါက်ခက်က ထပ်ခေါ်လာမယ့် အစ်မကြီးတစ်ယောက်၊ အဘွားတစ်ယောက် ဆိုတာမျိုးကိုသာ အလိုက်တသိ ကြည့်ပေါင်းလိုပါသည်။ ဘယ်သူမှ ဘာမှလက် ဆုပ်လက်ကိုင် မရှိနိုင်တော့တဲ့ အခန်းကျဉ်းထဲက တစ်ကောင် ကြွက်ဘဝကို ရင်မဆိုင်လိုလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



အကြည်က ပျော်လိုက်၊ နွမ်းလိုက်၊ မတည်ငြိမ်နိုင်သော ချမ်းရဲ့မျက်နှာကလေးကိုကြည့်ကာ ကရုဏာလေသံနဲ့ ...

"ငါ့ရဲ့ကျေးဇူးရှင်တွေထဲမှာ နင်လည်း ပါနေတဲ့ဟာ၊ နင်သာ ဆန္ဒရှိရင် ငါက နင်နဲ့ တစ်သက်လုံး ခွဲမသွားပါဘူး ချမ်းရယ်"

"အမလေး ... ဦးလေးနဲ့ တူမမှာ ချမ်းကပဲ ကျေးဇူးရှင် ဖြစ်ရဦးမယ်"

"မှန်ရာပြောတာပဲဟာ"

"ဟင့်အင်း ... ချမ်းရဲ့ကျေးဇူးဆိုတာက အကြည့်အပေါ်မှာ ဘာမှသိပ်မရှိပါဘူး၊ တကယ်တမ်း ပြောရရင် မေမေတို့ ချမ်းတို့က အကြည့်ကို မောင်တစ်ယောက်၊ ဦးလေးတစ်ယောက်ဆိုတဲ့ ဆွေမျိုးရင်းဆိုတဲ့ အသိနဲ့ ကြည့်ရှုပေးထားနိုင်ခဲ့ကြတာကလွဲရင် အကြည့်ဘဝ တိုးတက်ဖို့၊ လမ်းမှန်ရောက်ဖို့ မြှင့်တင်ပေးနိုင်တာမျိုး လုံးဝမရှိခဲ့ကြဘူး ...

အကြည် တကယ်ကျေးဇူးတင်သင့်တာက အစ်မနုနုနဲ့ ပြီးတော့ ... အကြည့်ကို ကူညီခဲ့၊ ခင်မင်ခဲ့၊ ယုံကြည်ခဲ့၊ အလုပ်ပေးခဲ့တယ် ဆိုတဲ့ အကြည့်မိတ်ဆွေ သူဌေးဆိုတာပဲ။ အပြင်မှာထွက်ပြီး အလုပ်လုပ်ခွင့် ရလိုက်တာဟာ အကြည့်ဘဝ တစ်ခုလုံးကို ဖျက်ပြင်ပစ်လိုက်သလိုပဲ"





"နုနုနဲ့လည်း သူပဲအတင်းစ၊ သူပဲအတင်းအောင်သွယ်၊ သူပဲ အတင်းတိုက်တွန်း။ နုနုကဆို ပထမပိုင်းမှာ ငါ့ပုံကြီးနဲ့ ငါ့အဖြစ်ကြောင့် သူ့ကို စော်ကားရပ္ပါ့မလားလို့ သူ့သူဌေးကိုတောင် သူက ပြန်စိတ်တိုနေသေးတာ။ အောင်သွယ်တဲ့သူကလည်း အရှေ့ဖြာကောင်းတယ်၊ စိတ်တိုနေတဲ့သူကို 'ခင်ဗျားကို ကျွန်တော်က မကြီးမငယ်ကြီးနဲ့ မိန်းမချင်း အချစ်တော် ထားခိုင်းနေတာ မဟုတ်ဘူး။ ယောကျ်ားစပ်နေတာ။ အပျိုကြီးတော့ လုပ်မနေနဲ့ အိမ်ထောင်ပြုဖို့ စဉ်းစားလို့ တိုက်တွန်းနေတာ'တဲ့ ... ဟား ဟား ..."

ချမ်းလည်း စိတ်ညစ်ညစ်နှင့်ပင် ရယ်ရသည်။

"ငါ့မှာ သူကျေးဇူးကမှ အပုံ(၁၀၀)ဖိုးလောက် ရှိတာ။ တကယ့်ကောင်လေးပဲ။ ငါ့ကို ခင်လည်း ခင်ပါရဲ့။ စိတ်ဓာတ် အပြောင်းအလဲ ဖြစ်လာအောင်၊ ယောကျ်ားတစ်ယောက်အဖြစ် တွေးခေါ်စားတတ်လာအောင်၊ ယောကျ်ားပီသချင်စိတ် ရှိလာအောင် ပေါက်ကရမျိုးစုံနဲ့ သင်လည်း သင်ပါရဲ့။ တကယ့်ကောင် ...

ငါ့မှာ သူ့လည်းကြောက်ရ။ စိတ်ကလည်းညစ်။ သူ့ဒဏ်ကလည်း မခံနိုင်။ ကိုယ့်အတွက်၊ ကိုယ်ကောင်းအောင် မြှင့်တင်ပေးနေတယ် ဆိုတာကလည်းသိ။ စိတ်ကတော့ ညစ်သလား မမေးနဲ့ ရူးတောင် ရူးချင်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကြီး ယောက်ျားပြန်ဖြစ်မလာရင် ကျွန်တော်ပါ စိန်စိန်တို့နဲ့ပေါင်းပြီး ဘဝပြောင်းလိုက်တော့ရုံပဲ'တဲ့။ ငါ တင်မကဘူး စိန်စိန်ဆို သူ့ကို လန့်လိုက်တာ ပြာလို့။ သူ့မြင်ရင် ပြေးတာတစ်မျိုးတည်း။ ဟား ဟား ... တကယ့် ဗရုတ်ကောင်လေ။ စိန်စိန့်ကျတော့ သူက ပြုပြင်မနေချင် တော့ပါဘူးတဲ့၊ ဗရုတ်ကျဖို့ပဲ ကြံစည်ပြီး ချောက်ချနေ တတ်တာကိုး"

တည်တည်ငြိမ်ငြိမ် နေတတ်သူတစ်ယောက်ရဲ့ ပညာ ပေးချွန်ဆန် ဗရုတ်ကျပုံတွေကို နားထောင်နေရတဲ့အခါ လှုပ်ခါ နေတတ်သူရဲ့ ကလေးဆန်တတ်ပုံတွေကို ပြန်ပြောင်းသတိရစေ သည်။ ကိုထွန်းနေမင်းလို လူကိုတောင် "တကယ့်ဗရုတ်ပဲ"လို့ ပြောတဲ့ အကြည်ဟာ ပေါက်ကရ အစုံလုပ်တတ်တဲ့ တေဇနဲ့ သာ ကြုံရရင် ဘယ့်နှယ်များ နေလိမ့်မလဲ။

အကြည်က "ဒါဖြင့် အားလုံး တစ်စုတစ်စည်းတည်း တစ်မိသားစုတည်းပဲ နေကြဖို့ ငါ စီစဉ်လိုက်ရတော့မလား"တဲ့၊ ပြီးမှ ပြန်ခေါင်းညိတ်ပြတဲ့ ချမ်းကို ခပ်ငေးငေးကြည့်ကာ ...

"ချမ်း အသက်ဘယ်လောက် ရှိသွားပြီလဲ"

"နှစ်ဆယ့်ငါး ပြည့်တော့မယ် အကြည်"

"ဒါဖြင့် အပျိုကြီးပဲ လုပ်မယ်ဆိုရင်တော့ ငါတို့တွေနဲ့ တစ်သက်လုံး အတူနေပေါ့၊ ဟုတ်လား"





"အောင်မယ်နော် ... လူကိုများ မစွံနိုင်ဘူးမှတ်လို့၊ သူ့ နှနှတောင် ခု အသက်ဘယ်လောက်ရှိမှ အကြည်နဲ့ယူမှာ လဲ၊ ပြန်တွက်ကြည့်ပါဦး"

အကြည်က ပြောင်နောက်နေဟန်မရှိတဲ့ တကယ့် အလေးအနက် ရှိလှတဲ့ မျက်နှာထားနဲ့ ...

"ငါ့မိတ်ဆွေ သူဌေးကလေးနဲ့ နင့်ကို သဘောတူချင်တာ။ နင်တို့နှစ်ယောက်ဆို အင်မတန် လိုက်ဖက်ပြီး ငါလည်း စိတ်ချမ်းသာရမှာ အမှန်ပဲ။ နင်တို့ချင်းကလည်း သိနေကြ ပြီးသားဆိုရင် နဖူးစာပါရင်တော့ ကောင်းမှာပဲ"

နဖူးစာပါရင် ...။ ဟင် ...။ ချမ်းသည် အကြည်က တောင့်တောင့်တတနှင့် ဆန္ဒတွေလွှန်ကဲနေသလို ထုတ်ဖော်ပြော လိုက်တော့မှပင် အကြည့်အတွက်နဲ့ အရမ်းစိတ်ဆင်းရဲ အရှက်တွေ သည်းခဲ့ဖူးတဲ့ တစ်ရက်ဆီက ကိုထွန်းနေမင်းတို့ရဲ့ ဆိုင်ကနေ အလုပ်အဆင်းမှာ ယမင်းကို အကူအညီတောင်းပြီး ဘုရားသွားခဲ့ ကြဖူးတာကို ပြန်သတိရလာမိပါတော့သည်။

အဲဒီတုန်းကတော့ ဘာရယ်မဟုတ်ပေ။ အကြည့် အတွက်နဲ့ ပိုက်ဆံငွေကြေးအရရော၊ ဂုဏ်သိက္ခာအရရော၊ လူမှု ရေးနဲ့ ပေါင်းသင်းဆက်ဆံရေးပိုင်းမှာပါ အရှက်တွေရရ၊ စိတ်တွေ ဆင်းရဲရရနဲ့ လက်တွဲကူကယ်ပေးမယ့်သူ၊ ဦးဆောင်ကာ ဖေးမပေး မယ့်သူ၊ ပြဿနာတွေကို ဖယ်ဖျောက်ပေးနိုင်မယ့်သူ ဆိုတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း စဉ်းစားအပူကပ်လို့ မရနိုင်ပြီဖြစ်ရာ ကြံရာမရစိတ်နဲ့ လုပ်မိလုပ်ရာ၊ မြတ်စွာဘုရားကိုပဲ ဦးတည်တိုင်တည်ကာ ...

"တပည့်တော်မအပေါ်မှာ ပိတင်နေတဲ့ ဝဋ်ကြွေးကြီးတစ်ခုလို ဖြစ်နေတဲ့ တပည့်တော်မရဲ့ဦးလေး အကြည့်ကို သူ့ရဲ့ ဘဝမှန် အခြေအနေမှန်ဖြစ်တဲ့ "ဦးကြည်သာ" ဘဝသို့ အမြန်ဆုံးပြန်ရောက်အောင် ကူညီစောင်မပေးပါ ဘုရား။ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးနဲ့ အကယ်၍ သက်ရှိထင်ရှားတစ်ယောက်ယောက်ကများ ဤအဖြစ်သို့ ကူညီပို့ဆောင်ပေးနိုင်မယ် ဆိုပါက တပည့်တော်မမှာ ဝဋ်ကြွေးကင်းသလို စိတ်ချမ်းသာ ကိုယ်ချမ်းသာ အမှန်ရှိနိုင်မှာ ဖြစ်ပါတယ် ...

တပည့်တော်မ စိတ်ချမ်းသာရသလို ကူညီနိုင်သူလည်း စိတ်ချမ်းသာရပါစေမယ်။ တပည့်တော်မမှာ အပူအပင်ကင်းသလို ကူညီနိုင်သူလည်း အပူအပင် ကင်းရပါစေမယ်။ တပည့်တော်မရဲ့ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန် ပြန်လည်ကျေးဇူးဆပ်ပါ့မယ်လို့ ကတိပြု တိုင်တည် ဆုတောင်းအပ်ပါသည်ဘုရား ...

အကြည့်မှာရော၊ တပည့်တော်မမှာပါ ဝဋ်ကြွေးကုန်လောက်တဲ့ အချိန်မျိုးမှာ အမှန်တကယ် ကူညီစောင်မနိုင်သူ တစ်ဦးဦးနှင့် အမြန်ဆုံးတွေ့ဆုံ၊ အကူ အညီရ,ရပါစေသား အရှင်ဘုရား"





ချမ်းသည် ကိုယ့်ရဲ့ လုပ်မိလုပ်ရာ၊ ကြံမိကြံရာ ဆုတောင်းတစ်ခုကို ပြန်သတိရမိလိုက်ချိန်၌ "ဟင်" ခနဲ "ထိတ်" ခနဲပင် ဖြစ်ရပါတော့ပြီ။ ကတိပြု တိုင်တည်ပြီး ဆုတောင်းထားတာလေ။ သစ္စာတွေ ဘာတွေပြုပြီးတော့ကို ဆုတောင်းလိုက်မှုတာ။ ခုတော့ ပြည့်ပြီ။ အကြည်ဟာ သူ့ဘဝမှန် အခြေအနေမှန်ဖြစ်တဲ့ ဦးကြည်သာ ဘဝသို့ ပြန်ရောက်သွားနိုင်ပြီ ဖြစ်ရုံမက ပုံမှန် လူ့သဘာဝအတိုင်း ချစ်ခင်ရသူ အစ်မကြီးတစ်ယောက်နဲ့ အိမ်ထောင်ရက်သားပြုဖို့အထိ၊ အခြေချ ခိုင်မာဖို့အထိ ရဲရဲကြီး ဆုံးဖြတ်လိုက်နိုင်ပြီ။

ကူညီခဲ့သူဟာ ဖွင့်မပြောစေချင်ပေမယ့် ကိုထွန်းနေမင်း ပါပဲဆိုတာ ချမ်း ကိုယ်တိုင်က သိရှိသေချာပြီးနေပြီပဲလေ။ "ကူညီနိုင်သူလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ အပူအပင်ကင်းစေရပါ့မယ်၊ တပည့်တော်မရဲ့ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန် ပြန်လည်ကျေးဇူးဆပ်ပါ့မယ်" ဆိုတဲ့ ချမ်းရဲ့သစ္စာပြု ဆုတောင်းအတွက်ကကော ဘယ်လိုလဲ ... ! ။

ကိုထွန်းနေမင်း အတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အပူပင်ကင်းကင်း ရှိစေမယ့် အခြေအနေ၊ အနေအထား အတွက် သူ့ဆန္ဒက ဘာလဲ ... ! ။

အိုး ... ဘာကို ဘယ်လိုဆုံးဖြတ်ရတော့မလဲ။ နဖူးစာပါရင်တော့ ကောင်းမှာပဲ ... တဲ့လား အကြည်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမှာ အော်ငိုပစ်လိုက်ချင်မိအောင်ပင် စိတ်တွေ ညစ်ညူးနေရတော့သည်။ ဖြစ်ရပ်ပုံများနှယ်လေ။ သူများတွေဆိုက သာ "ဒီလိုကြုံရပါတယ်"ဟု ဇာတ်ကြောင်းပြန်သံ ကြားရရင် "ဝတ္ထုလား၊ ရုပ်ရှင်လား၊ ဇာတ်လမ်းဆင်ပြနေတာလား"ဟု နောက်ပြောင်မိဦးမည်ဖြစ်တဲ့ ချမ်းက အခုတော့ အဲဒီလို ဝတ္ထု၊ ရုပ်ရှင်ဆန်ဆန် ဇာတ်လမ်း ဇာတ်ကွက်ကို ကိုယ်ကိုယ်တိုင် ရင်ဆိုင်နေရတာ။

ကိုယ့်ရဲ့သစ္စာဆုတောင်းအတိုင်း တစ်သဝေမတိမ်း ညီနိုင်စေဖို့ ချမ်းက ကိုထွန်းနေမင်းကိုပဲ ရွေးချယ်အဖြေပေးလိုက်ဖို့ ဆုံးဖြတ်လိုက်သည်လေ။ နှစ်မဲတစ်မဲ အခြေအနေကြီးက ရှိနေသေးတယ် ဆိုပေမယ့် ကိုယ့်ရဲ့ဆုတောင်းကတိနဲ့ ညီစေဖို့ ကိုယ့်ဘက်က ရှိမနေသေးတဲ့ ကန့်ကွက်မဲတစ်မဲ (ကိုထွန်းနေမင်းရဲ့မိခင်ကြီး)ကို အတတ်နိုင်ဆုံး စိတ်လျှော့သည်းခံကာ တစ်သက်တာနေထိုင်၊ ဆက်ဆံသွားဖို့ကိုလည်း ဆုံးဖြတ်လိုက်သည်။

ဒါမှသာ ချမ်းရဲ့ အဆုံးစွန် လိုလားချက်ကို အောင်အောင်မြင်မြင် ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ ကိုထွန်းနေမင်း အပေါ် ချမ်းဘက်ကလည်း သူ့ စိတ်ချမ်းသာ ပျော်ရွှင်စေဖို့ ပြန်လည်ပေးဆပ်လိုက်နိုင်ရာ ကျတော့မည်ဟု ခံယူသည်။





ဘယ်သူ သိသိ မသိသိ။ အဲဒီနေ့က ဘုရားထိ အတူပါလာပေးခဲ့တဲ့ ယမင်းပင် သိသိ မသိသိ။ ကိုယ့်ရဲ့ကတိကတော့ ကတိပင်ဖြစ်ရာ ကိုယ်တိုင် တည်နိုင်ဖို့ ကြိုးစားရပေတော့မည်။

အဲဒီလို ဆုံးဖြတ်လိုက်နိုင်ချိန်မှာ ကိုယ်တိုင် အင်မတန်မှ စိတ်ဆင်းရဲ ပင်ပန်းသွားခဲ့ရတာ ချမ်းသိသည်။ ခံစားရသည်။

"ကိုယ် မချစ်မနှစ်သက်တဲ့သူက ကိုယ့်အပေါ် တကယ်ပဲ ကောင်းနေနိုင်ခဲ့ရင် အိမ်ထောင်ရှင်တွေရယ်လို့ ဖြစ်လာကြပြီးတဲ့အခါ "မချစ်မနှစ်သက်သူနဲ့ ပေါင်းရတဲ့ဆင်းရဲ"ဆိုတာမျိုးနဲ့ မကြုံရနိုင်တော့ပါဘူး။ အိမ်ထောင်ဖက်က ကိုယ့်အပေါ် ကောင်းဖို့ပဲ အရေးကြီးပါတယ်"ဆိုတာ ရှေးလူကြီးတွေ ဆုံးမပြောကြားခဲ့ကြတဲ့ စကားပါ။ သာမန်အခြေအနေနဲ့ ဆိုရင်တော့ မှန်ကောင်း မှန်နိုင်ပါသည်။ မှန်နေပါလိမ့်မည်။

သို့သော် ... ထိုရှေးစကားဟာ ချမ်းအတွက်ကတော့ဖြင့် မမှန်နိုင်ပြီ။ ကိုထွန်းနေမင်းဟာ ယောကျ်ားကောင်း တစ်ယောက်ပီပီသသနဲ့ အိမ်ထောင်ဖက် မိန်းကလေးအပေါ် ကောင်းကို ကောင်းပေးနိုင်မယ့်သူ ဆိုတာ သေချာသော်လည်း ချမ်းဟာ "မချစ်မနှစ်သက်သူနဲ့ ပေါင်းရတဲ့ဆင်းရဲ"ထက် "ချစ်ခင်နှစ်သက်သူနဲ့ ကွေကွင်းရတဲ့ဆင်းရဲ"က ပိုဆိုးကာ ခိုင်မာအမြစ်တည်နေခဲ့ပြီးပြီကိုး။ ချမ်းက တေဇန အပေါ်မှာသာ နှစ်နှစ်ကာကာ ရူးနှစ်စွာ ချစ်ခဲ့မိပြီးနေပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



တစ်စိမ်းတစ်ပါး ယောကျ်ားတစ်ယောက်ကို ချစ်မိပြီးမှ နောက်တစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် လက်ခံမိတဲ့အတွက် ချမ်းမှာ အပြစ်များ ဖြစ်နေမလား။ မတရားရာများကျမလား။

ဒီအတွက်တော့ ချမ်းဟာ "ကိုထွန်းနေမင်း တစ်ယောက် စိတ်ချမ်းသာရေး၊ ပျော်ရွှင်စေနိုင်ရေး၊ အပူအပင် ကင်းစေရေး" ဆိုတာမျိုးကိုသာ ရှေ့ရှုအဓိကထားတော့မယ်သူမို့ ကိုယ့်မှာ အပြစ်တွေ၊ မတရားတာတွေ ရှိမလာနိုင်အောင် အစွမ်းကုန် ကြိုးစားသွားဖို့လည်း ဆုံးဖြတ်ပြီးသား ဖြစ်ပါသည်။

ကိုထွန်းနေမင်းဟာ တေဇနနဲ့ ပတ်သက်လို့လည်း ချမ်း အတွက် စိတ်မဆင်းရဲစေရ။ သူ့အမေကြီးနဲ့ ပတ်သက်လို့လည်း ချမ်းကြောင့်တော့ စိတ်မပင်ပန်းစေရ။ အဲသလို အဓိဋ္ဌာန်နဲ့ချမ်းက ကိုထွန်းနေမင်းထံ စတင်ဖုန်းဆက်ပြီး "တွေ့ကြရအောင်" ဟု ချိန်းဆိုလိုက်ပါသည်။

ဟိုဂျပန်စားသောက်ဆိုင်ကလေးကို ယောကျ်ားနှစ်ယောက်ကြားမှာ မျက်နှာပူ အရှက်ရခဲ့ရတဲ့ မိန်းကလေးတစ်ယောက်အဖြစ် မသွားချင်တာထက်၊ တေဇနရဲ့ ပေါက်ပေါက်ကွဲကွဲ ချစ်စကားတစ်ခုကို ရင်နဲ့ကြား၊ နှလုံးသားနဲ့ နားဆင်ခဲ့ရဖူးတဲ့ နေရာတစ်ခုအဖြစ် ပိုတောင်မသွားချင်သေးတဲ့ ချမ်းက အဲဒီဆိုင်ကလေးသို့ပဲ ကိုထွန်းနေမင်းကို ချိန်းပါသည်။





ရင်ထဲက ထုတ်ကိုထုတ်ရတော့မယ့် လူတစ်ယောက်အတွက် ကိုယ့်ရဲ့ခံနိုင်ရည်နဲ့ သတ္တိကိုပါ စမ်းသပ်ကြည့်မိသည့် နံပါတ်(၁) ကြိုးစားကြည့်မှုပေါ့နော်။

ထိုဆိုင်ကလေးမှာပဲ ...

"ကိုထွန်းနေမင်းရဲ့ တောင်းဆိုချက်တွေကို ချမ်း လက်ခံပါတယ်။ တစ်ဘဝစာလုံးအတွက်ရော၊ ကြိုးစားရင်ဆိုင်ရဦးမယ့် အခက်အခဲတွေ အတွက်ရော အတူလက်တွဲပြီး ရှေ့ဆက်ကြဖို့ ချမ်း သဘောတူပါတယ်"

အဲဒီလို အပြုံးမပျက်၊ အသံမတုန်၊ မျက်ရည်ပါဝမလာခဲ့ဘဲ အောင်မြင်စွာ ပြောထွက်လိုက်နိုင်လျှင် ချမ်းရဲ့ရှေ့ဆက်ရမယ့် ဘဝတစ်လျှောက်လုံးအတွက် ပွဲဦးထွက် ခြေလှမ်းဟာ အခြေခိုင် အောင်မြင်နိုင်တာ သေချာပြီပေါ့။

အဲဒီလို သတ္တိမွေး၊ မောင်းတင်လာခဲ့ရတဲ့ ချမ်းဟာ ခုတော့ဖြင့် အော်ဟစ်ငိုပစ်လိုက်ချင်မိအောင်ပင် စိတ်တွေညစ်ညူးလို့ နေရတော့သည်။ "တွေ့ကြရအောင်"လို့ ချမ်း ကိုယ်တိုင်ဖုန်းဆက်ချိန်းဆို ခေါ်ယူထားခဲ့တဲ့ ဂျပန်စားသောက်ဆိုင်ကလေးကို ချမ်း ရောက်သွားခဲ့တဲ့ အချိန်မှာ ဆိုင်ကလေးထဲ ကြိုတင်ရောက်နှင့်နေပြီး ငုတ်တုတ်ထိုင်စောင့်လို့ကို နေသူက "ကိုထွန်းနေမင်း"မဟုတ်ဘဲ "တေဇန"သာ ဖြစ်နေခဲ့လေသည်။

"ကျွန်တော် မသိလိုက်ဘဲနဲ့ အလစ်မှာ ခင်ဗျားတို့ချင်းလေးပဲ ဘာမှလုပ်ချသွားလို့ မရဘူးမှတ်ပါ။ ရသွားပြီဆိုရင်

www.burmeseclassic.com



လည်း ပြန်သိလိုက်ရတဲ့နေ့မှာ နှစ်ယောက်စလုံးကို ဓားနဲ့ အပိုင်းပဲ။ အဲဒါပဲ"

"တေဇနေ ... ချမ်းက ကိုထွန်းနေမင်းကို ပြန်လက်ခံအဖြေ ပေးလိုက်တော့မလို့"

"သိတယ်လေ၊ သိလို့ကို ငုတ်တုတ် လာစောင့်နေတာ။ ခင်ဗျားပြောတာ မှန်တယ် မမချမ်း။ ကျွန်တော့အဖေက လည်း ခင်ဗျားနဲ့ဆိုရင်တော့ သဘောမတူနိုင်ပါဘူးလို့ ကျွန်တော့်ကိုလည်း ပြောလိုက်တယ်။ ရှေးလူကြီးတွေရဲ့ အတွေးနဲ့ ပရိယာယ်တွေကို ကျွန်တော်တို့ လိုက်လို့ကိုမမီ နိုင်တော့တာ ... ဝန်ခံပါတယ် ...

ဒါပေမဲ့ ထွန်းထွန်း ဘက်မှာလည်း ကန့်ကွက်သူ ရှိတယ်။ ကျွန်တော့်ဘက်မှာလည်း သဘောမတူနိုင်သူရှိ တယ်။ ညီတူအခြေအနေပဲ။ သူ့ဘက်မှာက ဘာဘသော် တစ်ယောက်လုံး ခွင့်ပြုသဘောတူသူ ရှိသေးတယ်လို့ ခင်ဗျားက တွက်တာလား။ ဒါဆိုလည်း ကျွန်တော့်မှာ အမေ မရှိတော့ပေမယ့် ကျွန်တော့်ရဲ့အမေဟာ ခင်ဗျားရဲ့အမေ အပေါ် မနှစ်လို မကြည်ဖြူ မရှိတဲ့အပြင် ခင်မင်သိကျွမ်း ချင်ခဲ့တယ်၊ ကိုယ်ချင်းစာစိတ်နဲ့ မိတ်ဖွဲ့ပေါင်းသင်းလိုခဲ့ တယ်လို့ ခင်ဗျားကို ကျွန်တော် ပြောပြခဲ့ပြီးပြီပဲ။ အဲဒါဆို ရင် နှစ်ဖက်အခြေအနေက တူတူပဲ၊ ဘယ်သူမှ မသာတော့ ဘူး ...





အဲဒါကိုပဲ ခင်ဗျားက သူ့ကိုမှ ရွေးမယ်၊ ကျွန်တော့် ကို ပယ်မယ်ဆိုတာ ဘာကြောင့်လဲ။ ခင်ဗျားပါးစပ်က အမြဲထွက်,ထွက်နေတဲ့ ရုပ်,ရုပ်,ရုပ် ဆိုတာ တစ်ခုကိုပဲ ဦးစားပေးလိုက်တာလား။ ဒါမှမဟုတ် ဒီဗရုတ်သုက္ခတွေ ရဲ့ တကယ့်ရင်ထဲက ဟာ့ဒ်တွေကို မမြင်မသိ မယုံနိုင်ရ အောင် ခင်ဗျားက မျက်စိမှုန်ပြီး ဦးနှောက်ပါ ပျက်နေလို့ လား ...

ခင်ဗျား ထွန်းထွန်းကို မချစ်ပါဘူး၊ ကျွန်တော် သေသေချာချာကို သိတာပေါ့။ အဲဒါကိုပဲ လက်ခံခေါင်း ညိတ် အဖြေပေးဦးမယ်တဲ့။ ဒီမှာဗျာ ... ခင်ဗျား ကျွန်တော့် ကို မရွေးပေမယ့် ခင်ဗျားရဲ့အမေလိုသာ ဘယ်သူမှမဟုတ် တဲ့ နောက်ထပ်တစ်ယောက်ယောက်ကို သွားရွေးတယ်ဆို ရင်တောင် ကျွန်တော် ဒီထက်တော့ ခံရတာ သက်သာဦး မယ်။ ဖြေနိုင် ခွင့်လွှတ်နိုင်ဦးမယ် ...

အမေနဲ့ ဒီလောက်ရုပ်တူတယ်ဆိုပြီး လုပ်ရပ်နဲ့ တွေးခေါ်ပုံတွေကတော့ တခြားစီပဲ ထင်ပါရဲ့။ အဲသလိုသာ ဆိုရင်တော့ ကျွန်တော်ကလည်း နောက်ဆုံးအချိန်အထိ လိုက်နှောင့်ယှက်၊ ဖျက်ဆီး၊ ပိတ်ပင်နေရဦးမှာပဲ။ ဒါပဲ ဗျ"

"ကိုယ့်ရဲ့ ကတိဆုတောင်း တစ်ခုကြောင့်ပါကွယ် တေဇနရယ်"လို့ ချမ်းက ဖွင့်ဟပြောပြလိုက်ချင်သည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ချမ်းရဲ့ "အကြောင်းပြချက်"ကို သူ သိသွားရတဲ့အခါ တစ်ကြိမ်တစ်ခါက အကြည့်ကို "အရေခွံတွေစုတ်နေတဲ့ တောက်တဲ့ဝကြီး" လို့ သူ့ဝသီအတိုင်း ပါးစပ်ဖွာ၊ အပြစ်ပြော,ပြောခဲ့မိဖူးသူ ခမျာမှာ "ဒီတစ်ချက်ကြောင့်လေးနဲ့လား"လို့ နောင်တတွေ အကြီးအကျယ် ရနေရှာတော့မလား။ ဒီ့ထက်တောင် ပေါက်ကွဲလာဦးမှာလား။ ချမ်းက ပူပင်စိုးရိမ်ပါသည်။

ချမ်းဟာ အရေပြားတစ်ထောက်စာလောက် တည်နေတဲ့ ရုပ်ရည်ကို အမိကထားသူ မဟုတ်လို့ မင်းလို ရုပ်ဆိုးကောင်ကလေးကိုမှ ရွေးချစ်မိခဲ့တာပေါ့ တေဇနေရယ်။ ဇရုတ်သုတ်ခကောင်ကလေးရဲ့ ရင်ထဲက အစစ်အမှန်ကိုလည်း အတိအကျမြင်နေနိုင်၊ သိနေနိုင်၊ ယုံကြည်နိုင်လို့သာ ထပ်တူညီတဲ့ မြတ်နိုးတွယ်တာရခြင်းတွေ ပြန်လည်ပေါက်ဖွားလာနိုင်ရတာပေါ့။

ဒါပေမဲ့ ဒါတွေကို မင်းသိဖို့ မလိုတော့ဘူး။ ကိုထွန်းနေမင်းကို ရွေးချယ်ရခြင်းဟာ ကိုယ့်ရဲ့ကတိဆုတောင်းကြောင့် ဖြစ်ပေမယ့် မင်းကို မရွေးချယ်ရခြင်းကတော့ အဲဒီကတိဆုတောင်းတွေနဲ့ ဘာမှမဆိုင်ဘူး။ တကယ်ဆိုရင် မေမေနဲ့ ရုပ်ချင်းတူလှတဲ့ ချမ်းဟာ မေမေ့လိုပဲ ဒီနှစ်ယောက်စလုံးထဲက ဘယ်သူတစ်ယောက်ကိုမှ ပြန်လက်မခံ၊ မရွေးတော့ဖို့ကို ဆုံးဖြတ်နိုင်ခဲ့ပြီးသားပါ။ ဒါပေမဲ့ အခြေအနေနဲ့ အကြောင်းအရာတွေက "အမေတူသမီး"တစ်ယောက် ဖြစ်ခွင့်မရတော့အောင်ပါ ဖန်လာခဲ့ပြီးပြီလေ။





ချမ်းက"ခဏနေဦး"ဟုဆိုကာ ထိုင်ရာက ထလိုက်သည်။

"ဘာလုပ်မလို့လဲ၊ ခင်ဗျား ရီးတီးရားတားနဲ့ ဉာဏ်များမယ်တော့ မကြံနဲ့။ ဆိုင်ပြောင်းပြီး တခြားမှာ ချိန်းတာတို့ နောက်ရက်မှ ပြန်ချိန်းတာတို့ ဘာပဲလုပ်လုပ် ခင်ဗျားကျွန်တော့်ကိုတော့ ရှောင်ချင်လို့ မရနိုင်ပါဘူး။ ခင်ဗျား ဘယ်သွားသွား ကျွန်တော်က ကပ်ကိုလိုက်နေမှာပဲ"

"ဒါဆို ခုလည်း ကပ်လိုက်ချင် လိုက်ခဲ့လေ၊ ချမ်းက အိမ်သာသွားမလို့"

ဒေါသတွေ မောဟတွေနဲ့ တလျှမ်းလျှမ်းတောက်ပြီး ခက်ထန်ညှိုးလျော်နေတဲ့ သူ့မျက်နှာကလေးမှာ ရယ်ချင်သွားရတဲ့ အရိပ်အယောင်လေး တစ်ချက်ဖြတ်ပြေးသွားပါသည်။ တေဇနက သူ့နှုတ်ခမ်းကိုသူ ခပ်မြန်မြန် ဖိကိုက်ပစ်လိုက်သည်။ ပြီးမှ... "ရုပ်ကဆိုးရတဲ့အထဲ ပါးစပ်ကရဲပြီး ညစ်တီးညစ်ပတ်ကလည်း ပြောတတ်လိုက်သေး။ သွား ... သွား ... မြန်မြန်သွား"တဲ့။

စိတ်မကောင်းပါဘူး တေဇနရယ်။ မင်းရဲ့နံဘေး၊ မင်းလက်ထဲက ချမ်းက လွတ်အောင်မပြေးနိုင်ပါဘူးဆိုတာ ဟုတ်ကောင်း ဟုတ်နိုင်ပေမယ့် ချမ်းရဲ့အနီးထံပါးကနေ မင်းကို မရ,ရအောင် လာဆွဲထုတ်သွားနိုင်တဲ့ သူကတော့ ရှိကိုရှိနေပါတယ်။ ချမ်းက မင်းဖေဖေ နေမင်းကြီးဦးဝင်းခန့်ဆီကို လှမ်းဖုန်းဆက်အကြောင်းကြားရပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်မှာတော့ ချမ်းက ဘာမှအရေးမကြီးလှသလို သူနဲ့ စကားစမြည်လေးတွေ ဟိုဟိုဒီဒီ ထိုင်ပြောနေကြဆဲ ချမ်းမျှော်လင့်ဆုတောင်းထားသလိုပင် ထွန်းနေမင်းက အရင်ရောက်မလာခင် ဦးဝင်းခန့်ကသာ ဆိုင်သို့ အလျင်မြန်ဆုံး ပေါက်ချလာနိုင်ခဲ့လေသည်။

သူ့အဖေကို လှမ်းမြင်လိုက်ရတော့ ရုတ်တရက် ဒေါသထွက် ပေါက်ကွဲသွားရသော တေဇနသည် "ချမ်း" ဟု အကျယ်ကြီးပဲ အော်ဟစ်ပစ်လိုက်လေသည်။ ဒီအဖေနဲ့ ဒီသား အော်ကြဟစ်ကြတာတွေ၊ ဆူညံပေါက်ကွဲ ဒေါသထွက်ကြတာတွေ၊ သဘောမတူတာ၊ မတူမတန်တာတွေနဲ့ ပွက်ပွက်ညံကာ ဒီဂျပန်ဆိုင်ကလေးမှာ ချမ်းတော့ ဒုတိယမ္ဘာ အရှက်ရ မျက်နှာပူ၊ နာမည်ပျက်ရပေဦးတော့မည်ဟု စိတ်လျှော့ကာ တိတ်တိတ်ကလေး ငြိမ်နေဆဲ ...

"ငါတော့ မင်းတို့ကို ဖွင့်ပြောပြလိုက်မှ ဖြစ်တော့မယ်၊ မပြောချင်ပေမယ့် ပြောရတော့မယ်၊ ပြောမှ ဖြစ်တော့မယ်၊ နှစ်ယောက်စလုံး အေးဆေးထိုင်ကြ၊ အေးအေးဆေးဆေး နားထောင်ကြ"

ဦးဝင်းခန့်က မတ်တတ်ထရပ်လာသော သူ့သားပခုံးကို အားနဲ့ ပြန်ဖိပြီး ထိုင်ချစေလိုက်သည်။ သူ့အဖေရဲ့လေသံက ဒေါသသံကင်းပြီး နာကျင်ကြေကွဲနေဟန်တွေ အပြည့်နှင့်သာမို့ တေဇနေလည်း အပြိုင်မပေါက်ကွဲသာတော့ဘဲ ချမ်းလိုသာ တိတ်တိတ်ငြိမ်ငြိမ်ကလေး ဖြစ်သွားသည်။





"ကဲ ... အရှင်းဆုံးနဲ့ အတိုဆုံးပဲကွာ။ မင်းတို့နှစ်ယောက်ကို ငါ လုံးဝသဘောမတူနိုင်ရတာက မင်းတို့နှစ်ယောက်ဟာ ဖအေတူ မအေကွဲ မောင်နှမအရင်းတွေ ဖြစ်နေနိုင်တယ် ... အဲဒါပဲ။ ကဲ ... ဒါပဲ ပြဿနာက"

တေဇနနှင့် ချမ်းတို့ ... တစ်ယောက်မျက်နှာ တစ်ယောက် စိုက်စိုက်ကြီးတွေ ငေးကြောင်နေမိကြကာ၊ တစ်မိနစ်နှစ်မိနစ်လောက်မျှ ရှိလျှင်တော့ ချမ်းကအရင် မျက်နှာတစ်ခုလုံးကို လက်ဝါးနှစ်ဖက်နှင့် ပိတ်အုပ်ကာ စားပွဲပေါ်သို့ မှောက်ချပစ်လိုက်သည်။ တေဇနတော့ ဘယ်လိုဖြစ်နေပြီး ချမ်းမသိနိုင်ပါ။ ချမ်းကိုတော့ သားအဖနှစ်ယောက်စလုံးကပင် ဆွဲထူခြင်း၊ မေးမခြင်းတွေ ရှိမလာကြဘဲ မျက်နှာကို ဖွက်ချင်သလောက်သာ ဖွက်ထားပါစေတော့ဟု ကိုယ်ချင်းစာ ခွင့်ပြုထားကြပုံရသည်။

ခဏကြာမှ ဦးဝင်းခန့်ရဲ့ စကားသံတွေက တိုးတိုးမှန်မှန်နှင့် ပြန်ထွက်လာသည်။

"ငါ မင်းအမေကိုတော့ ပြောပြခဲ့ပါတယ် တေဇန။ အဲဒါကြောင့်ပဲ စိတ်သဘောထား ဖြူစင်တဲ့ မင်းအမေဟာ ချမ်းရဲ့အမေကို ကိုယ်ချင်းစာ ကြင်နာစိတ်နဲ့ အမြဲတွေ့ချင်၊ ဆုံချင်နေခဲ့တယ်။ ဒါပေမဲ့လည်း ပြေးတဲ့လူက လုံအောင်ပြေးပုန်းနေလေတော့ သူတို့နှစ်ယောက်စလုံး မရှိကြတော့ချိန်အထိ တစ်ယောက်နဲ့တစ်ယောက် ဆုံမသွားကြရရှာဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံကတော့ ဒီလိုပါ ...။ ချမ်းရဲ့အမေဟာ သူငယ်ချင်းနှစ်ယောက်စလုံးကို သံယောဇဉ်ကိုယ်စီနဲ့ ဘယ်သူ့ကိုမှ ပြတ်ပြတ်မငြင်းပယ်နိုင်ခဲ့ဘူး။ အဲဒါကိုသိတဲ့ အဖေက ကိုယ့်ဘက်ပဲ အရှုံးပါလာနိုင်အောင် အခွင့်ကောင်းယူလိုက်မိတယ်။ ဒီလိုဖြစ်ခဲ့ရင်တော့ ငါပဲ အပိုင်ရနိုင်တော့မယ်လို့ ထင်ခဲ့မိတယ်။ အဖေတို့နှစ်ယောက်အကြောင်းကို ဘသော်ပြန်သိသွားတော့ သူက အဖေ့အမှားထက် မအေးလှရဲ့မဆင်ခြင်မှုလို့ အထင်မှားခဲ့တယ်။ အဲဒါကြောင့် မအေးလှအပေါ် ရက်ရက်စက်စက်၊ ပိုးစိုးပက်စက်ကို ပြောပစ်ခဲ့တာပေါ့လေ။ နောက်မှ မအေးလှရဲ့ဆန္ဒ မပါဘဲ အဖေ့အလွန်သက်သက်ဆိုတာ သူ ပြန်သိသွားတော့ သူ့တစ်သက်လုံး သူ့ရဲ့နှုတ်အလွန်အတွက် စိတ်မကောင်းဖြစ်နေခဲ့ရတော့တယ် ...

ဘသော်က မအေးလှအပေါ် ဝစီကံမြောက်လွန်တယ်။ အဖေကတော့ ကာယကံမြောက်ကို စော်ကားလွန်ကျူးခဲ့မိတယ်။ ဒါပေမဲ့ အဖေထင်တာ လွဲသွားတယ်။ မအေးလှဟာ အဖေ့ကို လက်မခံခဲ့တဲ့အပြင် ဘသော်ရော အဖေ့ကိုပါ 'အဖေနဲ့သူ ဘာမှမဖြစ်ခဲ့ကြပါဘူး'လို့ ဖွင့်ပြောပြီး သူငယ်ချင်းနှစ်ယောက် ပြန်ပြေလည်သွားအောင် ရှင်းပြပြန်ပေးခဲ့တယ်။ ပြီးတာနဲ့ တစ်ခါတည်း ခြေရာဖျောက်ပြီး ပျောက်သွားခဲ့တော့တာပါပဲ ...





ချမ်းကို ပြန်တွေ့လိုက်ရတော့ အဖေ့သမီးတစ်ယောက်လိုပဲ အဖေ ရင်းရင်းနှီးနှီး ခံစားရတယ်။ မွေးသက္ကရာဇ်တွေ ဘာတွေအရလည်း တိုက်ဆိုင်မှုရှိတယ်။ ဒါပေမဲ့ အမှန်ကို ပြန်ဝင်ခံခိုင်းနိုင်ဖို့ မအေးလှကတော့ ရှိမနေတော့ဘူး။ အဲဒါကြောင့်ပဲ အဖြစ်မှန်ကို ဖော်ထုတ်လို့မရနိုင်တော့မယ့်အတူတူ မင်းတို့လို နောက်မျိုးဆက်တွေဆီမှာ မရှိတော့တဲ့ သူတစ်ယောက်ရဲ့ အမည်းစက်ကို ထုတ်ဖော်ရသလို ဖြစ်မှာကိုလည်း ငါက စိုးရိမ်တယ်၊ ဒါကြောင့် ဒါတွေကို အမှန်အတိုင်း၊ ရှင်းရှင်းလင်းလင်း ထုတ်မပြောဖြစ်ခဲ့တာ ...

ခုတော့ မရတော့ဘူး။ မပြောလို့ မဖြစ်တော့ဘူး။ သမီးချမ်းကလည်း အန်ကယ့်ကို ခွင့်လွှတ်နားလည်ပေးပါ။ အန်ကယ်ဟာ သမီးရဲ့အဖေ ဟုတ်ဟုတ်မဟုတ်ဟုတ် သမီးကိုတော့ သမီးရင်းအမှတ်နဲ့ တေဇနေနဲ့တန်းတူပဲ ကြည့်ရှုစောင့်ရှောက်သွားဖို့ အန်ကယ်က ဆုံးဖြတ်ထားတယ်"

"စိတ်မကောင်းတွေ သိပ်ဖြစ်နေကြရင် စင်ကာပူကိုပဲဖြစ်ဖြစ်၊ လေးလေးချစ်တို့လည်း ရှိနေကြတဲ့ အင်္ဂလန်ကိုပဲဖြစ်ဖြစ် အလည်လေး ဘာလေး ထွက်လိုက်ကြပေါ့ဗျ။ ခရီးသွားဟန်လွှဲ တစ်ချက်ခုတ် နှစ်ချက်ပြတ် သွေးစစ်ပြီး DNA typing နဲ့ matching လုပ်ကြည့်ခဲ့ကြ။ ရှင်းကရော၊ နို့မို့ ဘယ်ချိန်ထိ တနုံ့နုံ့သယ်ဆောင်နေကြရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

တေဇနက သူ့အဖေရဲ့စကားအဆုံး၊ ဘုဆတ်ဆတ် တစ်ခွန်း ဝင်ပြောပစ်လိုက်ပါသည်။ သူ့စကားကြောင့် မျက်နှာငုံ့ ဖွက်ထားမိသော ချမ်းရဲ့ဦးခေါင်းကလည်း ဆတ်ခနဲ ပြန်မတ်လာရကာ၊ ဦးဝင်းခန့်ကတော့ ချမ်းကိုမကြည့်ဘဲ မျက်နှာကြီး လွှဲထားပြီး စူပုပ်ကောက်ချိတ်ထားသော မျက်နှာထားနဲ့သူ့သားကို ဟန့်တားချင်သလိုလို တစ်ခွန်း ခတ်ဆတ်ဆတ် အော်ပစ်လိုက်၏။ သို့သော် ... ချမ်းရဲ့စိတ်ထင်အရ ဗဟုသုတကြွယ်ဝပြီး၊ အမြင်ကျယ်၊ အသိုင်းအဝိုင်းကြီး၊ တတ်နိုင်သော အဘိုးကြီးသည်လည်း တေဇနပြောတဲ့ အချက်လောက်ကိုတော့ သူ့ခေါင်းထဲရောက်ပြီး စိတ်ကူးနှင့် စီစဉ်ပြီးနှင့်နေမှာပါ။

ခုမှ ပြန်ဆုံရသည့် သူမျှားသားသမီး၊ သူစိမ်းတစ်ရံဆံသာသာကို သူ့အမေရဲ့အတိတ်က အမည်းစက်ကြီးကို ဖွင့်ဖွင့်ဟပြီး "လာခဲ့ ... သွေးစစ်ကြည့်ကြရအောင်"ဟု နိုင့်ထက်စီးနင်းဆန်ဆန် မရှိချင်သည်မို့သာ မျိုသိပ်အောင့်အည်း စောင့်စားနေခဲ့ရပုံပါပင်။

"အန်ကယ်သာ စစ်ကြည့်ချင်မယ် ဆိုရင်တော့ ကျွန်မ လက်ခံချင်ပါတယ် အန်ကယ်။ အမေ မရှိတော့ပေမယ့် ကျွန်မမှာ အမေဆုံးသွားခဲ့တဲ့အထိ တစ်ရက်မှ မခွဲမခွာ အတူနေခဲ့ကြတဲ့ အမေ့မောင် ကျွန်မရဲ့ဦးလေးအရင်း တစ်ယောက်လည်း ရှိနေပါသေးတယ် ...





သူဟာ ဒီကိစ္စတွေကို အတိအကျကြီး မသိနိုင်ခဲ့ရင်တောင် ခု ကျွန်မရဲ့ဖခင်ပါလို့ မွေးစာရင်းထဲ ရှိနေခဲ့တဲ့ သူနဲ့ မေမေနဲ့ လက်ထပ်ခါနီးတုန်းက အဖြစ်အပျက်တွေ၊ မေမေ့ရဲ့ကိုယ်၊ စိတ် အခြေအနေတွေကို သူပဲ အနီးကပ် သိနိုင်ခဲ့မှာပါ။ အဖြေမှန် ဖြစ်ချင်မှဖြစ်မှာ ဆိုပေမယ့် သူ့ကို မေးကြည့်ရင်လည်း နီးစပ်တဲ့ အဖြေတစ်ခုကို ရကောင်း ရနိုင်ပါလိမ့်မယ်"

"ကောင်းပါပြီ သမီးရယ်။ အန်ကယ်တို့ ဆက်လုပ်ကြတာပေါ့နော်"

ဦးဝင်းခန့်က အချိန်တိုတစ်ခုအတွင်းမှာ အတင်း ပြန်လည် တည်ငြိမ်လိုက်နိုင်ကြပြီဖြစ်သော တေဇနနှင့် ချမ်းတို့ကို ကျေနပ်အားရလှပုံနှင့် ဖြစ်နေပါသည်။ တကယ် အစစ်အမှန်ထိန်းချုပ်နိုင်တာ မဟုတ်သေးရင်လည်း "ဟန်ဆောင်ကောင်းကြပါစို့" တေဇနရေ။

"ဒါဖြင့် အန်ကယ်ပြန်နှင့်လိုက်မယ်၊ ဟော့ကောင် ... မင်းပါတစ်ခါတည်း လိုက်ခဲ့လိုက်တော့"

"ကျွန်မနဲ့ ကိုထွန်းနေမင်းတို့ ချိန်းထားကြတဲ့နေရာကို တေဇန ရောက်လာပြီး လာနှောင့်ယှက်နေပါတယ် အန်ကယ်" လို့ ချမ်းက ဦးဝင်းခန့်ကို တိုင်ကြားခေါ်ယူခဲ့တာ ဖြစ်တဲ့အတွက် ဦးဝင်းခန့်က တေဇနကိုသာ ပြန်ဖို့ပြောကာ ချမ်းကိုတော့ မခေါ်ပေ။ ပြောပြီး တစ်ခါတည်း ထွက်ခွာသွားတဲ့ ဦးဝင်းခန့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တေဇနက တစ်ပြိုင်နက် လိုက်ပါမသွားသေးဘဲ စားပွဲနားတင် တဝဲလည်လည် ဂျစ်ကန်ကန် ပေကပ်ကပ် လုပ်နေသေးကာ ...

"ဆက်စောင့်ဦးမယ်ပေါ့ ဟုတ်လား။ ဒီနည်းနဲ့ပဲ တစ်ရန် အေးလည်း နည်းလားဆိုပေမယ့် မောင်ဆိုလည်း မောင်ပေါ့။ ရှောင်လို့တော့ မရနိုင်ပါဘူး။ ကျွန်တော်ကတော့ ကပ်လိုက်နေဦးမှာပါပဲ"

"တေဇန ... ဘာမှအတိအကျ မသိနိုင်ကြသေးခင် အခြေအနေမှာ နောင်အရှည်သဖြင့်အတွက် မျက်နှာချင်းမဆိုင်ရဲလောက်အောင် ရှက်မျက်နှာပူနေကြရမယ့် အလုပ်တွေ၊ စိတ်ဓာတ်တွေကို ဆင်ခြင်ပါကွယ်"

"ခင်ဗျားက ဘာဖြစ်လို့ ကိုယ်မချစ်တဲ့သူ တစ်ယောက်ကို အဖြေပေးမှာလဲ၊ ခင်ဗျားကမှ အလုပ်မဟုတ်တာ။ ကျွန်တော်က ကိုယ့်အစ်မကိုယ် ကာကွယ်တာလို့ အတင်းသဘောထားရင် ရတာပဲ"

"မင်းသိပ်သိချင်နေရင်လည်း ပြောပြမယ်။ စောစောက ချမ်း ပြောခဲ့တဲ့ ချမ်းရဲ့ဦးလေးအရင်းဆိုတာ ဟိုးတုန်းက ဣတ္ထိယမဟုတ်၊ ပုရိသမဟုတ်နဲ့ ချမ်းမှာ အမြဲစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ အရှက်တွေချည်း သည်းနေခဲ့ရတယ်။ ဒါကြောင့် သူ့ကို မူလဘဝမှန်စစ်စစ် ပြန်ရောက်အောင်၊ လူကြားထဲ တိုးဝင်ဆန့်လာနိုင်အောင် ဖန်တီးပေးနိုင်မယ့်သူများ ရှိခဲ့ရင် အဲဒီတစ်ယောက်ရဲ့ လိုအင်ဆန္ဒမှန်သမျှကိုလည်း မဖြစ်



မနေ ဖြည့်ဆည်းပေးနိုင်တဲ့သူ ဖြစ်ရပါစေမယ်လို့ ချမ်းက ဘုရားမှာကို သစ္စာပြု အဓိဋ္ဌာန်ဆုတောင်းထားခဲ့ဖူးတယ်"

တေဇန၏ မျက်နှာမှာ စိတ်ဝင်စားစရာ ကောင်းလောက်အောင် တစ်မျိုးသောအသွင်သို့ ပြောင်းလဲသွားပါသည်။

"အဲဒီတော့ ..."

"အဲဒီတစ်ယောက်ဟာ ကိုထွန်းနေမင်းပဲလို့ သိလိုက်ရတဲ့ အခါမှာ အဲဒီကျေးဇူးကို ပြန်ဆပ်နိုင်ဖို့အတွက် သူသာ စိတ်ချမ်းသာမယ်ဆိုရင် ကိုယ် ဘယ်လောက်ခက်ခဲခက်ခဲ အရာရာကို ရင်ဆိုင်ပြီး သူ့စိတ်တိုင်းကျ သူဖြစ်စေချင်သလိုပဲ နေသွားဖို့ ချမ်းက ဆုံးဖြတ်ပစ်လိုက်တော့တာပါ။ အခု ချမ်းရဲ့ဦးလေးက သဘာဝပုံမှန်အတိုင်း မိန်းမယူ အိမ်ထောင်ပြုတော့မယ့် ယောကျ်ားကြီးတစ်ယောက်အဖြစ်ပဲ ပြန်ရောက်သွားပါပြီ"

"ဘာဖြစ်တယ် ... ! မိန်းမကြီးကနေ ယောကျ်ားကြီးဖြစ်အောင် ထွန်းနေမင်းက လုပ်လိုက်တယ်"

အကျယ်ကြီး ထအော်ပြန်သော တေဇနရဲ့ စကားအဆုံး အပြင်ရောက်သွားနှင့်ပြီဖြစ်သော ဦးဝင်းခန့်က အခန်းဝမှာ တစ်ခါပြန်ပေါ်လာကာ တေဇနရဲ့လက်ကို မညှာမတာ အတင်းဆောင့်ဆွဲပစ်လိုက်ပြီး ..."ဟေ့ကောင် ... ခုချက်ချင်း ပါးစပ်ငြိမ်ငြိမ်ပိတ်ပြီး ငါ့နောက်လိုက်ခဲ့"ဟု မာမာကြီး ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေကိုတော့ အတော်ကြီး ကြောက်ရဟန်ရှိတဲ့ တေဇနဟာ ဦးဝင်းခန့်ရဲ့ ဆွဲခေါ်ရာနောက်သို့ ယက်ကန်ယက်ကန်နှင့် ပါသွားရရင်း ...

"နေဦး ... ခင်ဗျား ဒီနေ့ ဘာမှမပြောလိုက်နဲ့ဦး မမချမ်း။ ဒီကောင်ကကော ဘာတွေ ဘယ်လိုဝင်လုပ်နေပြန်သလဲ ဆိုတာ ကျွန်တော် အတိအကျ ပြန်မေးရဦးမယ်။ မဖြေလိုက်နဲ့နော် မဖြေလိုက်နဲ့ဦး။ ကျေးဇူးဆပ်တာတွေ နေရာလွဲနေဦးမယ်။ ကြားတယ်နော် ခင်ဗျား"

ဒီတစ်ခါတော့ ဦးဝင်းခန့်တင်မက ဒရိုင်ဘာကြီးကပါ ဆင်းလာပြီး တေဇနကို ဆွဲခေါ်ထုတ်သွားကြတဲ့အတွက် တေဇနမှာ စကားတွေ တနင့်တပိုး ကျန်သေးရက်နှင့် ပွင့်အန်ချိန်မရလိုက်ဘဲ အဘိုးကြီးနှစ်ယောက်နောက် ပါသွားရပုံနှင့် ရှုးရှုးဝါးဝါး၊ စိုးရိမ်တကြီးပုံစံတွေနှင့် ဖြစ်နေပါတော့သည်။

အရင်တစ်ခါကတစ်မျိုး၊ ခုတစ်ခါကျတော့ တစ်ဖုံ။ ဒီဂျပန်ဆိုင်ကလေးက ဆိုင်ရှင်နဲ့ ဝန်ထမ်းအပေါင်းဟာ ချမ်းအပေါ် အမြင်ကို ကောင်းနိုင်ကြတော့မည် မထင်ပေ။ သို့သော် ချမ်းက မျက်နှာပြောင်ပြောင်နှင့်ပင် ဖွတ်ဆက်ထိုင်ကာ စောင့်ပါသည်။ ချိန်းဆိုထားချိန်ထက် အတော်ကြီးကို နောက်ကျနေခဲ့ပြီပဲ ဆိုတာကို သတိထားလာမိရက်နှင့်ကို အတင်းကို ပေထိုင်ကာ စောင့်ပါသည်။





သို့သော် ... ကိုထွန်းနေမင်းကား ပေါ်မလာခဲ့ပါချေ။ ညနေသာ စောင်းသွားခဲ့သည်။ သူက ရောက်မလာ။ "ဒီနေ့ဘာမှ မပြောလိုက်နဲ့ဦးနော်၊ အဖြေမပေးလိုက်နဲ့ဦး"ဟု အော်ဟစ်သွားသော လူတစ်ယောက်ဘက်ကသာ ကံကြမ္မာက ရှိပေးနေခဲ့ပုံရသည်။ ချမ်းမှာ အဖြေပေးကိုပေးလိုက်ပါတော့မည်၊ ပေးဖြစ်အောင် ပေးမည်ဟု ဖွတ်အားတင်းထားတာတောင် အဲဒီ"အဖြေ"ကိုလက်ခံရမည့်သူက ရောက်မလာ၊ လာမယူခဲ့ပါချေ။

❂ ➤ ❂

"တောင်းပန်ပါတယ်"တဲ့။

"ချမ်းမြမြက မေမေနဲ့ ရင်ဆိုင်ရမယ်ဆိုတဲ့ အခက်အခဲကို ဖြစ်အောင်၊ ရအောင် ရင်ဆိုင်မယ်လို့ ဆုံးဖြတ်လို့ ရချင်ရမယ်။ မေမေကတော့ ချမ်းမြမြနဲ့ ဘယ်တော့မှ ဘယ်နည်းနဲ့မှကို ရင်မဆိုင်ပါရစေနဲ့တဲ့လေ။ ကျွန်တော့်မေမေဟာ ကျွန်တော့်တစ်သက်လုံး နှစ်ပေါင်းအစိတ်လောက် ဒီတစ်စိတ်တည်းနဲ့ပဲ သူ့မှာ ပျော်ရွှင်မှုကင်းမဲ့နေတဲ့သူ တစ်ယောက်လို စိတ္တဇတွေနဲ့ ရှင်သန်နေခဲ့ရပြီးပြီ ...

နောက်ထပ် သူ မသေမချင်း ကျန်တဲ့သူ့သက်တမ်း တစ်ခုလုံး တောက်လျှောက်မှာလည်း ပျော်ရွှင်မှု ကင်းရုံမက



www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက်တွေ သောကတွေနဲ့ ဆက်ရှင်သန်နေရဦးမယ်ဆိုရင် သူ တကယ်ရူးသွားချင် ရူးသွားလိမ့်မယ်။ ဒါမှမဟုတ် သက်တမ်း တိုသွားလိမ့်မယ် ချမ်းမြမြ...

အဲဒီလို တကယ်ဖြစ်သွားနိုင်ပါလား ဆိုတာကို အဲဒီနေ့မနက်က မှ ကျွန်တော် တကယ် အတိအကျ သိလိုက်ရတာ။ အဲဒီနေ့မနက်ကပဲ ကျွန်တော်နဲ့ ချမ်းမြမြနဲ့ ချိန်းထားကြတယ်ဆိုတာ သူသိသွားတာနဲ့ အကောင်းကြီးပကတိကနေ သတိလစ် လဲကျသွားတာ၊ ပထမအကြိမ် Heart attack လို့ သတ်မှတ်ပြီး ဆေးရုံတင်လိုက်ရပါတယ်၊ ခုထိ ဆေးရုံက ပြန်မဆင်းရသေးပါဘူး ...

ကျွန်တော် နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်၊ ကျွန်တော့်ကြောင့်တော့ ကျွန်တော့်မေမေကို ဆက်ဒုက္ခပေးနေရသလို မဖြစ်ချင်တော့ဘူး။ ချမ်းမြမြကို ဘဝအဖော်အဖြစ် လက်တွဲကြဖို့ တောင်းဆိုထားတဲ့ကိစ္စကို ကျွန်တော် ပြန်ရုပ်သိမ်းပါတယ်၊ အဲဒီအတွက် ကျွန်တော် တကယ့်ကို စိတ်မကောင်းပါဘူး။ တောင်းပန်ပါတယ် ချမ်းမြမြ”

“ဝမ်းသာလိုက်တာ ကိုထွန်းနေမင်းရယ်”လို့မှ ပြန်ပြောလိုက်ရရင် ရှက်လို့ရွံ့တယ်ပဲ ထင်နေဦးတော့မည်။ တကယ်တမ်းမှာ ချမ်းက အဟုတ်ကိုပဲ ဝမ်းသာသွားရတာ ဖြစ်လေတော့သည်။ သူ ရောက်မလာ ပေါ်မလာတော့တဲ့အတွက် “လက်ခံပါ





တယ်၊ လက်တွဲပါ့မယ်”ဆိုတဲ့ အဖြေကို ပေးခွင့်မရခဲ့တဲ့ ချမ်းဟာ ညနေဘက် အတော်ကြီးမှောင်မှ အိမ်ပြန်ရောက်ခဲ့ရတော့ စိုးရိမ်တကြီး စောင့်မျှော်နေသည့် အကြည်က ...

“ချမ်း ... ငါ စိတ်ပူနေရတာ၊ သမီးသွားတယ်ဆိုတဲ့နေရာကို ငါ လိုက်လာတော့မလို့ သမီးရယ်၊ နင် မကြိုက်မှာစိုးလို့”

“အကြည်ကလည်း ချမ်းက ဘာဖြစ်နေလို့လဲ။ နေပါဦး ... ချမ်း ဘယ်ရောက်နေတယ်၊ ဘယ်သွားတယ် ဆိုတာရော အကြည်က လိုက်လာရအောင် ဘယ်လိုလုပ် သိနေတာလဲ”

“သိတာပေါ့၊ ထိုင် ... ထိုင် ... ငါပြောစရာရှိသေးတယ်”

“ချမ်းလည်း အကြည့်ကို ပြောစရာ၊ မေးစရာတွေ ရှိတယ်”

“ငါအရင်မေးမယ်”

“ချမ်းဟာက ပိုအရေးကြီးတာ”

“ဒါဖြင့် ငါက တစ်ခွန်းပဲ၊ ဒီနေ့ နင် ငါတို့ရဲ့ဆိုင်ရှင် ဆရာထွန်းနဲ့ တွေ့ကြတယ်ဆိုတာ၊ အဲဒါ နင် သူ့ကိုဘာတွေပြောခဲ့ပြီလဲ”

“ဘာမှမပြောခဲ့ဘူး၊ တွေ့တောင် မတွေ့ခဲ့ပါဘူး၊ နေပါဦး ... အကြည်က ဒါကိုလည်း သိနေပြန်တယ်၊ ဘယ်လိုဖြစ်တာလဲ၊ ဘာတွေလဲဟင် ... အကြည်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ဘူး၊ ဘာမှမပြောခဲ့ရဘူး၊ တွေ့ကိုမတွေ့ခဲ့ရဘူးဆိုရင် ပြီးပြီ။ နင်ပြောမယ့် အရေးကြီးတယ်ဆိုတာကိုပဲ ပြောတော့"

"မပြောဘူး။ အကြည် ... အကြည်နော် ... အကြည် အဲဒါတွေ ဘယ်လိုလုပ် သိနေသလဲ။ အကြည့် ကြည့်ရတာ အားလုံးသိနေတော့တဲ့ပုံပဲ၊ အကြည့်ကို ဒါတွေ ဘယ်သူ ပြောပြထားတာလဲ"

"ငါ့မိတ်ဆွေ သူငွေးဆိုတာပေါ့၊ နေမင်းကလေး လေ"

"ဟင် ! အကြည့်မိတ်ဆွေ ဆိုတာ နေမင်းကလေး !"

"အေး"

"ဟို ... နေမင်းဆိုင်တွေက ဦးဝင်းခန့်ရဲ့သား တေဇနေလား၊ ထွန်းနေမင်း မဟုတ်ဘူးနော်"

"မဟုတ်ဘူး၊ ထွန်းနေမင်းက ခုမှ သူသွင်းပေးလိုက်တဲ့ ဆိုင်က ဆိုင်ရှင် ဆရာထွန်းပဲ။ ငါလည်း နင့်ကိုတစ်ခါမှ ဆရာထွန်းဟာ ငါ့ကျေးဇူးရှင် ဆိုတဲ့ သဘောမျိုး စကားဦးတောင် မသမ်းဖူးဘူး ထင်ပါတယ်။ နင့်ဘာသာ ဘာတွေ တလွဲတွေ အတင်းထင်မြင်နေသလဲတော့ မပြောတတ်ဘူး။ တကယ်က ငါ့ကို တစ်ချိန်လုံး ကူညီလိုက်၊ ကျောက်ချလိုက်။ ပေါက်ကရမျိုးစုံနဲ့ ငါ့ဘဝကို မြှင့်တင်ပြောင်းလဲပေးလိုက်တဲ့ ကောင်ကလေးက နေမင်းကလေး တေဇနပဲ"



ဖြစ်ရလေ။ တော်ပါသေးရဲ့။ မှားတော့မလို့။ အမှားကြီး မှားတော့မလို့။ ကြောက်စရာကောင်းလောက်အောင် မှားတော့မလို့။

"အကြည့်က အစောကတည်းက ဘာဖြစ်လို့ အခုလိုပွင့်ပွင့်လင်းလင်း သူပါပဲလို့ မပြောသလဲ"

ကံသီပြီး အမှားကြီး မှားရမယ့်အဖြစ်က လွတ်လာပေမယ့် အသည်းတယားယားနဲ့ ဝမ်းနည်းသွားစိတ်က ချမ်းကို ဒေါသတွေပါ ထွက်လာစေကာ ငယ်နိုင်ဖြစ်တဲ့ အကြည့်ကိုပဲ ကျုံးကုန်းပြီး အော်လိုက်မိတော့သည်။

"အာ ... ငါ့အပြစ် မဟုတ်ဘူး။ သူကိုယ်တိုင်က ချမ်းတစ်ယောက်တော့ မသိပါစေနဲ့လို့ ငါ့ကို အသေပိတ်ပြီးတော့ကို တားထားတာကိုး"

"ကောင်းတယ်၊ ကိုယ့်တူမဘက်ကတော့ မပါနဲ့။ သူစိမ်းပြောတာပဲ နားယောင်ပြီး နားထောင်နေပေါ့။ သူကကော ! အကောင်းလုပ်ပေးနေတဲ့ဟာကို လုပ်တုန်းကတော့လုပ်ပြီး ဘာလို့ လူမသိစေချင်တာတွေ ဘာတွေနဲ့ ဖုံးပိနေချင်သေးရတာတဲ့လဲ။ အရှုးကျနေတာပဲ"

"ခုမှ သူကပြောတာ ချမ်း။ ငါ့ကို သူစမြင်ဖူးလိုက်ရတဲ့ အချိန်ကနေ ချဉ်းကပ်လာပြီး ပထမ အလုပ်ထဲထည့်ပေးတာတွေ ဘာတွေ လုပ်နေချိန်ထိ သူ့စေတနာဟာ မစစ်မှန်ခဲ့ပါဘူးတဲ့။ သူ့ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူ့အဖေနဲ့ တက်တိုင်ပြီး ဒုက္ခရောက်စေခဲ့တဲ့ ချမ်းကို တစ်နည်းနည်းနဲ့ ပြန်နိုင်ကွက်ရလာနိုင်အောင် နောင်နိုင်ကွက်ပေါ်မလားလို့ ခု အခွင့်သာတုန်းမှာ ရင်းထားမေးထားရုံပါပဲတဲ့"

"ဩော်"

"ဒါပေမဲ့ ကြာလာတော့ ငါနဲ့လည်းခင်မင်၊ သံယောဇဉ်တွေရှိလာပြီးတဲ့အခါ နောက်ဆက်တွဲကတော့ ခုထိပဲပေါ့။ သူ့ကျေးဇူးပါလို့ မဖော်ရဲတော့တာကတော့ ပထမစခဲ့တုန်းက မစစ်မှန်ခဲ့ဘဲ အကောက်ဉာဏ် ပါခဲ့မိတာကို ဝန်မခံရဲတော့လို့ပါတဲ့။ နင် သိသွားမှာ စိုးလွန်းလို့ နင်အဲဒီအလုပ်ထဲ ပြောင်းလာရတာနဲ့ပဲ ငါ့ကို နင်နဲ့မဆုံရအောင် ဆရာထွန်းတို့ဆိုင်တွေဘက် ပြောင်းပေးလိုက်တော့တာပဲ။ သူက အဲဒီမှာလည်း ပိုင်တယ်၊ အလုပ်တွေ ဘာတွေ သွင်းပေးလို့ရတယ်လေ"

သူ့အပြစ်နဲ့သူ ... ကြောက်ရတာနဲ့၊ ဖုံးရဖိရတာနဲ့ ချမ်းမှာတော့ တလွဲကြီးတွေ ကတိတည်မိပြီး ယူကျုံးမရတွေ ဖြစ်ရတော့မလို့။

သူ့အပြစ်နဲ့သူ ဆိုတော့"မှားပြီ ... လွဲပြီ"ဆိုတာသိလိုက်မှပဲ ပြူးတူးပြဲတဲနဲ့" ကျေးဇူးဆပ်တာတွေ နေရာလွဲနေဦးမယ်နော်၊ ဟိုကောင့်ကို အတိအကျ ပြန်မေးရဦးမယ်၊ ဒီနေ့ဘာမှ မပြောလိုက်နဲ့ဦး ခင်ဗျား"တဲ့ ... ဟွန်း ! ။





ဒါဖြင့် ချမ်းအနေနဲ့ အလိုလိုက်၊ အကြိုက်ဆောင်၊ ကျေးဇူးဆပ်၊ စိတ်ချမ်းသာစေရမည့်သူဟာ အဲဒီ ဗရုတ်သတ္တဝါကလေး တေဇနပေါ့နော် ...။ အား ... ! ကံကောင်းလို့။ ကံကောင်းလို့။ ချမ်းရဲ့မျက်နှာကလေးက ပြုံးဖြဲဖြဲပြောင်စပ်စပ်ကလေး ဖြစ်ချင်လာရပါသည်။ လောကကြီးဟာ ဒီလိုတော့လည်း စိတ်ချမ်းသာစရာလေး ဘာလေး အရှိသားပဲ။

အာ ... ဒါပေမဲ့ စိတ်တွေကို မလွန်ကျူးမိစေနဲ့။ ချမ်းတို့ကြားမှာ ရှင်းမရတဲ့ လူကြားမကောင်းလှတဲ့ အတိတ်က အရိပ်မည်းတွေ အုပ်မိုးလို့ ကျန်နေသေးတယ်လေ။ အရေးကြီးတဲ့အချက်။

"အကြည့်ကို မေးစရာတွေရှိတယ်"

အလန့်တကြားကြီး ထအော်ပြန်သည့် ချမ်းကို အကြည်က ...

"နင်က သူ့အဖေနဲ့ ဘာမှမသက်ဆိုင်ပါဘူး သမီးရယ်၊ ပေါက်ပေါက်ရှာရှာ။ ခု သူပြောပြတော့မှပဲ သူ့အဖေတို့၊ ဆရာထွန်းရဲ့အဖေတို့ ဆိုတာတွေက ငါတစ်သက်လုံး ကြည့်မရခဲ့တဲ့ မမရဲ့ ငယ်ပေါင်းကြီးတွေမှန်း သိရတော့တယ် ...

အလကားလူတွေ၊ မမအပေါ် ခင်လည်းခင်ပါရဲ့၊ စိတ်ဒုက္ခလည်း ပေးခဲ့ကြပါရဲ့။ အစ်မလုပ်တဲ့သူကိုကျတော့လည်း လာကြိုက်ကြသေး၊ အစ်မသာ သူတို့ဘဝထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့၊ မောင်မဟုတ် ဘာမဟုတ် တစ်ကောင်ကတော့ ပါ မလာစေနဲ့၊ တော်သလို ကြည့်နေခဲ့ဆိုတဲ့ အတွေးတုံးကြီးတွေမို့ မမကလည်း နှစ်ယောက်လုံးအပေါ် သံယောဇဉ်ရှိရက်နဲ့ သူတို့ကို ပြန်ကိုလက်မခံခဲ့တာပေါ့ ...

ခုမှ နေမင်းကလေးရဲ့အဖေက သူ့သားကို ပြောသတဲ့။ ‘ဒီလိုလူတစ်ယောက်ကို ဘဝမှန် ပြန်ရောက်အောင် လုပ်ဖို့တွေးမိတဲ့၊ လုပ်လည်း လုပ်နိုင်ခဲ့တဲ့ မင်းက ငါ့ထက်တောင်သာသေး’လို့ ပြောသတဲ့။ သူ့တုန်းကဆို အဲဒီပြဿနာဟာ ဘယ်လိုဖြေရှင်းယူရမှန်း မသိတဲ့ ပြဿနာကြီး အဖြစ် အတော် ဦးနှောက်ခြောက်ခဲ့ရသေးတယ်ဆိုပဲ ...

သူကမှ ပိုတောင်ဆိုးသေးတာ၊ ကိုယ့်အပေါ် ပြန်မကြိုက်ပေမဲ့ သံယောဇဉ်နဲ့ ထောက်ထောက်ညှာညှာ ဆက်ဆံနေတဲ့ မိန်းကလေးကို အနိုင်နဲ့ပိုင်ပြီး အရယူဖို့ ကြိုးစားခဲ့တာ။ တူမနဲ့ ဦးလေးပေမယ့် ခပ်ရှင်းရှင်း ပြောရရင် သမီးရယ်။ အဲဒီနေ့က သူက အမူးလွန်နေတယ်။ မမကို အရယူနိုင်ဖို့ ကြိုးစားပေမယ့် ဘာဆိုဘာမှ မဖြစ်ပွားခဲ့တာ။ အဲဒါ မမက ‘ဘာမှမဖြစ်ကြပါဘူး’ဆိုတာ အမှန်အတိုင်း ပြောပါတယ်။ ဒါကိုပဲ သူက မယုံမကြည်နဲ့ “သူ့တာဝန် သူကျူးလွန်မိတာကို သူတာဝန်ယူမယ်၊ သူ့ကိုလက်ထပ်ပါ”ချည်း ဖွတ်ဆန်နေတာ ...





အဲဒါကြောင့် မမကလည်း ဘာမှလဲ မဖြစ်လိုက်ကြဘဲနဲ့ နာမည်ပျက်ကျန်နေရမှာ စိုးလို့ရယ်၊ ဆရာထွန်းရဲ့ အဖေကလည်း နှုတ်နဲ့စော်ကားနေတာက တစ်ချက်ရယ်နဲ့ သူတို့ကို လုံးဝအဆက်အဆံဖြတ်။ ပုန်းရှောင်ကိုနေလိုက်တော့တာ ...

နင့်အဖေ၊ ငါ့ယောက်ဖ အစ်ကိုကြီးကမှ သူတော်ကောင်းကြီးပါ သမီးရယ်။ ငါ့ကိုလည်း တာဝန်ယူနိုင်တယ်။ ဝန်ပိုလို့ကို သဘောမထားခဲ့တာ။ မမကလည်း သူ့ကို အတိတ်က အကြောင်းအရာတွေကို ပြောပြခဲ့တာပဲ။ သူက ဘာမှမဖြစ်ခဲ့ကြဘူးဆိုရင် ဘာထည့်တွက်နေစရာရှိသလဲတဲ့။ အကယ်၍ ကိုယ်ဝန်ပါလာခဲ့ရင်တောင် မမကိုမြတ်နိုးပြီးပြီဖြစ်တဲ့အတွက် သူ ဘယ့်နှယ်မှ မနေပါဘူး၊ တာဝန်ယူပါ့မယ်လို့ကို ပြောတာ ...

ဒါပေမဲ့ နေမင်းကလေးရဲ့အဖေနဲ့ ပြဿနာတက်ခဲ့ကြပြီး သုံး၊လေးလလောက်ရှိမှ သူတို့ လက်ထပ်ဖြစ်ကြတာ။ ကိုယ်ဝန်သာ ပါလာခဲ့ရင် အဲဒီလောက်ရှိမှတော့ အစ်ကိုကြီးလည်း သိမှာပေါ့ ကိုယ်ဝန်နဲ့ဆိုတာ။ ဘာမှ မဟုတ်ဘူး။ မရှိဘူး။ တစ်ခုပဲရှိတာ အစ်မတို့က စီးပွားရေးအတွက် ရန်းကန်ခဲ့ရတော့ အလုပ်အရှားများပြီး နင့်ကို စောမွေးသွားတာကိုး။ နင် ငယ်ငယ်ကဆိုရင်လည်း နယ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာဆိုတော့ ဘာမှလဲ မပြည့်စုံ။ တကယ့် ပလူမွေး ပလူတောင်လေးကို နို့တောင်မစို့နိုင်လို့ တစ်စက်ချင်း အစက်ချ တိုက်ပေးခဲ့ကြရတာ။ လူကလေးကလည်း ငှက်ပျောဖူးပုလင်းလေးသာသာရယ် ရှိတာ ...

အဲဒါကိုပဲ ဟိုလူကြီးက နင့်မွေးသက္ကရာဇ်ပါ လိုက်ကြည့် တွက်ချက်ပြီး ဟုတ်ပြီ၊ သေချာပြီပဲ လုပ်နေတာ။ ဟိုးတုန်းက အစ်မ ပြောခဲ့တာကိုလည်း မယုံဘူး၊ သူထင်တာကသာ အမှန်။ ခုထိလည်း သူပဲမှန်လှပြီ၊ ဟုတ်လှပြီ ထင်နေတုန်းပဲ။ အဖေနဲ့ သားနဲ့များ တခြားစီပဲ ...

ငါက နင့်ကို ငါ့ကျေးဇူးရှင်နဲ့ ဒီလောက်သဘောတူနေပေမယ့် သူထင်သလိုသာ မောင်နှမဖြစ်နေရင် ဘုရားမကြိုက်တဲ့ အလုပ်မျိုးကြီး ငရဲကြီးခံပြီး ဖွတ်လိမ်နေပါ့မလား။ အဲဒါကိုပဲ ဆေးစက်ကြည့်ရမှ ပြီးမှာပါတဲ့။ လောကမှာ မရှိရှာတော့တဲ့သူရဲ့ သိက္ခာကို ချပြီးရင်းသာ ချနေချင်တော့တယ်၊ သူ့ငွေးဉာဉ်တွေပေါ့လေ"

"အို ... စစ်မယ် ... စစ်မယ်။ စစ်ကြည့်လိုက်တာကတော့ မမှားဘူးပေါ့"

ချမ်းက ခုန်ပေါက် ခုန်ပေါက်ကလေးနှင့် တွန့်လိမ်လှည့်ပတ် က,ကာ ပြောလိုက်ပြီးလျှင်၊ အကြည့်ရဲ့ ဗိုက်ခေါက်ထူထူကြီးတို့ကိုပါ လက်နှစ်ဖက်နှင့် တအားကျုံးကာ လိမ်ဆွဲပစ်လိုက်





တဲ့အတွက် အကြည့်မှာ "(...)ပလုတ်တုတ်"ဟု ယောင်ယမ်းကာ ချမ်းထံ မျက်စောင်းကြီးတစ်ခုကိုပါ ပစ်ဖစ်နှစ်နှစ်ကြီး ထိုးထည့်လိုက်ပြီးမှ ...

"နင့်နှယ်ဟယ် ... နနတို့၊ ဓနမင်ကလေးတို့ သူတို့ရှေ့ဆိုရင် အဲဒီလိုတော့ လာမလုပ်ပါနဲ့ဟဲ့ မိချမ်းရဲ့။ အဲဒီလိုယောင်မိ၊ မျက်စောင်းထိုးမိရင် တစ်ခုကျူးလွန်မိရင် 'တစ်ထောင်'ကြီးများတောင် ဗရုတ်ကလေးဆီက လခအဖြတ်ခံရတယ်ဟဲ့။ နနကလည်း နှစ်ရက်လောက် စကားမပြောဘူး။ ငါ့နှယ် ... ခက်တော့တာပဲ။ ငါကလည်း အကျင့် ... အကျင့်။ ခက်တယ်"

အကြည်က ညည်းညည်းညူညူကြီး ပြောဆိုနေပြီးမှ ...

"ဟင် ! နင်က သူ့ငွေးသမီး မဖြစ်နိုင်တော့တာကိုပဲ ဘာလို့ ဒီလောက် ပျော်မြူးပြီး ခုန်ပေါက်က,နေရတာလဲ။ အဲဒါ ဘာသဘောလဲ"

ဒီတစ်ခါ မျက်စောင်းပစ်ပစ်ကြီး ပြန်ထိုးပြီး ဘာမှပြန်မဖြေချင်တိုင်း စိတ်ကောက်သွားချင်ယောင် ဆောင်ပစ်ကာ နှုတ်ခမ်းစူ၊ နှုတ်ပိတ်ထားဖို့က ချမ်းရဲ့အလှည့်ပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမချမ်း ... အဲဒီလို မညစ်စုတ်ပါနဲ့၊ ကျွန်တော်တို့ တစ်ခေါက်လောက် ဖြစ်ဖြစ်တော့ တွေ့ကြရအောင်ပါ။ တစ်ခါတည်းပါ။ အဲဒီတစ်ခါတည်းမှာလည်း ပေါက်ကရ ဘာဘာညာညာ ဘာမှမပြောဘူး၊ ကတိပေးတယ်၊ ပလိစ် ... နော်။ တစ်ခေါက်လောက်တော့ တွေ့ခွင့်ပေးပါ"

အကြည့်ဆီက ဘယ်လောက်ပဲ "တိကျမှန်ကန်လှပါသည်"ဆိုတဲ့ အဖြေကိုရရ ချမ်းက DNA - matching နဲ့ test မလုပ်ဖြစ်နိုင်ကြသေးခင် စပ်ကြားအတွင်း ဦးဝင်းခန့်ဆီကလည်း ခွင့်ယူထားလိုက်ကာ တေဇနကိုလည်း "မတွေ့ချင်သေးဘူး၊ လာမတွေ့နဲ့"ဟု ငြင်းပယ်ထုတ်ထားပါသည်။ ဦးဝင်းခန့်ကလည်း ချမ်းရဲ့လုပ်ရပ်ကို ကျေနပ်သည်။ ဘယ်လောက်မှလဲ ကြာတာမှမဟုတ်တာ၊ သွေးကိုပို့မစစ်ဘဲ လူကိုယ်တိုင်တွေ သွားစစ်ကြဖို့အတွက် အစီအစဉ်တွေလုပ်ပြီး ဦးဝင်းခန့်နှင့်ချမ်းတို့ နှစ်ယောက်တည်း စင်ကာပူသို့ သွားဖြစ်ကြမည့်ရက်ကပင် နက်ဖြန်ခါဆိုရောက်ပြီ။

"ဒီညနေလေးပဲ ခဏလေးပဲ ... နော်။ ငါးမိနစ် ဆယ်မိနစ်"

"ဟင့်အင်း"





"ဒါဖြင့် ဘယ်မှမသွားချင်လဲ ကျွန်တော် အဲဒီအိမ်လာလိုက်မယ်လေ၊ ဟုတ်လား"

"ဟင့်အင်း ... မရဘူး"

"ဦးကြည်နဲ့လေ ... ဦးကြည့် အလုပ်အဆင်းကျမှ ပြန်လိုက်ပို့ပေးရင်း လိုက်လာလိုက်မယ်"

"ခြော် ... ဘယ်လိုဖြစ်နေလဲ၊ မရပါဘူးဆို ဟင့်အင်းပါဆိုမှ ပြောထားပြီးပြီပဲ၊ အဲဒါကိုပဲ တပူပူ တကျည်ကျည်နဲ့ ဘယ်လိုလူလဲ"

"အောင်မာ ... လေသံကိုက မြင့်လိုက်တာ၊ နိုင်ငံခြားကြီးများတောင် ရောက်ဖူးတော့မယ်ဆိုပြီး သွေးက နားထင်ရောက်နေတာ။ ဟိုကျရင် လူချင်းကွဲအောင်လုပ်ပြီး ပစ်ထားခဲ့လို့ အဖေ့ကို မှာလိုက်မယ်။ လေဆိပ်တင် အော်ငိုနေရအောင်လေ၊ ဘာမှတ်သလဲ"

ချမ်းမှာ တေဇနရဲ့စကားကြောင့် "တဟက်ဟက်" သာ ရယ်နေမိရပါတော့သည်။ အကြည့်လို လူကိုမှ ရအောင်ပြုပြင်ယူနိုင်ခဲ့တဲ့သူရဲ့ ကလေးဆန် ဆိုးညစ်ချင်တဲ့စိတ်ကိုကျ ချမ်းက ဘယ်လိုများ ပြုပြင်ပြောင်းလဲယူရပါ့မလဲ။

"ရယ်မနေနဲ့၊ လူတစ်ယောက်မှာ သွားလှပေမယ့် စိတ်မှ မလှရင် အလကားပဲ၊ တွေ့ချင်တယ် ဆိုတာလည်း တခြား ဘာမှမှတ်မနေနဲ့၊ ကျုပ်အဖေကို ဟိုရောက်ရင် ဟိုဟာ့ဆော၊

www.burmeseclassic.com



ဒီဟာဝယ်နိုင်း လုပ်မနေနဲ့ဦးလို့ မှာမလို့။ အဲဒီရန်တွေရှိတယ်။ အကြောင်းသိတဲ့လူမှ ကာကွယ်နိုင်မှာလို့ အတန်တန် ပြောရက်နဲ့တောင် ဒီအဖေကလည်း ကျုပ်ကို သူ့ခရီးစဉ်မှာ ထည့်ခေါ်ဖို့ မစဉ်းစားဘူး။ ခင်ဗျားတို့တော့လေ ... အင်း ...”

“အဲဒါပြောမှာများ ခုလို ဖုန်းနဲ့ လှမ်းပြောလိုက်လည်း ရတာပဲ၊ ကဲ ... ဒါပဲလား”

“အာ ... အာ ... မဟုတ်ဘူး၊ ဘယ်လိုလုပ် ဒါပဲဖြစ်ရမလဲ၊ ဘာမှတောင် မပြောရသေးဘူး”

“ဘာမှမပူဆာနဲ့ ဘာမှမဝယ်ခိုင်းနဲ့ ဒါပဲမှတ်လား၊ ပြောပြီးသွားပြီလေ။ ရှင်လည်း ရှင့်အဖေ ပိုက်ဆံကုန်မှာကြောက်သလို ကျုပ်ကလည်း ကျုပ်ပိုက်ဆံကုန်မှာကို တွက်ရမယ် ဆောဓနရဲ့။ ရှင်က စခေါ်ဆက်ပေမယ့် ကျုပ်တို့ဘက်ကဖုန်းတွေက စ,မဆက်ဘဲ လာပြောဖို့ ခေါ်ပေးရရင်လည်း သုံးမိနစ်ကို (...)ပဲ”

“အတော်ကြီးကို ကုန်ကျတာပဲ၊ စီးပွားလည်း ပျက်နေပါဦးမယ်”

“ဟင်း ဟင်း ဟင်း”

“ရယ်နေပြန်ပြီကွာ၊ ကျွတ် ... သရဲကြီး ဖြစ်ခြောက်နေတာနဲ့တော့ တူနေတော့မှာပဲ”





“အဲဒါဆိုလည်း ဘာဖြစ်လို့ “လာမယ်”ချည်း ပြောနေသေးလဲ၊ လောကကြီးမှာ ဘယ်သူမှ သရဲနဲ့ မတွေ့ချင်ကြဘူး နော် မကြားဖူးဘူး”

“မှားတယ်။ တချို့ကကျတော့ အဲဒီလို ကြောက်စရာကြီးနဲ့ ‘ဘွား’ ခနဲကြုံလိုက်၊ တွေ့လိုက်ရမှာကိုပဲ တသိမ့်သိမ့်နဲ့ကြိုက်နေကြတာ။ ခင်ဗျား ပြောသလိုသာဆိုရင် သရဲကားတွေ၊ ရုပ်ရှင်တွေ ဘယ်သူမှ ကြည့်မယ့်လူတောင် ရှိမှာမဟုတ်ဘူး”

“ဟင်း ဟင်း ဟင်း ... ဟင်း”

“မမချမ်း စွတ်ရယ်မနေနဲ့၊ ကျွန်တော် တကယ်လာချင်၊ တွေ့ချင်နေတာ။ မတွေ့လိုက်ရဘဲ ခင်ဗျားက အဝေးကြီးကို ထွက်သွားဦးမယ်”

“ဟယ် ... ပြန်လာမှာပဲ ခဏပဲဟာ”

“ဒါဖြင့် မတွေ့လိုက်ရတော့ဘူး ဆိုရင်လည်း တစ်ခုခု ပြောသွား”

“ခုပဲ ပြောနေကြတာပဲ တစ်ခုခု မက,တော့ဘူး၊ အများကြီး ရှိနေပြီ”

“မဟုတ်ဘူး၊ အရေးကြီးတဲ့ တစ်ခုခု”

“အင်း ... ဘာပြောရမလဲ၊ အာ ... သိပြီ။ မနက်တစ်ခေါက် ညတစ်ခေါက် သွားမှန်မှန်တိုက်နော်၊ လူအများနဲ့ ဆက်ဆံရာမှာ သွားတွေက ဝါထိန်ပြီး ပွတ်တက်နေရင် အထင်သေးခံရလိမ့်မယ်၊ မညစ်ပတ်နဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တောက် ... ဟင်း ... ခင်ဗျားတော့လား"

ဘာပြောရမလဲ သတ္တဝါလေးရယ်။ သေချာနေပါပြီ ဆိုပေမယ့် ဘဝမှာ သိပ်ကြီးအရမ်းကြီး မပျော်ဖူး၊ စိတ်မချမ်းသာခဲ့ဖူးတဲ့ ချမ်းက ကံကြမ္မာဆိုတဲ့အရာကို ခပ်ကြောက်ကြောက်ရယ်။ ခေါင်းမာပြီး တစ်ယူသန် လှေနံဓားထစ်ပဲ စွဲမြဲချင်နေတဲ့ မင်းဖေဖေကလည်း (စိတ်တွေကိုတော့ လိုက်မထိန်းချုပ်နိုင်တော့ပေမယ့်) နှုတ်မကျူးဖို့နဲ့ လူချင်းပါ ထပ်မဆုံဖြစ်ကြသေးဖို့ကိုသာ ပိုအလိုရှိနေပါလိမ့်မယ်။

မင်းလည်း နှုတ်နဲ့တောင် ထပ်မကျူးလိုက်ပါနဲ့။ ဆင်ခြင်ပေးပါဦး။ စောင့်ပါဦးလေ ... နော် ...။

"ပြော ... ပြော ... ပြော ... တစ်ခုခု မြန်မြန်ပြော။ အောက်ထပ်မှာ ဖားသားကြီး ပြန်ရောက်လာနေပြီ။ ခင်ဗျားဆီ ဖုန်းလှမ်းဆက်နေတယ်ဆိုတာ သူသိသွားရင် မျက်နှာကြီးက ပတ္တမြားသီး, သီးနေတော့မယ်၊ တစ်ခုခုတော့ မြန်မြန်လေး ပြောပေးလိုက်ပါဗျာ ... ပလိစ်"

ချမ်းကား ဘယ်လောက်ပဲ ထိန်းထားပါမည်ဟု စိတ်တွေတင်းတင်း "ပလိစ် ... ပလိစ် ..."နှင့် တတွတ်တွတ်ရွတ်ကာ တစ်ဖက်မှာလည်း (လူကိုမြင်မနေရပေမယ့်) အစွမ်းကုန် ခုန်ပေါက်၊ အသည်းယားနေပြီဆိုတာ သေချာနေရတဲ့ သူ့ပုံစံကို မြင်ယောင်ခန့်မှန်းနိုင်လိုက်သည်မို့ ...





"အင်း ... ဟိုဒင်းလေ ... ဟိုဥစ္စာ ... အဲ ... သရဲကားကြိုက်တတ်ကြတဲ့ အထဲမှာလေ မိန်းကလေးတွေလည်း ပါနေတာပဲဟာ ... သိလား"

"အဲဒါ ဘာအဓိပ္ပာယ်လဲ ... ! "

ပြန်မေးလိုက်ပေမယ့် ဟိုဘက်မှာတော့ သူကျိတ်ရယ်နေတော့မလား။ သူ့ရုပ်ကို သရဲနဲ့နှိုင်းလို့ အံ့ပဲကြိတ်ထားလေတော့မလား တစ်ခုခုပါပဲ။ ချမ်း ပြောလိုက်တာကို သူ သိကို သိပါသည်။

"မိန်းကလေးအများစုက ချောမောခန့်ညားတဲ့ ယောက်ျားမျိုးကိုသာ ကြိုက်တတ်ကြပေမယ့် တချို့ကကျတော့ ကိုယ်တိုင်က ပြိုင်စံရှား၊ မြင်သူငေး နတ်သမီးလေးလို ဖြစ်ပြီးနေကြပြီဆိုရင် တစ်ဖက်လူက ချောချော မချောချော သိပ်အရေးမကြီးတော့ပါဘူး။ ဟုတ်တယ် မှတ်လား။ ကိုယ့်ရုပ်ကစိတ်ချရနေပြီဟာ။ တွဲရက်ကြီးမှာ တစ်ဖက်လူက သိပ်ရုပ်ဆိုးနေရင် ကိုယ်တောင် ပိုပေါ်သေးတယ်ဆိုပြီး ရုပ်ဆိုးဆိုး ယောက်ျားမျိုးတွေကိုသာ တမင်ရှာရွေးတတ်ကြတာ"

"ဟား ဟား ဟား ဟား ... ဟား ဟား ...,ဒါဖြင့် ခင်ဗျားက အများစုထဲကလား၊ တချို့ထဲကလား"

"ကိုယ့်အကြောင်း မပြောဘူး။ တခြားမိန်းကလေးတွေအကြောင်းကိုသာ ပြောပြတာ။ အဲဒီလိုတွေလည်း ရှိတတ်ပါတယ်လို့။ တော်ကြာ အားငယ်နေမှာစိုးလို့"

www.burmeseclassic.com



သူ မရပ်မနား "တဟားဟားဟား" ရယ်နေစဉ်မှာပဲ ချမ်းက ဖုန်းလေးကို အသာချထားလိုက်ပါတော့သည်။ ပြန်လာရင် ပြန်တွေ့ဆုံကြရမှာပဲကွယ်။ မင်းဖေဖေတောင် ... ဒီအချိန်ကို ရောက်ဖို့ နှစ်ပေါင်းအစိတ်ကျော် စောင့်နိုင်ခဲ့သေးရင် ကိုယ်တို့လည်းပဲ ကံကြမ္မာကောင်းကို ခဏတော့ သည်းခံစောင့်လိုက်ကြပါဦးစို့ ...။

ပုဏ္ဏမီ

BURMESE CLASSIC

www.burmeseclassic.com